
ပုံဧကရာ

## အခန်း တစ်

"ဟော့...ဟေး မောင်တီတို့တွေပါလားကွ။ ဘာလာရှာကြတာလဲ"

ဤတော ဤတောင် ဤနယ်တစ်ဝိုက်တွင် ယခင်က သူတို့ ညီအစ်ကိုကို တစ်ခါမှ မတွေ့ဖူးသဖြင့် ဘကြီးညိုက အံ့သြသံနှင့်မေး၏။

"သြော်...အင်း...အင်း ကျွန်တော်တို့ ဘာမှမရှာပါဘူးဘကြီးညို၊ ဖက်ပင်လေး ဘာလေး ကြည့်ရင်း စင်ပြွမ်းသီးခူးရအောင်လို့ ဒီဘက်ဆင်းလာကြတာပါ"

ဓားမတစ်ယောက်တစ်လက်စီနှင့် မောင်တီ၊ မောင်သီ၊ မောင်ညီ ဟူသည့် ညီအစ်ကိုသုံးယောက်ထဲတွင် အကြီးဆုံးဖြစ်သူ မောင်တီက ပြန်ပြောလိုက်၏။

ဤတော ဤတောင် ဤနေရာတစ်ဝိုက်တွင် သူတို့ညီအစ်ကိုတွေကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် ဘကြီးညိုက အံ့သြသလို မောင်တီတို့ညီအစ်ကိုကလည်း ဘကြီးညိုကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားကြပုံရသည်။

"မင်းတို့ စင်ပြွမ်းသီး ခူးလာကြတာကလည်း တပ်တောင်တာ ဗိုလ်ထုနဲ့ဆိုသလိုပါလားဟေး...ရွာမှာ အလှူရှိလို့လားကွ၊ ထည့်စရာလည်း မမြင်ပါလား"

သူတို့ရွာတွင် အလှူအတန်းရှိက ဤသို့ပင် စင်ပြွမ်းသီးများကို သုံး

ယောက် ငါးယောက် လာခူးတတ်လေ့ ရှိကြ၏။ သို့သော် ညီအစ်ကို ချည်းတော့ မဟုတ်ပေ။ သူငယ်ချင်းများသာ ဖြစ်ပေသည်။ ပြီးတော့ အရွယ် တစ်ပွဲလုံး လုံလောက်အောင် ကျွေးနိုင်ရန်အတွက် စင်ပြွမ်းသီး ထည့်စရာ တောင်းကြီးတောင်းငယ်တွေကလည်း ပါရပေမည်။ ယခုတော့ မောင်သီ တို့ ညီအစ်ကိုသုံးယောက်တွင် ဓားတစ်ယောက်တစ်လက်နှင့် ရေဘူး ကလွဲပြီး ဘာမျှ မပါလာကြပေ။ ကျောပြောင်ကြီးတွေနှင့် ခွပ်ကျယ်ပင် ပါလာကြသူတွေ မဟုတ်။ ထို့ကြောင့်လည်း ထူးဆန်းသလိုရှိလှသော သူတို့ ညီအစ်ကိုကို ဘကြီးညိုက မယုံသင်္ကာစိတ်နှင့် ခွန်းဆင့်၍ မေး လိုက်ခြင်း ဖြစ်၏။

ဘကြီးညိုနေထိုင်သော မြို့တောင်ခြေနှင့် မောင်တီတို့နေထိုင်သော ဓားလက်ဖျားရွာမှာ ခြေလျင်တစ်နာရီနီးပါးခရီးရှိသည်။ ဓားလက်ဖျားရွာ ဘုန်းကြီးကျောင်းကို ကိုးကွယ်သူ ဓားလက်ဖျားရွာသားဟု ခံယူထား သော်လည်း မြို့တောင်ခြေတွင် တစ်အိမ်ထီးတည်း ဘကြီးညိုတို့ ဘိုးစဉ် ဘောင်ဆက်ကပင် နေလာခဲ့၏။ တောင်ခြေတွင်နေသော ဘကြီးညိုမှာ တစ်ခါခါ ရွာ၌ အရှုပ်ရှင်ပြ ရှိသည်ကိုပင် မသိလိုက် ဖြစ်ရသည်လည်း ရှိ သည်။ ထို့ကြောင့် ရွာတွင် အလှူရှိလို့လားဟုပင် သွေးရိုးသားရိုးနှင့် မေးမိ ၏။ သို့သော် ဘကြီးညိုက ဤသို့ မေးလိုက်ခါမှ မောင်တီတို့ ညီအစ်ကို သုံးယောက်မှာ ပျာပျာသလဲ ဖြစ်သွားကြပြန်သည်။

"ဟဲ…ဟဲ…ဟဲ… ဘကြီးညိုကလည်း အထအန သိပ်ကောက်တတ် တာပဲ၊ ဖက်ပင်လာရှာရင်း အပြန်မှာ စင်ပြွမ်းသီးလေး ဘာလေး ခူးသွား ရအောင်လို့ပါဆိုနေ…"

မောင်တီက မရယ်ချင့်ရယ်ချင်နှင့် တဟဲဟဲရယ်၍ ပြောလိုက်သော် လည်း သူ့ညီနှစ်ယောက်ကမူ မျက်နှာပျက်ချင်နေကြ၏။ သို့သော် ဤ သည်ကိုတော့ ဘကြီးညိုက သတိမထားမိလိုက်ပေ။

ဖက်ပင်လာရှာကြရင်းဆိုသော စကားကို ယုံသွားမိ၏။ သူတို့ညီ အစ်ကိုမှာ နွေလည်၌ ဖက်ပင်ရှာဖက်ထိုး၍လည်း ရောင်းချတတ်ကြသူများ ဖြစ်လေသည်။

"အေး...အေး...ဒါဆိုလည်း ပြီးတာပဲဟဲ့၊ ငါက မင်းတို့ ညီအစ်ကို စုံစုံညီညီနဲ့ဆိုတော့ တစ်ခုခုများ လာရှာကြသလားလို့ပါ..."

"ရှာစရာမရှိပါဘူးဗျာ၊ ဖက်ထိုးတဲ့လူတွေက ဖက်ပင်ပဲ ရှာတာပ"

ဤစကားကိုတော့ အငယ်ဆုံး မောင်ညီက သံပြတ်နှင့် ပြော၏။

"ဘကြီးညိုကော ဒီတောင်ခြေရင်းမှာ ဘာလာရှာပါလိမ့်"

"ဟဲ့ မောင်သီ၊ ငါ့အိမ်က ဒီတောင်ခြေရင်းမှာပဲကွ၊ ဒီနေရာ ဘာလာလုပ်မလဲ၊ ငါ့ခြံထဲက ငါပြန်လာတာပေါ့ဟဲ့၊ မင်းတို့ရွာက လူတွေသာ ဒီ မြို့တောင်ခြေဘက်မှာ တွေ့ခဲကြုံခဲရတာ၊ ဖက်ပင်ဆိုတာလည်း ဒီဘက်မှာ ရှားသားကလား။ အဲဒါကြောင့် ငါက မေးမိတာပါဟဲ့"

"ဟဲ...ဟဲ... ဘကြီးညိုကလည်း စိတ်တိုတတ်ရန်ကောဗျာ... ဒီကောင်တွေကလည်း ဘကြီးညိုကို သက်သက်စ နေကြပြန်ပြီ၊ တော်ကြကွာ"

အစ်ကိုကြီးဖြစ်သူ မောင်တီက ဘကြီးညိုကို လေပြည်ထိုးလိုက်၏။

"ဟဲ့ မင်းတို့ကို ငါက စိတ်ဆိုးလို့ ပြောနေတာ မဟုတ်ပါဘူး ကလေးတို့ရယ်၊ ဖြစ်ကြောင်းခြင်းရာနဲ့ ဆက်စပ်လို့ မင်းတို့ တောမကျွမ်းသေးတဲ့ ကလေးတွေအတွက် ပြောတာပါ၊ ဟဲဟဲ"

ဘကြီးညိုကလည်း တဟဲဟဲရယ်၍ ပြောလာသောအခါ မောင်သီ မောင်ညီတို့မှာလည်း ဘကြီးညိုနှင့်အတူ တဟဲဟဲ ရောရယ်လိုက်ကြသည်။ သို့သော် မောင်တီကတော့ တစ်စုံတစ်ခု စိတ်ထဲတွင် စနောင့်စနင်းဖြစ်သွားသလို ဘကြီးညို၏ မျက်နှာကို မျက်မှောင်ကြုတ်၍ ကြည့်နေမိ၏။ သူသည် ဘကြီးညို၏ မျက်နှာပေါ်၌ လျှို့ဝှက်ချက်တစ်စုံတစ်ခုကို လျှပ်တစ်ပြက် ရှာဖွေလိုက်သလိုပင်တည်း။

"မင်းတို့ ရေလေးဘာလေးဆာရင် ငါ့တဲထဲ ဝင်သောက်သွားကြပါဦးလားကွ"

သူ၏မျက်နှာကို ငေးကြည့်နေသော မောင်တီ၏ မျက်လုံးဒဏ်ကို မခံနိုင်သလို ဘကြီးညိုက လောကဝတ်ပြုသည်။

"ဟဲ...ဟဲ...ဒီမှာ ဘကြီးညို ရေ...ရေ...ရေ..."

အငယ်ဆုံးကောင် မောင်ညီက သူလွယ်လာသော ဘူးခါးရေဘူးကို မြှောက်ပြ၍ ဘကြီးညိုကို သရော်လိုက်သည်။

"ခွေးကောင်လေး၊ နှင့်ရေဘူးထဲ ရေအမှန်ပါသေးလို့လား"

"ပါပါတယ်ဗျ၊ ဒီမှာတွေ့လား၊ ရေရယ်...ရေ...ရေ...ရေ"

မောင်ညီက ဘူးခါးလည်စည်းဘူးထဲမှ ရေများကို မြေပြင်သို့ပင် သွန်ပြလိုက်သေး၏။

"ဟဲ့...ဟဲ့...မိုက်တဲ့ကလေးပဲ၊ တောမှာတောင်မှာ ရေတွေ ဘာလို့ သွန်ပစ်ရတာလဲ၊ မင်းတို့စိတ် သိချင်လို့ ငါက တမင်စမိတာပါဟဲ့"

ဘကြီးညိုက တမင်စသည်ကို တကယ်ထင်ပြီး ဘူးခါးလည်စည်း ရေဘူးထဲမှ ရေတွေ သွန်ပစ်သော မောင်ညီကို မောင်တီကလည်း မျက်မှောင်တစ်ချက် ကြုတ်၍ ကြည့်ပစ်လိုက်၏။

မောင်ညီမှာ ဆယ့်လေးငါးနှစ်အရွယ်သာ ရှိသေးသဖြင့် သူ့ကို လူကြီးတွေက စ၍စမှန်း မသိပေ။ စိတ်တိုသူလည်း ဖြစ်သဖြင့် ဟောဟော ဒိုင်းဒိုင်း လုပ်တတ်၏။ ပြီးမှ ရှက်သွားသလိုနှင့် ဘကြီးညိုကို မကျေမနပ် ဆိုသည်။

"ဟင်...ဘကြီးညိုကလည်း ညာဏ်ချည်းပဲ၊ မကောင်းဘူး"

"ညာဏ်ချည်း မဟုတ်ရပါဘူး မောင်ရယ်...နှင်တို့က စုမှ တောဝင် တတ်စ ရှိသေး၊ ငါက ဒီတောင်ခြေမှာ ငယ်ကတည်းက နေလာတာ၊ ဒီ နားတစ်ဝိုက်က တောတောင်အကြောင်း နှင်တို့လည်း သူပြောငါပြော ကြားဖူးကြမှာပေါ့၊ ငါသာ အနေအထိုင်မတတ်ရင် ဘယ်ပြောကောင်းမလဲ၊ စုကြည့်လေ... ငါတို့ အိမ်သားတွေ တောနဲ့ ပတ်သက်ရင် မှဲ့ တစ်ပေါက် မစွန်းဘူး"

"ကျွန်တော် ရေသွန်ပြတာနဲ့ ဒါနဲ့ ဘာဆိုင်လို့တုံး ဘကြီးညိုရယ်..."

"နှင့်မောကလွှား...ဆိုင်ပါသော်ကောပဲ၊ ဟိုရှေးရှေးတုန်းက ပဏ္ဍိတ ဝါဏီစွ ဗာလာဝါဏီစွ လှည်းကုန်သည်ငါးရာ ခေတ်ကြောင်း ဦးဝါယမ ဟောတာ နှင်တို့ တစ်ခါမှ နားမထောင်ဖူးဘူးနဲ့ တူတယ်"

"ထောင်ဖူးသော်ကော ဘကြီးညိုရယ်၊ ထောင်ဖူးတာမှ ဒီဘက်က

နားရော ဒီဘက်…"

"ဟော့ကောင် တော်စမ်း…"

သူညီ အငယ်ဆုံးကောင် မောင်ညိုကို မောင်တီက တိုးတိုး တိတ်တိတ် ဟန့်တားလိုက်၏။

"အေး…ထောင်ဖူးရင် ဘီလူးက လူယောင်ဆောင်ပြီး ရေကန်က တက်လာတဲ့ဟန်နဲ့ ကြာဖူးကြာပွင့်တွေ ကိုင်လာတာ မြင်ရတော့ ရှေ့မှာ တကယ်ရေကန်ရှိတယ်ထင်လို့ ဗာလဝါဏိစ္စ လှည်းကုန်သည်ငါးရာတွေဟာ ပါသမျှ ရေတွေကို သွန်ပစ်လိုက်ကြတာ နောက်တော့ ရေပြတ်လို့ ဘီလူးစားခံရတာယ်မဟုတ်လား၊ တောမှာတောင်မှာဆိုရင် ရေဟာ ပို တယ် မရှိဘူးမောင်ရယ်… ရေအသက်ဟာ တစ်မနက်ပဲဆိုတာ မြဲမြဲ မှတ်ထားကွ…"

ဤအကြောင်းအရာများကို ဘကြီးညိုသည် မဆီမဆိုင် ဘာကြောင့် လေကြောရှည်နေပါလိမ့်၊ ဘီလူးက လူယောင်ဆောင်သည် ဟူသော ဘကြီးညို၏ စကားမှာ သူတို့ညီအစ်ကို၏ အကြံအစည်ကို ရိပ်မိသွား လေ၍လား။ ဤသံသယစိတ်တွေနှင့် မောင်တီသည် ဘကြီးညို၏ မျက်နှာကို မမိုတ်မသုန် ကြည့်နေ၏။

"ဉာဏ်ချည်း မဟုတ်ရပါဘူးမောင်ရယ် နင်တို့က ခုမှ တောဝင်တတ် စ ရှိသေး။ ငါက ဒီတောင်ခြေမှာ ငယ်ကတည်းက နေလာတာ။ ဒီနှား တစ်ဝိုက်က တောတောင်အကြောင်း နင်တို့လည်း သူပြောငါပြော ကြားဖူး ကြမှာပေါ့"

ဤသည်ကတော့ သူထုံးစံအတိုင်း ဤတောင်ခြေတွင် သူတို့ မိသား စု နေရဲသည်ဟူသော အကြွားကို ဘကြီးညိုသည် ယခုထိ ကြွားတုန်း ပါကလားဟု မောင်တီက တွေးနေမိသည်။

ဘကြီးညို အိမ်ခြေယာခြေစိုက်နေသော ဤတောင်ခြေကို မောင် တီတို့ ဓားလက်ဖျားရွာသားတွေက နတ်ကြီးသည်။ သားရဲတိရစ္ဆာန်တို့ ထူထပ်သည်။ တောကြမ်းသည်ဟု သမုတ်ထားကြသည်။ မြို့တောင်ခြေ နှင့် ဓားလက်ဖျားရွာသည် ခြေလျင်တစ်နာရီကျော်ခရီး ရှိ၏။ ဘကြီးညို

ဤမြို့တောင်ခြေတွင် နေထိုင်ခဲ့သည်မှာ သူ့တစ်သက်ပင် ဖြစ်သည်။ အမှန်က ဘကြီးညို့တစ်ယောက်သာမဟုတ်၊ ဘကြီးညို့အဖေ ဘကြီးညို့အဘိုးတို့လည်း မြို့တောင်ခြေ၌သာနေပြီး ဤမြို့တောင်ခြေ ခြေရင်းမှာပင် ခေါင်းချသွားကြသည်။

သူတို့မိသားစုသည် ဤမြို့တောင်တန်းကြီးကို အမှီသဟဲပြု၍ အသက်မွေးဝမ်းကျောင်းကြ၏။ ဤမြို့တောင်ကြီးတွင် အလေ့ကျပေါက်သော ငရုတ်ကောင်း၊ ကရဝေး၊ နွယ်ချို၊ သစ်ကြံပိုး၊ သစ်မင်းနှင့် ရှူးနှာဂမုန်းပင်တို့က ပေါသည်။ မိုးတွင် တောင်ယာလုပ်သော ဘကြီးညို့နှင့် သားနှစ်ယောက် ချွေးမတစ်ယောက်တို့သည် ဤမြို့တောင်က ရသော ငရုတ်ကောင်း၊ နွယ်ချို၊ ကရဝေး၊ သစ်ကြံပိုး၊ သစ်မင်းနှင့် ရှူးနှာဂမုန်းဥများကို နွေလမှာ ရှာဖွေပြီး ဘုန်းကြီးပျံဘုရားပွဲများတွင် ရောင်းချလေ့ရှိကြသည်။ ဤသည်တို့ထက် ဘကြီးညို့တို့ မိသားစု မက်မောသော အရာမှာ "နတ်စောင့်များ"ပင်တည်း။

မြို့တောင်နှင့် တစ်ဆက်တည်းဖြစ်သော အရှေ့ဘက်ခြမ်း ကျောက်ဖျာ တောင်စောင်းပေါ်မှ နတ်စောင့်များကိုဖွပ်၍ ပျားရည်နှင့် ဖယောင်း မြူရောင်းရငွေသည် မြို့တောင်မှ နှစ်စဉ်ရသော ငရုတ်ကောင်း၊ ကရဝေး၊ နွယ်ချို၊ သစ်ကြံပိုး၊ ရှူးနှာဂမုန်းဥရောင်းရငွေထက်ပင် များလေသည်။ ဤကျောက်ဖျာတောင်စောင်းထက်မှ နတ်စောင့်များဖွပ်ရဲသူ၊ ဖွပ်ဝံ့သူ အလုပ်ကျွမ်းသူဆို၍လည်း ဤဒေသလက်ဖျားရွာတစ်ဝိုက်တွင် ဘကြီးညို့တို့ သားအဖတွေသာ ရှိလေသည်။

"ကဲ ဘကြီးညို့...နေလည်း အိုသွားပြီ၊ ကျွန်တော်တို့ ပြန်ပါဦးမယ် ခင်ဗျား"

"အေး အေး ကောင်းပြီ၊ ဟဲ့ ငါမေးဖို့ မေ့နေတယ်...နင်တို့တွေ ဖက်ပင် ရှာတယ်ဆိုတော့ ဖက်ပင်တွေကော တွေ့ထားခဲ့ကြရဲ့လား"

ဘကြီးညို့က ယခုစကားကို ပြန်ကောက်နေပြန်သောအခါ မောင်တီ၏ စိတ်ထဲမှာ မလုံမလဲ ဖြစ်လာ၏။ သို့သော် ဟန်ကိုယ့်ဖို့ ဟူသော စကားကို အကြံနှင့်လာသူ မောင်တီကား မမေ့ပေ။

"သုံးလေးပင်တော့ တွေ့ခဲ့ပါတယ် ဘကြီးညို။ ဒီကနေ့ နေအိုသွားလို့ ပြန်လာကြတာ၊ နောက်နေ့မှ လာချိုင်ရမယ်။ ဒီဘက်တောတစ်ပိုက် ဖက်ပင်တွေက ထင်သလောက် မပေါဘူးဗျ၊ အိုး…ဒါတော့ ဘကြီးညိုက တောကျွမ်းပြီးသားသူ ဆိုတော့ ကျွန်တော်တို့ထက် သိမှာပါလေ၊ ပြန်ဦးမယ်နော်"

"အေးအေး"

မောင်တိတို့ ညီအစ်ကို မြို့တောင်ခြေဘက်မှ ရွာပြန်လာကြချိန်မှာ နေအတော်ညိုးနေလေပြီ။ ခက်လက်ပင်ညို အကြိုအကြားမှ လှမ်းမြင်နေရသော နေလုံးနီနီသည် အနောက်ဘက် တောင်တန်းမြင့်ကြီးများ ပေါ်တွင် ကွယ်လေလုလု မေးတင်မြနေပြီး ယခုလို မြူနှင်းယှက်ဝေ ရွက်ဟောင်းကြွေ၍ တောင်လေဝှေ့တိုက်သော နွေစရိုက် နွေသမသော မဟုတ်ပါက အပြန်လမ်း မှောင်နှင့်မည်းမည်း ရှိလေမည်လားပင်။

"တွေ့လားအစ်ကိုကြီး၊ မြို့တောင်နားမှာ သူတို့ပဲ နေရဲတယ်၊ နတ်စောင့်များကိုလည်း သူပဲ ဖွပ်ရဲတယ်ဆိုတာ ကြားလိုက်ရတာအမော။ မင်းတို့က ခုမှ တောဝင်တတ်ခါစပဲ ရှိပါသေးတယ်တဲ့၊ ဖယောင်းများရည်ထက် ကျွန်တော်တော့ ဒီဘိုးအကြားကို သောက်မြင်ကပ်တာနဲ့ စောစောစီးစီး လုပ်မိလိမ့်မယ်"

လမ်းတစ်ဝက်လောက်အရောက်တွင် အသက် ၁၅နှစ်ကျော်သာ ရှိသေးသော မောင်ညီက စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

အမှန်မှာ ဘကြီးညို ကြွားမည်ဆိုကလည်း ကြွားရပေမည်။ တားလက်ဖျား ရွာသူရွာသားများအနေမှာ မြို့တောင်တန်းကြီး တစ်ဆက်တည်း တစ်ကြောတည်း ရှိသော ဤကျောက်ဖျာတောင်စောင်းပေါ်က နတ်စောင့်များကို ဖွပ်ရဲသူ ဖွပ်ဝံ့သူမှာ ဘကြီးညိုတစ်ယောက်သာ ရှိသည်ဟု တစ်ရွာလုံးက အသိအမှတ်ပြုထားကြသည်။ ဤသည်မှာလည်း ယခုမှ မဟုတ်လှန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ်နီးပါးခန့်ကပင် ဖြစ်သည်။ ထိုစဉ်က ဘကြီးညိုသည် မောင်ညို၊ ဦးညိုဘဝတွင်သာ ရှိသေးသည်။

တားလက်ဖျား ရွာသူရွာသားတွေအနေမှာ ဤကျောက်ဖျာတောင်

ပေါ်က နတ်စောင့်များကို ခဲရာခဲဆစ်သွား၍ ဖွပ်ရဲရန် မဆိုထားနှင့်၊ မြို့တောင်ခြေနှင့် နတ်စောင့်များရှိရာ ကျောက်ဖျာနားကိုပင် နေညိုလျှင် မည်သူမျှ မသွားရဲကြပေ။ မြို့တောင်နားတစ်ဝိုက်သည် သားရဲတိရစ္ဆာန်ပေါ်များသလို နတ်ကြီးသည် တောကြမ်းသည်ဟုလည်း တစ်ရွာလုံး တစ်နယ်လုံးက ယုံကြည်ထားကြသည်။ ဤသည်ကို လူငယ်ဖြစ်သော မောင်ညိုက ယခုတော့ မခံချင်စိတ်နှင့် ပြောလာ၏။

“ဟုတ်တယ်အစ်ကိုကြီး၊ မင်းတို့က ခုမှ တောဝင်တတ်စ ရှိပါသေးတယ်ဆိုတာ ကျွန်တော်တို့ကို သက်သက်နှိမ်တာ၊ အထင်သေးတာဗျ၊ ဒီများကိုတော့ မရရအောင်ကို ဖွပ်ရမယ်ဗျ။ ဒါမှ အဘိုးကြီး အစွယ်ကျွတ်မှာ...”

ညီအစ်ကိုသုံးယောက်ထဲတွင် အလတ်ဖြစ်သူ မောင်သိကလည်း ညီငယ်၏ စကားကို ထောက်ခံရင်း အစ်ကိုကြီးဖြစ်သူကိုလည်း လှုံ့ဆော်လိုက်၏။

“ပြောပါ ကြွားပါစေဦးကွာ၊ ခုတော့ သူပြောမယ်ဆိုလည်း ပြောစရာ ကြွားစရာ ဖြစ်နေတာကိုး။ ဒါပေမဲ့ ခုတစ်နှစ် နှစ်နှစ်မှ တောဝင်တတ်စ ဖြစ်တဲ့ မောင်တိတို့ ညီအစ်ကိုအကြောင်းတော့ ဒီအဘိုးကြီး တစ်နေ့ သိပါလိမ့်မယ်။ သူတစ်ယောက်သာ စွမ်းဆောင်နိုင်တယ်ထင်တဲ့ နတ်စောင့်များကို တစ်နေ့တော့ မောင်တိတို့ ညီအစ်ကိုတွေ ဖွပ်သွားလို့ အဘိုးကြီးခမျာ ရင်ကျိုးပက်လက် ဖြစ်ကျန်မှာ မြင်ယောင်သေးတယ် ဟိဟိ...”

ညီငယ်နှစ်ယောက်၏ ပြောစကားနှင့် ညနေစောင်းက ဘကြီးညို၏ ကြွားသွားသော စကားများကို ချေပရင်း မောင်တိက တဟိဟိ ရယ်လိုက်သောအခါ ညီငယ်နှစ်ယောက်မှာလည်း အားရပါးရပင် ရယ်လိုက်လေသည်။ သူတို့ ညီအစ်ကိုသုံးယောက်၏ ရယ်မောသံသည် တစ်နေ့ တော့ မြို့တောင်ခြေရှိ တောအလုံးကို လွှမ်းဖုံးသွားရချိမ့်မည်ဟု သူတို့ သည် စွဲမြဲစွာ ယုံကြည်ထားကြလေသည်။

•

## အခန်း နှစ်

"အဘရေ...အဘ..."

နေညိုချမ်းမြတစ်ချိန်တွင် မြို့တောင်တန်းပေါ်က ဂျုန်ဂမုန်းဥများ တူးပြီး ပြန်လာသော မောင်ပိုသည် ဂမုန်းခြင်းကို အိမ်ရှေ့ကွပ်ပျစ်ပေါ် သွန်ချလိုက်ရင်း အဘသယ်ကို ခေါ်လိုက်သည်။

"ဘာလဲဟဲ့ မောင်ပို၊ နင်ခေါ်တာကလည်း အထိတ်တလန့်ပါလား"

ညနေထမင်းစားပြီးစ အိမ်ရှေ့တွင် ကွမ်းမြုံ့နေသော ဘကြီးညိုက ကျောပြောင်ကြီးနှင့် ဂျုန်ဂမုန်းဥများ တူးရာက ပြန်လာသော သူ့သားကို ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်ပြီး ထူးလိုက်၏။

"မောင်တီတို့ညီအစ်ကိုကို မြို့တောင်ကြောထဲမှာ ဓားတစ်ယောက် တစ်လက်နဲ့ တွေ့ခဲ့ရတယ် အဘရယ်၊ ဒီကောင်တွေ ဒီဘက် ဘာလာလုပ် တာလဲ မသိဘူး"

"ဟေ...ဟုတ်လား"

သူ့သားကြီး၏စကားကို ကြားရသောအခါ ဘကြီးညို၏ ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။

သို့သော်...နတ်တောင့်များနှင့် ပတ်သက်၍ကား ဘကြီးညိုသည် ဤ ညီအစ်ကိုများအား လုံးဝမဥပဒ်မိသေးပေ။ ဒီညီအစ်ကိုတွေ ဘာကြောင့် ဒီဘက်တောနက်ထဲ လာလာနေကြပါလိမ့်"ဟုသာ အတွေးပိုသွားမိသည်။

"အေးကွ…ဟိုအရင် သုံးလေးရက်လောက်ကလည်း မြို့တောင်ဖျား မှာ ဒီညီအစ်ကိုတွေကို အဘတစ်နေ့ တွေ့မိသေးတယ်"

"ဟင်…ဟုတ်လားအဘ"

ဤတစ်ခါ အံ့ဩသွားသူကတော့ မောင်ပိုသာ ဖြစ်သည်။

"ဟုတ်တယ်ကွဲ့၊ အဘကမေးတော့ ဖက်ပင်ရှာရှင်းအပြန်မှာ ည ဟင်းစား ရအောင် စင်ပြွမ်းသီး ခူးသွားကြမလားလို့ ဒီဘက်တောင်ခြေ ပိုင်း ဆင်းလာကြတာဆိုထင်ပါရဲ့"

"စင်ပြွမ်းသီးဟင်းစားတစ်နပ်စာများ အဘရယ်၊ မြို့တောင်ကြော လာခူးဖို့ လိုသလားဗျ။ ရွာနားတင်ပေါလွန်းလို့"

"အေးလကွယ်၊ ငါလည်း အဲဒါပဲ စဉ်းစားနေတာ၊ ငါက မင်းတို့ စင်ပြွမ်းသီးဟင်း လာခူးတာကလည်း အလှူလုပ်ဖို့ ကျနေတာပဲ၊ တပ် ထောင်တာ ဗိုလ်ထုနဲ့ပါလားဆိုတော့ ဒင်းတို့က အဘကို အထအန ကောက်ရကောင်းလားဆိုပြီး နောက်ပြောင်တောင် သွားကြသေးတယ်"

ဘကြီးညိုနှင့် မောင်ပိုတို့ အချီအချပြောနေကြသော စကားများ ကို ကြားရသောအခါ ယခင်နေ့များက တူးထားပြီးသား ရှုနှာဂမုန်းဥများ ၏ အမွေးအမှင်အမြစ် သိမ်ကလေးတွေကို သင်နေကြသော မောင်ပို့ မိန်းမ ့နှင့် မောင်ပို၏ ညီ ဘကြီးညို၏ သားအငယ်ဆုံး မောင်ကိုတို့က လည်း စိတ်ဝင်တစား လှည့်ကြည့်နေကြသည်။

"မဟုတ်ခါမှလွဲရော၊ ကျွန်တော့်အထင်တော့ ဒီကောင်တွေ ကျွန်တော်တို့ နတ်စောင့်ပျားများ ခိုးဖွပ်ချင်လို့ လာလေ့လာကြတာလား မှ မသိတာအဘရယ်…"

"အင်း…နတ်စောင့်ပျားတော့ ဒီကောင်တွေ လုပ်ရဲပါ့မလားသားရယ်၊ ဒီနတ်ပျားကို ဖွပ်ရဲသူဆိုလို့ ဒီနယ်တစ်ဝိုက်မှာ အဘတို့ပဲ ရှိတာ၊ တကယ် လို့…"

"ဟာ…မလုပ်ရဲဘူးလို့ မပြောနဲ့အဘရယ်၊ ဆောင်းဦးတုန်းက ဦးသာ လှတို့ ရှင်ပြုပွဲမှာ ဒီကောင်တွေအကြောင်း ရွာက လူကြီးတွေပြောနေကြ တာ ကျွန်တော်ကြားခဲ့ရတယ်"

ရှုံ့ဂမုန်းအမြစ်အမျှင်များ သင်နေသော သားငယ်က ဝင်ပြောပြန်သည်။

"ဒီကောင်တွေအကြောင်းများ ရေးကြီးခွင်ကျယ် ဘာတွေပြောသံကြားရလို့လဲ သားရယ်"

"ဒီကောင်တွေက ခုမှ တောဝင်တာတ်ဆိုပေမဲ့ ဓားလက်ဖျားရွာနားတစ်ဝိုက်က သစ်ခေါင်းပျား၊ မြေပျား၊ ယင်ပျား အို… နောက်ဆုံးပျားဒူတွေပါမကျန် ဒီကောင်တွေဖွပ်လို့ ခုဆို ဓားလက်ဖျားအထက်တောမှာ ပျားပြုန်းသလောက် ဖြစ်နေပြီတဲ့ အဘရယ်၊ ဦးထွန်းမြည်သားတွေကြောင့် နောက်ဆို သူများတွေ ရှာစားဖွေစားဖို့တောင် ခပ်ခက်ခက်ပဲလို့ ရွာက လူကြီးတွေ ပြောနေကြတယ်"

ဘကြီးညို၏ သားအငယ် မောင်ကိုပြောသည်မှာ အမှန်ပင်ဖြစ်သည်။

ဓားလက်ဖျားရွာမှ ဦးထွန်းမြည် ဒေါ်မြဦးတို့၏ သားများဖြစ်ကြသော မောင်တီ၊ မောင်သီ၊ မောင်ညီတို့နှင့် ပတ်သက်၍ ဓားလက်ဖျားရွာက လူကြီးတွေမှာ ယခုတော့ လက်ဖျားခါ အံ့သြနေကြသည်။ ဤသူငယ်များ လူလားမမြောက်ခင်က ဆိုလျှင် ဦးထွန်းမြည် ဒေါ်မြဦးတို့မှာ အလွန်ဆင်းရဲ၍ သူတစ်ပါးဆီ၌ အငှားလိုက် ကူလီခံနေကြရသော ဇနီးမောင်နှံတို့ ဖြစ်ကြသည်။

ယခု သူတို့သား သုံးယောက် လူလားမြောက်သည်မှာ တစ်နှစ်နှစ်နှစ်သာ ရှိသေးသည်။ ဦးထွန်းမြည် ဒေါ်မြဦးတို့မှာ ထိုင်စားနေနိုင်ကြပြီ၊ တစ်သက်လုံး မပြုပြင်နိုင်ခဲ့သော အိမ်ခြေယာခြေကိုလည်း ပြုပြင် ဆောက်လုပ်နိုင်ခဲ့ပြီ၊ လူလားမြောက်သည်ဟုသာ ဆိုရသော်လည်း အကြီးဆုံးမောင်တီက ယခုမှ ၁၉ နှစ်၊ မောင်သီက ၁၇ နှစ်၊ မောင်ညီက ၁၅ နှစ်သာ ရှိသေး၏။ သို့သော် ဤသူငယ်သုံးယောက်သည် ဦးထွန်းမြည် ဒေါ်မြဦးတို့အတွက် လူကြီးသုံးယောက်ထက်ပင် အားကိုးရနေလေပြီ။

ဤသူငယ်သုံးယောက်သည် ယောကျ်ားအလုပ်၊ မိန်းမအလုပ်ဟူ၍လည်း မခွဲခြား၊ ထင်းခွေ၊ ရေခပ်၊ ဆန်ဖွပ်၊ မောင်းထောင်းကအစ မရှက်မကြောက်လုပ်သည်။ မိုးတွင်းဆိုလျှင် လယ်ထွန်၊ ထယ်ထိုး၊ မျိုးနုတ်၊

ကောက်စိုက်ကအစ အငှားလိုက်သည်။ နွေဆိုလျှင်လည်း ကောက်ရိတ်၊ စပါးသယ်၊ စပါးနယ် ဘာအလုပ်မှမရွေး၊ လယ်လုပ်ငန်းပြီးသည်နှင့် တစ်ပြိုင်နက် နွေလတွင် အပိုဝင်ငွေရအောင် တောတက်၍ ထင်းခုတ်၊ ဝါးခုတ်၊ ဆေးစိုက်၊ ဖက်ခူး မရှောင်လုပ်သည်။

သည်တင်မကသေး။ ဤတစ်နှစ် နှစ်နှစ်တွင် လူလတ်ပိုင်းများနှင့် လူကြီးများသာ လုပ်လေ့ရှိသော ပျားရှာ၊ ပျားဖွပ်အလုပ်ကိုပင် လုပ်လာကြပြန်သည်။ သူတို့ ညီအစ်ကိုမှာ အလုပ်နှင့်လက် ပြတ်သည်ဟု မရှိလှ၊ ကုန်ကုန်ပြောပြောရလျှင် သူ့အမေ နေ့စဉ် လုပ်နေကျဖြစ်သော ထမင်းချက်၊ ဟင်းသီးဟင်းရွက်ခူးအလုပ်ကိုပင် ဝင်ဝင်လုပ်တတ်ကြသဖြင့် သူ့အမေက ဟန့်တားယူရသည်။ ထို့ကြောင့်လည်း ရွာရှိလူတွေက မိမိတို့၏ သားသမီးများ အလုပ်ပျင်းလျှင် ဆိုဆုံးမ၍ မရလျှင် ဤ ညီအစ်ကို သုံးယောက်နှင့် စံထား၍ ပြောမှတ်ပြုလာကြ၏။ "ဦးထွန်းမြည်၊ ဒေါ်မြဦးတို့ သားများလို ကျုပ်တို့များ တစ်ယောက်လောက် ရှိချင်စမ်းပတော်၊ ဘုရားစင်တင်ပြီး ကိုးကွယ်ထားပမယ်"ဟု သားကြီးသမီးကြီးရှိသူ အမျိုးသမီးကြီးများက ညည်းတကြသည်။ အချို့ကလည်း မနာမလိုဖြစ်ကာ... "ယောကျ်ားလေးတွေများတဲ့တော်၊ မရှက်မကြောက် မိန်းကလေးတွေ အလုပ်များ မသင့်မတော် အငှားလိုက်လုပ်ရဲတာ အံ့ပါရဲ့၊ ခင်းတို့ ကျောကုန်းတွေ ဒါကြောင့် ဆားပေါက်နေတာ"ဟု ဖြစ်တင်သံနှင့် ဆိုသူက ဆိုသည်။ အချို့ကလည်း ချီးမွမ်းသံတစ်ဝက် ကဲ့ရဲ့သံတစ်ဝက်နှင့် "မိုးလင်းရင် ကြက်လိုယက်ရှာစားမှ ခင်းတို့က ထမင်းဝကြတာဆိုတော့ မရှက်နိုင်မကြောက်နိုင်ဘူးပေါ့တော်"ဟု ဆိုသူက ဆိုသည်။ အချို့ကလည်း "ကျောမှမှ ဝမ်းအေးတယ်ဆိုတာ ဒီသူငယ်များအတွက် ရှေ့ပညာရှိတွေက တမင်အဆိုအမိန့်ထားခဲ့ကြဟန်တူပါရဲ့"ဟု ချီးကျူးသလို ဆိုကြပြန်သည်။ သို့သော် မည်သူက မည်သို့ပြောပြော မောင်တီတို့ ညီအစ်ကိုတော့ "ကိုယ်လုပ်မှ ကိုယ်စားရမည်။ လက်လှုပ်မှ ပါးစပ်လှုပ်သည်"ဟူသော ယုံကြည်ချက်ကို စွဲစွဲမြဲမြဲမှတ်ယူကာ အလုပ်ကို ပိုမိုကြိုးစား၍သာ လုပ်ကိုင်လျက်ရှိကြသည်။

ကြာသော် ရွာ၌ လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သာမဟုတ်၊ အစဉ်အဆက်က ဖျားမွှပ်၊ ပဒပ်ရှာ၊ အမဲဟင်းလျှာ ပစ်ခတ်စားသူမုဆိုးတံငါများကပင် "ဒီကောင်ကလေးတွေတော့ နောက်ဆို တို့လုပ်စားဖြစ်မှာ မဟုတ်တော့ဘူး။ ဘယ့်နှယ်ဗျာ မိုးမလင်းသေးဘူး၊ စားတစ်ယောက်တစ်လက်နဲ့ တောထဲရောက်နေကြပြီ။ ဖျားဆိုလည်း သူတို့ပဲ။ ပဒတ်ဆိုလည်း သူတို့ပဲ၊ နောက်ဆုံး မှို့ဟင်းကအစ ခင်းတို့ လက်ကကို မလွှတ်ဘူး၊ ငယ်ငယ်ရွယ်ရွယ်ကလေးတွေနဲ့ ဒီလောက်လျှင်ပြီး တောကျွမ်းတဲ့ သတ္တဝါကလေးတွေ ဤနှယ်တစ်ပိုက်မှာ မပေါ်ဖူးပါဘူး"ဟု ရှင်ပြု ရဟန်းခံ အသုဘ စသည့် လူစုလူဝေးတိုင်းမှာ မောင်တီတို့ ညီအစ်ကိုအကြောင်း ပြောစမှတ်ပြုလာကြသည်။

ဤသည်ကို ကြားရဖန် ကြုံရဖန်များသော ဘကြီးညို၏သားမောင်ကိုက ယနေ့တော့ အကြောင်းတိုက်ဆိုင်၍ သူ့အဖေကို ပြောဖြစ်သည်။

"ဟုတ်မယ်အဘရယ်...ဒီကနေ့လည်း ဒီကောင်တွေခါးမှာ ဘူးခါးရေဘူးအပြင် ဝါးကျည်တောက်နဲ့ အထုပ်တွေရော၊ ပဒတ်စာတွေရော၊ ဟင်းရွက်တွေရော အစုံပါတယ်။ ဝါးကျည်တောက်နဲ့ အထုပ်တွေက ဖျားရည်နဲ့ ဖျားဖယောင်းတွေ ဟုတ်ချင်ဟုတ်မှာ။ ဒီကောင်တွေက အကြောက်အလန့်လည်း ရှိတဲ့ကောင်တွေ မဟုတ်ဘူး။ ကြုံရာတွေ့ရာ လုပ်မှာဗျ"

သားကြီး သားငယ်တို့ ပြောလာသော စကားများနှင့် ပတ်သက်၍ ဤတစ်ခါတော့ ဘကြီးညိုမှာ စဉ်းစားရပြီ။

ဤညီအစ်ကိုသုံးယောက်၏ ဂယက်သည် စားလက်များရွာနားမှ ယခုအခါ သူတို့၏ ဘိုးစဉ်ဘောင်ဆက် နယ်မြေဖြစ်သော မြို့တောင်မြေတစ်ပိုက်ကိုပင်ရိုက်ခတ်၍ လာချေပါပြီ။

မည်သို့ဆိုစေ ဤညီအစ်ကိုသုံးယောက်နှင့် ပတ်သက်၍ ဦးဘညို၏ စိတ်ထဲမှာ သံသယတော့ ဝင်စပြုပြီ ဖြစ်သည်။

တစ်နှစ်တစ်နှစ်လျှင် ပျားရည်ပုလင်း နှစ်ရာကျော် သုံးရာနီးပါး ရတတ်သော ကျောက်ပျာတောင်စောင်းပေါ်က နတ်စောင့်ပျားကို ဤညီအစ်ကိုများသာ လက်ဦးသွားပါက ဟူသော စိုးရွံ့စိတ်နှင့် ဦးဘညို၏ ရင်ထဲမှာ မတင်မကျ ဖြစ်လာသည်။ ပျားဖွပ်ရာသီမှာလည်း နီးလာပြီ မဟုတ်ပါလား။

ပျားများသည် မိုးနှောင်းကာလဖြစ်သော တော်သလင်း သီတင်းကျွတ်မှစ၍ ဖယောင်းအိမ်တည်တတ်ကြသည်။ သူတို့တည်ဆောက်သော ဖယောင်းအိမ်မှာ အစေးထွက်သော သစ်ပင်များ၏ အကွဲအအက်တို့မှ ယိုထွက်လာသော သစ်စေးများနှင့် လူသားများ ခုတ်လှဲထားသော သစ်ပင်အစများမှ သစ်စေးများကို သူတို့၏ ခြေလက်တို့နှင့် ကုတ်ခြစ်ယူကာ ဖယောင်းအိမ် တည်ဆောက်တတ်ကြသည်။

ပျားတို့၏ ဖယောင်းအိမ်မှာ သုံးထပ်ဖြစ်၏။ ပထမထပ်တွင် ပန်းဝတ်ရည်ထည့်ပြီး ဒုတိယထပ်တွင် ဥများချသည်။ တတိယထပ်တွင် သူတို့၏ စားကြွင်းစားကျန် ချေးများကို ထားတတ်ကြ၏။ သို့သော် ပျားတစ်မျိုးနှင့် တစ်မျိုးသည် ဖယောင်းအိမ်တည်ဆောက်ပုံချင်း မတူဘဲ ကွာခြားလေ့ ရှိသည်။ ပျားသောအားဖြင့် သစ်ခေါင်းနှင့် သစ်ပင်များပေါ်တွင် စွဲတတ်သော ပျားကြီး၊ ယင်ပျား၊ သစ်ခေါင်းပျားများတွင် ချေးအိမ်မထားတတ်ပေ။ ထားလျှင်လည်း ပါးလွှာသော ချေးအိမ်သည် ကလေးအိမ်နှင့် ရောနေတတ်၏။ သစ်ခေါင်းပျား၊ ပျားကြီးနှင့် ယင်ပျားတို့၏ အမိက ဖယောင်းအိမ်မှာ ဝတ်ရည်ထည့်ရန်နှင့် ကလေးများ ဥချရန်သာ ဖြစ်လေသည်။

မိုးနှောင်းကာလဖြစ်သော တော်သလင်း၊ သီတင်းကျွတ်မှစ၍ သစ်စေးစု၍ ဖယောင်းအိမ် တည်ဆောက်ကြသော ပျားများသည် တစ်ဆောင်းလုံး ဖယောင်းအိမ်ကို တည်ဆောက်ကြသည်။ ထို့ကြောင့် ဆောင်းဦးပိုင်းတွင် ပျားဖွပ်လျှင် ပျားရည် မရတတ်ပေ။

နွေလသို့ ရောက်ပြီဆိုလျှင်တော့ ပျားများသည် ရရာကြုံရာ ပန်းပွင့်များပေါ်မှ ဝတ်ရည်များကို စုပ်ယူကာ ဖယောင်းအိမ်ထဲတွင် ဝတ်ရည်

ဖြည့်ရင်း ဥများကိုလည်း ချတတ်ကြသည်။ ဥချရင်း ဝတ်ရည်ဖြည့်ရင်းနှင့် ပင် ဖယောင်းအိမ်ကိုလည်း တဖြည်းဖြည်း တိုးချဲ့လုပ်ကိုင်ကြသည်။ ထို့ကြောင့် ပျားသလက်ပျားလတို့တို့မှာ နွေရင့်လေ ကြီးလေဖြစ်ကြသည်။

အထူးသဖြင့် ပျားအုံများ၌ ပျားရည်အများဆုံး ရှိသော လမှာ ရွက်ဟောင်းညှာခြွေ ရွက်သစ်ဝေသော နွေလတပေါင်းပင် ဖြစ်သည်။ တပေါင်းလသည် သစ်ပင်ပန်းမာလ်များ ရွက်သစ်လဲ အပွင့်စုံကြသဖြင့် တပေါင်းလဖွပ်၍ရသော ပျားရည်သည် ပန်းပေါင်းခသည်ဟုလည်း ပျားဖွပ်သူများက ယူဆကြသည်။ ထို့ကြောင့် ပန်းပေါင်းခသော တပေါင်းလဖွပ် ပျားရည်သည် ဆေးဖက်ဝင်သည်ဟု မြန်မာဆေးဆရာများ ယူဆကြသည်။

မိုးစ၍ ရွာပြီဆိုလျှင်တော့ ပျားတို့သည် လေဒဏ်မိုးဒဏ်ကြောင့် ဝတ်ရည်ရှာရန် မပျံမသွားနိုင်ကြတော့ပေ။ မိုးတွင်းတွင် ပွင့်ပန်းတို့လည်း ရှားပါးကုန်ကြသည်။ ထိုအခါ တစ်ဆောင်းလုံး တစ်နွေလုံး ပင်ပန်းကြီးစွာ ရှာဖွေစုစည်းထားကြသော ပန်းဝတ်ရည်များကို ပျားတို့သည် စ၍ စားသုံးကြပြီ ဖြစ်သည်။ ထို့ကြောင့် မိုးတွင်းပျားအိမ်တွေ့၍ ပျားဖွပ်ပါက ပျားရည်အရ နည်းတတ်သည်။ မိုးရေနှင့် ရောသဖြင့် အရသာလည်း ပေါ့ပျက်လေသည်။

မိုးထဲလေထဲတွင် ပျံသန်းနိုင်ခြင်း မရှိသော ပျားများသည် ပျားအုံရှိ ဝတ်ရည်များကို တစ်မိုးတွင်းလုံး စားသုံးကြသည်။ ပျားများသည် ဥများကို အစဉ်တစိုက်ချပြီး ပေါက်ဖွားလာသော ပျားသူငယ်များကို အမိအဖများ တစ်ဆောင်းလုံး တစ်နွေလုံး ပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းထားသော ဝတ်ရည်များဖြင့် တိုက်ကျွေးကာ မျိုးဆက်ပြန့်ပွားစေလေသည်။

မြေပျားခေါ် ပျားတစ်မျိုးမှာမူ မြေကြီးကျင်းထဲတွင် အိမ်ဖွဲ့တည်တတ်သဖြင့် အချေးထုပ်သည့် အောက်ဆုံး၌ ရှိတတ်သည်။ ပျားဖယောင်းများမှာလည်း သစ်ခေါင်းသစ်ပင်ပေါ် စွဲတတ်သော ပျားကြီး သစ်ခေါင်းပျား၊ ယင်ပျားများကဲ့သို့ ဖယောင်းဖြူမဟုတ်ပေ။ ဖယောင်းမည်းပင်ဖြစ်သည်။ သစ်စေးကို သယ်ယူ အိမ်ဆောက်ကြရာတွင် တူသော်လည်း မြေစာတတ်ကြောင့် မြေပျားခေါ် ပျားငယ်တို့၏ ဖယောင်းမှာ မည်းမည်း

နက်နက်သာ ဖြစ်လေသည်။ ပျားရည်မှာလည်း တခြားပျားများကဲ့သို့ ချိုဆိမ့်ခြင်း မရှိဘဲ ချဉ်အီအီ ဖြစ်သည်။ သစ်ခေါင်းပျား၊ ယင်ပျား၊ ပျားကြီးတို့၏ အရည်ကဲ့သို့ ကြာရှည်ထား၍လည်း မခံပေ။ ကြာလျှင် အချဉ်ပေါက်သွား တတ်၏။ ထို့ကြောင့် ပျားဖွပ်သူများသည် မြေပျားကို တွေ့လျှင် သွားရင်း လာရင်း ဖွပ်ပြီး ချက်ချင်းစားပစ်ကြသည်။ သို့မဟုတ် အိမ်ကို ယူလာပြီး နေ့မကူးမီ ပျားမုန့်လုပ်စားပစ်တတ်ကြသည်။

ပျားခူခေါ် မြေကျင်းအောင်းသော ပျားတစ်မျိုးလည်း ရှိသေး၏။ ထိုပျားခူ(ပခူ)များမှာမူ အရည်ရှိသော ပျားများမဟုတ်ပေ။ ထိုပျားခူများသည် အခြားပျားများလို ပန်းဝတ်ရည်များကိုလည်း စုပ်ယူ စုစည်းခြင်းမပြု၊ ပျားခူများသည် အသားများနှင့် တခြားပိုးကောင်မွှားကောင်များကို စားသော ပျားများဖြစ်သည်။ ထို့ကြောင့် ပျားခူသည် အဆိပ်လည်း အလွန်ပြင်း၏။ ပျားခူအိမ်တည်နေသော ပျားတောင်ပို့နား ရောက်သွားမိ၍ ပျားခူအတုပ်ခံရပြီဆိုလျှင် ကျွဲနွားများပင် ဗုန်းဗုန်းလဲသွားတတ်သည်။

ပျားဖွပ်သူများသည် အရည်မရသော ပျားခူအုံကိုလည်း ချမ်းသာမပေးကြပေ။ ကြုံရာတွေ့ရာ၌ ဖွပ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် ပျားခူကောင်လေး တစ်ဗိုသသာဆိုလျှင် သုံးလေးကျပ်ဈေးရသဖြင့် ဖြစ်သည်။ ပျားခူကျင်း အသေးအကြီးကို လိုက်၍ ပျားခူကျင်းတစ်ကျင်းလျှင် ဟင်းစား အစီတ်သား သုံးဆယ်သားမှသည် ဗိသာ ၃၀–၅၀ ထိ ရတတ်ကြသည်။ သို့သော် ပျားဖွပ်အတွေ့အကြုံနည်းသူ၊ တစ်နည်းပြောရလျှင် တောဝင်တတ်စ ပျားဖွပ်သက် မရင့်ကျက်သေးသော လူငယ်များသည် ပျားခူအုံကို တော်တော်နှင့် မဖွပ်ရဲကြပေ။ အဘယ့်ကြောင့်ဆိုသော် ပျားခူသည် အဆိပ်ပြင်းရုံသာမဟုတ်၊ ရန်သူကို ခုခံကာကွယ်ရာ၌လည်း စနစ်တကျရှိတတ်သဖြင့် ဖြစ်သည်။ ပြီး အသားစားသော ပျားဖြစ်သဖြင့် လူသားကိုလည်း နိုင်နိုင်နင်းနင်း ရှိပါက ချန်ထားမည် မဟုတ်ပေ။

ပျားခူသည် မြေထဲတွင် ကျင်းတူး၍ နေတတ်သော ပျားဖြစ်သဖြင့် မြေတောင်ပို့၊ ရိုးရိုးမြေတောင်ပို့များနှင့်လည်း ပျားခူအုံမှာ ဆင်ဆင်တူလေရာ သာမန်လူများသည် ပျားခူကျင်းများကို မြင်ရုံနှင့် မသိနိုင်ကြပေ။

ထို့ကြောင့်လည်း ထင်းခွေ ဟင်းရွက်ခူးသွားရင်း ပျားခူကျင်းကို ခြေကျွံ၍ အချို့ကျဖူးသည်။ ထိုသို့ ပျားခူကျင်းထဲ ခြေကျွံ၍ ကျသွားလျှင် ချက်ချင်း ပြန်နုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ခြေထောက်တွင် အရိုးသာ ကျန်ပါလာတော့သည်။ ကျင်းထဲက ပျားခူများသည် ကျင်းထဲ ကျွံကျလာသော လူ့ခြေထောက်မှ အသားကို ချက်ချင်း စားပစ်ကြသဖြင့် ဖြစ်လေသည်။ အချို့ ပျားခူအုံကြီးပေါ်သို့ လူတစ်ကိုယ်လုံး ကျွံကျသွားသဖြင့် ပျားခူစာ ဖြစ်သွားသူများ တောလည်သွားရင်း ပျောက်သွားသူများလည်း ရှိလေသည်။

သို့သော် ဝါရင့်ပျားဖွပ်သမားများသည် ပျားခူကျင်းကို မြင်ရုံနှင့် သိတတ်ကြသလို အသံကို နားထောင်၍လည်း သိတတ်ကြသည်။ ပျားခူများသည် ကျင်းထဲ၌ မြေသားကို အမြဲကိုက်ဖဲ့ရဲ့ထွင်ကာ အိမ်ပြုလုပ်နေတတ်ကြသဖြင့် စက်ကိရိယာတစ်ခုခုကို အမြဲ မောင်းနှင်နိုးထားသလို တရှန်းရှန်း ဆူညံနေတတ်သည်။ အထဲမှ အသံ၏ ရိုက်ခတ်မှုကြောင့် အပေါ်ယံမြေသားတွေမှာ တုန်ယင်လှုပ်ခါသလို ဖြစ်နေတတ်သည်။ ပျားခူများသည် မြေထဲတွင် ဂလိုင်တူးရာ၌ အပေါ်ယံမြေကို ပေါက်သွားအောင် တူးလေ့မရှိပေ။ အပေါ်ယံမြေသား တစ်ကျပ်ငါးမူးအထုကို အမိုးအကာ အဖြစ် ထားတတ်သည်။

ပျားခူကျင်းထဲတွင် ပျားကောင်များ ဝင်ပေါက် ထွက်ပေါက်အပြင် ရန်သူများ ဝင်ပေါက်ကို ပိတ်မိထားပါက ချက်ချင်း ပြေးထွက်ပြီး ရန်သူများကို ကာကွယ်တိုက်ခိုက်နိုင်ရန် အရေးပေါ် အပေါက်များကိုလည်း ရန်သူများ မသိမရိပ်မိလေအောင် ပါးပါးလွှာလွှာလေး လုပ်ထားတတ်သည်။ ထိုအပေါက်ကို ပျားဖွပ်သမားများက ဂယ်ပေါက် (ကယ်ပေါက်) သို့မဟုတ် "နန်းပေါက်"ဟု ခေါ်ကြသည်။ ထိုနန်းပေါက် ဂယ်ပေါက်သည် ပင်ကိုအားဖြင့် အပေါက်မဟုတ်ပေ။ အတွင်းထဲမှ မြေသားများကို ပါးပါးလွှာလွှာလေး ကိုက်ပြီး အရေးပေါ်လျှင် ချက်ချင်း ထိုအပေါက်မှ ထွက်နိုင်ရန်၊ သို့မဟုတ် ရန်သူကို ကာကွယ်နိုင်ရန် လုပ်ထားခြင်းဖြစ်၏။ သူတို့၏ အဝင်အထွက် ကျင်းပေါက်ကို ရန်သူများသိ၍ ပိတ်မိထားလျှင် ပျားခူများ

သည် ထိုအပေါက်ရှာ ပေးထားသော နန်းပေါက် ဂယ်ပေါက်ကို ချက်ချင်း ကိုက်ဖောက်ထွက်ပြီး မမျှော်လင့်သော နေရာကမှ ရန်သူကို ကာကွယ်ကြ လေသည်။

ပျားခွဲအုံများတွင် ထိုသို့ အရေးပေါ်အပေါက် ရှိသလို ပျားအုံနား သို့ မရောက်မီ ကင်းအဖြစ် အမြဲစောင့်နေသော ရှေ့ပြေးပျားများလည်း ရှိလေသည်။ ထိုရှေ့ပြေး ကင်းပျားများသည် ပျားခွဲအုံနှင့် နီးလာသော ရန်သူကို ဦးဆုံး ထိုးဆိတ်တုပ်ကိုက်၍ ကာကွယ်တတ်ကြသည်။

ဤမျှ စနစ်တကျရှိ၍ ရန်သူများကို စနစ်တကျ ကာကွယ် တိုက်နိုက် တတ်သော ပျားခွဲများကို ရှာရှာဖွေဖွေ ဖွပ်ယူကြခြင်းမှာ ပျားခွဲကောင် လေးများ တစ်ပိဿာလျှင် သုံးလေးကျပ် ဈေးရသဖြင့် ဖြစ်သည်။ ပျား ခွဲကောင်လေးများမှာ ဒီပိုး၊ သင်ပုတ်ပိုး၊ ပလုပ်ပိုးတို့ထက်ပင် အရသာ ရှိသဖြင့် ပျားဖွပ်သမားများသည် ပျားခွဲကျင်းကို သက်စွန့်ဆံဖျား ဖွပ်ကြ သည်။ ပျားခွဲကောင်ငယ်များကို အခြောက်လှန်းထားပြီး ဆီနှင့်ကြော် လှော်စားရသော အရသာမှာလည်း တခြား မည်သည့်အရသာနှင့်မျှ မတူ အောင် ကောင်းသဖြင့် ဖြစ်သည်။

ပျားခွဲဖွပ်လိုသော ပျားဖွပ်သမားများသည် ဦးဆုံး ပျားခွဲကောင် များကို အမဲသား ငါး စသည် အညှီအဟောက်အသားတစ်များနှင့် ထောင် ၍ လိုက်ကြရသည်။ ငှက်ပျောဖတ်၊ သို့မဟုတ် နွားနတ်ရွက်အခြောက်ကို လျှော်ငင်၍ ရသော လျှော်မျှင်ငယ်၏ တစ်ဖက်အစတွင် ပျားခွဲကောင်များ ကိုက်ချီသွားနိုင်လောက်သော သားတစ်ငယ်ကို ချည်ထားရသည်။ လျှော် မျှင်ငယ်၏ တစ်ဖက်အစတွင်မူ ဝါးဖတ်၊ သို့မဟုတ် အရောင်လက်နိုင် သော သစ်ရွက်ခြောက်စတစ်ခုကို ချည်ပြီး ပျားခွဲကျင်း ရှိသည်ဟု ထင်ရသော တောအစ သစ်ပင်၊ မြက်ပင်၊ ချုံ စသည်တို့တွင် တင်ထားရသည်။ ထိုအခါ အညှီအဟောက်ကြိုက်သော ပျားခွဲကောင်များသည် အမဲသားတစ်ကို အနံ့ခံလိုက်လာပြီး ကိုက်ချီယူသွားတတ်သည်။

အမဲသားတစ်ကို ပျားခွဲကောင်များ ကိုက်ချီပျံတင်သွားပြီဆိုလျှင် အမဲသားတစ်နှင့် တစ်ဆက်တည်း ချည်ထားသော သစ်ရွက်ခြောက်စ ဝါး

ဖတ်စတို့မှာ တွဲလွဲဆွဲ၍ ပါသွားတတ်၏။ နေရောင်ခြည်တွင် တလက်လက် လည်ပါသွားသော သစ်ရွက်ခြောက်စ ဝါးဖတ်စသည်တို့ကို ကြည့်၍ လူက လိုက်သွားရသည်။ မျှားကောင်နှင့် လျှော်မျှင်ချည်မှာ သေးငယ်၍ မမြင် ရသော်လည်း သစ်ရွက်ခြောက်စ ဝါးဖတ်စသည်တို့မှာမူ တစ်လက်မ နီးပါး ရှိသဖြင့် နေရောင်နှင့် ထိတွေ့သောအခါ တလက်လက် အရောင်တောက်ပြီး အတိုင်းသား မြင်နေရ၏။ ထိုအခါ သစ်ပင်မြင့်ပေါ်မှ တက်ကြည့်နေသူက မည်သည့်နေရာဘက်သို့ ပျံသွားကြောင်း အော်ပြော၍ မြေပြင်က လူက လိုက်စေသည်။

အမဲသားတစ်၊ လျှော်ကြိုးနှင့် သစ်ရွက်ခြောက်စတို့ကို ကိုက်ချီပျံလာရ သော မျှားခုမှာ လေးလံသဖြင့် မြင့်မြင့်မပျံနိုင်ပေ။ သစ်ပင်များတလျှောက် သာ ပျံနိုင်၏။ သို့သော် မျှားခုသည် သူတို့၏ ကျင်းရှိရာနားသို့ ရောက်လာ ပြီဆိုသည်နှင့် တစ်ပြိုင်နက် ရန်သူများ လိုက်လာလျှင် သူတို့၏ ကျင်းရှိရာ ကို မသိစေအောင် မိုးပေါ်သို့ မြင့်နိုင်သမျှ မြင့်အောင် ဒိုက်ဒိုက်မတ်မတ် ထိုးတက်ပျံသွားပြီး မိုးယံအမြင့်မှသည် မျှားခုကျင်းရှိရာသို့ အရှိန်ပြင်းစွာ နှင့် ထိုးစိုက်ကျလာတတ်သည်။ ဤသည်ကို မျှားဖွပ်သမားများက 'လမ်း ဖုက်'သည်၊ 'လမ်းဖျောက်'သည်ဟု ခေါ်၏။

အမဲသားတစ်နှင့် လျှော်ကြိုးဖြတ်စကို သယ်ဆောင်လာသော မျှား ခုက မိုးပေါ်သို့ တည့်တည့်မတ်မတ် ထိုးတက်ပျံသွားပြီဆိုလျှင် ဤနား တစ်ဝိုက်တွင် မျှားခုအုံမှ ရှိပြီဆိုသည်ကို မျှားဖွပ်သမားတိုင်း သိကြသည်။ ထိုအခါ မျှားခုဆင်းသွားရာ သစ်ပင်စသည်တို့ကို အမှတ်အသားပြု၍ ထောက်လှမ်းကြရပြန်၏။

မျှားခုကျင်းကို ထောက်လှမ်းရာ၌ ကင်းစောင့်မျှားများနှင့် ဝင်မတိုး မိအောင်လည်း သတိအထူးထားကြရသည်။ များသောအားဖြင့် ကင်းမျှား များသည် မျှားခုကျင်းရှိရာ လေညာထက်မှ လေတိုက်ခတ်နေသော ရာသီ အလိုက် လှည့်လည်၍ စောင့်နေတတ်ကြသည်။ လေညာကနေ၍ စောင့်မှ သူတို့သည် ရန်သူကို လေကြောလိုက်၍ လျှင်မြန်စွာ ထိုးဆိတ် ကိုက်တုပ် နိုင်မည် ဖြစ်သည်။ လေအောက်က စောင့်လျှင် လေညာသို့ လေဆန်ပျံ

တက်ရသဖြင့် ရန်သူကို ရုတ်ခြည်း ထိရောက်လျင်မြန်စွာ တိုက်ခိုက်နိုင်ခြင်း မရှိပေ။ ဤသည်မှာ တိရစ္ဆာန်တိုင်း၌ မွေးရာပါ အသိဉာဏ်တစ်မျိုး ဖြစ်သည်။

ဥပမာ လင်းတငှက်ကလေးများသည် အစာမစားရဘဲ ကြီးပြင်းလာကြသလို ပင်လယ်ထဲ နေသော မိုးစွေငှက်တစ်မျိုးသည် အငွေ့ဝါပြင်၌ မုန်တိုင်းကျတော့မည်ဆိုလျှင် အလိုလိုသိလာပြီး မုန်တိုင်းမကျမီ နာရီခြား၍ သစ်တောကျောက်ဆောင်များတွင် ဝင်ပုန်း လေခိုနေတတ်ကြသကဲ့သို့ပင်တည်း။

ယင်းကြောင့်လည်း ပျားခူလိုက်သူများသည် သားတစ်လှော်ကြီး သစ်ရွက်ဖြတ်စများကို ချီယူသွားသော ပျားခူကောင် ဆင်းသက်သွားရာ လေအောက်မှ ပျားခူကျင်းနားကို တဖြည်းဖြည်း လေဆန်ချဉ်းကပ်ရသည်။ ဤသည်မှာ ကင်းများများသည် လူတို့၏ ချွေးနံ့စသည်တို့ကို မရနိုင်အောင်လည်း ဖြစ်လေသည်။

ပျားခူကျင်းနားကို ရောက်ပြီဆိုလျှင် ပျားခူကျင်းအဝနားတွင် သုံးပေါက်ငါးပေါက် ကျင်းအကြီးအသေးကိုလိုက်၍ ရှိတတ်သော အရေးပေါ် "နန်းပေါက်"၊ "ဂယ်ပေါက်"များကို ရှာရသည်။ ထိုသို့ ရှာရာတွင် ပျားခူကျင်းထဲ လှုက်၍မကျသွားအောင် သတိနှင့် ပျားခူကျင်းအဝ မြေပြင်ကိုနားနှင့် ကပ်၍ ထောင်ရှာရသည်။ မြေသားပါးနေသော နန်းပေါက် ဂယ်ပေါက်ရှိရာသည် အခြားနေရာများထက် အသံပိုကျယ်သည်။ ကျင်းထဲမှ ပျားခူကောင်များ တအီအီဟည်းမြည်နေသံကို ပို၍ ရှည်စွာ ကြားရတတ် သည်။ ထိုအခါ ထိုနေရာကို သစ်ရွက်သစ်ခက် ခဲလုံးကလေးများနှင့် မှတ်သားထားရသည်။ ထိုအရေးပေါ် နန်းပေါက် ဂယ်ပေါက်ကို သိပြီး မှတ်မိပြီဆိုလျှင် များများ အဝင်အထွက်လုပ်နေသော ဝင်ပေါက်ထွက်ပေါက်ကိုပါ တစ်ခါတည်းမှတ်ကာ လာလမ်းအတိုင်း တဖြည်းဖြည်း မိကျောင်းတွားသွား၍ ပျားခူကျင်းနားက ခွာလာရသည်။

ပျားခူကျင်းကို တွေ့လာပြီဖြစ်သော သူသည် သူ၏ ပျားခူဖွပ်အဖွဲ့နှင့် တိုင်ပင်ကာ ဆေးရိုးမီးပြောင်း၊ နန်းပေါက်အရေးပေါ်ကို ပိတ်ရန် ရွှံ့စေး

စသည်တို့ကိုယူ၍ နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း သွားဖွပ်နိုင်သည်။ မျှားဥကျင်းကြီးလျှင် မိုးလင်းပိုင်းညဉ့် သွားဖွပ်လေ့ ရှိကြ၏။

မျှားဥကျင်းနားသို့ ရောက်ပြီဆိုလျှင် လူသုံးယောက်သည် ဦးဆုံး နှန်းပေါက် အရေးပေါ် ရှိရာသို့ မိကျောင်းတွား တွားသွား၍ နှန်းပေါက် ဂယ်ပေါက်ကို နွံစေးများဖြင့် ပိတ်ကြရသည်။ ပြီးမှ မျှားဥကောင်များ အထွက်အဝင်လုပ်သော ဝင်ပေါက်ထွက်ပေါက်မှ ဆေးရိုးမီးပြောင်းကို မီးရှို့ကာ ထိုအပေါက် နှစ်ပေါက်မှ မျှားဥကျင်းထဲ မီးခိုးမှုတ်သွင်းလိုက်ရသည်။ ထိုအခါ နှန်းပေါက် အရေးပေါ်ကိုလည်း ချက်ချင်းကိုက်ဖောက်၍ မရသော မျှားဥများမှာ ဆေးရိုးမီးခိုးနံ့မူး၍ လူကို အန္တရာယ်မပြုနိုင်ကြတော့ပေ။ သို့မှသာ မျှားဥအိမ်ကို ပေါက်တူး တူရွင်းများနှင့် ပေါက်ဖျက်၍ ကလေးငယ်များရှိသော မျှားသလက်ကို ယူကြသည်။

ဤသို့ ခဲရာခဲဆစ် လုပ်ကိုင်ရသော မျှားဥကျင်းများကိုပင် ယခု တစ်နှစ် နှစ်နှစ်မှ တောဝင်တက်စ ဖြစ်သော မောင်တီတို့ ညီအစ်ကိုများက ဖွပ်ရဲ လုပ်ရဲကြသည် ဆိုသောအခါ ဦးဘညိုမှာ သူ၏ နှတ်များအတွက် များစွာ စိုးရိမ်သွားလေ၏။ ထို့ကြောင့်လည်း ဤသူငယ်များ၏ သွားရေးလာရေး စသည်တို့ကို သတိထားကြည့်ကြရန် သူ့သားနှစ်ယောက်အား ကြို၍ပြောထားလိုက်လေသည်။

"အေးကွဲ့….ဒီအတိုင်းသာဆိုရင် မောင်တီတို့ ညီအစ်ကိုရဲ့ သွားရေးလာရေးကို မင်းတို့ အကဲခတ်ကြည့်ကြမှ ဖြစ်မယ်၊ ဒီကောင်တွေ ဒီဘက်တော ကျွံလာကြတာ မှုမမှန်ဘူးထင်ရင် အဘကို ချက်ချင်းလာပြောကြကြားလား"

"ဟုတ်ကဲ့ အဘ…"

## အခန်း သုံး

မောင်တီတို့ ညီအစ်ကိုတစ်တွေ မြို့တောင်ခြေသို့ ရောက်လာကြသော အချိန်မှာ တပေါင်းနွေသည် မှုန်းတည့်မတ်နေလေပြီ။ တောရိပ် တောင်ရိပ် သစ်ရိပ်ဝါးရိပ်တို့ကြောင့် တပေါင်းနေသည် မြို့တောင်ခြေ၌ များစွာ ပူပြင်းခြင်း မရှိပေ။ ထို့ကြောင့်လည်း မောင်တီတို့ ညီအစ်ကိုသုံးယောက်သည် မြို့တောင်ခြေရင်းမှ လမ်းကျဉ်းကလေးအတိုင်း မြို့တောင်ကြီးပေါ်သို့ မမောမပန်းဘဲ တက်ရောက်လာနိုင်ခဲ့ကြသည်။

ရခိုင်ရိုးမကြီးနှင့် ကပ်လျက်ရှိသော ဤတောင်တန်းကို မြို့တောင်ဟု ခေါ်ကြခြင်းမှာ ရှေးပဝေသဏီက ဤတောင်တန်းကြီးပေါ်တွင် မြို့လူမျိုးများ နေထိုင်ခဲ့ကြသဖြင့် ဖြစ်လေသည်။

မောင်တီတို့ ညီအစ်ကိုသည် မြို့တောင်ကြီးမှတစ်ဆင့် မြို့တောင်နှင့် တစ်ဆက်တည်းဖြစ်သော ကျောက်ဖျာတောင်သို့ ခရီးဆက်လာကြမြန်သည်။ သူတို့သည် ကျောက်ဖျာတောင်စောင်းရှိ နတ်စောင့် နတ်ထားများဟု အများက သမုတ်ထားကြသော ပျားကို ဖွပ်လို၍ လာရောက်လေ့လာကြခြင်း ဖြစ်လေသည်။

မြို့တောင်နှင့် တစ်ဆက်တည်းဖြစ်သော ဤကျောက်ဖျာတောင်မှာ အမြင့်ပေ ၃၀၀ ကျော် ရှိ၏။ မောင်တီတို့ကို မမွေးဖွားသေးသော ယခင်နှစ်ပေါင်းများစွာကမူ ဤမြို့တောင်ဖျား၌ ကျောက်ဖျာကြီးသည် မပေါ်

ပေါက်သေးပေ။ ဤကျောက်ဖျာကျောက်နံရံကြီး ပေါ်ပေါက်လာသည်မှာ နှစ်ပေါင်း ၁၀၀ ပင် မပြည့်တတ်သေးဟုသာ မောင်တီတို့ သိရသည်။

ယခင်က ဤကျောက်ဖျာ တောင်စောင်းပေါ်တွင် မြေသားများနှင့် သစ်ပင်ကြီးငယ်များ ပေါက်ရောက် ဖုံးအုပ်ထားသဖြင့် ဤကဲ့သို့သော ကျောက်ဖျာ ကျောက်ထရံကြီးပေါ်လာလိမ့်မည်ဟုလည်း မည်သူကမျှ မထင်ခဲ့ကြ။ ထို့ကြောင့် ယခင် နှစ်ပေါင်း ၁၀၀ လောက်က ဆိုလျှင် ဤကျောက်ဖျာတောင်ကို မည်သူကမျှ ကျောက်ဖျာတောင်ဟုလည်း မခေါ်ကြသေး။ မြို့တောင်ဟုသာ ခေါ်ကြ၏။

မြင့်မောက်နေသော မြို့တောင်စောင်းပေါ်မှ မိုးတွင်းဆိုလျှင် မိုးရေတို့သည် နိမ့်လျှောသော မြို့တောင်များသို့ ဒလဟော စီးဆင်းလာကြရာ ရေတိုက်စားခြင်းဒဏ်ကို ကြာရှည်စွာ မခံနိုင်သော သစ်ပင်ချုံနွယ်များနှင့် မြေသားတို့သည် ရေနှင့်အတူ ပြိုပဲ့ပါသွားကြပြီး မကြာခင် ဤ ကျောက်ဖျာသည် စတင်၍ ပေါ်လာခြင်း ဖြစ်သည်။ သို့သော် ယခုလို ဧက ၃၀ ကျော် အကျယ်အဝန်းတော့ မရှိသေးပေ။ တစ်ဧက နှစ်ဧကလောက်သာ စပေါ်လာခြင်း ဖြစ်သည်။ ထိုနောက်တွင်ကား နှစ်စဉ် ရေတိုက်စားမှုဒဏ်ကြောင့် ကျောက်ဖျာအပေါ် လွှာရှိ မြေသားများနှင့် သစ်ပင်ကြီးငယ်များသည် တဖြည်းဖြည်း ပြိုလဲကျသွားရာ ကျောက်ဖျာ ကျောက် နံရံကြီးမှာ တစ်နှစ်ထက်တစ်နှစ် ကျယ်ဝန်း ကြီးမားလာပြီး ယခုကဲ့သို့ ကျောက်ဖျာတောင်ဟု ခေါ်ဝေါ်သမုတ်ခြင်း ခံရသည်ထိ ကျယ်ပြန့်လာခြင်း ဖြစ်လေသည်။

ကျောက်ဖျာတောင်ထိပ်နှင့် ဘေးနှစ်ဖက်တို့တွင် သစ်ပင်ကြီးငယ်များ နှင့် ချုံနွယ်ပိတ်ပေါင်းများစွာ ရှိလေရာ ဧက ၃၀ ကျော် ကျယ်ဝန်းသော ကျောက်ဖျာကြီးကို အဝေးကပင် ကွက်ကွက်ကွင်းကွင်း လှမ်းမြင်နိုင်ကြလေသည်။ ထိုကျောက်ဖျာတောင်၏ အောက်ခြေတွင် မိုးတွင်းဆိုလျှင် ရေစီးသန်သော တောင်ကျချောင်းကြီးတစ်ခုလည်း ရှိသေး၏။ ထိုတောင်ကျချောင်းကြီးမှာ မိုးတွင်း၌သာ ရေစီးအလွန်သန်သော်လည်း နွေလဆိုလျှင်တော့ ရေတွေမှာ စီးရုံသာ စီးကျလျက် ရှိ၏။ ထိုတောင်ကျချောင်းကြီး၏ အရှေ့ဘက်ကမ်းတွင်တော့ ရေတွက်မှန်းဆ၍ပင် ရနိုင်

အုံ့မထင်သော ရနိုင်ရိုးမတောင်ကြီး အထပ်ထပ်တွေက မှိုင်းညို့ဆို့ ဝိတ်လျက် ရှိလေသည်။

ထိုတောင်ကျ စမ်းချောင်း၏ အနောက်ဘက် ကမ်းစပ်နှင့် ကျောက်ဖျာတောင်၏ ခြေရင်းအောက်တွင် ကျောက်ခေါင်းလိုဏ်ဂူများရှိလေရာ ထိုနေရာတွင် သရဲတစ္ဆေတို့ ရွာတည်နေကြသည်ဟု နတ်စောင့်များကို အမြဲနှစ်စဉ်ပူပ်ယူလေ့ရှိသော ဘကြီးညိုတို့သားအဖက ဆိုကြသည်။

ကျောက်ဖျာတောင်စောင်း၏ အောက်ခြေ ကျောက်နံရံတွင် နတ်များနှစ်စဉ် ဖွဲ့သည်မှာလည်း အမှန်ကတော့ စိတ်ဝင်စားစရာပင်။

ဤကျောက်ဖျာတောင်ကြီး ပေါ်လာပြီး နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်အကြာ မိုးတွင်းတစ်နေ့မှာ မိုးကြီးသည်းထန်စွာ ရွာပြီး ဤကျောက်ဖျာ တောင်ထိပ်အစရှိ အင်ကြင်းပင်ကြီးတစ်ပင်ကို မိုးကြိုးပစ်ချသည်။ မိုးကြိုးပစ်ခံရ၍ မတ်မတ်ကြီး ခြောက်သေနေသော အင်ကြင်းပင်ကြီးသည် သုံးလေးနှစ်အကြာမှာ တစ်ပင်လုံး ကျောက်ဖြစ်သွားသည်။

ထိုနောက် သုံးလေးနှစ်ကြာပြန်သောအခါ တောင်စောင်းမှ ရေတိုက်စား၍ မြေပြိုလဲကျလာကာ ကျောက်ဖြစ်အင်ကြင်းပင်ကြီးသည် ကျောက်ဖျာကြီးအတိုင်း အသံနက်ကြီး မြည်ဟည်းကာ လိမ့်ကျလာ၏။

တောင်အထက်ဘက်မှ မိုးရေပြိုမြေတို့နှင့်အတူ ကျောက်ဖျာကြီးအတိုင်း လိမ့်ကျလာသော ကျောက်ဖြစ်အင်ကြင်းပင်ကြီးသည် ကျောက်ဖျာကြီး၏ အောက်ခြေရှိ ကျောက်ချွန်း ကျောက်စောင်းကြီးတစ်ခုနှင့် ငြိကာ ထိုနေရာ၌ပင် တင်နေလေသည်။ ဤသည်မှာတော့ ယနေ့အထိပင် ဖြစ်သည်။ ကျောက်ဖျာကြီး နံရံစောင်းမှ ကျောက်ချွန်းကြီးနှင့် ငြိနေသော ကျောက်ဖြစ် အင်ကြင်းပင်ကြီးနှင့် တောင်ကျချောင်း၏ အနောက်ဘက်ကမ်း ကျောက်ခေါင်းလိုဏ်ဂူတို့ ရှိရာမှာ ပေ ၅၀ ကျော် အမြင့်သာ ရှိလေသည်။ ကျောက်ချွန်းနှင့် ငြိပြီး ကျောက်ဖျာနံရံကြီးပေါ်တွင် ကန့်လန့်တင်နေသော ကျောက်ဖြစ်အင်ကြင်းပင်ပေါ်တွင် နှစ်မကြာမီ ပျားတစ်အုံ လာစွဲနေသည်။

ဤသို့ ခဲရာ... ခဲနေရာတွင် လာစွဲနေသဖြင့်လည်း ထိုပျားကို နတ်

များ၊ နတ်စောင့် နတ်ထားများဟု လူများက သမုတ်ထားကြခြင်း ဖြစ်လေသည်။

ကျောက်ဖျာတောင်နံရံတွင် ကန့်လန့်တင်နေသော အင်ကြင်းပင်ကြီးတွင် ပျားစွဲနေသည်ကိုတော့ လူတိုင်းသိ၏။

သို့သော် ဤပျားကို စွန့်စွန့်စားစား သွားဖွပ်ရဲသူဟူ၍ကား မရှိခဲ့ပေ။ ဤပျားကို ဖွပ်မည်ဆိုလျှင် ကျောက်နံရံကြီးပေါ်ကို တစ်နည်းနည်းနှင့် ရောက်အောင်သွားနိုင်မှ ဖြစ်ပေမည်။ ကျောက်နံရံကြီးပေါ်ကို ရောက်အောင်သွားရန် ဆိုသည်မှာလည်း ကျောက်ဖျာတောင်ထိပ်မှ ကြိုးဖြင့်နှင့် ဆင်းမှဖြစ်လေမည်။ ကျောက်ဖျာနံရံအောက်ခြေ တောင်ကျချောင်းနှင့် ပျားစွဲနေရာမှာ ပေ ၅၀ ကျော်သာ အမြင့်ရှိသော်လည်း မိုးတွင်းဆိုလျှင် ရေစီးသန်သည့်အပြင် မတ်စောက်သော ကျောက်နံရံကြီးပေါ်ကို အောက်က တက်၍လည်း မရောက်နိုင်ကြပေ။ ပြီး...သူတို့ ဓားလက်ဖျားရွာမှာ တောင်ပေါ်ဒေသဖြစ်သဖြင့် တောနက်ကျသော ရွာအရှေ့ဘက်ရှိ ဤကျောက်ဖျာတောင်အောက်ကို ဆင်းဖို့ဆိုသည်မှာ မလွယ်ကူပေ။ သားရဲတိရစ္ဆာန်များ ပေါသလို တောကြမ်းသည်ဟုလည်း ဘိုးဘွားဘီဘင် အစဉ်အလာက ဆိုခဲ့ကြသည်။

ဤတောင်၏ အနောက်ဘက်ခြမ်းကိုသာ နေ့စဉ်သွားလာနေကြသော်လည်း ရခိုင်ရိုးမကြီးရှိရာ အရှေ့ဘက်ခြမ်းကိုကား မည်သူမျှ သွားလေ့သွားထ မရှိကြပေ။ ယင်းကြောင့်လည်း တောင်ခြေကို ဆင်းပြီး ခဲရာခဲဆစ် ကျောက်ဖျာတောင်စောင်းပေါ်ကို ပြန်တက်ကာ ပျားဖွပ်ရဲသူ မရှိသလို တောင်ထိပ်မှ ကြိုးဖြင့်စသည်တို့နှင့် ခဲရာခဲဆစ်ဆင်းကာ ပျားဖွပ်ရဲသူများမှာလည်း တစ်ဦးတစ်ယောက်မျှ မရှိပါချေ။

ထို့ကြောင့်လည်း ကျောက်ဖျာကြီးပေါ်တွင် ကန့်လန့်ဖြတ်လဲနေသော ကျောက်အင်ကြင်းပင်ကြီးမှ ပျားအုံသည် ကြီးချင်တိုင်း ကြီးထွားလျက် ရှိလေသည်။

ဤသည်ကို သိသော ဘကြီးညိုသည် ယခင်နှစ်ပေါင်းများစွာကပင်

တောင်ထိပ်မှ ကြိုးခြမ်းဆင် ဆင်းကာ ဤပျားကို ဖွပ်ယူခဲ့သည်။

သို့သော် ဘကြီးညို နှစ်စဉ်ဖွပ်သော ဤပျားမှာ ပျားအုံပျက်သွားခြင်း၊ သုဉ်းသွားခြင်း မရှိဘဲ တစ်နှစ်နှစ်ထက်တစ်နှစ် ပွားၡ်သာ လာခြင်းဖြစ်သည်။ ဤသည်တို့ကြောင့်လည်း ဤပျားကို နတ်စောင့်ပျား၊ နတ်ထားသော ပျားဟု အများက သမုတ်ထားကြခြင်း ဖြစ်သည်။

အမှန်မှာ ဤပျားတစ်ခိုက်ရှိ သစ်ပင်တောတောင်ထဲတွင် စွဲသမျှသော ပျားများကို ပျားဖွပ်သမားများက ရှာရှာဖွေဖွေ ဖွပ်ယူတတ်ကြလေရာ နိုကိုးရာမဲ့ ပျားများမှာ လှသူလေးပါး အရောက်အပေါက်နည်းသော ဤကျောက်ဖျာတောင်စောင်းပေါ်က ကျောက်အင်ကြွင်းပင်ဆီလာပြီး အုံဖွဲ့နေကြခြင်းသာ ဖြစ်၏။ ဘကြီးညိုမှာ ဤပျားကို နှစ်စဉ်နှစ်တိုင်း ဖွပ်သော်လည်း သူသည် ပျားရည်ရှိသော ပျားသလက်များကိုသာ ရွေးဖွပ်ယူပြီး မျိုးပေါက်ပွားရန် ပျားသူငယ်အိမ်ကိုမူ ဖျက်ဆီးပစ်ခြင်း မရှိပေ။ ဘကြီးညိုသည် နှစ်ရှည်လများ ဖွပ်စားနိုင်ရန် ဤပျားကို မွေးထားခြင်းဖြစ်သည်။ ဤသည်မှာ ဘကြီးညို၏ လျှို့ဝှက်ချက်ဖြစ်သဖြင့် မည်သူမျှ ဤအကြောင်းကို မသိကြပေ။

ဘကြီးညို၏ လျှို့ဝှက်ချက်ကို မသိသော်လည်း လောဘဇောနှင့် ဤပျားအုံကို ဖွပ်ယူရလျှင် ငွေတစ်ရာ နှစ်ရာကျိန်းသေပေါက် ရနိုင်သည်ကို သိသော နောက်ပေါက်လူငယ် မောင်တီတို့ ညီအစ်ကိုမှာ ယခုတော့ ဤပျားကို ဖွပ်ရန် တိတ်တဆိတ် လှေလာနေကြခြင်း ဖြစ်သည်။

မောင်တီသည် အသင့်ပါလာသော ပဝတ်ကြိုးတစ်ပင်၏ အောက်အစတွင် လက်သီးဆုပ်နီးပါးရှိသော ကျောက်ခဲတစ်လုံးကို ချည်ကာ ကျောက်ဖျာတောင်စောင်းအောက်ရှိ နတ်ပျားရှိရာသို့ လျှောချလိုက် သည်။

မောင်တီ တရွေ့ရွေ့ လျှောချလိုက်သော ကျောက်ခဲသည် မိုးမောက်ချွန်ထက်နေသော ကျောက်ချွန်ကျောက်စောင်းများနှင့်ထိကာ လမ်းခုလပ်၌ တန့်နေလျှင် အပေါ်သို့ တစ်ခါ ပြန်ဆောင့်ဆွဲ၍ အရှိန်နှင့် ပြန်ချရသည်။ သည်လိုနှင့်ပင်... ပဝတ်ကြိုးအောက်စတွင် ချည်ထားပေးသော

ကျောက်ခဲသည် ဖွားအုံတည်ရှိရာ ကျောက်ဖြစ် အင်ကြင်းပင်နား ရောက် သွားသည်။

သေချာခြင်း ရှိမရှိ စစ်ဆေးကြည့်ပြီးသောအခါ မောင်တီသည် ကိုင်ထားသောနေရာမှ ကြိုးကို ထုံးလိုက်ကာ ကျောက်ဖျာတောင်စောင်း နံရံအတိုင်း လျှောချထားသော ပတ်ကြိုးကို အပေါ်သို့ ပြန်၍ ဆွဲတင်လိုက်၏။

မောင်တီက ဤသို့ ပြုလုပ်နေခြင်းမှာ ကျောက်ဖျာတောင်ထိပ်တောစနှင့် ကျောက်ဖျာတောင်အောက်ခြေရှိ ဖွားစွဲနေသောနေရာ၏ အကွာ အဝေးကို တိုင်းတာခြင်းပင်တည်း။ သူတို့ဖွားဖွပ်ရန် ကြိုးငြမ်းနှင့်ဆင်းပါက ကြိုးအရှည်မည်မျှလိုမည်၊ အကွာအဝေးလက်လံ မည်မျှရှိမည်ကို သိမှ ကြိုးငြမ်းဆင်၍ ဆင်းနိုင်မည်မဟုတ်ပါလား။

ကြိုးငြမ်းဆင်ရန်နှင့် ကြိုးငြမ်းချလျှင် ချောချောမောမော ဖြစ်နိုင်မည့် နေရာများကိုလည်း သေသေချာချာ ကြည့်ရှုလေ့လာပြီးကြသော အခါ မောင်တီတို့ ညီအစ်ကိုသုံးယောက်သည် နေမဝင်ခင် ရွာ အရောက် ပြန်လာကြလေသည်။

*

## အခန်း လေး

ကျောက်ဖျာတောင်ဘက်မှ တရုန်းရုန်းတသောသော ဆူညံလာသံကို ကြားရသောအခါ မြို့တောင်ခြေမြောက်ဘက်ပိုင်း၌ ရှူနာဂမုန်းဥများ တူးနေသော မောင်ပိုနှင့် မောင်ကိုတို့မှာ ချက်ချင်း မိမိအိမ်ဘက်သို့ ပြေးလာကြသည်။ အချိန်မှာ နံနက် ၁၀နာရီခန့်သာ ရှိသေး၏။

ကျောက်ဖျာတောင်ဘက်မှ တရုန်းရုန်း ဆူညံလာသံကို ကြားရ၍ အိမ်သို့ပြေးလာကြသော မောင်ပိုနှင့် မောင်ကိုတို့ကို မြင်သောအခါ အိမ်ရှေ့တွင် ဂဏှာမငြိမ်ဖြစ်နေသော ဘကြီးညိုမှာ ချက်ချင်းလှမ်းမေး၏။

"ဟေ့…လူကလေးတို့ ဒီဆူညံနေတဲ့ အသံတွေက ဘာသံတွေလဲကွဲ့၊ မင်းတို့ ကလေးနားက ပါးတယ်၊ သေသေချာချာ နားထောင်ကြစမ်း"

"ကျောက်ဖျာတောင်ဘက်ကလေ အဘ၊ မဟုတ်ခါမှလွဲရော ကျွန်တော့်အထင်တော့ ကျွန်တော်တို့ နတ်စောင့်ပျားကို မောင်တီတို့ ညီအစ်ကိုတွေ လာဖွပ်နေကြပြီထင်တာပဲ"

သားကြီးဖြစ်သူ မောင်ပိုက ဘကြီးညို၏ အမေးကို မဆိုင်းမတွပင် ဖြေလိုက်၏။

"အဘကို ကျွန်တော်မပြောဘူးလား၊ ဒီနှစ်ဒီပျားကို စောစော ဖွပ်ကြရအောင်၊ ဒီကောင်တွေညီအစ်ကို စိတ်မချရပါဘူးလို့…"

သားငယ်မောင်ကိုကလည်း ဘကြီးညိုကို အပြစ်တင်သံနှင့် ပြောလိုက်သည်။

မောင်ကိုသည် မောင်တီတို့ ညီအစ်ကိုကို စိတ်မချသဖြင့် တပေါင်းလဆန်းကပင် ဤများကို ဖွပ်ရန် ပူဆာခဲ့သည်။ သို့သော် တောတောင်ထဲရှိ ပန်းပွင့်များ မစုံခင် ပျားကို ဖွပ်လျှင် ပန်းပေါင်းရည် မဆုံး၍ ပျားရည်မှာ ကြာရှည်မခံတတ်သလို အရလည်း နည်းလေသည်။ ထို့ကြောင့် ဘကြီးညို က ပျားသလက် အိမ်တွေမှာ ပန်းပေါင်းရည်တွေ လျှံလာမည့် ခါသကြံန် ရက်နီး တန်ခူးလဆန်းကို စောင့်ခဲ့သည်။

ဤသည်မှာလည်း နှစ်စဉ်ဖွပ်နေကျ ပျားဖွပ်ချိန်ပင် ဖြစ်၏။ ပြီး မောင်တီတို့ ညီအစ်ကိုတွေမှာ တောဝင်တတ်သောဖြစ်သဖြင့် ဤနတ်စောင့် ပျားကိုတော့ ဖွပ်ခဲ့ကြဦးမည်မဟုတ်ဟု ယနေ့စောစောပိုင်းထိ သူက ယုံကြည်နေခဲ့၏။ ဟော...ယခုတော့ သူ့အထင်မှာ တက်တက်စင် လွဲသွားလေပြီတည်း။

ပုလင်းနှစ်ရာကျော်နီးပါး ရနိုင်သော နတ်စောင့်ပျားကို မောင်တီတို့ ညီအစ်ကို ဦးသွားပြီဆိုသောအခါ ဘကြီးညို၏ ရင်ထဲမှာ ဆို့သွားလေသည်။ သူ့သားတွေပြောသလို စောစောကပင် ဖွပ်ထားလိုက်ရ ကောင်းသား။ ယခုတော့ အလိုကြီး၍ အရနည်းသွားလေပြီဟု နောင်တစိတ်နှင့် ခေါင်းငိုက်တွေဝေနေသည်။

ကျောက်မျှာတောင်ဘက်မှ တရှန်းရှန်းနဲ့ ဆူညံလာကြသော ပျားအုံသံတွေမှာလည်း ဝို၍ ဆူဆူညံညံဖြစ်လာလေသည်။

“အဘ ကျွန်တော်တို့ ဒီလိုနေကြလို့ ဖြစ်မလားဗျ။ သွားကြည့်ကြမှပေါ့။ တကယ်လို့ ဒီကောင်တွေ နတ်စောင့်ပျားကို ဖွပ်လို့ တွေ့ရင် ဝင်ဖွပ်ပြီး ဝေစုခွဲတန်ခွဲရမယ်၊ ဒါမှမဟုတ်ရင်လည်း...”

“တောက်... တော်တော်ရဲတဲ့အကောင်တွေ၊ ဒီလောက်ဆိုကြီးတဲ့ ပျားကို နွေခင်းကြောင်တောင် လာဖွပ်သတဲ့၊ ပျားတုပ်လို့ တစ်ကောင်ကောင်တော့ ကျောက်တောင်ပေါ်က လိမ့်ကျသေသယ် ကြားရဦးမယ်၊ ဒီလောက်ရဲတဲ့ အကောင်တွေတော့ ဟင်း...သေမှ မှတ်ပါမလားမသိဘူး”

မောင်ပို၏ စကားမဆုံးခင် မောင်ကိုက တက်တစ်ချက် ခေါက်၍ တစ်ယောက်တည်း ပြောနေသလို ညည်းလိုက်သည်။

မောင်ပိုပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ဤမျှအုံကြီးသော ပျားကို မည်မျှ ပျားဖွပ်ကျွမ်းကျင်သူ ဖြစ်စေ နေ့ခင်းကြောင်တောင်တွင်တော့ ဖွပ်ရဲကြမည်မဟုတ်ပေ။ ပျားဖွပ်သမားများမှာ အုံကြီးသော ပျားများကို နေ့ထက် ညအခါ၌သာ ဖွပ်လေ့ဖွပ်ထရှိကြသည်။ ညဆိုလျှင် ပျားတိုး ပျားတုပ်သက်သာ၏။ မီးတုတ်မီးပြောင်းတွေနှင့် မွှန်းပြီးမှ ပျားသလက် ဖြတ်ကြရလေရာ ညဆိုလျှင် လူလည်း အမူသက်သာလေသည်။

အုံကြီးသော ပျားများကို နေ့ခင်းနေ့လယ် ဖွပ်လျှင် မည်မျှ မီးတုတ် မီးပြောင်း ကောင်းသည်ဖြစ်စေ၊ ပျားဖွပ်သူမှာ ပျားတုပ်များကိုက်သော ဒဏ်ရာတို့ကြောင့် သုံးလေးရက်တော့ ထနိုင်မည် မဟုတ်ပေ။ အဆင် မသင့်လျှင် ပျားတုပ်များခဲသော ဒဏ်ကို မခံနိုင်ဖြစ်ပြီး သတိမေ့ကာ သစ်ပင်ပေါ်က လိမ့်ကျ၍ပင် သေနိုင်၏။ ထို့ကြောင့် အုံကြီးသော ပျားများ ကို ပျားဖွပ်သမားများသည် ည၌သာ ဖွပ်ကြ၏။ ညဆိုလျှင် ပျားကောင် များမှာ နေ့ခင်းလောက်ကို မျက်လုံး မမြင်သာသဖြင့် ပျားတုပ် ပျားကိုက် သက်သာလေသည်။

ဤသည်တို့ကို မသိဘဲ ပျားဖွပ်အတွေ့အကြုံလည်း နည်းပါးသော မောင်တီတို့ညီအစ်ကိုမှာ ယခုတော့ ကြောက်ရလန့်ရမှန်းမသိဘဲ လောဘ စော တစ်ခုတည်းနှင့် ကျောက်ဖျာတောင်စောင်းပေါ်က နတ်စောင့်ပျား ကို လာဖွပ်နေကြလေပြီ။ သည်ကောင်ကလေးတွေမှာ တောဝင်တတ်စ ကောင်ကလေးတွေ ဖြစ်သဖြင့် ပျားတုပ်များခဲ၍ ကျောက်တောင်ပေါ်က သတိလစ်လိမ့်ကျကာ သေခါမှသေရော၊ ပျားဆိုလျှင်တော့ လက်မလွှတ် တမ်း ဖွပ်ယူကြမည့် ဗိုက်တီဗိုက်ကန်း ကောင်ကလေးတွေ ဖြစ်မှန်း ဘကြီးညိုသည် ယခုမှ တွေးမိ၏။ ကျောက်ဖျာတောင်စောင်းပေါ် စွဲနေ သော ပျားမှာ နတ်စောင့်နတ်ထားပျား ဖြစ်သည်ဟူသော လူကြီးမိဘများ ပြောစကားကိုလည်း ဤကောင်ဆိုးလေးတွေမှာ ယုံကြည်ရကောင်းမှန်း သိကြသည်မဟုတ်ပေ။ ကုန်ကုန်ဆိုရလျှင် ကျောက်ဖျာတောင် နတ်စောင့် ပျားအောက်တွင် သရဲတစ္ဆေတို့ ရှာတည်နေကြသည်။

ဤနတ်စောင့်ပျားကို ဖွပ်တော့မည်ဆိုလျှင် တောပိုင် တောင်ပိုင်

ရှင်တွေကို တောင်းပန်ရသည်။ တောပိုင်တောင်ပိုင်ရှင်တွေဆီမှာ ခွင့်တောင်းရသည်။ ဤကိစ္စပြီးမှ အကာလညအခါ သွား၍ ကြိုးငြမ်းချကာ နတ်စောင့်များကို ဖွယ်ရသည်။ မျှားဖွပ်ရာ၊ မျှားသလက်မှဲ့ရာတွင် မျှားသလက်အစအနများ အောက်သို့ ကျသွားပြီဆိုလျှင် နတ်စောင့်များရှိရာ ကျောက်ဖျာတောင် ခြေရင်း၌ ရှာတည်နေကြသော သရဲတစ္ဆေများသည် အပေါ်မှ ကျလာသော မျှားသလက်အစအနများကို လုစားကြသည်။ တစ်ကောင်နှင့် တစ်ကောင် မျှားသလက်လု၍ ရန်ဖြစ်နေကြသံကို ကြားရသည်။ အောက်သို့ ငုံ့ကြည့်လျှင် မျက်နှာတွေကိုသာ မမြင်ရသော်လည်း တစ်ကိုယ်လုံး မည်းမည်းမြူမြူ အကြောင်အကျား ရှိလှသော သရဲတစ္ဆေ ရောင်စုံများကို မျှားသလက်အစအနများ လုရင်း လှုပ်လှုပ်ရွရွ မြင်နေရသည်။ သရဲတစ္ဆေ ကလေးငယ်များ၏ မျှားသလက် ညည်းတောင်းသံကိုလည်း ကြားရသည်။ မျှားလာဖွပ်သူများလက်ထဲမှ မျှားသလက်အစအနများ လွတ်ကျတာနည်းလျှင် ဝမ်းခေါင်းသံကြီးနှင့် အံကြိတ်ကာ နတ်စောင့်များ လာဖွပ်နေသူတွေကို ခေါင်းမော့ကြည့်တတ်သည်။ ထိုအခါ အမှောင်ထဲတွင် မီးကျည်မီးခဲကဲ့သို့ ရဲရဲနီနေသော သရဲတစ္ဆေတို့ မျက်လုံးများကို အတိုင်းသား မြင်နေရသည်။ ထို့ကြောင့် နတ်စောင့်များကို ဖွပ်လျှင် သရဲတစ္ဆေတို့ ကျေနပ်မှုရှိအောင် မျှားဖွပ်သူတို့က တမင်တကာလွှတ်ကျယောင် ဆောင်၍ မျှားသလက် အစအနများကို အောက်သို့ ချပေးရသည်။ ဤသို့ ချမပေးလျှင် သူ၏ တပည့်တပန်းများ ဖြစ်ကြသော သရဲတစ္ဆေများကို မပေးမကျွေး ကောင်းရလားဟု တောင်ပိုင်ကြီးနတ်ကလည်း မကျေနပ်တတ်ပေ။

တောင်ပိုင်ကြီးနတ်က မကျေမနပ်ဖြစ်လျှင် ကျောက်အင်ကြင်းပင် ကိုင်းကြီးများကို ဖန်ဆင်းလုပ်ထားတတ်သည်။ ထိုကိုင်းများပေါ်တွင် အရည်တရွှမ်းရွှမ်း ဖြစ်နေသော မျှားလဝို့ မျှားသလက်များကိုလည်း တမင်ဖန်ဆင်းထားတတ်သည်။

ထိုအခါ လောဘစောကပ်နေသော မျှားဖွပ်သူမှာ အင်ကြင်းပင်ကိုင်း၌ တကယ်မျှားစွဲနေသည်အထင်နှင့် တောင်ပိုင်ကြီး ဖန်ဆင်းထားသော မျှားစွဲသစ်ကိုင်းကို လှမ်းကိုင်လိုက်ရာ ညအမှောင်ထဲတွင် ဖန်ဆင်းထား

...ာ သစ်ကိုင်းက ချက်ချင်းဖျောက်သွားပြီး ခြေလွတ်လက်လွတ်ဖြစ် ကာ ...ကျောက်ဖျာတောင်အောက်ရှိ သရဲရွာသို့ ကျသွားတတ်သည်။ အပေါ် မှ ...ကျလာသောလူကို သရဲများသည် ဝိုင်းအုံ၍ ကြိုးကြိုးကြွပ်ကြွပ် အရှင် ...လတ်လတ် ဝါးစားပစ်ကြသည်။

ထို့ကြောင့် ယခင်က ဤများကို ဖွပ်ရန်သွားကြပြီး ရွာသို့ပြန်ရောက် မလာကြသော များဖွပ်သမားတွေမှာ တောင်ပိုင်ကြီးဆီတွင် ခွင့်တောင်း ...ခွင်း၊ တောင်ပိုင်ကြီး၏ သားမြေးတပည့်သရဲတစ္ဆေများကို ကျွေးမွေးရန် မသိသဖြင့် တောင်ပိုင်ကြီးနတ်က တမင်သတ်ပစ်သူများသာဖြစ်သည်ဟု ...ဘကြီးညိုက ကျောက်ဖျာတောင်ရှိ နတ်စောင့်များကို ဖွပ်ရာ၌ သူတွေ့ကြုံ ရသော အတွေ့အကြုံများကို ပြောပြလျှင် မျက်လုံးအဝိုင်းသားနှင့် နား ထောင်နေကြသော လူအုပ်ကြားထဲမှ အငယ်ဆုံးကောင်ဖြစ်သော မောင် ညီက “ဒါတွေဟာ ဘကြီးညိုလုပ်ကြံပြောတာတွေတော့ မဟုတ်ပါဘူး နော်၊ ကျွန်တော်တို့တော့ ရှုးတယ်ဆိုဆို၊ ပေါ်တယ်ပြောပြော၊ သရဲ တစ္ဆေ ဆိုတာလည်း မယုံဘူးခင်ဗျာ၊ ဘကြီးညို စိကာပတ်ကုံး ပြောပြတာ နား ထောင်လို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ တောင်ပိုင်ကြီးက အင်ကြင်း ကိုင်း များလဝို့ များသလက်တွေ ဖန်ဆင်းတာကို တကယ်ထင်ပြီး လှမ်း ကိုင်လို့ ကျသေတာယ်။ သရဲတစ္ဆေတွေစားပစ်တယ်၊ နတ်သတ်တယ် ဆို တာတွေက ဟုတ်ကို မဟုတ်နိုင်ဘူး၊ မတော်တဆ ခြေချော်လက်ချော် ကျတာပဲ ဖြစ်ရမယ်၊ ဒီလိုမဟုတ်ရင်လည်း ငြိမ်းကြိုးပြတ်ကျလို့ များတုပ် တဲ့ဒဏ်ကို မခံနိုင်လို့သာ ဖြစ်ရမယ်”ဟု စောဒကတက်တတ်သည်။

“ဟဲ့ကောင်ဆိုးကလေး၊ နင်က မနေ့တစ်နေ့ကမှ မွေးတာ၊ ဒါတွေ ဟာ အဘလက်တွေ့ရှိ ပြောတာကွဲ့၊ မင်းမယုံရင် မင်းအဖေ ထွန်းမြည်ကို မေးကြည့်၊ မင်းတို့ကို မမွေးဖွားမီ ဟိုရှေးရှေးတုန်းက တို့ရွာလက်များ ရွာသားတွေ ဖြစ်ကြတဲ့ ဦးအောင်ချမ်းတို့ ညီအစ်ကိုနဲ့ များဖွပ်တဲ့နေရာမှာ ပြိုင်ဘက်မရှိအောင် တော်တဲ့ နာမည်ကြီး များဖွပ်သမား ဘိုးလှဦးတို့ဟာ ဒီနတ်စောင့်များကို ဖွပ်ဖို့ သွားကြရင်း ပျောက်ဆုံးသွားကြတာ၊ နင်က ဘာသိလို့လဲ၊ လူကြီးတွေပြောရင် ကတ်ဖဲ့ပြန်ပြောဖို့ပဲ တတ်တယ်”

ဤကောင်ဆိုးကလေးမှာ ငယ်ငယ်က သူ့အမေ သူ့အဖေတို့ ဆင်းရဲလွန်း၍ မင်းရွာရှိ သူဦးလေးတစ်ယောက်အိမ်မှာ သွားနေရသည်။ သူ့ဦးလေးက ကျောင်းထားပေးသဖြင့် လောကဓာတ်ကျောင်းတွင် လေးငါးတန်း နေဖူးသူဖြစ်ရာ သရဲတစ္ဆေ စသည်တို့ကိုလည်း လုံးဝ ယုံကြည်ပုံမရပေ။ ဘကြီးဘညိုက ဤသို့ အကျိုးသင့်အကြောင်းသင့် ပြောပြသည်ကိုပင် "မျှားဖွပ်သွားရင်း ကျားကိုက်သေတာကော မဖြစ်နိုင်ဘူးလား"ဟု အတွန့်တက်လိုက်သေး၏။ ထိုအခါ ဘကြီးညိုပြောပြသည်ကို သည်းထိတ်ရင်ဖို နားထောင်နေကြသော လူကြီးတွေက ပိုင်းဆို ပိုင်းဆဲကြမှ မျက်နှာမဲ့၍ သရော်တော်တော်လုပ်ကာ ဆက်နားထောင်နေတတ်သည်။ ပြီး "ဘကြီးညိုကျတော့ကော တောင်ပိုင်ကြီးက ခွင့်ပြုတယ်ဆိုပါတော့၊ တောင်ပိုင်ကြီးကို ဘကြီးညိုက ဘယ်လိုတောင်းပန်ရလဲဗျ၊ အမိန့်ရှိပါဦး" ဟု ကရော်ကမည်လည်း မေးတတ်သည်။

သို့သော် ထိုစဉ်က ဤမဖြစ်စလောက် ဉမည် စာမမြောက်သော ကောင်ကလေးသည် ကျောက်ဖျာတောင်စောင်းပေါ်က နတ်များနှင့် မည်သို့မျှ မပတ်သက်နိုင်ဟု ထင်ခဲ့သဖြင့် တောင်ပိုင်ကြီးကို ခွင့်တောင်းရသော နတ်ပင့်ဂါထာများကိုပင် ဘကြီးညိုက တခမ်းတနား ရွတ်ဆိုပြဖူးသည်။

အမှန်ကတော့ ဤကောင်ကလေးသာ မဟုတ်၊ သူ့အစ်ကို မောင်တီ မောင်သီတို့ကလည်း ကျောက်ဖျာ တောင်စောင်းရှိ နတ်စောင့်များ အကြောင်းကို အခွင့်ကြုံ အခါသင့်တိုင်း ဘကြီးညိုကိုလည်းကောင်း၊ ဘကြီးညို၏ သားနှစ်ယောက်ကိုလည်းကောင်း မေးဖူးမြန်းဖူးကြသည်။ ဘကြီးညို၏ သားနှစ်ယောက်မှာလည်း ဘကြီးညိုပြောထားသည့်အတိုင်း မောင်တီတို့ ညီအစ်ကိုတွေကို ပြောပြဖူးကြသည်ဟု ဆိုလေသည်။

ဤသည်တို့ကို တွေးမိကြသောအခါ ဘကြီးညိုတို့ သားအဘ သုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စကားမပြောနိုင်ဘဲ ခဏတော့ ငိုင်သွားကြသည်။

ကျောက်ဖျာတောင်ဘက်မှ ပျားအုံပြိုသံကလည်း ဝိုး၍ ဆူညံလာလေသည်။

"ကျောက်ဖျာတောင်ပေါ်က နတ်ပျား ဖွပ်ပုံဖွပ်နည်း၊ ဒီကောင်ဆိုးဂလေးတွေ မေးတာမြန်းတာအစကတော့ သွေးရိုးသားရိုးထင်ခဲ့တာ လက်စသတ်တော့ ဒင်းတို့က အကြံနဲ့ကိုး"

အမှန်ကတော့ ဘကြီးညိုသားအဘအား ရှင်ပြုရဟန်းခံ အလှူမဏ္ဍပ် များ၌ ကျောက်ဖျာတောင်ပေါ်က နတ်ပျားဖွပ်ခြင်းအကြောင်း မောင်တီတို့ ညီအစ်ကို အရင်က မေးမိကြသည်မှာ သွေးရိုးသားရိုးဖြစ်၏။ သို့သော် မပြောလျှင် ကန်ရာရှိခဲ့ပြီမို့ ဘကြီးညိုကတော့ မောင်တီတို့ ညီအစ်ကိုကို အတပ်စွဲတော့သည်။

"ကဲ ဒီလို လုပ်နေလို့ မဖြစ်ဘူးအဘရယ်၊ သွားကြည့်ကြမယ်၊ တကယ်လို့ ဒီအကောင်တွေကို နတ်စောင့်ပျားဖွပ်လို့ တွေ့ရင် တစ်ဝက်တာလည်း ပြန်ရအောင်လုပ်ရင်လုပ်၊ ဒါမှမဟုတ်ရင်လည်း အကုန်ကျွန်တော်တို့ရအောင် တစ်နည်းနည်းနဲ့ သွားလုပ်ကြမှဖြစ်မယ်၊ ပြောနေရင် ကြာတယ် လာ သွားမယ်အဘ"

နှုတ်မြန်လက်မြန်ဖြစ်သူ ဘကြီးညို၏ သားကြီးက ဓားတစ်လက်ကို ပခုံးထမ်း၍ ရှေ့က ထွက်သောအခါ ဘကြီးညိုနှင့် သားငယ် မောင်ကိုတို့မှာလည်း ဓားတစ်ယောက်တစ်လက်စီနှင့် ထွက်လိုက်လာကြလေသည်။

•

# အခန်း ၄

ဘကြီးညိုအိမ်နှင့် ကျောက်ဖျာတောင်မှာ ခြေလျင် ဆယ့်ငါးမိနစ်ခရီးသာရှိသဖြင့် ဘကြီးညိုတို့သားအဖသုံးယောက်သည် ကျောက်ဖျာတောင်ထိပ်ပေါ်သို့ နေမွန်းမတည့်မီပင် ရောက်လာကြလေသည်။

ကျောက်ဖျာတောင်စောင်းရှိ နတ်စောင့်ပျားအုံမှာ ဝရုန်းသုန်းကားနှင့် ဆူညံလျက်ရှိလေသည်။

ဘကြီးညိုနှင့် မောင်ပို၊ မောင်ကိုတို့သည် ကျောက်ဖျာတောင်ထိပ်ရှိ သစ်တောအစမှ နတ်စောင့်ပျားရှိရာသို့ ငေးကြည့်နေကြသည်။

သူတို့ တွေးထင်ခဲ့ကြသလို မောင်တီတို့ ညီအစ်ကိုက နတ်စောင့်ပျားကို လာဖွပ်လျှင် ဆင်၍ဆင်းကြရမည့် ကြိုးငြမ်းကိုတော့ လုံးဝရှာမတွေ့ကြသေး။ သည်ညီအစ်ကိုများသည် ဉာဏ်များသူ၊ လျှို့ဝှက်သူ၊ ကောက်ကျစ်စဉ်းလဲကြသူများ ဖြစ်သဖြင့် နတ်စောင့်ပျားကို လာဖွပ်ရာ၌ တောင်ထိပ်မှ ကြိုးငြမ်းဆင် မဆင်းဘဲ တောင်စောင်းဘေးကများ နပ်ကြိုးခေါ်ဘေးလွဲဆွဲကြိုးများနှင့် ဆင်းလာကြလေမလားဟု ဘကြီးညိုက များအုံရှိရာသို့ မျက်တောင်မခတ်ဘဲ စိုက်ငေးကြည့်နေကြ၏။

ထိုအချိန်၌ပင် အထီးအမဟု ထင်ရသော စွန်ရဲနှစ်ကောင်သည် ကျောက်ဖျာတောင်စောင်းမှ နတ်စောင့်ပျားရှိရာသို့ မြင့်မားသော မိုးယံထက်မှ တစ်ဟုန်တည်း ထိုးဆင်းလာကြသည်။

မိုးယံထက်မှ အရှိန်ပြင်းစွာ ထိုးဆင်းလာကြသော စွန်ရဲနှစ်ကောင်
ုသ် နတ်စောင့်များ စွဲနေသော ကျောက်အင်ကြင်းပင်ကြီးပေါ်မှ များအုံ
ုံ ရောက်သောအခါ များသလက်ပေါ်မှ များကောင်များကို တောင်ပံနှင့်
ုကူ တဖြန်းဖြန်းရိုက်ခတ်လိုက်ကြသည်။ ဂျွန်တောင်ပံနှယ် အရှိန်
ုး:လွန်းသော စွန်ရဲနှစ်ကောင်၏ တောင်ပံရိုက်ခတ်မှုဒဏ်ကို မခံနိုင်
ုသော များငယ်များသည် များအုံ၊ များသလက် များလပို့ထဲမှ ရုတ်ခြည်း
ဆုပ်လိုက် အခဲလိုက် ကစဉ့်ကလျား လွင့်စဉ်သွားကြ၏။ အဆုပ်လိုက်
ခဲလိုက် လွင့်ကျလာသော များများသည် လေထဲ ရောက်သောအခါ
ာစ်ကောင်စီ ပြန့်ကြဲသွားကြသည်။ ထိုအခါ စွန်ရဲနှစ်ကောင်သည် များ
လက်ကို အတင်းဝင်ထိုးကိုက်ဖဲ့ပြီး မိုးယံထက်သို့ တစ်ဟုန်ထိုး မျှ
ဟက်ပြေးကြသည်။

စွန်ရဲနှစ်ကောင် ကိုက်ချီဖဲ့ယူသွားသော များသလက်မှာ များရည်
ရှိသော များသလက် များလပို့မဟုတ်ဘဲ များသူငယ်များ ရှိသော များ
သလက် များအိမ်သာ ဖြစ်လေသည်။ အသားစားသော စွန်ရဲတို့သည်
များရည်ထက် များသလက်ထဲရှိ များငယ်များကိုသာ စားတတ်ကြ၏။

သူတို့အား အတော်ပံနှင့် တအားရိုက်ခတ်ထားပြီး သူတို့၏ များ
ုငယ်များ မွေးထားရာ များသလက်ကို ဖဲ့ကိုက်ပြေးသွားကြသော စွန်ရဲ
ုစ်ကောင်၏နောက်သို့ ထောင်ပေါင်းများစွာသော များတွေကလည်း
ဟယ်ဖွဲ့လိုက် ပျံပြီး တုပ်ကြထိုးကြသည်။ သို့သော် အမွေးအမှင် ထူသော
စွန်ရဲနှစ်ကောင်မှာ ထောင်ပေါင်းများစွာသော များကောင်ငယ်များ၏
ထိုးဆိတ်ကိုက်ခဲခြင်းကို ပမာမပြုဘဲ တိမ်တိုက်ကြားထဲထိ ပျံတက်ရင်း
ကိုက်ဖဲ့တိုက်နိုက်ယူလာကြသော များသူငယ်များကို လေထဲ၌ပင် ပျံရင်း
ပြေး ရှောင်ရှားရင်း အကုန်စားပစ်ကြသည်။

မြင့်မားသော မိုးယံထက်သို့ ပျံပြေးသွားကြသည့် စွန်ရဲနှစ်ကောင်
နောက်ကို လိုက်ပြီး ထိုးဆိတ်ကိုက်တုပ်ကြသော များကောင်ငယ်တို့မှာ
ုန်နှစ်ကောင်ကဲ့သို့ မြင့်မားသော လေထုထဲသို့ မပျံနိုင်ကြသဖြင့် မိုးယံ

ထက်မှ ပြန်ဆင်းလာကြကာ ပျားသလက် ပျားလပို့ပေါ်တွင် ပျံနားရှ် ကာကွယ်ကြပြန်သည်။

ပျံရင်းပြေးရင်း ထောင်ပေါင်းများစွာသော ပျားကောင်ငယ်များကို ရှောင်ရှားရင်းနှင့်ပင် သူတို့၏ သားသမီးများကို စားပစ်လိုက်ကြသော စွန်ရဲနှစ်ကောင်သည် ပျားသူငယ်များ ကုန်သွားသည်နှင့်တစ်ပြိုင်နက် လေဟုန်ကို စီးကာ ပျားအုံရှိရာသို့ အရှိန်ပြင်းစွာနှင့် ထိုးဆင်းလာကြပြန် သည်။ ထိုအခါ သူတို့ တိုက်ခိုက်နေကျ သေနင်္ဂဗျူဟာအတိုင်း ပျား သလက်၊ ပျားလပို့ပေါ်က ထောင်ပေါင်းများစွာသော ပျားကောင်ငယ်များ ကို ဂရုန်တောင်ပံနှယ် ပြင်းသော သူတို့၏ ကြောလက်နက်နှင့် တဖြောင်း ဖြောင်း တဖျပ်ဖျပ်ရိုက်ခတ်ကာ ပျားသူငယ်အိမ်ကို အပိုင်းပိုင်း အတစ် တစ် ကိုက်ချိုပြီး ပျားကြီးများ ပျံမလိုက်နိုင်သော မိုးယံမြင့်ထက်သို့ တည့်တည့်မတ်မတ်ထိုးပျံတက်သွားကြပြန်သည်။

သူတို့ တစ်ဆောင်းလုံး တစ်နွေလုံး ပင်ပန်းကြီးစွာ ရှာဖွေ စုဆောင်း ထားကြသော ပန်းဝတ်ရည်များထက်ပင် အဆပေါင်းများစွာ တန်ဖိုး ထား ကြသော သူတို့၏ ရင်သွေးရင်နှစ်များကို အတင်းဝင် ကိုက်ဖဲ့သွားသော စွန်ရဲမိုက်နှစ်ကောင်၏ နောက်ကို ထောင်ပေါင်းများစွာသော ပျားတို့က ဝိုင်းအုံ၍ လိုက်ကြတုပ်ကြ ထိုးကြပြန်သည်။

သို့သော် သူတို့၏ အတောင်နှစ်ဖက်မှာ သေးငယ်သည့်အပြင် သား မိုက်စွန်ရဲတို့၏ အတောင်ပံကဲ့သို့ မာရေကြောရေ မရှိသဖြင့် မိုးသား တိမ်တိုက်ကြားမှ လေရူးဟတ်၏ ပြင်းထန်သော လေဒဏ်ကို မခံနိုင် ဖြစ် ကာ သူတို့၏ အသိုက်အအုံရှိရာသို့ ပြန်ပြေးလာကြပြီး နောက်ထပ် သား မိုက်စွန်ရဲနှစ်ကောင်၏ လက်ထဲ နှုတ်သီးထဲ ပါမသွားအောင် အပြင်က အသေခံ၍ ကာကွယ်ဝိုင်းအုံထားကြပြန်သည်။

ပျားသူငယ်တို့၏ ချိုဆိမ့်သော အရသာကို စားမဝ စုပ်မဝဖြစ်နေကြ သော သားမိုက်စွန်ရဲနှစ်ကောင်သည် အောင်နိုင်သူတို့၏ ဟာစ်ကြွေးသံကို ကာကစ်ကာစ်ပြုကာ သူတို့၏ တောင်ပံနက်ကို ရိုက်ခတ်၍ မိုးယံထက်မှ သည်ပျားအုံရှိရာသို့ ဝါးလုံးထိုး တစ်ဖန် ပြန်ဆင်းလာကြပြန်သည်။

သူတို့၏ ရင်သွေးငယ်များကို မည်မျှပင် အသေခံကာကွယ်ကြသော်လည်း ဂျုန်တောင်ပံနယ် ပြင်းထန်လွန်းလှသော သားမိုက်စွန်ရဲ နှစ်ကောင်၏ တောင်ပံထဲတွင် လူးရင်းလွန့်ရင်း သေသူသေ၊ ကြေသူကြေ၊ လွင့်စဉ်သူ လွင့်စဉ်နှင့်ပင် ကစဉ့်ကလျား ဖြစ်နေကြသည်။ သို့သော် များယဉ်တို့သည် လှေခွက်ချည်းကျန် အလံမလဲစတမ်းဟူသော ဖွဲ့နှင့်အင်အားရှိသမျှ ထိုးဆိတ်ကိုက်ဆွကာ ခုခံကာကွယ်နေကြလေသည်။

ထောင်ပေါင်းများစွာသော များကောင်ငယ်များ၏ တရုန်းရုန်း တဝုန်းဝုန်း ဆူညံနေကြသော အတောင်ပံခတ်သံများထဲတွင် သားမိုက်စွန်ရဲ နှစ်ကောင်၏ တဖြောင်းဖြောင်း ရိုက်ခတ်လိုက်သော အတောင်ပံခတ်သံမှာ ကျောက်ဖျာတောင်နားတစ်ဝိုက်ကို ပဲ့တင်ထပ်လျက်ပင် ရှိချေသည်။

ကျောက်ဖျာတောင်စောင်းပေါ်ရှိ နတ်စောင့်များကို ငေးကြည့်နေသော ဘကြီးညိုသည် ဟင်းခနဲ သက်မတစ်ချက်ကို လေးလေးပင်ပင်ကြီး ချလိုက်၏။

မောင်တီတို့ ညီအစ်ကိုတွေ နေ့ခင်းကြောင်တောင်၌ များလာနိုးဖွပ်နေကြသည်အထင်နှင့် လောဘဒေါသတို့ကို အကြွင်းမဲ့သယ်ဆောင်ကာ အဆောတလျင် ပြေးလိုက်လာကြသော ဘကြီးညို၏ သားနှစ်ယောက်ကလည်း ဘကြီးညိုနည်းတူ သက်မကို ပြိုင်တူချလိုက်ကြသည်။

"နတ်များကို စွန်ရဲသတ်နေပြီအဘ၊ ဒီနှစ်များဖွပ်ရင် တော်တော်သတိထားရမယ်"

သားကြီးမောင်ပိုက ဘကြီးညို၏ မျက်နှာကို မကြည့်ဘဲ ပြောလိုက်၏။ သူ၏မျက်လုံးအစုံသည် သားမိုက်စွန်ရဲနှင့် များတို့၏ တိုက်ပွဲ ပြင်းထန်နေရာ၌သာ ရစ်ဝဲလျက် ရှိလေသည်။

မောင်ပိုပြောသည်မှာ အမှန်ပင် ဖြစ်သည်။ စွန်သတ်ခံထားရသော များတို့ကို ဖွပ်ရာတွင် အလွန်သတိဝီရိယရှိစွာ ဖွပ်ရသည်။ စွန်သတ်မခံဖူးသော များများဆိုလျှင် မီးပြောင်းဆေးရိုးနံ့တို့နှင့် အငွေ့ပေး မီးခိုးမွှန်လိုက်လျှင် ရုတ်တရက် လန့်ဖျပ်သတိလစ်ကာ ကစဉ့်ကလျား ထွက်ပြေး

တတ်ကြ၏။ သို့သော် စွန်သတ်ခံထားရသော ပျားတို့မှာမူ ရန်သူ၏ အတိုက်အခိုက်ကို အကြိမ်များစွာ ခံထားဖူးရသဖြင့် အမြဲ သတိရှိနေကြသည်။ ရန်သူကို ထိုးဆိတ် တုပ်ကိုက်ရာ၌လည်း ကျားနာများကဲ့သို့ အသေခံ၍ တိုက်ခိုက်ရဲကြသည်။ ပြီး သတိဆိုသည်မှာလည်း သူတို့၌ အမြဲရှိနေတတ်သည်။ ရန်သူသည် သူတို့အနီးအနားသို့ မရောက်လာမီကပင် ကြိုတင်၍ တိုက်ခိုက်ခြင်းကိုလည်း ပြုတတ်ကြသည်။ ထို့ကြောင့် စွန်သတ်ပျားကို ဖွပ်ရာ၌ ပျားဖွပ်သမားများသည် အထူးပင် သံတိဗိရိယနှင့် ဖွပ်ကြရသည်။

တစ်နှစ်တစ်ခါနှစ်ခါ စွန်သတ်ခံထားရဖူးသော ပျားများသည် အငြိုးလည်း အလွန်ကြီးတတ်ကြ၏။ ပျားအုံကို လာဖွပ်မှမဟုတ်၊ အနီးအနားက ဖြတ်သန်းသွားလာသူများကိုပင် ချမ်းသာမပေးဘဲ လိုက်လိုက်တုပ်တတ်ကြ၏။ ပြီး လူတစ်ယောက်ကို စွန်သတ်ပျားတစ်ကောင်က တုပ်ကိုက်လိုက်ပြီဆိုလျှင် နောက်ထပ်ပျားများသည် ထိုလူကိုပင် ဝိုင်းဝန်းတုပ်ကိုက်တတ်ကြသည်။ ထိုလူသည် အခြားလူအုပ်ထဲ ဝင်နေသော် လည်း အဆိပ်ရနံ့ရနေသော ထိုလူကိုသာ လူအုပ်ထဲမှ ရွေး၍ တုပ်ကိုက်တတ်ကြသည်။ ထို့ကြောင့် အချို့ စွန်သတ်ပျားအုံနားမှ ဖြတ်သန်းလာမိ၍ စွန်သတ်ပျား အတုပ်ခံရပြီဆိုလျှင် နောက်ထပ် ထောင်ပေါင်းများစွာသော ပျားတို့က လိုက်လာကြသဖြင့် ရွာအရောက် ထွက်ပြေးလာရသည်။ ရွာထဲတွင်လည်း စွန်သတ်ပျားများသည် ထိုလူကိုသာ ရွေးပြီး လိုက်ထိုး လိုက်တုပ်ကြသဖြင့် ထိုလူကို စပါးထည့်သော ပုဟ်နှင့်ပင် ချုပ်ထားပေးကြရသည်။

အငြိုးနှင့်လိုက်လာကြသော ပျားပို့သည် ထိုပုတ်ပေါ်တွင် တစ်ရက်နှစ်ရက်ထိ တရစ်ဝဲဝဲလုပ်ကာ ရန်သူကို တိုက်ခိုက်ရန် စောင့်ဆိုင်းလျက်ရှိတတ်ကြသည်။

သို့မဟုတ် သစ်ပင်၊ အိမ်ပေါ်၊ ထုပ်ရှောက်စသည်တို့၌ပင် နားခိုပုန်းအောင်း၍ ထိုလူ ပုတ်ထဲမှ ထွက်အလာကို စောင့်နေတတ်ကြသည်ဟု အဆိုရှိလေသည်။

ဤသည်တို့ကို သိထားသော မောင်ပိုသည် ယခု ကျောက်မျှာ တောင်စောင်းပေါ်က နတ်များကို မွှပ်လျှင် အထူးပင် သတိထားရမည် ဖြစ်ကြောင်း ဘကြီးညိုအား ပြောခြင်းဖြစ်သည်။

"အေးကွဲ၊ ဒီမျှားကို ဓါတိုင်းနှစ်တွေမှာ စွန်သတ်တာ အဘတစ်သက် တစ်ခါမှ မတွေ့ဖိဘူး၊ ဒီနှစ်မှ စွန်ရဲလာသတ်တယ်ဆိုတော့ မျှားမွှပ်တဲ့ နေရာမှာ သတိထားရမလို ဒီစွန်ရဲနှစ်ကောင်ကိုလည်း တစ်နည်းနည်းနဲ့ သတ်ပစ်ရမယ်၊ နို့မို့ရင် ဒီစွန်ရဲတွေက တစ်နေ့လုံး ဒီမျှားအုံလာပြီး သတ် စားနေလိမ့်မယ်၊ ဒီတော့ ဒီမျှားတွေဟာ ဒီစွန်ရဲတွေကို ကြောက်ပြီး မကြာ ခင် အုံပြောင်းသွားကြလိမ့်မယ်"

"ဒီစွန်ရဲနှစ်ကောင်ကို သတ်ဖို့က လွယ်ပါတယ်အဘရယ်၊ လေးမြား နဲ့ တစ်နေ့ မစောင့်ရပါဘူး။ ဟိုတောစ သစ်ပင်ပေါ်ကနေပြီး ပစ်ရင် မြား ဆယ်စင်းမကုန်ခင် ဒီကောင်နှစ်ကောင် သေမှာပါ"

မောင်ကိုက စွန်ရဲနှစ်ကောင်ကို မြားနှင့်ပစ်သတ်ရန် ပြောလိုက်၏။

"ဒီလို စွန်ရဲတွေ လာသတ်တာ စည်းပေါက်တယ်လို့ ခေါ်တယ်။ ဒီလို စည်းပေါက်တာဟာလည်း စဉ်းစားရာပဲ။ ဟိုကောင်ဆိုးလေးတွေ မျှား ဒီမျှားကို လေးခွတွေ ဘာတွေနဲ့ လှမ်းပစ်သွားကြလေသလား မသိဘူး"

တောတောင်တွင် အနေများသလို မျှားမွှပ်သက်လည်း ရင့်ကျက်နေပြီ ဖြစ်သော ဘကြီးညိုက သူ၏ ထင်မြင်ယူဆချက်ကို သူ့သား နှစ်ယောက် အား ပြောပြလိုက်သည်။

သာမန်အားဖြင့် လူသားတို့သာ တစ်စုံတစ်ခု မပြုလုပ်ပါက တော တောင်ထဲ စွဲနေသော မျှားကို စွန်ရဲတို့သည် သိစဲသတ်ခဲလှ၏။ လူတွေ က မျှားအုံရှိရာကိုသိပြီး မျှားလာမွှပ်ကြသော်လည်း နိုင်နိုင်နင်းနင်း မမွှပ် နိုင်ဘဲ မျှားတုပ်ခံပြီး ပြန်ပြေးရလျှင်လည်းကောင်း၊ သို့မဟုတ် မျှားအုံကို အကျိုးမဲ့သက်သက် ခဲလေးခွ စသည်တို့နှင့် လက်ဆော့ ခြေဆော့ကာ လှမ်းပစ်ပေါက်ခွဲထားခဲ့လျှင် ၎င်းမျှားအုံ စည်းပေါက်သည်ဟု မျှားမွှပ် သမားများက အယူရှိကြသည်။ ထိုသို့ လူတွေက တစ်နည်းနည်း လုပ်၍

ပျားအုံစည်းပေါက်သွားပြီဆိုလျှင် စွန်ရဲတို့သည် ထိုပျားအုံရှိရာသို့ မကြာခင် ရောက်လာကြပြီး ထိုပျားအုံပေါ်ရှိ ပျားသလက်ထဲက ပျားသူငယ်များကို ကိုက်ဖဲ့စားတတ်ကြလေသည်။

အမှန်က ဤသည်မှာ လူတွေ ပျားအုံကို လာဖွပ်ရာ၌ ပျားအုံကို ခဲ၊ လေးခွ၊ လေးစသည်တို့နှင့် ပစ်ပေါက်ရာ၌ ပျားကောင်များ သေပြီး ပျားသလက်များ ပျက်စီးပြီး ညှီသော အနံ့အသက်ကို ရှူရှိုက်မိရာက အနံ့ခံကောင်းသော စွန်ရဲတို့သည် ပျားအုံရှိရာသို့ အနံ့ခံပြီး ရောက်လာကြခြင်းသာ ဖြစ်လေသည်။ လူဖွပ်ပြီးသွားသော ပျားများမှာမူ ဝတ်ရည်ရော ပျားသလက်အကောင်ငယ်များပါ လူက ဖွပ်ယူသွားကြပြီး ဖြစ်သဖြင့် အနံ့အသက်ရ၍ ပျားအုံရှိရာသို့ ရောက်လာကြသော်လည်း အခွံသာ ကျန်တော့သဖြင့် ထိုအခွံပျားအုံများကို စွန်ရဲတို့သည် မသတ်တော့ဘဲ ရှောင်ကြဉ် ပြန်လှည့်သွားတတ်ကြသည်။

ယခု ကျောက်ဗျာတောင်စောင်းပေါ်ရှိ နတ်စောင့်ပျားကို စွန်ရဲ နှစ်ကောင် လာသတ်နေကြသည်ကို မြင်သောအခါ ဤပျားအား မောင်တီတို့ ညီအစ်ကိုသည် လေးခွ ခဲ စသည့် တစ်စုံတစ်ခုများနှင့် ပစ်ပေါက်ထားခဲ့ကြသဖြင့် စည်းပေါက် စွန်ရဲတို့ ရောက်လာသတ်ခြင်းလားဟု ဘကြီးညို က အတွေးပိုနေလေသည်။

"ဟုတ်ချင်မှ ဟုတ်မှာအဘာရယ်၊ ဒီနတ်စောင့်ပျားကိုလည်း စွန့်စွန့် စားစား မဖွပ်ရဲတဲ့ ဒီကောင်တွေဟာ မစားတဲ့အမဲ သဲနဲ့ပက်ဆိုသလို တမင် စည်းပေါက်အောင် တစ်စုံတစ်ခုနဲ့များ ပစ်ပေါက်ထားခဲ့ကြသလားမှ မသိ ဘာ၊ တော်တော် စိတ်ယုတ်စိတ်ပုပ်ရှိတဲ့ အကောင်တွေပဲ"

ဘကြီးညို၏သား မောင်ကိုက မောင်တီတို့ ညီအစ်ကိုကို အခြောက် တိုက် ကျိန်ဆဲလိုက်သည်။

"ဒီနတ်စောင့်ပျားကို ခုလို စွန်ရဲတွေ လာသတ်တာဟာလည်း တစ်မျိုး တော့ ကောင်းသလိုပဲကွ၊ ဒီကောင်တွေ တို့မသိဘဲ ဒီပျားကို လာဖွပ်ရင် ခင်းတို့ အရည်အချင်းနဲ့တော့ ဘယ်နည်းနဲ့မှ ရနိုင်မှာ မဟုတ်တော့ဘူး၊

များတုပ်ခံရပြီး ကျောက်ဖျာတောင်ပေါ်က လိမ့်ကျလို့ သေတာသာ ကြားရတယ်"

မောင်ပိုက ကျောက်ဖျာတောင်စောင်းပေါ်ရှိ နတ်စောင့်များကို စိတ်ချသွားရပြီဟူသော လေသံမျိုးနှင့် ပြောလိုက်၏။

စွန်ရဲနှစ်ကောင်နှင့် နတ်စောင့်များတို့ တိုက်ပွဲကို ဆက်လက် စောင့်ကြည့်မနေကြတော့ဘဲ ဘကြီးညိုတို့ သားအဖသည် စွန်ရဲနှစ်ကောင်ကို သတ်ရန်အတွက် အိမ်ပြန်လက်နက်ယူရန် ထွက်ခွာလာကြသည်။

*

## အခန်း ခြောက်

အနောက်ဘက်ရှိ တောင်တန်းမြင့်များဆီ နေလုံးနီနီ ငုပ်လျှိုးစမှာ မောင်တီတို့ ညီအစ်ကိုသုံးယောက်က နတ်စောင့်များအုံ့ရှိရာ ကျောက်ဖျာတောင်ထိပ်ပေါ် ရောက်လာကြသည်။

သူတို့ ညီအစ်ကို သုံးယောက်သည် ဤယနေ့ညသို့ ကျောက်ဖျာတောင်စောင်းရှိ နတ်စောင့်များကို ဖွပ်ရန် လာကြခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း သူတို့၏ ကိုယ်ပေါ်တွင် ကြိုးငြမ်းလှေကား၊ မီးတုတ်၊ ဆေးရိုးပြောင်း၊ ပြာအိုး၊ ပျားသလက်ထည့်ရန် ခြင်းကြီးနှစ်လုံးနှင့် ဓားမ ကိုယ်စီတို့ကို သယ်ဆောင်လာကြခြင်း ဖြစ်သည်။

"ကဲ… တို့ မိုးမချုပ်ခင် ကြိုးလှေကားတော့ ချထားကြရအောင်ကွာ"

မောင်တီက သူ့ညီနှစ်ယောက်ကို ပြောလိုက်၏။

သူတို့သည် အရာရာကို မြင်နိုင်သော ဤလိုအချိန်မှစ၍ နတ်စောင့်များဖွပ်ရန် အစီအစဉ်ကို စတင်လုပ်ဆောင်ကြသည်။

မောင်တီသည် အသင့်ယူဆောင်လာသော လူကြီးလက်ကောက်ဝတ်နီးပါးရှိ ပိန်ကြိုးကြီးတစ်ပင်၏ အောက်စတွင် သုံးလေးပိဿာမျှလေးသော ကျောက်တုံးကြီးတစ်တုံးကို ချည်ကာ ကျောက်ဖျာတောင်နံနံ့လျှောအတိုင်း ကြိုးတစ်စကို အောက်သို့ လျှောချလိုက်သည်။ ကျောက်တုံး၏ အလေးချိန်ကြောင့် ကြိုးစသည် ကျောက်ဖျာတောင်စောင်းရှိ နတ်စောင့်များ ရှိရာသို့ တရွေ့ရွေ့ ကျသွားလေသည်။

ထိုကြိုးစ လက်တစ်ကမ်းစာအတိုင်း၌ ကြိုးထုံးများ အစီအရီ ထုံးထားသဖြင့် တစ်ခါ တစ်ခါ ကျောက်စောင်းကျောက်ချွန်းတွေနှင့် ငြိနေဟတ်သဖြင့် နတ်စောင့်ပျားရှိရာသို့ တည့်တည့်မတ်မတ် လျှောကျမသွားဘဲ အလယ်တစ်ဝက်တွင် တင်နေတတ်သည်။ ထိုအခါ အပေါ်က ကြိုးကို တဆဆ လှုပ်ပေးရ၏။ ကြိုး၏ အောက်အစတွင် ကျောက်တုံးတစ်တုံး ပါနေသဖြင့် ကျောက်တုံး၏ အလေးချိန်ကြောင့် ကြိုးအောက်စသည် မကြာခင်ပင် နတ်စောင့်ပျားစွဲနေရာ ကျောက်အင်ကြင်းပင်နား ရောက်သွားလေသည်။

ကျောက်ဖျာတောင်စောင်းတွင် ကန့်လန့်လဲ တင်နေသော ကျောက်အင်ကြင်းပင်နှင့် ကြိုးအောက်စတွင် ချည်ထားသော ကျောက်တုံးတို့ ထိမိကြသောအခါ ထိုကြိုးနှင့် တစ်လံနီးပါးအကွာမှ နောက်ထပ် ကြိုးတစ်ပင်ကို ကျောက်တုံးချည်ပြီး ပထမကြိုးနည်းတူ ပစ်ချလိုက်ပြန်သည်။ ထိုကြိုးတွင်လည်း လူလက်တစ်ကမ်းစီ၌ ကြိုးထုံးတို့က အစီအရီ ရှိနေကြသည်။ မျဉ်းပြိုင်ဖြစ်နေသော ထိုကြိုးကြိုးနှစ်ပင်၏ အထက်စကို ကျောက်ဖျာတောင်စောင်း၏ အထက်သစ်တောအစမှ သစ်ပင်ကြီးနှစ်ပင်နှင့် မောင်သီနှင့် မောင်ညီတို့က မြဲမြဲ ချည်ထားလိုက်ကြသည်။

မောင်တီသည် တစ်လံနီးပါး အကွာအဝေးစီ ချည်ပြီး ပစ်ချထားသော မျဉ်းပြိုင်ကြိုးနှစ်ပင်ကို သေသေချာချာ စစ်ဆေးကြည့်လေသည်။ တစ်ပင်နှင့်တစ်ပင် အလှမ်းဝေးနေသေးသည်ထင်လျှင် သူညီတော်မောင်နှစ်ယောက်အား နေရာရွှေ့၍ ပြန်ချည်စေသည်။ ကြိုးငြမ်းလှေကားကြိုးနှစ်ပင်ကို ချည်ချထားပြီးသောအခါ အသင့်ပါလာသော ခြင်းကြီးနှစ်လုံးထဲတွင် ကျောက်ခဲ၊ ဓား၊ ကညင်ဆီမီးတုတ်၊ ဆေးရိုးပြောင်း၊ သစ်သားမီးခြစ် စသည်တို့ကို ထည့်ပြီး ကြိုးချည်ကာ ကြိုးငြမ်းနှစ်ပင်ကြားမှ ကျောက်ဖျာတောင်စောင်းရှိ နတ်စောင့်ပျားရှိရာသို့ ခြင်းကြီးနှစ်လုံးကို လျှောချလိုက်ပြန်သည်။ ခြင်းကြီးနှစ်လုံး၏ ကြိုးနှစ်ပင်မှာမူ လူဆင်းရန် ချထားသော ငြမ်းကြိုးလောက် မကြီးသည့်အပြင် အဖုအထစ်အထုံးလည်း မပါသဖြင့် ရှောရှောရှူရှူပင် နတ်စောင့်ပျားစွဲနေရာ ကျောက်

အင်ကြွင်းပင် နားရောက်သွားလေသည်။ ထိုအခါ ထိုခြင်းကြီး နှစ်ပင်ကိုလည်း ကျောက်ဖျာတောင်ထိပ်တောအစမှ သစ်ပင်နှစ်ပင်တွင် ချည်ထားလိုက်ပြန်သည်။

ကြိုးငြမ်းလှေကားနှင့် ခြင်းကြီးနှစ်လုံး ချည်ချပြီးသွားချိန်မှာ မိုးချုပ်သွားပြီ ဖြစ်သဖြင့် အမှောင်တို့သည် စိုးမိုးစပြုလာပြီ ဖြစ်လေသည်။ တောတောင် ထူထပ်သော နေရာဖြစ်သည့်အပြင် လမိုက်ညလည်း ဖြစ်သဖြင့် တောတစ်ခွင်သည် နေလုံးကွယ်သွားသည်နှင့် တစ်ပြိုင်နက် မှောင်မိုက်ခြင်းတို့က မင်းမူလာတော့သည်။

မောင်တီနှင့် မောင်သီတို့သည် ထူထဲသော အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်တို့ကို ပြိုင်တူ ချွတ်လိုက်ကြသည်။ ပြီး ပြာအိုးထဲမှ မီးဖိုပြာကို တစ်ကိုယ်လုံးအနှံ့ သုတ်လိမ်းကြ၏။ လက်လှမ်းမမီသော နောက်ကျောကုန်းပိုင်းကို မောင်ညီက ကူညီပြီး လိမ်းပေးလေသည်။ ဤသို့ မီးဖိုပြာ လိမ်းပေးနေခြင်းမှာ မှားတုပ်၊ မှားကိုက်သောအခါ သက်သာအောင် ဖြစ်လေသည်။ မီးဖိုပြာမှာ အောက်သိုးသိုး အနံ့နံ့သည့်အပြင် မီးလောင်ပြာ ဖြစ်သဖြင့် ချောမွတ်နေသည်။ မှားများသည် ရန်သူကို တုပ်ရာ ကိုက်ရာ၌ ခြေလက်တို့နှင့် ရန်သူကိုယ်ခန္ဓာပေါ် နားပြီးမှ တုပ်တတ်၏။ ဤသို့ ပြာလူးထားလျှင် တစ်ကိုယ်လုံး ချောမွတ်နေသဖြင့် ရပ်တရက် နား၍ မရပေ။ ထိုအခါ မှားသည် လူအား တုပ်ခြင်း၊ ကိုက်ခြင်းကို ရုတ်ခြည်း မပြုလုပ်နိုင်ကြပေ။ ထို့ကြောင့်လည်း မောင်တီတို့ ညီအစ်ကို နှစ်ယောက်က သူတို့၏ တစ်ကိုယ်လုံးကို မီးဖိုပြာများ သုတ်လိမ်းနေကြခြင်း ဖြစ်လေသည်။

တစ်ကိုယ်လုံးကို မီးဖိုပြာ လိမ်းပြီးသောအခါ ထူထဲသော လက်ရှည်အင်္ကျီနှင့် ဘောင်းဘီရှည်တို့ကို ကောက်ဝတ်လိုက်ကြသည်။

လက်များကို ကြယ်သီးတပ်ရုံအပြင် ဘောင်းဘီရှည်၏ ခြေများကိုလည်း ရွှံကြိုးနှင့် စည်းထားလိုက်ကြသည်။ ဝတ်ထားသော အင်္ကျီ ဘောင်းဘီပေါ်တွင် မီးဖိုပြာများကို တစ်ခါထပ်သုတ်ကြပြန်၏။

မီးဖိုပြာ လိမ်းသုတ်ပြီးသောအခါ နောက်ထပ် ဘောင်းဘီတစ်ထည်

ကျိုတစ်ထည်ကို ထပ်ဝတ်ကြပြန်သည်။ ထိုဘောင်းဘီ အင်္ကျီကြား
နှို့ မိုးရှိပြာနှင့် သစ်ရွက်ခြောက်များကိုလည်း ကြိုထည့်ကြပြန်၏။ ဤသို့
ကင်းဘီ အင်္ကျီနှစ်ထည်စီ ထပ်ဝတ်ပြီးသောအခါ ညသည် ပိန်းပိန်းပိတ်
မှောင်လာပြီ ဖြစ်သည်။ စောစောပိုင်းက သူတို့ ချည်ချထားသော ကြိုးငြမ်း
လှေကားနှင့် ဖြင်းကြီးနှစ်လုံး၏ ကြိုးစအဆုံးကိုပင် မမြင်ရတော့ပေ။
နတ်စောင့်များရှိရာ ကျောက်ဖျာတောင်စောင်းမှ ကျောက်အင်ကြင်းပင်ကြီး
ကိုလည်း မျက်မှန်းရမ်းဆသာ ခန့်မှန်းနိုင်ကြတော့သည်။

မောင်တီသည် သူတို့ညီအစ်ကိုနှစ်ယောက် ဆင်းသွားကြရမည့်
ကျောက်ဖျာတောင်စောင်းမှ နတ်စောင့်များရှိရာသို့ လှမ်းကြည့်နေသည်။

ကျောက်ဖျာတောင်ထိပ်မှ နတ်စောင့်များရှိရာ ကျောက်နံရံ တောင်
စောင်းသို့ ဆင်းရမည့်ခရီးမှာ ပေ ၂၀၀ နီးပါး ရှိလေသည်။ အမှောင်ထဲ
တွင် သူတို့ ပစ်ချထားသော ကြိုးငြမ်းလှေကားမှ ကြိုးဖုထုံးများကို ဆုပ်
ကိုင်၍ ဆင်းရမည့်ခရီးက အစစအရာရာ လက်မြဲခြေမြဲ စိတ်သတိပြုနိုင်မှ
ဖြစ်လေမည်။ ပြီး ဤနတ်စောင့်များအောက်ရှိ တောင်ကျချောင်းနံဘေး
ကျောက်ဂူခေါင်းများထဲတွင် သရဲတစ္ဆေတို့လည်း ရွာတည်နေကြသည်ဟု
ဘကြီးညိုက ကြုံတိုင်း ပြောဖူးသည်။ ထိုသရဲတစ္ဆေများမှာ တောင်ပိုင်
ရှင်ကြီး၏ တပည့်သားမြေးများ ဖြစ်သဖြင့် သူတို့ကိုလည်း များသလက်
အကြွင်းအကျန်များ ကျွေးရသည်ဟု ဆိုသည်။ ဤသို့ မကျွေးလျှင် များ
လာမွှပ်သူအား တောင်ပိုင်ကြီးနတ်က သတ်ပစ်တတ်သည်ဟု ဆိုပြန် သည်။

ယခင်က ဤများကို လာမွှပ်သူများအား နတ်သတ်ပစ်သဖြင့် ရွာ
သို့ ပြန်ရောက်လာကြသည်မှာ များမွှပ်အဖွဲ့ နှစ်ဖွဲ့ သုံးဖွဲ့ပင် ရှိခဲ့ဖူးသည်ဟု
ဆိုသည်။ ဤသည်ကိုတော့ မောင်တီက သံသယရှိနေလေသည်။ ယခင်
က များမွှပ်သမားများသည် သူတို့ကဲ့သို့ ကြိုးငြမ်းချပြီး ကျောက်ဖျာ
တောင်စောင်းသို့ ဆင်းကြရာတွင် ကျောက်စောင်း ကျောက်ချွန်များနှင့်
ဆင်းကြိုးတို့ ပွတ်တိုက်ပြီး ကြိုးပြတ်ကြိုးပြတ်၍လည်းကောင်း၊ သို့
မဟုတ် သူတို့ များမွှပ်နေကြစဉ် ဘကြီးညိုတို့သားအဖသည် တောင်ထိပ်
သို့ ရောက်လာပြီး များမွှပ်သမားများ၏ ကြိုးငြမ်းကို ဖြတ်ချလိုက်သဖြင့်

လည်းကောင်း သေဆုံးသွားကြခြင်းလည်း ဖြစ်နိုင်လေသည်။

ထို့ကြောင့် ယခု သူနှင့် မောင်သီတို့ ပျားအုံရှိရာသို့ ဆင်းသွားကြရာတွင် အငယ်ဆုံး မောင်ညီကို ကျောက်ဖျာတောင်ထိပ် တောအစွန် အစောင့်ထားခဲ့မှ ဖြစ်မည်ဟု ဆုံးဖြတ်ထားလေသည်။

ဤအစီအစဉ်ကို သူသည် အိမ်ကပင် စီမံလာခဲ့သည်။ သို့သော် လင်းလင်းထင်းထင်း ရှိရှိန် နေလုံး မကွယ်မီကသာ စိတ်မှာ ရဲနေသော်လည်း ယခုလို နေလုံးကွယ်၍ အမှောင်တို့ မိုးမိုးလာချိန်မှာမူ သူ့စိတ်ထဲက ရွံ့ရှင်သလို ဖြစ်လာသည်။ ထို့ကြောင့် ကျောက်တောင် အောက်မဆင်းမီ ဘကြီးညိုဆီက ကြိုတိုင်း အစ်အကဲမေး၍ ရသလောက် မှတ်မိသလောက်သော နတ်ပင့်ဂါထာများကို တဖွဖွရွတ်ဆို၍ တောင်ပိုင်ကြီးဆီတွင် ခွင့်တောင်းသည်။ ဆီမန်းမန်းသလို ပါးစပ်တရွရွ လှုပ်နေသော အစ်ကိုကြီးကို မောင်ညီက မသိမသာ အကဲခတ်၍ ပြုံး၏။

ဤသူငယ်သည် သရဲတစ္ဆေဆိုသည်နှင့် စုန်းနတ်ပယောဂ ဘာမှ မယုံသူဖြစ်သည်။ ကုန်ကုန်ဆိုရလျှင် မိရိုးဖလာ ဗုဒ္ဓဘာသာကိုပင် တစ်ခါတစ်ခါ ဝေဖန်တတ်သူလည်း ဖြစ်၏။ ထို့ကြောင့် ဘကြီးညိုစကားနှင့် ပြောရလျှင် မောင်ညီမှာ ငရဲ၌ နေရာရှိပြီးသားသူ ဖြစ်လေသည်။

အမှန်က မောင်တီသာမဟုတ်၊ မောင်သီကလည်း အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် နတ်ပျားရှိရာသို့ ဆင်းသွားရမှာကို စိတ်ထဲက ရွံ့လျက်ရှိလေသည်။ မတ်စောက်နက်ရှိုင်းသော တောင်စောင်းအောက်ထဲသို့ ကြိုးကလေးတစ်ပင်ကို အသက်သခင်အဖြစ် အမှီသဟဲပြု၍ ဆင်းသွားရမည့်အရေးမှာ တွေးကြည့်လျှင်တော့ ရင်လေးစရာပင်။ အမှောင်ထဲတွင် ပိုးကောင် မွှားကောင်များ၏ အော်မြည်သံက ညံစီလာသလို တောင်အောက်ခြေတွင် ပိုးစုန်းကောင်များ ပျံလွှားတောက်စားနေကြသည်ကိုလည်း တလက်လက် မြင်နေရသည်။

အမှောင်ထဲတွင် ကြောက်စရာ လန့်စရာများကို ဆက်တွေးနေလျှင် ပိုဆိုးလာမည်ကို သိသဖြင့် မောင်တီသည် တောင်အောက်ထဲသို့ ဆင်းရန် ချက်ချင်း ဆုံးဖြတ်လိုက်၏။

"ကဲ... တို့ ဆင်းကြမယ်ကွ မောင်သီ၊ လမ်းမှာ လိုလိုမယ်မယ် ...ယင် ဆီမီးတုတ်တစ်ခုနဲ့ ယမ်းမီးခြစ်တစ်လုံးစီတော့ ယူသွားကြဦးမှ ...ယယ်"

မောင်သီသည် မောင်တီပြောသည့်အတိုင်း ကညင်ဆီမီးတုတ်တစ်ခု ...ခါးကြားတွင် ညှပ်လိုက်ပြီး သစ်သားမီးခြစ်တစ်လုံးကိုလည်း အတွင်း ...ကိုအိတ်ထဲသို့ သေသေချာချာ ထည့်လိုက်လေသည်။

သူတို့သည် ကညင်ဆီမီးတုတ်၊ သစ်သားမီးခြစ်၊ မီးဖိုပြာအိုး၊ ဓား ...ားရိုးပြောင်း စသည့် ပျားဖွပ်ကိရိယာများကို ခြင်းနှင့်ထည့်ကာ တောင် ...ောင်းအောက် နတ်များရှိရာသို့ ကြိုချထားပြီး ဖြစ်သော်လည်း ယခု ...းတုတ်နှင့် မီးခြစ်တို့မှာ လမ်းတွင် အရေးပေါ်လျှင် သုံးရန် ဖြစ်လေသည်။

"မောင်ညီ... မင်းက ဒီမှာနေလိုက် ကြားလား၊ ဘာမှ မကြောက်နဲ့ ...မှာ၊ ဒီပျားကို ဖွပ်လို့ အရင်သေကြတဲ့ လူတွေဟာ ဒီမှာချည်ထားတဲ့ ...ကြိုးငြမ်းကို ဘကြီးညိုတို့သားအဖ လာဖြတ်ချလို့ သေတာပဲ ဖြစ်ရမယ်၊ ...တော့ တို့ ဒီပျားကို စဖွပ်တဲ့အချိန်မှာ ပျားအုံပြိုသံ၊ ပျားဆူသံကြားရင် ...တို့ လိုက်ချင်လိုက်လာကြမှာ၊ တကယ်လို့ သူတို့လိုက်လာပြီး ရန်ရှာရင် ...ဟာ တို့ကို အော်ပြီးသာ ခေါ်လိုက်ကြားလား၊ တို့ ချက်ချင်း တက်လာ မယ်၊ သူတို့ကို မင်းဘာမှ မကြောက်နဲ့"

"စိတ်ချပါအစ်ကိုကြီး၊ သူတို့ လိုက်လာပြီး ရန်ရှာလို့လည်း မရပါဘူး ...၊ ဒီပျားက သူတို့တစ်ဦးတည်း လိုင်စင်ခံထားတဲ့ ပျားမှ မဟုတ်တာ၊ ...တို့ကပဲ ဖွပ်ဝံ့ရင် ဘယ်လူမဆို ဖွပ်ကြပါလို့ အမြဲ ကြွားနေကြတာပဲဟာ"

အမှန်က မောင်တီသည် ညီအငယ်ဆုံး ဖြစ်သော်လည်း မောင်ညီကို ...ာ အစစစိတ်ချသည်။ မောင်ညီသည် စဉ်းစားတွေးခြင်တတ်သော ...တ်ရှိသလို ရဲရင့်ပြတ်သားခြင်းလည်း ရှိ၏။

ပျော့ညံ့သူ၊ ကြောက်တတ်သူ၊ သရဲတစ္ဆေ စသည်တို့ကိုလည်း ယုံသူ ...ဟုတ်ပေ။ ကြောက်တတ် လန့်တတ်သူမှာ မောင်သီသာ ဖြစ်သည်။ ...မာင်သီသည် ပါးစပ်က မည်မျှပင် မကြောက်ပါ၊ မလန့်ပါဟု ပြောသော် ...ည်း ထိတ်ခနဲ အရေးအကြောင်းဆိုလျှင် မကြံတတ် မစည်တတ်သဖြင့်

အရွှမ်းပိုင်း ဖြစ်တတ်သူပင်။ ထို့ကြောင့်လည်း အစစ စိတ်မချရသော မောင်သီကို မောင်တီက သူနှင့် တစ်ပါတည်း နတ်စောင့်ပျားစွဲရာသို့ ခေါ်သွားရန် စိတ်စဉ်ထားခြင်း ဖြစ်သည်။

"ကဲလာ...မောင်သီ၊ မင်းနဲ့ငါ ဆင်းကြမယ်၊ ညီလေးက ဒီနားက စောင့်ကျန်ခဲ့နော်၊ ဘယ်မှ မစွာနဲ့၊ အစစ စိတ်ချပါရစေကွာ၊ ငါမှာတော့ မင်းလုံးဝမမေ့နဲ့၊ တို့အရေးအကြီးဆုံး ယှဉ်ပြိုင်ရမှာကတော့ နတ်စောင့်ပျားကောင်တွေထက် ဘကြီးညီတို့ သားအဖတွေပဲ"

"စိတ်ချပါအစ်ကိုကြီး၊ အရေးတစ်ခုတစ်ရာရှိရင် အော်ခေါ်လို့ ချက်ချင်း မကြားတောင် ဒီခြင်းကြိုးကို ဆွဲလှုပ်ပြီးသတိပေးပါ့မယ်"

"အေး...အေး...ကောင်းပြီ ကဲ...မောင်သီ မင်းက ဒီကြိုးအတိုင်း ဆင်း၊ ငါက ဒီကြိုးအတိုင်းဆင်းမယ်"

မောင်တီနှင့် မောင်သီတို့သည် မှဉ်းပြိုင်ချည်ရစ်ထားသော ကြိုးနှစ်ပင်ကို တစ်ယောက်တစ်ပင်ကိုင်ကာ နတ်စောင့်ပျားရှိရာသို့ စဆင်းကြသည်။

သူတို့ ညီအစ်ကိုနှစ်ယောက်သည် ကြိုးထုံးတွေကို ကိုင်ကာ ပြိုင်တူ ဆင်းကြ၏။ မောင်တီက မောင်သီထက် တစ်လှမ်းပင် အောက်သို့ မရောက်စေပေ။ အကယ်၍ သူက သူ့ညီထက် အောက်သို့ တစ်လှမ်းပို မြန်သွားလျှင် စောင့်နေပြီး ပြိုင်တူဖြစ်မှ ခြေလှမ်းပြိုင်တူနင်း၍ အောက်သို့ ဆင်းသည်။ သူတို့နှစ်ယောက်သည် အပေါ်မှ ကြိုးထုံးကို လက်နှစ်ဖက်နှင့် အထက်အောက် မြဲမြဲဆုပ်ကိုင်ထားကြသလို ခြေနှစ်ချောင်းကလည်း အောက်ရှိ ကြိုးစထုံးကို ခြေမနှင့် ညှပ်၍ ထိန်းဆင်းကြသည်။

"မောင်သီ...လက်ရော ခြေရော မြဲမြဲ နင်းကိုင်ထားနော်"

"ဟုတ်ကဲ့...အစ်ကို"

မောင်တီသည် မောင်သီကို အမြဲသတိပေး၏။ တစ်ခါတစ်ခါ သူ သည် မိမိကိုင်ဆင်းနေရသော ကြိုးကို လက်တစ်ဖက်က ကိုင်၍ ကျန် လက် တစ်ဖက်နှင့် မောင်သီ၏ ဆင်းကြိုးကို လှမ်းကိုင် ထိန်းမတ်ပေးတတ်၏။ ကြိုးအောက်စတွင် ကျောက်ခဲတစ်လုံး ချည်ပြီး ချထားသော်လည်း လှုပ်

မလေးချိန်ကို မထိန်းနိုင်သဖြင့် ကြိုးနစ်ပင်မှာ ရွေ့လျား လှုပ်ရှားလျက် ရှိသည်။ ထို့ကြောင့်လည်း တစ်နင့်တစ်ပင် တစ်လံနီးပါး အကွာအဝေး ခြားထားသော ကြိုးနစ်ပင်မှာ နီးလာလိုက် ဝေးသွားလိုက် ဖြစ်နေကြသည်။ သူညီ မောင်သီ၏ ကြိုးကို လက်တစ်ဖက်နှင့် လှမ်းကိုင် သော်လည်း မောင်တီ၏လက်သည် မောင်သီ၏ ဆင်းကြိုးကို မကိုင်မိဘဲ သူတို့နစ်ယောက်ကြားရှိ ခြင်းကြိုးငယ်ကို ကိုင်မိသည့်အခါလည်း ရှိလေသည်။

"မောင်သီ ကြိုးသိပ်မလှုပ်စေနဲ့ကွာ၊ ကိုယ်ကို မတ်မတ်ထားပြီး မှန်မှန်ဆင်း၊ ကြိုးနဲ့ ကျောက်စောင်းတွေနဲ့ ပွတ်တိုက်ဖန်များရင် ကြိုးမှန်းနေမှာ စိုးရတယ်"

"ဟုတ်ကဲ့ပါအစ်ကို"

သည်လိုနှင့်ပင် မောင်တီနှင့် မောင်သီတို့သည် ကျောက်ဖျာ တောင်စောင်းတစ်ဝက်ခန့်အောက်သို့ ရောက်လာကြပြီး ဖြစ်လေသည်။

"ဟော့..."

မောင်သီ၏ ပါးစပ်မှ အာမေဋိတ်သံတစ်ခုသည် အမှတ်မထင် ပွဲတင်ပေါ်သွား၏။

မောင်သီ၏ အာမေဋိတ်သံကြောင့် မောင်တီ၏ ခြေလှမ်းကလည်း ရုတ်ခနဲ တန့်ရပ်သွားလေသည်။

"အစ်ကို ဒီအသံတွေက ဘာသံတွေလဲဟင်"

"ဒါ မျှားအုသံကွ၊ ဘာဖြစ်လို့လဲ"

"ဟင် မျှားအုသံ"

"အေး ဟုတ်တယ်လေကွာ၊ ဒါမျှားအုံပြိုတဲ့အသံပဲ၊ ဘာဖြစ်လို့လဲ"

"မျှားအုံက ခုကပင် ပြိုရအောင် ကျွန်တော်တို့ မျှားဖွပ်ဖို့ လာနေကြတယ်ဆိုတာ မျှားတွေ ဘယ်လိုလုပ် သိပါလိမ့်"

မောင်သီ၏စကားက ခဏတော့ မောင်တီ၏ နတ်ကိုပါ ဆွံ့အသွားသည်။ ပိန်းပိန်းပိတ်မည်းနေသော ညအမှောင်ထဲတွင် သိန်းသောင်းမကသော မျှားကောင်များ၏ အထိတ်တလန့် ပြေးပျံသန်းနေကြသံတို့မှာ တစ်တောလုံး သောသောညံလာသည်။ သူတို့ အသိုက်အအုံကို ဖြိုဖျက်ရန်

တစ်စုံတစ်ခုသော ရန်သူများ လာနေကြပြီဆိုသည်ကို တန်နိုးကျွန်ပေါ်ရှင် တစ်ဦးဦးက ပျားကောင်များအား သတိပေးလိုက်လေပြီလောဟု မောင်သိ က ရင်ထိတ်နေသည်။

"အစ်ကို"

"ဘာလဲကွ"

"ပျားတွေက ကျွန်တော်တို့ ဆင်းလာတာကို သိနေကြပြီ"

"ငါလဲတွေ့တဲ့မှာပဲ။ သိမှာပေါ့ကွာ၊ တို့ဆင်းနေကြတဲ့ အောက်ကြိုးစ ကျောက်တုံးက ပျားသလက် ပျားအုံတွေကို ရိုက်ခတ်မိနေပလားမှ မသိ တာ၊ 'အဲဒါကြောင့် မင်းကို ကြိုးမလှုပ်အောင် သတိနဲ့ ဆင်းဖို့ ပြောနေ တာပေါ့"

မောင်တီပြောသည်မှာ အမှန်ပင် ဖြစ်သည်။ သူတို့ ကိုင်နှင်း ဆင်း နေကြသော အောက်ကြိုးစရှိ ကျောက်တုံးသည် ကြိုးလှုပ်ရှားနေသော အခါ နီးစပ်ရာ ပျားသလက်အုံကို သွား၍ ရိုက်ခတ်သလိုဖြစ်နေ၏။ ထိုအခါ အုံပေါ်မှ ပျားကောင်များသည် ရန်သူလာပြီဟူသော အသိနှင့် ကစဉ့် ကလျား လန့်ဖြန့်ပျံခဲကာ အမှောင်ထဲတွင် ရန်သူကို ရှာဖွေနေကြသည်။ ရန်သူကို ကြိုတင်ကာကွယ်ရန် တစ်ကောင့်တစ်ကောင် အသံပေးနေကြ သည်။ သူတို့၏ ပျားအုံပျားသလက်များကို ခဏခဏလာ၍ ရိုက်ခတ် နေသော ကျောက်တုံးနှင့် ခြင်းကြီးနှစ်လုံးကိုလည်း ဝိုင်းအုံ၍ ကိုက်ခဲ ဆိတ်တုပ်နေကြသည်။ နတ်စောင့်ပျားတွေမှာ ယခင်လေးငါးရက်လောက် က ရွှန်းသတ်ခံထားရသဖြင့် ထိတ်လန့်နေကြသည်။ ရန်လိုနေကြသည်။ အမှောင်ထဲတွင် ရန်သူကို ရှာ၍ အစွမ်းကုန် တိုက်ခိုက်ရန် ကြိုးစားနေ ကြသည်။

မောင်တီ၏ အဖြစ်မှန်စကားကို ကြားရသောအခါ မောင်သိ၏ သံသယစိတ်မှာ ရုတ်ခြည်းပျောက်ကွယ်သွားလေသည်။ ထို့ကြောင့်လည်း သူကပင် သူ့အစ်ကို မောင်တီအား ပြန်၍ သတိပေးစကားပြောလိုက်၏။

"ဒီအတိုင်းဆိုရင်တော့ ပျားအုံရှိရာကို မြန်မြန်ရောက်အောင် ဆင်း ကြမှအစ်ကို၊ ပျားတွေတော့ လန့်နိုးနေကြပြီ"

"အေးကွ...ဒါပေမင့် လက်ခြေမြဲဖို့ အရေးကြီးတယ်နော်"

မောင်တီကလည်း မောင်သီအား လက်ခြေမြဲရန် အရေးကြီးကြောင်း ပြော၏။ အလျှင်စလို ဆင်းမိပါက ခြေချော်ကျမှာ စိုးရသည်။

သည်လိုနှင့်ပင် မောင်တီနှင့် မောင်သီတို့သည် ကြိုးစအောက်ဆုံးမှ နတ်စောင့်ပျားအုံတွေ့ရှိရာသို့ ရောက်လာကြသည်။ သူတို့ ပစ်ချထားသော ကြိုးအောက်စမှ ကျောက်တုံးနှင့် ခြင်းကြီးနှစ်လုံးသည် ကန့်လန့်လဲ တင်နေသော ကျောက်ဖြစ် အင်ကြင်းပင်ကြီး၏ ပင်စည်နှင့် ထိနေလေသည်။

မောင်တီနှင့် မောင်သီတို့သည် ကြိုးစနှစ်ပင်စလုံးကို လက်လွှတ်လိုက်ကြပြီး ကန့်လန့်တင်လဲနေသော ကျောက်ဖြစ် အင်ကြင်းပင်ကြီးပေါ် ပျံတက်လိုက်ကြသည်။ ပြီး သူတို့ခါးကြားထဲ ထိုးလာကြသော ကညင်ဆီ မီးတုတ်တစ်ယောက်တစ်တုတ်ကိုလည်း ချက်ချင်း ထွန်းညှိလိုက်ကြသည်။ ကျောက်ဖြစ် အင်ကြင်းပင်ကိုင်းများပေါ်တွင် တွဲရရွဲ ဆွဲနေကြသော ပျားအုံများကို မြင်ရသောအခါ မောင်တီနှင့် မောင်သီတို့မှာ အံ့သြသွားကြသည်။ ပျားအုံများကို ထိုင်ရေတွက်လျှင် ကွမ်းတစ်ရာညက်နီးပါးပင် ကြာမလားထင်ရ၏။ ပျားအုံများသည် သူတို့ ကနဦးထင်ခဲ့ကြသလို ကျောက်ဖြစ် အင်ကြင်းပင်ကြီး၏ ကိုင်းခက်များတွင်မက အင်ကြင်းပင်ကြီး တင်ငြိနေသော ကျောက်စောင်း ကျောက်ခေါင်းကလေးများတွင်လည်း အုံဖွဲ့နေကြသည်။ သည်ပျားအုံအားလုံးကိုသာ အရဖြုပ်ရလျှင် မိုးလင်းလို့မှ ပြီးပါ့မလားဟု မောင်သီက တွေးမိလိုက်သည်။

တဝုန်းဝုန်း တရုန်းရုန်း ဆူညံစွာ ပျံဝဲနေကြသော ပျားကောင်များသည် မီးရောင်မြင်သည်နှင့် တစ်ပြိုင်နက် သူတို့နှစ်ယောက်၏ ကိုယ်ပေါ်သို့ သဲနှင့် ပက်လိုက်သလို ပြန့်ကြဲဝဲပျံကျလာကြသည်။

မောင်တီနှင့် မောင်သီတို့သည် လောလောဆယ်တွင် ပျားကောင်များ ထိုးဆိတ်ကိုက်တုပ်လာကြသည်ကို ပမာမပြုကြသေးဘဲ ကြိုတင် ပစ်ချထားသော ခြင်းလုံးကြီးနှစ်လုံးထဲမှ ဆေးရိုးမီးပြောင်း တစ်ယောက်တစ်ခုကို ယူကာ ချက်ချင်း မီးမွှေးလိုက်ကြသည်။ ခြင်းကြီးထဲမှ ကညင်ဆီ မီးတုတ် အချို့ကို ယူ၍လည်း အဆောတလျင် မီးတိုက်လိုက်ကြသည်။

တဝေါဝေါ ဖောက်လောင်လာသော မီးရောင်ဖြင့် ပတ်ဝန်းကျင် ဘယ်ညာ ပျားသလက် ကြီးကြီးများကိုလည်း ပြူးကျယ်သော မျက်လုံးအစုံဖြင့် လျှပ်ပြက်သလို စူးစမ်းအကဲခတ်လိုက်ကြသေးသည်။

ကျောက်ဖွန်းနှင့်ငြိ၍ ကန့်လန့်ဖြတ်တင်နေသော ကျောက်ဖြစ် အင်ကြင်းပင် တစ်ပင်လုံး၏ အကိုင်းအခက်များနှင့် ကျောက်ချွန် ကျောက် ဆောင်းများပေါ်မှာ ပျားသလက်များသည် တလန်တကုတ် တွဲကျနေကြ သည်။ သူတို့ စတင်ဆင်းလာစဉ်က ကြိုး၏ လွဲရိုက်မှု၊ ကျောက်တုံး၏ ရိုက်ခတ်မှုတို့ကြောင့် ကြိုးနှင့် ကျောက်ခဲများရှိ အကိုင်းအခက်များမှ ပျားသလက် ပျားလပို့တွေမှာ ပဲ့ထွက်ပြန့်ကြဲ၍ပင် နေကြသည်။

သိန်းသန်းကုဋေမကသော ပျားကောင်တို့၏ အတောင်ပံခတ်သံနှင့် မီးထဲလာတိုးကြ၍ တစီစီအော်မြည် သေကြသံတို့မှာ ပတ်ဝန်းကျင် တစ်ခု လုံးကို ဆူညံနေလေသည်။

မောင်တီနှင့် မောင်သီတို့သည် ဆေးရိုးမီးပြောင်းနှင့် နီးစပ်ရာ ပျား သလက်ပေါ်တွင် တွယ်ကပ်နေသော ပျားများကိုမှုတ်ထုတ်လိုက်၊ မီးရှို့ လိုက်၊ တစ်တောင်တစ်မိုက်ရှည်သော အရည်တစက်စက် ကျနေသည့် ပျားသလက်ရှည်များကို ဆွဲဖဲ့၍ ခြင်းထဲပစ်ထည့်လိုက်၊ အပေါ်မှ အဆုပ် လိုက်၊ အဆုပ်လိုက် ထိုးလိုက်၊ ဆိတ်တုပ်လာကြသော ပျားကောင်ကုဋေ ကုဋာများကိုလည်း ကညင်ဆီမီးတုတ်နှင့် ယမ်း၍ လှုပ်၍ မီးရှို့ကာကွယ် လိုက်နှင့် စက္ကန့်တိုင်း မိနစ်တိုင်း အလုပ်ရှုပ်နေကြသည်။

"ပိုက်..."

ပျားကောင် ကုဋေကုဋာများ၏ တဝုန်းဝုန်း တရှန်းရှန်း အတောင်ပံ ခတ်သံများကို ထိုးဖောက်၍ ရုတ်တရက် အော်မြည်လိုက်သော အသံနက် ကြီးတစ်ခုသည် ပတ်ဝန်းကျင်ကို ရုတ်ခြည်း ပဲ့တင်ထပ်သွား၏။ ထိုအသံ နက်ကြီး၏ မြည်ဟည်းလိုက်သံကြောင့် မောင်သီ၏ လက်ထဲမှ ကညင်ဆီ မီးတုတ်တစ်ခုသည် ရုတ်ခြည်း အောက်လွတ်ကျသွားသည်။

မောင်သီ၏ လက်ထဲမှ ကညင်ဆီမီးတုတ်အောက်သို့ လွတ်ကျသွား မှ ပျားတောင်ပံခတ်သံနှင့် လုံးဝမတူသော ကြောက်မက်ဖွယ်ရာ အသံနက်

းမှ၊ ပို၍ ဆူဆူညံညံ ထွက်ပေါ်လာကြသည်။

"အာ...အစ်ကို...ဟို...ဟိုအောက်မှာ သရဲဗျ...၊ သရဲသရဲ"

မောင်သီ၏ ရုတ်တရက် အထိတ်တလန့် ထအော်လိုက်သံကြောင့် ဝ်တီသည် ကျောထဲက စိမ့်ခနဲ အေးသွားကာ ကြက်သီးတဖြန်းဖြန်း ပွားလေသည်။

မောင်သီသည် နောက်ထပ်မီးတုတ်တစ်ခုကို လှမ်းဆွဲကာ မီးညှိရန် ။ သတိမရတော့ဘဲ အောက်သို့ ငုံ့ကြည့်ကာ သရဲ သရဲ ဟု အော်ပစ်နေ ၏။

မောင်တီက အောက်သို့ ငုံ့ကြည့်လိုက်သောအခါ မောင်သီလက်ထဲမှ ကျသွားသော ကညင်ဆီမီးတုတ်မှာ ကျောက်ဖျာတောင်ခြေအောက် ချောင်းနံဘေးတွင် တဝေါဝေါ တောက်လောင်နေ၏။ ထို မီး နှင့် မြင်ရသော မည်းမည်းဖြူဖြူ အကြောင်အကျား သတ္တဝါများသည် ံနက်ကြီးများနှင့် အော်ဟစ်ကာ တလှုပ်လှုပ်တရွရွ ဖြစ်နေကြသည်။ တော့ မောင်တီသည်ပင် သိန်းသန်းကုဋေသော များတို့၏ ကိုက်တုပ်နေ ကို သတိမပြုမိဘဲ မှင်တက်မိသွားသည်။

ခွေးလေးကြောင်လေး ပမာဏမှသည် လူကြီးတစ်ယောက်၊ နှစ် ယောက်ဖက်ထိရှိသော သရဲအကြီးအသေးများသည် နတ်စောင့်များ က်ရှိ ကျောက်ဖျာတောင်ရင်းတွင် ရှပ်ယှက်ခတ်နေကြသည်။

မောင်တီနှင့် မောင်သီတို့၏ မျက်လုံးအစုံသည် အစွမ်းကုန် ပြူးပြဲ နတ်စောင့်များအောက်ရှိ သရဲရွာထဲမှ သရဲအကြီးအငယ်များကို ဟိုလစ်မတတ် ငေးကြည့်နေမိကြသည်။

လူကြီးနှစ်ယောက်ဖက်နီးပါးရှိ သရဲကြီးတစ်ကောင်က ရန်လိုသော ံနက်ကြီးကို ဖြဲဟည်းလိုက်ကာ မောင်တီနှင့် မောင်သီတို့ ရှိရာသို့ ခေါင်းမော့ ကြည့်လိုက်၏။ ထိုအခါ သူ၏ မျက်လုံးနှစ်လုံးသည် မီးရောင် ၌ ဝင်းဝင်းလက်ပြီး ရဲရဲနီသွားလေသည်။

ထိုသရဲ၏ မျက်လုံးမှ လျှံထွက်သော အရောင်နီနီရဲရဲသည် မောင်တီ ောင်သီတို့၏ မျက်လုံးထဲကိုပင် လျှပ်စီးခတ်လိုက်လိုက်သလို ရုတ်ခြည်း

ဝင်ရောက်သွားသလားထင်လိုက်ရသည်။ ထိုအခါ ညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်တစ်ယောက် ကြိုတင်တိုင်ပင်ထားကြခြင်း မရှိဘဲနှင့် ကြောက်လန့်ပြီး "ဟေး..."ဟု ပြိုင်တူအော်မိပြီးသား ဖြစ်သွားကြသည်။ ဤတစ်ခါတော့ မောင်တီလက်ထဲမှ တညင်းဆီမီးတုတ်သည် မောင်သိန်းတူ အောက်သို့ လွတ်ကျသွားပြန်သည်။ ထိုအခါ သရဲအကြီးအငယ်များမှာ ပို၍ ရုတ်ရုတ်သဲသဲဖြစ်ကာ အပေါ်သို့ ပြိုင်တူ မော့်ကြည့်ကြပြန်သည်။ သူတို့၏ မီးမျက်လုံး နီနီရဲရဲပြောက်ပြားစွာတို့မှာ အရောင်ချင်းယှက်ပြီး မီးကျီမီးခဲအရောအထောင်ပေါ်လာသလိုဖြစ်သွားပြန်သည်။

"ဟင်း..."

မျက်လုံးပြူးကြောင်ကာ မှင်တက်မိပြီး သရဲအကြီးအသေးများကို ငုံ့ကြည့်နေသော မောင်တီ၏ သတိရသက်ပြင်းချသံက ဦးဆုံးပေါ်လာ၏။

နတ်စောင့်ပျားအောက်ရှိ တောင်ခြေရင်းတွင် တဝေါဝေါ တောက်လောင်နေသော ကညင်ဆီမီးတုတ်နှစ်ခု၏ အလင်းရောင်က မောင်တီ၏ မျက်လုံးအစုံနှင့် စိတ်အသိကို ချက်ချင်း သတိပေး လှုပ်နှိုးလိုက်သည်။

သူတို့ညီကိုနှစ်ယောက် စောစောပိုင်းက သရဲတွေဟု ထင်ခဲ့ကြ သော ဖြူဖြူမည်းမည်းလုံးလုံး အကြောင်အကျား တိရစ္ဆာန်များမှာ အမှန်က သရဲတစ္ဆေ မဟုတ်ပေ။

တောနက်ဝက်ဝံများသာ ဖြစ်၏။ ပျားကြိုက်တတ်သော ဝက်ဝံအုပ်သည် ဤနတ်စောင့်ပျားတောင်စောင်းအောက်ရှိ ကျောက်စောင်း လိုဏ်ဂူထဲတွင် ရှာတည်ကြပြီး သူတို့ဘာသာသူတို့လည်း မစွမ်းဆောင်နိုင်ကြသော ပျားအုံကို ငေးမော်ကြည့်ကာ တမျှော်မျှော်ဖြစ်နေကြသည်။

ကျောက်တောင်ပေါ်ကိုလည်း မတက်နိုင်ကြသော သူတို့သည် ပျားအုံကို ငေးကြည့်သွားရည်ကျကာ တစ်နေ့လုံး အာသာရမ္မက်စောနှင့် တစ်နေ့စားရန်း တစ်နေ့စားရန်းနှင့် စောင့်နေကြဟန်ရှိသည်။

နေ့ရင့်ရက်ရောက်၍ ပျားသလက်၊ ပျားလပို့များပေါ်မှ ပျားရည်တစ်စက်နှစ်စက် လျှံဖိတ်ကျလာပြီဆိုလျှင် ထိုကျလာသော ပျားရည်စက်ကို ကျောက်ပေါ်မှ လျှာနှင့် လျက်ကာ ထိုနေရာတွင် ဆောင့်ကြောင့် ထိုင်ပြီး

နောက်ထပ် များရည်စက် ကျလာမည်ကို ပါးစပ်ဟ စောင့်ခံ့လင့်နေ ကြသည်။ များရည်တို့သည် နွေရင့်ရက်၌ ဖယောင်းအိမ်ပြည့်ကာ ပြည့်လှစက်စက် လျှံဖိတ်နေတတ်သည် မဟုတ်ပါလော။ သို့သော် ထိုသို့ ပါးစပ်ဟစောင့်ခံပြီး ဆောင့်ကြောင့်ထိုင်သော ဝက်ဝံကို နောက်ထပ် သူ့ ထက်ကြီးသော ဝက်ဝံတစ်ကောင်က ကိုယ်လုံးနှင့် တိုက်ပစ်ကာ ထို များရည်တစက်စက် ကျနေသော နေရာကို လာလုသည်။ အနိုင်ရ၍ များ ရည်တစက်စက် ကျလာသော နေရာအပိုင်စီးထားသော ထိုဝက်ဝံအား သူ့ထက်ကြီးသော နောက်ထပ် ဝက်ဝံတစ်ကောင်က ကိုယ်လုံးနှင့် ပြေး တိုက်၊ လက်သည်းနှင့် လှမ်းကုပ်ကာ အနိုင်ယူလိုက်ပြန်သည်။ သည်လို နှင့် ဝက်ဝံများသည် ကျောက်ဖျာတောင်စောင်းနံရံပေါ်ရှိ နတ်စောင့်များ အောက်တွင် တရုန်းရုန်းနှင့် နွေရင့်လေ အရူးရင့်လေ ဖြစ်နေကြသည်။

စွန်ရဲတို့ များအုံကို လာသတ်ချိန်နှင့် ဘကြီးညိုတို့သားအဖ ဤများ ကို လာဖွပ်ချိန်မှာတော့ သူတို့သည် အပေါ်မှ ပုံကျလာသော လက်သန်း ကောက်မ ရှိ များသလက် အပုံအစများကို လုစားရင်း ပျော်နေကြသည်။ ယမှ မောင်တီတို့ ညီကိုနှစ်ယောက် များလာဖွပ်သောအခါ သူတို့နှစ်တိုင်း စားနေကျ ဖောက်သည်ကြီးများ ဖြစ်ကြသော ဘကြီးညိုတို့ သားအဖ များလာဖွပ်ကြပြီအထင်နှင့် အောက်က တဂျစ်ဂျစ် တဂျက်ဂျက် အသံ ပေးကာ များတောင်းနေတတ်ကြလေသည်။

"တောက်...ခွေးသားဝက်ဝံတွေကို ငါက တကယ်သရဲထင်မိတာ၊ တော့ တစ်ကိုယ်လုံး များတုပ်ခံရလို့ ထုံနေပြီ။ မင်းကလည်းမင်းပဲ ပ်မှန်း၊ သရဲမှန်းတောင် ခွဲခြားမသိဘူး၊ ငါလန့်ပြီး အလကား အချိန်ကုန် မှန်းဖြစ်တယ်"

အကြောက်ပြေသွားသောအခါ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလာ သော မောင်တီက သူ့ဘေးနားရှိ သူ့ညီကို ဆဲလိုက်သည်။

"ဟုတ်တယ်အစ်ကို...ဟိုကောင်တွေ ခေါင်းမော့ပြီး များမျှော်နေ ကြတာ တွေ့လား။ မီးရောင်ထဲမှာ သိပ်ထင်ထင်ရှားရှား မမြင်ရတော့ ကျွန်တော်က သရဲထင်တာပေါ့။ ဘကြီးညိုတို့ သားအဖတို့ကလည်း ပြော

ဖွဲ့တာကို:"

"ကဲ လုပ်ကွာ အချိန်သိပ်မရှိဘူး။ ဒီအတိုင်းဆိုရင်တော့ ငါမတတ်နိုင်တော့ဘူး။ ပြန်တက်ကြမှ ဖြစ်မယ်ထင်တယ်"

"အစ်ကိုကြီး။ အစ်ကိုကြီး ဘကြီးညိုတို့ ရောက်နေကြတယ်"

မောင်တီ၏ စကားမဆုံးခင်ပင် ကျောက်ဖျာတောင်ထိပ်မှ အော်ခေါ်လိုက်သော မောင်ညီ၏ အသံကို လှမ်းကြားလိုက်ရသည်။

မောင်တီတို့ ညီအစ်ကိုနှစ်ယောက်မှာ ပျားတုပ်ခံထားရသော နာကျင်မှုကို ချက်ချင်း မေ့ပျောက်သွားကြပြန်သည်။

ဤသို့ဆိုလျှင် မောင်တီက သိလိုက်လေပြီ။ ပျားအုံသံ ကြားသော ဘကြီးညိုတို့သားအဖသည် ကျောက်ဖျာတောင်ထိပ်သို့ ချက်ချင်း ရောက်လာကြချေပြီ။

"ဟေး ဘကြီးညိုတို့ ရောက်နေကြတယ်တဲ့ကွ၊ တို့ကို ရန်ရှာဖို့ လာတာဖြစ်ရမယ်၊ ကဲ...တက်တက် အပေါ်ပြန်တက်"

အမှန်က မောင်သီတို့ ညီအစ်ကိုနှစ်ယောက်မှာ ဘကြီးညိုတို့ သားအဖတွေ မရောက်လာလျှင်လည်း ကျောက်ဖျာတောင်ပေါ်သို့တော့ တစ်ခေါက် ပြန်တက်ကြရမည် ဖြစ်လေသည်။

အဘယ့်ကြောင့်ဆိုသော် သားရဲတိရစ္ဆာကို ကြောက်ကြောက်ရွံ့ရွံ့နှင့် သတိလစ်မတတ် ငေးကြည့်မိရာမှ သိန်းသန်းကုဋေသော ပျားကောင်များ တုပ်ကိုက် ဆိတ်ထိုးခြင်း ခံရသဖြင့် သူတို့၏ တစ်ကိုယ်လုံးမှာ အဖုအပိမ့်တွေနှင့် ရောင်ကိုင်းကာ နာကျင်နေကြလေပြီ ဖြစ်သည်။ သူတို့ နှစ်ယောက်သည် မည်မျှ လောဘဇောနှင့် ဖြစ်စေကာမူ ဤနတ်စောင့်ပျားသလက်များကိုတော့ ဆက်လက်ဖွပ်ယူရန် မစွမ်းနိုင်ကြတော့ပေ။

"ဟဲ့ကောင် မောင်တီ၊ မင်းက ငါတို့ကို လုံးဝအသိမပေးဘဲ ဒီပျားကို ဘာလို့ လာဖွပ်ရတာလဲကွ"

မောင်တီ၏ မျက်နှာကို မြင်သည်နှင့် တစ်ပြိုင်နက် ဘကြီးညိုက မကျေမနပ်သော စကားကို ဆိုလိုက်သည်။

"ဟောဗျာ၊ ဘကြီးညိုတို့ကို အသိပေးအကြောင်းကြားရအောင်

...းက ဘကြီးညိုတို့ပိုင် ပျားမို့လို့လားဗျ၊ ဟိုတုန်းကတော့ ဘကြီးညိုပဲ ...ပြောနေတာပဲ၊ ဒီပျားကို ဖွပ်ရဲတဲ့လူ ဖွပ်ပါစေဆို၊ ဘာစုမှ လာပြီး ...ပျာရတာလဲ"

ပျားတုပ်ခံရ၍ တစ်ကိုယ်လုံး အထူအပိန်းတွေဖြစ်ကာ နာကျင်လာ ...ာ မောင်တီက စိတ်ပေါက်ပေါက်နှင့် ဘကြီးညိုကို အော်ငေါက်ပစ် ...ိုက်၏။

"ရန်ရှာတာ မဟုတ်ပါဘူးကွ၊ တကယ်လို့ မင်းတို့ ဒီပျားကို ဖွပ်မယ် ...ိုရင် တို့ကို တိုင်ပင်သင့်တယ်လို့ ပြောတာပါ၊ ဒီပျားက တို့ နှစ်စဉ် ဖွပ် နေတဲ့ ပျားပဲ မဟုတ်လား"

ဘကြီးညို၏ အသံက ရုတ်ခြည်းနူးညံ့သွားသည်။

"ပြောဖို့လိုသေးလားဗျ၊ ခုလည်း ဘကြီးညိုတို့ သိပြီးပြီပဲဟာ၊ ပြီး ရောပေါ့"

မောင်သီက ဝင်ပြောလိုက်၏။

"ဟေ့ကောင်၊ မင်းဒီလို စွာကားမပြောနဲ့ကွ၊ ဒီပျားက တို့နှစ်တိုင်း ဖွပ်နေကျပျား။ ဒီပျားကို ခု တို့တစ်ဝက်ဆိုင်တယ်"

"ဟေ့လူ ခင်ဗျား ဒီလို မတရားမပြောနဲ့၊ ဘာလို့ ခင်ဗျားတို့ကို ကစ်ဝက်ပေးရမှာလဲ၊ မပေးဘူးဗျာ၊ မပေးဘူး"

မောင်သီနှင့် မောင်ပိုတို့က တစ်ယောက်နှင့် တစ်ယောက် အပြန်ပြန် အလှန်လှန် အော်ငေါက်နေကြသည်။ အခြေအနေမှာ ရုတ်ခြည်း တင်းမာ လာပြန်၏။

မောင်တီသည် ဘကြီးညို၏ မျက်နှာကို ဖျတ်ခနဲ တစ်ချက် လှမ်း ကြည့်လိုက်၏။ သူတို့အခြေအနေမှာ နောက်ထပ် နတ်စောင့်ပျားရှိရာသို့ ညွှန်ပြဖို့ ဘယ်နည်းနှင့်မှ မဆင်းနိုင်တော့ပေ။ သို့သော် ဤသည်ကို လည်း ...ကြီးညို မသိလေအောင် အလိမ်မာနှင့် စကားဆိုလိုက်သည်။

"ဟေး မင်းတို့က တော်ကြစမ်းပါကွာ၊ ဒီမှာ ဘကြီးညို ကျွန်တော် ပြောမယ်၊ နတ်စောင့်ပျားကို ကျွန်တော်တို့ သွားဖွပ်တာ ပျားသလက် တစ်ဝက်လောက်တော့ ခြင်းထဲ ရောက်နေပြီ။ ဆွဲတင်ဖို့ပဲ လိုတော့တယ်၊

ဘကြီးညိုတို့ကလည်း ဒီပျားကို နှစ်စဉ် ဖွပ်နေကျဆိုတော့ ဒီလိုလုပ်ကြရအောင်လား"

"မင်းသဘောပြောပါလေ"

ဘကြီးညိုက မာန်လျှော့သံနှင့် ဆိုသည်။

"ကျွန်တော်တို့ကိုယ်ပေါ်လည်း ဘကြီးညို မြင်တဲ့အတိုင်းပဲ၊ ပျားတုပ်ထားလို့ တော်တော်နာနေပြီ၊ ဒီတော့ ကျွန်ပျားတစ်ဝက်ကို ဘကြီးညိုတို့ ဆက်ဖွပ်ကြပါ။ နောက်တော့ ရသမျှ တစ်ယောက်တစ်ဝက် ခွဲယူကြတာပေါ့။ ကျွန်တော်တို့ဟာ တစ်ရွာတည်းသားတွေပါဗျာ၊ ဒီပျားတွေအတွက်နဲ့တော့ ရန်များဖို့ မကောင်းပါဘူး"

"ကောင်းပြီ...ကောင်းပြီ...၊ ဒါပေမင့် ဘကြီးတစ်ခု ပြောဦးမယ်၊ နောင်နှစ်နောင်ခါတွေကျရင်လည်း တို့ ဒီလိုပဲ ပေါင်းပြီး ဖွပ်ရအောင်။ ရတဲ့ပျား တစ်ယောက်တစ်ဝက်ပေါ့ကွာ။ သူဦးငါဦးတော့ မလုပ်ကြစတမ်းနော်"

ခါတိုင်းနှစ်တွေမှာ သူပိုင်ဖြစ်သော ဤပျားများကို ယခုနှစ်ကစပြီး မောင်တီတို့ညီအစ်ကိုနှင့် တစ်ယောက်တစ်ဝက်လုပ်ရမှာ စိတ်ထဲက မကျေနပ်ချင်သော်လည်း ဤသို့ မလုပ်လိုက်လျှင် နောက်နှစ်နောင်ခါတွေမှာ လုံးဝ ဆုံးရှုံးသွားနိုင်သည်ကို မြင်သဖြင့် ဘကြီးညိုက အစဉ်အဆက် ငြိမ်းချမ်းရေးစကားကို မြွက်လိုက်သည်။

"ဟုတ်ကဲ့... ဘကြီးညို၊ ကောင်းပါတယ်၊ ကျွန်တော်တို့လည်း သဘောတူပါတယ်"

"ဒါဆိုရင်လည်း ပြီးတာပါပဲကွာ၊ ဪ ဒါနဲ့ မင်းတို့ မီးတုတ်တွေ မီးပြောင်းတွေကော ဟိုမှာ ကျန်သေးရဲ့လား"

"ကျန်ပါသေးတယ်ဘကြီးညို၊ ဪ...မီးဖိုပြာအိုးတော့ ကုန်ပြီထင်တယ်"

"မီးဖိုပြာ ဟုတ်လား။ မီးဖိုပြာက ဘာလုပ်မှာလဲကွ"

"ပျားတုပ်သက်သာအောင် လူးရတာပေါ့ဗျ"

ဤစကားကိုတော့ မောင်သီက ဝင်ပြော၏။

"ဟား...ဟား...ဟား...အဲဒါကြောင့် နင်တို့ များအကုန် မရခဲ့ကြသေးကို။ နောက် များဖွပ်ရင် မီးဖိုပြာထက် ကောင်းတဲ့ဆေး ဘကြီး ပြောတယ်။ စိမ်းနံ့ပင်ရွက်တွေချေပြီး နင်တို့ ကိုယ်ပေါ် လူးသွားရင် ဘယ်များမှ မတုပ်ဘူးကွ။ ကဲ...ငါ့သားတို့ များဆက်ဖွပ်ရအောင် စိမ်းနံ့ပင်တွေ လိုက်ရှာကြပါဦးကွာ"

ဘကြီးညိုသည် မောင်တီတို့ ညီအစ်ကိုကို ပြောနေရင်းက သူ့သားနှစ်ယောက်ကိုလည်း ပတ်ဝန်းကျင်၌ စိမ်းနံ့ပင်တွေ ရှာခိုင်းလိုက်၏။

ဤမျှကြီးမားသော များအုံကို တစ်ခါတည်း တစ်ခေါက်တည်းနှင့် နှစ်ပေါင်းများစွာ အရဖွပ်လာနိုင်ခဲ့သည်မှာ ဤအတိုးကြီး၌ ဤဆေးပင်ရှိနေသောကြောင့်ပါတကား ဆိုသည်ကို မောင်တီသည် ယခုမှ သဘောပေါက်မိလေသည်။

"နို့...စိမ်းနံ့ပင်ရွက်တွေ ထုချေပြီး ကိုယ်ပေါ် လိမ်းရုံနဲ့ များမတုပ်တာ ဘာဖြစ်လို့လဲ ဘကြီးညို"

"ဟဲ့ကောင်ရာ များဆိုတာက အမွှေးအကြိုင် သိပ်ကြိုက်တာကွ။ ပန်းဝတ်ရည်တွေကို စုပ်ယူပြီးစုစည်းတာပဲ ကြည့်တော့လေ။ အမွှေးအကြိုင် ကြိုက်တဲ့အကောင်တွေ ဒီလောက်နံတဲ့ စိမ်းနံ့ပင်နံ့နံနေတဲ့ လူတွေကို ဘယ်လိုလုပ် တုပ်ဦးမှာလဲ၊ အနံ့အသက်ဆိုးတွေဆိုရင် များက မခံနိုင်ဘူးကွ။ အပုပ်နံ့ မစင်နံ့ဆိုရင် ပိုတောင် ဆိုးသေးတယ်"

ဘကြီးညို၏ စကားအဆုံးတွင် စိမ်းနံ့ပင်များ သွားရှာကြသော မောင်ပိုနှင့် မောင်ကိုတို့ ပြန်ရောက်လာကြသည်။

ပြောပြောဆိုဆိုနှင့်ပင် တစ်ကိုယ်လုံး စိမ်းနံ့ပင်ရွက်တွေ ထုချေ ပွတ်လိမ်းထားကြသော ဘကြီးညိုတို့၏ သားအဖသုံးယောက်သည် မောင်တီတို့ ညီအစ်ကိုတွေ ပစ်ချထားသော ကြိုးငြမ်းအတိုင်း ကျောက်ဖျာတောင်စောင်းရှိ နတ်စောင့်များစွဲနေရာသို့ တရွေ့ရွေ့ ဆင်းသွားကြလေသည်။

ဒီတော့မှ မောင်တီ၊ မောင်သီနှင့် မောင်ညီတို့ ညီအစ်ကိုသုံးယောက်မှာ ဘကြီးညိုတို့ သားအဖ၏ လှည့်ကွက် အကော်အစဲများဖြစ်သော

ခြောက်လှန့်မှုများကို ကျော်လွှားပြီး ရဲရင့်ဖျတ်လတ်စွာဖြင့် ညီအစ်ကို သုံးယောက်တို့ ဇွဲလုံ့လတို့ဖြင့် ရရှိလာခဲ့သော ပျားသလက်တောင်းကို ထမ်း၍ နောက်မှ လျှောက်လိုက်လာသော ညီငယ်နှစ်ဦးကို ကြည့်၍ အစ်ကိုကြီးမောင်တီက ရှေ့မှ ဦးဆောင်၍ ရောင်ခြည်မသန်းသော အမှောင်လမ်းကလေးအတိုင်း ကျောက်ဖျာတောင်ပေါ်မှ တားလက်ဖျား ရွာဘက်သို့ ဦးတည်၍ လျှောက်သွားနေကြလေသည်တကား။

■

# အမှောင်လမ်းက သူတို့အပြန်

# အခန်း တစ်

"မောင်ထွီးရေ...ဟေး...မောင်ထွီး"

"ဗျို...ဘကြီးအောင်"

မှောင်ရီရီဖြိုးဖျားအချိန်တွင် အိမ်ရှေ့လမ်းမမှ မဝံ့မရဲနှင့် လှမ်းခေါ်နေသော ဘကြီးအောင်၏ အသံကို ကြားရသဖြင့် မောင်ထွီးက ဗျိုးဟု ဟစ်ထူးလိုက်၏။

ဘကြီးအောင်၏ နောက်တွင် လှဘော်နှင့် ထွန်းကျော်ချေတို့က လည်း အတူပါလာကြလိမ့်မည်ဆိုသည်ကို မောင်ထွီးက အတပ်သိထားပြီး ဖြစ်၏။ မောင်ထွီးနှင့် ဘကြီးအောင်၊ ထွန်းကျော်ချေ၊ လှဘော်တို့မှာ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသဖြင့် သူတို့၏ အသံအားလုံးကို မောင်ထွီး ကောင်းစွာကျက်မှတ်မိနေပြီး ဖြစ်သည်။

သူတို့လုပ်ကြသော အလုပ်မှာ သူတို့ တံငါသက်တမ်းတစ်လျှောက်၌ တစ်ခါမှ မလုပ်ဖူးကြသေးသော အလုပ်ဖြစ်၏။ ဤလုပ်ငန်းကို စလုပ်ကြသည်မှာလည်း ဤနှစ်မှဖြစ်သည်။ သူတို့လုပ်ကြသော အလုပ်သစ် လုပ်ငန်းမှာ ဘင်္ဂလားအော်ပင်လယ်ထဲမှ 'ရေဝက်'ခေါ် နို့တိုက်ငါးသတ္တဝါ တစ်မျိုးကို ဖမ်းဆီးပြီး ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်သို့ တင်ပို့ ရောင်းချကြရန် ဖြစ်လေသည်။

ညနေထမင်းစားပြီး၍ ဟာနီအောင် ဆေးပြင်းလိပ်ကြီးကို ပါးစောင်တွင်ခဲကာ အိမ်ရှေ့ကွဲလားဝမှာ မှိန်းနေသော မောင်ထွီးသည် နေ့စဉ်

...ပေါ်နေကျဖြစ်သော ဘကြီးအောင်၏ ခေါ်သံကို ကြားရပြီးဖြစ်သော် ...း ချက်ချင်းမထရဲသေးဘဲ သူ့မိန်းမ စိန်လှမြူကို မျက်လုံးတစ်ချက် ...ကြည့်လိုက်သေး၏။ ကလေးနို့တိုက်နေသော စိန်လှမြူသည် ဘကြီး ...အောင်၏ ခေါ်သံကို ကြားကတည်းကပင် မျက်နှာကို မဲ့ရွဲ့၍ နှုတ်ခမ်းစူ ...နေလေပြီ။ ထိုအခါ မောင်ထွီးမှာ ပို၍ပင် အထရောက်နေပြန်လေသည်။

အမှန်က မောင်ထွီးသာမဟုတ်၊ ဘကြီးအောင်မှာလည်း စိန်လှမြူကို ...ယန်နေရ၏။ မျက်နှာချင်း မဆိုင်ချင်သဖြင့် အိမ်ရှေ့ကသာ မဝံ့မရဲနှင့် လှမ်း ...ခေါ်နေရသော်လည်း သူ့အသံကို ကြားလျှင် စိန်လှမြူ၏ မျက်နှာက မည် ...သို့ အသွင်ပြောင်းသွားတတ်သည်ကို ဘကြီးအောင် သိပြီးဖြစ်လေသည်။ ...ကယ်၍ ဦးဘအောင်သာ မဟုတ်ဘဲ လှဘော်နှင့် ထွန်းကျော်ချေတို့ ...တစ်ယောက်ယောက်သာ သွားခေါ်ပါက "နင်တို့ဘာသာနင်တို့ သွား ကြ၊ ကျုပ်ယောက်ျားကို လာမခေါ်ကြနဲ့ တစ်နေ့မဟုတ်၊ နှစ်နေ့မဟုတ်တော်... ကြားပဲ မကြားဖူးပါဘူး၊ ပင်လယ်ကြီးထဲက ရေခက်တွေကို အရှင်ဖမ်းကြ မလို့တဲ့၊ ကျုပ်ဖြင့် အံ့ပါရဲ့၊ ဒီမှာ မိန်းမနဲ့ ကလေးတွေ ထမင်းငတ်နေကြပြီ တဲ့။ လခရတဲ့ အလုပ်ကျနေတာပဲ၊ ဘယ်မှာလဲ နင်တို့ ရေခက်၊ နင်တို့ ဘာသာ နင်တို့ သွားအရူးထကြ၊ ကျုပ်ယောက်ျားကို လာမခေါ်ကြနဲ့"ဟု ဤသို့ ရန်တွေ့လွှတ်တတ်ကြောင်း ဘကြီးအောင်က တစ်ဆင့်စကား တစ်ဆင့်နား ကြားပြီး ဖြစ်လေသည်။

ဦးဘအောင်ကိုမူ လူကြီးဖြစ်သဖြင့် စိန်လှမြူက ရှေ့တွင် မဆိုရဲ သော်လည်း ကွယ်ရာကျလျှင် "ဟိုခေါင်းဖြူ ခွယ်ကျိုးကြီးကလည်း တစ်သက်လုံး တံငါလုပ်လာပြီး ဘယ်လောက်မှ နားမလည်ဘူး၊ ပင်လယ် ထဲက ရေခက်ကိုများ အရှင်ဖမ်းမလို့တဲ့တော်" ဟု ပြောတတ်၏။ ဤသည် ကို သိ၍လည်း တစ်နေ့မဟုတ်၊ နှစ်နေ့မဟုတ် မောင်ထွီးအား နေ့စဉ် လိုလို သွားခေါ်နေရသော ဘကြီးအောင်မှာ စိန်လှမြူအား မျက်နှာပူနေ လေပြီ။ လှဘော်နှင့် ထွန်းကျော်ချေတို့ဆိုလျှင် စိန်လှမြူကို လန့်နေကြ သဖြင့် ယခုအခါ လုံးဝမခေါ်ရဲကြတော့ပေ။ မောင်ထွီး အိမ်ရှေ့ကို ရောက် သည်နှင့် တစ်ပြိုင်နက် "ဘကြီးအောင် ဘာသာ ဘကြီးအောင် ခေါ်ချာ၊

ကျွန်တော်တို့ အသံကို ကြားရင် စိန်လှမြ လှမ်းဆဲလိမ့်မယ်"ဟု ညည်း ညည်းညူညူပြော၍ ဘကြီးအောင်အား ခေါ်နိုင်းကြ၏။

သူတို့မခေါ်ရဲတိုင်း ဘကြီးအောင်အား ထိုကဲ့သို့ ခေါ်နိုင်းကြသော နေ့တွေကလည်း မနည်းတော့ပေ။

ရက်လတွေသာ ပြောင်းလာသည်။ ဘကြီးအောင်တို့ ပင်လယ် ရေ ဝက် ဖမ်းရေးလုပ်ငန်းမှာ ယခုထိ မအောင်မြင်သေး။ ကြာလျှင် သားမယား မိဘလုပ်သူတွေက တရွေ့ရွေ့တပူပူလုပ်လာကြသဖြင့် မောင်ထွေးသာမဟုတ်။ လှဘော်နှင့် ထွန်းကျော်ချေတို့ကိုပါ ခေါ်မရ ပြောမရ ဖြစ်လာမည့်အရေး ကို တွေးပူပြီး ဘကြီးအောင်မှာ တာဝန်တစ်ခုလို မောင်ထွေးအား နေ့စဉ် လာခေါ်နေရခြင်း ဖြစ်သည်။

သားချင်းချွေမျိုးတော်သူ လှဘော်နှင့် ထွန်းကျော်ချေတို့က ဘကြီး အောင် ခေါ်လျှင် မလွှဲမသွေ လိုက်လာကြရသော်လည်း မောင်ထွေးကား ယခုအခါ ရေဝက်ဖမ်းအလုပ်ကို စိတ်မပါချင်တော့။ ထို့ကြောင့်လည်း မောင်ထွေးက အင်တင်တင်ဖြစ်လာ၏။ လုပ်ငန်းစစဉ်ကလို တက်တက် ကြွကြွ မရှိတော့။ ယခင်က မိုးချုပ်သည်နှင့် တစ်ပြိုင်နက် တက် တစ် ချောင်းကို ပခုံးပေါ် ထမ်းကာ "ဘကြီးအောင်ရေ"ဟု အိမ်ရှေ့က အာလုတ် သံကြီးနှင့် အော်ခေါ်တတ်သော မောင်ထွေးကို ယခုအခါ ဘကြီးအောင်က သွားခေါ်နေရသော အခြေသို့ ဆိုက်ရောက်နေလေပြီတည်း။

ခက်သည်မှာ ဤအလုပ်ကို မလုပ်တော့ဟု လက်လွှတ်ပစ်လိုက်ရ အောင်ကလည်း ငွေသုံးလေးထောင် အကုန်အကျခံပြီး ရေဝက်ဖမ်းရန်ဟု သီးသန့်ထိုးလုပ်ထားသော နိုင်လွန်ပိုက်ပိုင်ရှင် ဦးကျော်ဇော၊ ဦးအေးထွန်း တို့နှင့် ထို နိုင်လွန်ပိုက်ရအောင် ကမကထလုပ်ပြီး အစိုးရထံတွင် ထောက် ခံစာ အမျိုးမျိုး ရေးပေးကာ ပိုက်လျှောက်ပေးသော မြို့က အရာရှိကြီး ကိုလည်း ဘကြီးအောင် မျက်နှာပူနေရလေပြီ။

နိုင်လွန်ပိုက်ပိုင်ရှင် ဦးအေးထွန်းနှင့် ဦးကျော်ဇောတို့က ညညတွင် ရေဝက်ဖမ်း ထွက်ကြသော သူတို့ဆီမှ ရေဝက်မိလာပြီဆိုသော သတင်း

ကို နေ့စဉ် ကြားချင်နေကြသလို မြို့ကအရာရှိကြီးကလည်း မကြာ
ဟာပြီးမေးတတ်၏။ သူတို့မေးလျှင် ဘကြီးအောင်က "တစ်နေ့
မှချမိမှာပါပဲဗျာ"ဟု ရဲရဲဝံ့ဝံ့ ပြောခဲ့သည်မှာလည်း အကြိမ်ကြိမ်
ရှိလေပြီ။ ယခုထိ ရေဝက်တွေကိုကား ထင်သလောက် ဖမ်း၍
ကြသေး။

ဟန်အောင်မှန်းလဆုတ်ညက တစ်ကောင်တော့မိဖူးပါ၏။ သို့သော်
ပေက်မှာ ပိဿာတစ်ရာကျော်နီးပါးရှိသော ရေဝက်ထီးကြီးဖြစ်သဖြင့်
ပြီး တိရစ္ဆာန်ဥယျာဉ်သို့ ယူရန် သင်္ဘောပေါ်အတင်တွင် အလုပ်
ရှို့ လုပ်နည်းလုပ်ဟန်သဘာဝမကျ၍ ဆုံးပါးသွားခဲ့ရ၏။ ထို
ကြီးကို ပေါ်ရောင်းစဉ်က ငွေကလေး ကြေးကလေး တစ်ယောက်
ငါးဆယ် သုံးလိုက်ရ၏။ အခြားအခြားသော နှစ်တွေကလို သမား
ငါးဖမ်းလုပ်ငန်းကို မလုပ်ကြဘဲ ဤနှစ်မှ ဆန်းဆန်းပြားပြား ရေဝက်
လုပ်ငန်းကို လုပ်မိကြသော သူတို့၏ အကျိုးအမြတ်မှာ သည်နှစ်အတွက်
သာတည်း။

ဟန်အောင်ကျွန်းတွင် ရေဝက်ငါးဈေးမှာ တစ်ပိဿာ လေးကျပ်ရှိ
ငါးထဲမှာဆိုလျှင် ဈေးအကြီးဆုံးပင်။ သို့သော် မည်မျှ ပင်ပင်ပန်းပန်း
ဖမ်းရှာဖွေသော်လည်း တစ်လမှာ ရေဝက်တစ်ကောင် ဖမ်းမိဖို့ကား
ယ်ကူလှပေ။ ထို့ကြောင့်လည်း ဟန်အောင်ကျွန်းတွင် ရေလုပ်သား
ပေါ်များသော်လည်း ရေဝက်ဖမ်းသူဟူ၍ကား ယခင်က သီးသန့်
ပေ။ လိပ်တန်းမျှားတန်းသေည်တို့တွင် တစ်ခါတလေ မိတတ်သော
က်မှာလည်း အသေချည်းသာ ဖြစ်၏။ ရေထဲတွင် ခွန်အားဗလ
၍ ကျွဲနွားတွေထက်ပင် အားသန်သော ရေဝက်ကို အရှင်ဖမ်းမိရန်
ယ်ကူလှပေ။ ယခု ဘကြီးအောင်တို့ ရေလုပ်သားတွေ ရေဝက်ကို အရှင်
ပေးနိုင်သည်ဟု အာမခံနေ့စံခဲ့ကြသည်ကပင် "အတော် စိတ်ကူးယဉ်
တဲ့လူတွေ" ဟု အများထင်စရာ ဖြစ်လာလေသည်။

ရေဝက်ကြီးသေသွား၍ အသားရောင်းရငွေများကို ခွဲဝေမျှယူကြပြီး
ကဲ့ခင်ပင် ဘကြီးအောင်တို့မှာ ထမင်းဝတ်ကြရမည့်အရေးသို့ ဆိုက်

လာပြန်လေသည်။ ယခုဆိုလျှင် သံတောင်လံတာတို့ဖြင့် တိုင်းတာမရနိုင်လောက်အောင် နက်ရှိုင်းပြီး မိုးကောင်းကင်နှင့်အပြိုင် ကျယ်ပြောလှသော ဘင်္ဂလားပင်လယ်အော် ကြားထဲမှ ရေဝက်ငါးဖမ်းဆီးရေးလုပ်ငန်းကို လုံးဝလက်လွှတ်ရတော့မလို ဖြစ်နေလေပြီ။ ခက်သည်မှာ ဘင်္ဂလားပင်လယ်ပြင်ထဲတွင် ရေဝက်ငါးများကို အစအနမျှ ရှာမတွေ့၍ လက်လျှော့လိုက်ကြရသည် ဆိုကလည်း တော်သေး၏။ ယခုတော့ သုံးရက်တစ်ခါ လေးရက်တစ်ခါ ရေဝက်များကို ညညမှာ တွေ့နေရသလို ယခင်တစ်လလောက်ကလည်း တစ်ကောင်ရခဲ့ဖူးကြသဖြင့် ဤလုပ်ငန်းကို စွန့်လွှတ်ရန်ကလည်း ခက်နေပြန်၏။ အစအနတွင်မက အကောင်အထည်ကိုပါ တွေ့ဖူးရပြီးခါမှ ဤလုပ်ငန်းကို စွန့်လွှတ်ပစ်မည်ဆိုပါကလည်း လှကဲ့ရဲ့စရာဖြစ်နေလေမည်။

အကယ်၍ ဘကြီးအောင်တို့ ရေဝက်ဖမ်းလုပ်ငန်းကို လုံးဝ စွန့်လွှတ်လိုက်ကြပြီဆိုလျှင် လုပ်ဖော်ကိုင်ဖက်များကလည်း "အစက ခင်ဗျားကို ကျုပ်တို့ မပြောဘူးလား၊ ဒီလောက်ကျယ်ပြောနက်ရှိုင်းလှတဲ့ ပင်လယ်ကြီးထဲမှာ ရေဝက်ကို အရှင်ဖမ်းပေးနိုင်ပါတယ်ဆိုတာ ခင်ဗျားမို့ ပြောရဲတယ်ဗျာ။ အသေတောင် မနည်းဖမ်းရတဲ့ ရေဝက်ကို ခင်ဗျားက ဘယ်လိုလုပ်ပြီး အရှင်ဖမ်းနိုင်မှာလဲ၊ ပြီးတော့ ဒီရေဝက်ဆိုတဲ့အကောင်တွေက လှစ်နေအောင် ပါးတဲ့အပြင် ရေထဲမှာဆိုရင် အားခွန်ဗလကလည်း အင်မတန်ကြီးပါဘိသနဲ့၊ ဟို မျှော်တော်ဦးများမှာ လာလာပေါ်တတ်တဲ့ ရေဝက်ကြီးဆိုရင် ဘယ်ရေသရဲက ထိုးခဲ့လို့လဲ၊ လူကိုတောင် မြင်ရုံနဲ့ ရန်ရှာတဲ့ အကောင်ကြီး၊ စိတ်ကူးမလွဲစမ်းပါနဲ့ဗျာ၊ သမားရိုးကျ ငါးမန်းမျှားတဲ့ အလုပ်ပဲ လုပ်စမ်းပါ"ဟု သတိပေးစကား ပြောဖူးကြသော လုပ်ဖော်ကိုင်ဖက် တံငါသည်များ၏ စကားများကိုလည်း ဘကြီးအောင် ကြားယောင်လာလေသည်။

အမှန်က မောင်ထွီးမိန်းမ စိန်လှဖြူသာမဟုတ်၊ အိမ်က သူ့အဘွားကြီးကလည်း ကြိမ်းလှပေပြီ။ သို့သော် ဖွဲ့ကိုတော့ ဘကြီးအောင်က မလျှော့

း။ သည်နှစ်ရာသီချိန်မှာ တခြားတံငါလုပ်ငန်းတစ်ခုခု ပြောင်းလုပ်ရ
မလဲကလည်း အချိန်မီနိုင်စရာ အကြောင်းမမြင်တော့သဖြင့် ဤရေဝက်
းလုပ်ငန်းကိုသာ ဆက်၍ လုပ်နေကြလေသည်။

မရေဝက်များကို တစ်ကောင်ပြီးတစ်ကောင် မဖမ်းမိမချင်း လှေဘော်၊
နှံးမကျော်ချေနှင့် မောင်ထွီးတို့ကို ညနေတိုင်း စည်းရုံး၍ ခေါ်ရမည် ဖြစ်
ရာ ဘကြီးအောင်မှာ ယနေ့လည်း ဝတ္တရားမပျက် မောင်ထွီးကို လာ
ါပြန်၏။

သူ့မိန်းမက တရှုရှု တပူပူလုပ်နေ၍ မောင်ထွီးစိတ်မပါတော့မှန်း
ဖြင့် မောင်ထွီးနေရာမှာ လူစားထိုးရှာရအောင်ကလည်း သူ့ လုပ်ငန်း
အကောင်အထည်မပေါ်နိုင်သဖြင့် မည်သူ့ကိုမျှ ခေါ်၍ ရနိုင်မည်
ပတ်ပေ။ သာမန်ရေလုပ်သားများ မထွက်ရဲ မသွားရဲသော မာန်အောင်
ပြုံကျွန်းအောက်ရောက်ရောက်၊ စီးတော မော်ချွန်းများလွှန်၍ ရေဝဲညယ
ဂျိုင် အမြဲပွက်ထနေသော ကမားဝရိုင်အောက်ရောက်ရောက် လှေ
လေးပက်ပက်နှင့် နေ့ညမရှောင်သွားလာနေကြသော သူတို့ နောက်ကို
ယ်သူမျှ လိုက်ဝံ့ကြမည်မဟုတ်သည့်အပြင် ရေဝက်နှင့် ပတ်သက်၍
တွေ့အကြုံရပြီးသား ဖြစ်သော မောင်ထွီးကလွဲလျှင် ဘကြီးအောင်
ပြက် ရေဝက်ဖမ်းရာတွင် ကူညီနိုင်မည့်သူများမှာလည်း မာန်အောင်
ကျွန်းလုံး ရှာဖွေသော်မှ ရှုဖွယ် မမြင်တော့ပါချေ။ ထို့ကြောင့်လည်း
နိုးမက မည်မျှပင် ဆူဆူဆောင့်ဆောင့် မောင်ထွီးကိုတော့ ဘကြီး
င်က ယနေ့သလည်း အရခေါ်ရပြန်လေပြီ။

•

## အခန်း ၅

အမှောင်လမ်းကလေးအတိုင်း သိုက်ပုံရွာမှ ဆင်းလာကြသော ဘကြီးအောင်တို့အား မည်းမှောင်ကျယ်ပြောလှသော ဘင်္ဂလားအော် ပင်လယ်ပြင်ကြီးက စောင့်ကြိုနေလေသည်။ လဆိုက်ညဖြစ်၍ မိုးထက်မှ ကြယ်ပြောင်တို့၏ အရောင်နှင့် ဟိုဘက်သည်ဘက် လွန်းယှက်ပြေးဖြတ် ဘောင်ဘင်ခတ်နေကြသော ငွေလှိုင်းကြက်ခွပ်တန်း ရေရောင်တို့ကသာ ဘကြီးအောင်တို့အတွက် အားကိုးအားထားရာ အလင်းရောင်ဖြစ်ချေသည်။

ဘကြီးအောင်နှင့် လှဘော်၊ ထွန်းကျော်ချေ၊ မောင်ထီးတို့သည် သူတို့ လှေငယ်ရှိရာ ပလ္လင်တောရွာအောက် ချောင်းငယ်ဘက်သို့ အမှောင်ထဲမှာပင် တရွေ့ရွေ့ လျှောက်လာကြ၏။ ကျယ်ပြောနက်ရှိုင်းသော ပင်လယ်ပြင်ထဲမှ တဝေါဝေါအော်မြည်ကာ ပြေးတက်လာကြသော လှိုင်းခေါင်းဖြူများသည် သောင်နံ့သဲတန်းတွေကို ပြေးကျော်ကာ ချောင်းငယ်ထဲသို့ ရှဲခနဲ ရှဲခနဲ လျှောဆင်းနေကြ၏။ ဤချောင်းငယ်မှာ နွေလဆိုလျှင် အဝမှ သဲတန်းသောင်တန်းကြီး ပိတ်ဆို့နေတတ်သည်။ မိုးတွင်းရောက်မှ ချောင်းရေပေါက်ကာ ဘင်္ဂလားအော်ပင်လယ်ပြင်ကြီးနှင့် တစ်ဆက်တည်း ဖြစ်နေတတ်လေသည်။

ပေါ် လယ်ထဲမှ ပြေးတက်လာလိုက်၊ လျှောဆင်းလိုက်နှင့် တက်ချည်
ချည် ဖြစ်နေကြသော လှိုင်းခေါင်းဖြူများပေါ်တွင် လှိုင်းစီးရင်း မျော်
ပါလာကြသော ငါးများကို အလစ်ထိုးသုတ် စားသောက်ရန်
ပြောင်းစောင့်ဆိုင်းနေကြသော ဝံငှက်ကြီးများကလည်း ကျောက်
များပေါ်တွင် ငူငူကြီး ရှိနေကြလေသည်။ သူတို့၏ တီးတိုးစကား
သည် လှိုင်းခေါင်းဖြူများ၏ အသံကိုပင် တစ်ခါတစ်ခါ ထိုးဖောက်
နိုင်း ရှိနေကြသည်။ ငါးကိုမြင်လျှင် ဟစ်အော်လိုက်သော တစ်သံမှာ
ကျောက်ဆောင်တစ်ခုလုံးကို ဘောင်ဘင်ခတ်သွားသလားပင် ထင်ရ၏။

ဘကြီးအောင်တို့၏ အရိပ်အခြည်ကို မြင်ရသောအခါ ဝံငှက်ကြီး
များသည် တောင်ပံကို တဘောင်းဘောင်းပုတ်ခတ်၍ လန့်ဖျပ်ပျံပြေးသွား
ကြသည်။ သို့သော် မကြာပါချေ။ သူတို့သည် ပင်လယ်ကမ်းစပ်ကို တစ်ပတ်
မှလာနေရာကျောက်ဆောင်ကျောက်တန်းများပေါ်မှာပင် ပြန်ပြီး
နားကြပြန်သည်။

မည်းမည်းမှောင်နေသော ကျောက်ဆောင်ကျောက်တန်းများပေါ်
ရင်တစ်ရှိန်းပါးမြင့်သော ဝံငှက်ကြီးများသည် အစာမရမချင်း ဤသို့ပင်
တလုံး စောင့်စားနေတတ်ကြလေသည်။

ချောင်းငယ်ထဲက လှေကို ဘကြီးအောင်နှင့် ထွန်းကျော်ချေ လှော်၊
ထွေးတို့သည် သဲပြင်သောင်တန်းပေါ်သို့ ဆွဲတင်လာကြ၏။ ပြီးမှ
ဖန် ဘင်္ဂလားအော်ပင်လယ်ပြင်သို့ ထွက်ကြရန် ရေစပ်သို့ ချရ
သည်။

ဘကြီးအောင်တို့ လှေပေါ်အရောက်မှာပင် ကျောက်ဆောင် ကျောက်
န်းများပေါ်မှ ဝံငှက်ကြီးများသည် သဲခုံသောင်တန်းကို ကျော်ပြေး လိမ့်
က်လာသော လှိုင်းခေါင်းထိပ်ဖြူမှ ငါးတစ်ကောင်ကို ဖွဲ့ဆွဲဆင်းလုနေကြ
၏၊ ဝံငှက်ကြီးတစ်ကောင်က လူကြီးလက်မောင်းလောက် ရှိသော
ကောင်ကို မြွေနှင့်ဆင်းကုပ်ကာ အရထိုးသုတ်သွားသည်ကို အမှောင်
တွင် မွှေးစနဲ မြင်လိုက်ရ၏။ ငါးမရလိုက်သော ကျန်ဝံငှက်ကြီးများမှာ
စ်ကောင်နှင့်တစ်ကောင် အော်ဟစ်အသံပေး၍ ပင်လယ်ကမ်းစပ်

တစ်ဝိုက်တွင် အထပ်ထပ်အခါခါ ဝဲပျံနေကြလေသည်။

ဤသို့သော ပတ်ဝန်းကျင်ကို ကျောခိုင်းကာ ဘကြီးအောင်တို့သည် နက်ရှိုင်းသော ပင်လယ်ပြင်သို့ ထွက်လာကြ၏။ မကြာခင် အတော အတွင်းပင် ကမ်းခြေနှင့် ဝေး၍ လာခဲ့၏။ တောင်ဘက်တောင်ကုန်း ရွာ များဖြစ်သော အောင်ဆီပြေ၊ တောင်ရင်း၊ ကံလက်စသော ရွာများမှ မီး ရောင်များကိုလည်း မှိတ်တုတ်မှိတ်တုတ်မြင်လာရသည်။ သို့သော် ဘင်္ဂလား ပင်လယ်အော်ထဲမှာကား သိပ်သိပ်သည်းသည်း မှောင်မိုက်လျက်ပင်တည်း။

ဘကြီးအောင်သည် ပဲ့ကိုင်နေရာမှ အနောက်မိုးကုပ်စက်ဝိုင်းဘက် သို့ လှမ်းကြည့်လိုက်၏။ ရေထဲမှ ဖျပ်ခနဲ ပွင့်လာသော မီးတစ်ပွင့်ကို လက်ခနဲ မြင်လိုက်ရသည်။ ထိုမီးပွင့်သည် မိုးကုပ်စက်ဝိုင်းဘက်မှ ငွေ ကြယ်ပွင့် ကလေးများနှင့် ခြားနားလွန်းနေသည်။ တဖျတ်ဖျတ် မှိုက်တောင် ခတ်နေသော မီးပွင့်မှာ ဟန်အောင် ကျွန်းအောက်ရှိ ကျောက်ဆောင်ပေါ်မှ မာန်အောင်မီးပြပင်တည်း။

“ကျွန်းသာယာနားရောက်တော့မယ်...မင်းတို့ လှော်တက်သံတွေ သိပ်မပြည်ကြစေနဲ့”

ရေဝက်များကျက်စားရာဖြစ်သော ကျွန်းသာယာပတ်ဝန်းကျင်နှင့် နီးလာပြီဖြစ်သဖြင့် ဘကြီးအောင်က မောင်ထွီး၊ ထွန်းကျော်ချေနှင့် လှဘော်တို့ကို သတိပေးစကား ဆိုလိုက်သည်။

ဘကြီးအောင်၏ သတိပေးလိုက်သံအဆုံးမှာပင် ကျယ်ကျယ် လောင် လောင်ရှိလှသော လှော်တက်သံတို့က တိုးတိတ်ညင်သာသွားသည်။

မည်းနက်ပြောင်ချောနေသော ရေပြင်ထက်တွင် တရိပ်ရိပ် ပြေး သွားနေသော လှေဦးကို ဘကြီးအောင်က နီးတောရွာအောက်ဘက်သို့ လှည့်လိုက်၏။ ဤပတ်ဝန်းကျင်နှင့် ဤနားတစ်ဝိုက်သည် ရေဝက်များ အများဆုံး ကျက်စားရာဒေသဖြစ်လေသည်။ ထို့ကြောင့်လည်း ဘကြီး အောင်က နားနှင့်မျက်စိတို့ကို အစွမ်းကုန်စွင့်ကာ ပတ်ဝန်းကျင်ကို အကဲ ခတ်လျက် ရှိသည်။

အမှန်ကတော့ ဘကြီးအောင်သာမဟုတ်၊ တက်ကို ရေထဲ စွတ်ခနဲ

…နှ ထိုး၍ ညင်ညင်သာသာ လှော်ခတ်လာကြသော မောင်ထွီး၊ …ဟ်နှင့် ထွန်းကျော်ချေတို့ကပါ နားဖျက်စိကို အစွမ်းကုန်ဖွင့်ထား …ရလေသည်။

ရာသီချိန်မှာ မိုးအနှောင်း ဆောင်းဝင်စ သမယပင် ဖြစ်သော်လည်း …လယ်ပြင်တွင် တညင်းညင်း တိုက်ခတ်နေသော လေပြည်လေနုအား …ကြောင့် နှင်းပုလဲတို့သည် ချိုင်ချောင် ကျောက်ဆောင်များရှိရာ ကမ်း …နှံ့သော စုစည်းဖွဲ့အုံနေကြ၏။ ထို့ကြောင့် ပင်လယ်ပြင် မြင်ကွင်းမှာ …နှင်းမှောင်နေသော်လည်း အမှောင်သည် ပိပိပြင်ပြင်မရှိပေ။ အိမ့်လှိုင်းလုံး …များပေါ်မှ ရေရောင်တလက်လက်တို့ကြောင့် မိုးကောင်းကင်နှင့် ဆက် …နသော ပင်လယ်ပြင်အဆုံးကိုပင် ဝိုးတဝါး မြင်နေရ၏။ အကယ်၍ …မှက်များ အုပ်နှင့် ကျက်စားပျော်မြူးလာလျှင် မည်းမှောင်နေသော …င်လယ်ပြင်ထဲမှာ ငယက်ရေပန်းများထ၍ တဖွေးဖွေးလှုပ်ခတ် တောက် …းလာကြသည်ကို အဝေးကပင် လှမ်းမြင်နိုင်လေသည် မဟုတ်ပါလား။

ယခင်တစ်လလောက်က ရေဝက်ကြီးတစ်ကောင်ကို ဤကျွန်း …ကယာ ပတ်ဝန်းကျင်မှာပင် ဖမ်းမိခဲ့ဖူးသော်လည်း ယနေ့ညဉ့်ကား ရေ …က်များ၏ အရိပ်အယောင်များကိုပင် လုံးဝမမြင်ကြရသေးပေ။ ထို့ကြောင့် …ည်း ဓီးတောရွာနားတစ်ဝိုက်ရှိ ရေပြာအိုင်နှင့် ချိုင်ချောင်များတွင် …မှက်များ ရှိလိုရှိငြားအထင်နှင့် ဘကြီးအောင်က သူတို့၏ လှေဦးကို …မ်းခြေဘက်သို့ တစ်ခါ လှည့်လိုက်ပြန်သည်။

ဓီးတောကမ်းခြေနှင့် နီးလာသောအခါ လှော်တက်စော်သူတွေမှာ …တိဝီရိယနှင့် လှော်ခတ်ကြရ၏။ တက်ရွက်နှင့် ရေပြင်တို့ ထိသည်ကိုပင် …ကျယ်ကျယ်လောင်လောင် မမြည်အောင် အထူးသတိထားရလေသည်။ …မှက်ဆိုသော ငါးများမှာ လှစ်နေအောင် ပါးသော တိရစ္ဆာန်များဖြစ် …ဖြင့် လူသံကြားလျှင် ချက်ချင်း ငုပ်ပြေးတိမ်းရှောင်သွားတတ်၏။ လူသံကို မဆိုထားနှင့်၊ လူနံ့ရရုံနှင့်လည်း ရှောင်ပြေးပုန်းပျောက်သွားတတ် …သော သတ္တဝါမို့ ဘကြီးအောင်တို့မှာ အထူးဂရုစိုက်ကြရလေသည်။

အချိန်မှာ ညသန်းခေါင်နီးလာပြီဖြစ်သဖြင့် ကမ်းခြေတစ်ဝိုက်တွင်

နှင်းပုလဲတို့ ဝိုင်း၍ အုံ့ဖွဲ့လာကြ၏။ ခရီးမှာလည်း ဒီးတောနှင့် ကမာဝ အလယ်လောက်သို့ပင် ရောက်လာကြလေပြီ၊ သို့သော် ရေဝက်ဆိုသော ငါးများကိုကား အရိပ်အယောင်မျှပင် မမြင်ရ မတွေ့ရသေးပေ။ ထို့ကြောင့်လည်း ဘကြီးအောင်တို့က ယခင်သုံးလေးရက်လောက်ကပင် ပင်လယ်ပြင်နှင့် ချိုင်ဝတွင် ကွမ်းတစ်ရာနှစ်ရာညက်ခန့် အရှိန်ကြာကြာ မြူးသွားကြသည်ကို မြင်လိုက်ကြရသော ဒီးတောချိုင်ဘက်သို့ ရေဝက်ရှာရန် တဖြည်းဖြည်း ချဉ်းကပ်လာကြလေသည်။

"ဘကြီးအောင် ဟိုမှာ...ဟို...ဟိုမှာ..."

ထွန်းကျော်ချေ၏ အသံက ဘကြီးအောင်ကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။ လှဘော်နှင့် မောင်ထွေးတို့ကလည်း လှေလှော်ခတ်နေရာက တက်ကို ရုတ်ခြည်းရပ်၍ ထွန်းကျော်ချေ မျက်နှာမူထားရာ ပင်လယ်ပြင်ဘက်သို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြ၏။

ဒီးတောရွာ အလွန်လောက်ဟု ခန့်မှန်းရသော ပင်လယ်ရေပြင်ထက်တွင် ရေပန်းရေမြှာများ ဖွေးခနဲ ဖွေးခနဲ ပွင့်လက်လာနေသည်ကို အမှောင်ထဲမှာပင် အတော်ဝေးဝေးက လှမ်းမြင်နေရ၏။ သူတို့ စိုက်ကြည့်နေကြချိန်မှာပင် နောက်ထပ် ရေပန်းပွင့်တစ်ပွင့်က အမှောင်ထဲတွင် ထပ်ဆင့်၍ ပေါ်လာပြန်သည်။ ဘဂ်လားအော်ပင်လယ်ပြင်ထဲမှ တရွေ့ရွေ့ လိမ့်လာနေသော ရေပန်းရေမြှာများကို စိုက်ကြည့်ပြီး ဘကြီးအောင်နှင့် ထွန်းကျော်ချေ၊ လှဘော်၊ မောင်ထွေးတို့၏ ရင်ထဲမှာ ဝမ်းသာမှု လှိုင်းဂယက်တွေ ဘောင်ဘင်ခတ်သွားလေသည်။

"ဟုတ်ပြီ...ဟုတ်ပြီ...တစ်နေ့က ဒီးချိုင်ဝမှာ တို့တွေ လိုက်ကြတဲ့ ရေဝက်သားအမိဖြစ်မှာပဲ၊ တို့တွေ နောက်ယောင်ခံလိုက်ကြမှ"

ဘကြီးအောင်က ရေဝက်သားအမိနောက်ကို နောက်ယောင်ခံလိုက်ကြရန် ချက်ချင်းပြောလိုက်သည်။

ရေဝက်သားအမိတို့ သွားရာလမ်းဝယ် ရေပန်းများက သုံးလေးလံစီ အကွာအဝေးမှ တစ်ချက်တစ်ချက်စီ ပွင့်ကျန်ရစ်ခဲ့သဖြင့် သွားလမ်းကို ထင်ထင်ရှားရှား မြင်နေရသည်။ ရေဝက်သားအမိတို့ ဖြတ်သွားနေသော

နှင့် ဘကြီးအောင်တို့ လှေငယ်မှာ သံတောင် လံတာ သုံးရာကျော် ဖလှုပ်ငံဝေးနေသဖြင့် လှေလှော်ခတ်သံကိုတော့ ရေဝက် သား ...ည်း ကြားနိုင်လိမ့်ဦးမည်မဟုတ်ပေ။

"မဟား ခပ်ပြင်းပြင်းသာ လှော်လိုက်ကြကွာ၊ အလှမ်းက သိပ်ဝေးပါ ...ယ်၊ တို့လှေခတ်သံကို ခင်းတို့သားအမိကြားနိုင်မှာ မဟုတ်သေး ...။ ဖြည်းဖြည်း လှော်ခတ်ကြဖို့ ငါပြောမယ်..."

ဘကြီးအောင်၏ အမိန့်အတိုင်းပင် ထွန်းကျော်ရွှေ၊ မောင်ထွီးနှင့် ...တို့က လေးလံနှစ်တောင် လှေငယ်ကို တအားကုန်လှော်ခတ်၍ ...သားအမိနောက်ကို တကောက်ကောက် လိုက်လာကြတော့ သည်။

ရေဝက်များမှာ နက်ရှိုင်းသော ပင်လယ်ထဲတွင် နေသည့်ငါးတစ်မျိုး ...ဖြစ်သော်လည်း လိပ်များပမာ ရေပြင်ပေါ်တက်၍ မကြာမကြာ ...က်ရှူရလေသည်။ ထို့ကြောင့်လည်း ရေထဲမှ ရှူးခနဲ အပေါ်တက်ပြီး ...က်ရှူလိုက်တိုင်း ရေပန်းရေမြှာတွေက အမှောင်ထဲတွင် ဝင်းခနဲ ...ခနဲ ပွင့်သွားတတ်လေသည်။ ဤလိုရာသီမျိုးမှာ ရေဝက်မများ ...းခွဲချိန်၊ နို့ဖြတ်ချိန်လည်း ကောင်းစွာ မရောက်သေးသဖြင့် အကယ်၍ ...က်မ တစ်ကောင်သွားလျှင် နို့စို့သားငယ်တစ်ကောင်နှစ်ကောင်ကတော့ ...၏ နောက်တွင် အမြဲပါတတ်လေသည်။

ရေဝက်ငါးမှာ တခြားငါးများလို ဥမှပေါက်၍ ကြီးပြင်းလာသော ...မဟုတ်ဘဲ ကုန်းပေါ်မှ ဝက်များလိုပင် ကိုယ်ဝန်ဆောင်၍ အကောင် ...ပေါက်ကာ နို့တိုက်ကြီးပြင်းလာရသော ဆန်းဆန်းပြားပြား ငါး တစ်မျိုး ...စ်လေသည်။ တခြားငါးများလို များများစားစား မပေါက်ဘဲ တစ်ခါ ပေါက်လျှင် နှစ်ကောင်အများဆုံးဖြစ်လေသည်။ တစ်မိပေါက်တွင် ...ထီးအမ တစ်ကောင်စီသာပါတတ်လေရာ ရေဝက်၏ မျိုးဆက်မှာလည်း ...မ်ပွားရန် အလွန်ပင် ခဲယဉ်းလှလေသည်။

"ဟေး နီးလာပြီကွ နီးလာပြီ၊ ဖြည်းဖြည်းလှော်ခတ်ကြ၊ ချိုင်ကို ...င်မှာလည်း သေသေချာချာ ကြည့်ထားကြကွ၊ ညဆိုရင် ငါက မျက်လုံး ...ိပ်ကောင်းတာ မဟုတ်ဘူး"

သုံးလေးလံအကွာတွင် တစ်ခါပေါ်ပြီး တစ်ခါဒီ ပြန်ငုပ်သွားတတ်သော ရေဝက်သွားလမ်းနှင့် ဘကြီးအောင်တို့ လှေငယ်ကလေးက ပေတစ်ရာကျော်လောက် အနီးသို့ပင် ရောက်လာသောအခါ ဘကြီးအောင်မှာ မောင်ထွီး၊ ထွန်းကျော်ချေ့၊ လှဘော်တို့ကို ထပ်ပြီး သတိပေးရပြန်လေသည်။

အနောက်မိုးကုပ်စက်ဝိုင်းဖြစ်သော ဘင်္ဂလားအော် ပင်လယ်ပြင်ဘက်မှ ငုပ်လိုက်ပေါ်လိုက်နှင့် ပြေးလာနေသော ရေဝက်သားအမိမှာ ဘကြီးအောင်တို့ စထွက်လာစဉ်က မြတ်လာခဲ့ကြရသော အောင်ဆီပြေနှင့် သမ်ပုံရွာအောက် ပင်လယ်ပြင်ဘက်သို့ပင် ရောက်လာကြလေပြီ။ ဘယ်ကမ်း ဘယ်ချိုင့်ထဲဝင်ရန် လာနေကြမှန်း မသိသော ရေဝက်သားအမိ၏ နောက်ကို ဘကြီးအောင်တို့က တကောက်ကောက်လိုက်နေကြတုန်းပင်တည်း။

ရေဝက်သားအမိတို့ တစ်ချိုင့်ချိုင့် တစ်ကမ်းကမ်းကို ကပ်သွားပါမှ ဘကြီးအောင်တို့က ပိုက်နှင့် ဝိုင်းဖမ်းနိုင်ကြမည်ဖြစ်လေသည်။ သူတို့၏ သံတောင် လံတာ တစ်ရာကျော်သော ရှည်လျားသော နိုင်လွန်ပိုက်နှင့် ယခုလို ကျယ်ပြောလှသော ပင်လယ်ပြင်ထဲတွင်တော့ ရေဝက်ငါးကို ဖမ်းရန် မလွယ်ကူလှပေ။ နိုင်လွန်ပိုက်ကို ရေထဲ မျှောလွှတ်လိုက်လျှင်လည်း နိုင်လွန်ပိုက် အရိပ်အယောင်၊ လှုရိပ်လှုယောင် မြင်သည်နှင့်တစ်ပြိုင်နက် ရေဝက်များသည် နက်ရှိုင်းသော ရေအောက်က ငုပ်လျှိုး၍လည်းကောင်း၊ မပိုင်းမနေမိဘဲ လွှတ်နေသော ရေပြင်ပေါ်ကလည်းကောင်း ပျောက်ပြေးလစ်ထွက်သွားနိုင်လေသည်။ ထို့ကြောင့်လည်း ဘကြီးအောင်တို့မှာ ရေဝက်သားအမိ ဟိုကမ်းကပ်နီးနီး သည်ချိုင့်ဝင်နီးနီးနှင့် မျှော်ကိုး စောင့်စားလျက် လိုက်ပါလာကြရင်း သူတို့၏ သိုက်ပုံရွာအောက် ပင်လယ်ပြင်ကိုပင် လွန်ကာ မျှော်တော်ဦး မော်စွန်းဖျားသို့သာ ရောက်လာလေသည်။ ရေဝက်သားအမိကား ဘယ်ချိုင့် ဘယ်ကမ်းမှ မဝင်မကပ်ကြသေး။

ဤသို့နှင့်ပင် ညအချိန်မှာ သန်းခေါင်လွန်၍ နာရီပြန်တစ်ချက်နှစ်ချက်တီးအချိန်သို့ ရောက်လာသော်လည်း ရေဝက်သားအမိကား

ဘယ်ရှိုင်ဘယ်ကမ်းမှ မဝင်မကပ်ကြသေးပေ။ တဖြည်းဖြည်းနှင့် မောင် ကျွန်းဦးနားသို့သာ ရောက်လာလေသည်။

"လင်းပြန် လင်းရှူး (လင်းပိုင်)များ ဖြစ်နေရော့လား ဘကြီးအောင် ။ ရေဝက်သာမှန်ရင် ခုလောက်ဆို ကမ်းကပ်ဖို့ ကောင်းနေပြီဗျ"

သိုက်ပုံရွာအောက် ပင်လယ်ပြင်မှသည် မျှော်တော်ဦးရွာအောက် ရောက်လာပြီ ဖြစ်သော်လည်း ဘယ်ကမ်းဘယ်ချိုင်မှ မဝင်မကပ် းသော ရေဝက်သားအမိသွားရာလမ်းကို မျှော်ကြည့်ကာ မောင်ထွီးက ယဖြစ်ဖွယ် စကားကို ဆိုလိုက်သည်။

မောင်ထွီးပြောသည်မှာ အမှန်ပင် ဖြစ်၏။ အကယ်၍ ယခု သူတို့ မ်းမြင်နေရသော ရေပန်းရေမြွှာများ မှင့်သွားရာလမ်းမှာ ရေဝက် းအမိသာ အမှန်ဖြစ်ချေက တစ်ကမ်းကမ်း တစ်ချိုင်ချိုင်ကိုတော့ ဝင် ပ်ဖို့ အချိန်တန်လေပြီ။ ရေဝက်များ၏ သဘာဝမှာ နေ့ခင်းနေ့လယ် တွင် လူသူမနီးသော ပင်လယ်ပြင်ထဲ၌ ကျက်စားတတ်ပြီး ညအခါဆိုလျှင် လူသူလေးပါးနှင့် ကင်းဝေးသော ပင်လယ်ကမ်းခြေရှိ ချိုင်ချောင် ရေပြာ င်များကို ဝင်ကပ်တတ်သည်။ ချိုင်ချောင်ရေပြာအိုင်များရှိ ကျောက် ခါင်းကျောက်လိုဏ်များထဲတွင် ကျောက်မှော်ကျောက်ညှိများကို တစ်ည ပုံး စားကာ မိုးမလင်းခင် ပင်လယ်ပြင်သို့ ပြန်ထွက်တတ်၏။ ထို့ကြောင့် လည်း ရေဝက်များကို နေ့ခင်းနေ့လယ်တွင် ကမ်းခြေ၌ အလွန်တွေ့ရမြင်ရ လှပေသည်။ ယခုအခါ သူတို့ လိုက်လာကြသော ရေဝက်သားအမိမှာ ယ်ကမ်း ဘယ်ချောင်မှ မကပ်သေးခြင်းအတွက် မောင်ထွီးပြောလို စဉ်းစားစရာ ဖြစ်လာလေသည်။

"အေး...ငါလည်း မင်းပြောမှ တွေးမိတယ်။ လင်းရှူး (လင်းပိုင်) လင်းပြန်တွေများ ဖြစ်နေလေရော့လား"ဟု ဘကြီးအောင်က စဉ်းစဉ်းစား စား ဆိုသည်။

"အချိန်ကလည်း သန်းခေါင်တောင် လွန်လာပြီဆိုတော့ မထူးတော့ ပါဘူး ဘကြီးအောင်ရယ်။ နည်းနည်းတော့ လိုက်ပြီး စောင့်ကြည့်ကြမယ် လေ။ မဟုတ်သော်ရှိ ဟုတ်သော်ရှိပေ့ါဗျာ..."

လှဘော်က မဟုတ်သော်ရှိ၊ ဟုတ်သော်ရှိ လိုက်စောင့်ကြည့်ပါဦးဟု ဆိုသော စကားကို မောင်ထွီးကတော့ သိပ်သဘောမတွေ့လှပေ။ ဒီးတော ဘက်ကပင် လှေငယ်ကို အပြင်းလှော်ခတ်လာကြသဖြင့် လူတွေမှာ မောနေလေပြီ။ သို့သော် နက်ရှိုင်းကျယ်ပြောလှသော ပင်လယ်ထဲတွင် တစ်ယောက်နှင့်တစ်ယောက် နှင်ဘဲငဆ မပြောကောင်းသဖြင့် ဘကြီးအောင် မျက်နှာကိုသာ လှမ်းကြည့်ကာ လူကြီးလုပ်သူ၏ အဆုံးအဖြတ်ကို ခံယူနေလေသည်။

"မင်းတို့ သဘောပါပဲလေ၊ စောင့်လိုက်ကြည့်ချင်ကြသေးသပဆိုရင်လည်း စောင့်ပြီး ကြည့်ကြတာပေါ့။ အေး…ဒါပေမယ့် ငါတစ်ခု ပြောမယ်၊ ဒီလောက် ဝေးဝေးလဲလဲက မလိုက်ကြနဲ့တော့။ နီးနီးကပ်ကပ် သွားလိုက်ကြည့်ကြရအောင်…တကယ်လို့ ရေဝက်ဆိုရင်တော့ လှေရိပ်လျှမြည် မြင်တာနဲ့ ပြေးမှာပဲ။ ကဲ…နည်းနည်းအားစိုက်ပြီး လှော်လိုက်ကြဦးကွာ"

အစက ရေဝက်ဟု ထင်၍ ခပ်ခွာခွာမှ နောက်ယောင်ခံလိုက်လာကြသော ဘကြီးအောင်တို့လှေမှာ ယခုအခါ ရေပန်းရေမြွှာများ မှုန်လွှင့်ယှက်နေရာနှင့် အနီးဆုံးသို့ ရောက်အောင် လှေကို တအားစိုက် လှော်ခတ်လာကြသည်။

မည်းနက်ပြောင်ချောနေသော ရေပြင်တွင် ပလုံစီ ကျန်ရစ်ခဲ့သော ရေမြှုပ်ရေမြွှာများ စွပ်ကြောင်းထဲသို့ ဘကြီးအောင်က သူတို့၏ လှေဦးကို တည့်ပေးလိုက်သည်။ တဖြည်းဖြည်းနှင့် မျှော်တော်ဦးအငူစွန်း လွန်လာသည့်အပြင် သူတို့က ရေဝက်သားအမိထင်၍ နောက်ယောင်ခံ လိုက်လာကြသော ရေသတ္တဝါမှာ ယခုအခါ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်း ရေလက်ကြားအစသို့ပင် ဝင်စပြုနေလေပြီ။ ဘကြီးအောင်တို့ လှေနှင့် ပေအစိတ်၊ သုံးဆယ်လောက်သာ ဝေးကွာနှင့်ပြီးဖြစ်သော်လည်း သူတို့က ရေဝက်ဟု ထင်ရသော ရေသတ္တဝါကား သူတို့၏ လှေရိပ်လျှမြည်ကို လုံးဝဂရုမစိုက်ဘဲ သူတို့ရှေ့ကသာ အရှိန်မပျက် ငုပ်ချည်ပေါ်ချည် သွားနေလေသည်။

"ကျွန်တော်မပြောဘူးလား ဘကြီးအောင်ရယ်…လင်းပြန်ဗျ လင်း

"ကိုမှာတွေ့လား ရေ့ကျွမ်းနောက်ကျွမ်းပြန်ပြီး မှျဉ်အုပ် နောက်ကို
းနေတာ...နှစ်ကောင်တောင်"
မှန်သည်။ လင်းပြန်နှစ်ကောင်သည် ပင်လယ်နက်ထဲမှ ကမ်းခြေသို့
လာသော မှျဉ်အုပ်နောက်ကို လိုက်၍ ဖမ်းစားနေကြလေသည်။
လင်းပြန်မှာ သာမန်အားဖြင့် သူတို့ဆီက လင်းရှူးဟု ခေါ်သော
ငါးနှင့် ဆင်ဆင်တူသည်။ လင်းပြန်မှာ လင်းပိုင်ကဲ့သို့ပင် လူတွေအား
မှ အနှောင့်အယှက် မပေးတတ်ပေ။ လင်းပိုင်နှင့် လင်းပြန်တို့ ကွာခြား
မှာ လင်းပိုင်က ရှည်မျောမျော ရှိပြီး လင်းပြန်က မှိုင်းသည်။ လင်းပိုင်
လည်း လူနှင့် ယဉ်ပါးပြီး ကျောကုန်းတွင်လည်း ဆူးတိုင်တစ်ချောင်း
ည်။ ထိုဆူးတိုင်ကို မိမိရရကိုင်ပါလျှင် ဘာမှ မလုပ်နိုင်တော့ဘဲ ရှက်
ငြိမ်သက်သွားတတ်သည်။ ထို့ကြောင့်လည်း ငါးအုပ်မှျဉ်အုပ်နောက်
လိုက်ဖမ်းစားရင်း ငါးအုပ်မှျဉ်အုပ်ထဲတွင် ရောပါလာတတ်သော
းပြန်ငါးကို ပိုက်သမားများက မကြာမကြာ ဖမ်းမိတတ်ကြသည်။
သော် ထိုလင်းပြန်ငါးမှာ ငမန်းလိပ်ကျောက်နှင့် တခြား သားကြီး ငါးကြီး
းလို ပိုက်သမားများအား လုံးဝ ရန်သတ္တုရှမပြုသဖြင့် ပိုက်မှာ မိနေပြီ
လျှင် ကျောကုန်းက ဆူးတိုင်ကို ကိုင်ဖမ်းကာ ပိုက်သမားတွေက
လယ်ပြင်ထဲ လွှတ်ပစ်တတ်ကြ၏။
ပိုက်မှာမိသဖြင့် လူတွေက ပြန်လွှတ်ပစ်လျှင် တစ်ခါတစ်ခါ ဆောက်
ပ်ရာမရလောက်အောင် ပင်လယ်နက်ထဲသို့ လန့်ပြေး ထွက်သွားတတ်
်လည်း ပိုက်၌ သုံး လေးခါ အမိခံဖူးပြီး လူတွေက သူ့အား မည်သည့်
သတ္တုရကိုမျှ မပြုဘဲ ပြန်လွှတ်ပစ်တတ်မှန်းသိနေသော လင်းပြန်များ
လျှင် ပြန်လွှတ်၍ပင်မသွားဘဲ ပိုက်နောက်တွင် ရစ်သီ ရစ်သီလုပ်ကာ
ပေါက်၍ ပိုက်ထဲမှ ငါးမှျဉ်များ အန်ထွက်အလာကို ငေးငမ်းပြီး ပိုက်
က် လူနောက်ကို တကောက်ကောက် လိုက်ပါနေတတ်၏။ လူတွေမှာ
းမှုရေး၊ မှျဉ်ရရေးအတွက် ရေထဲ၌ လုံးပမ်းနေကြရသည့် အချိန်တွင်
ပေါက်နီးပါးရှိသော သူ့ကိုယ်လုံးနှင့် ဝင်ပြီး မတိုးမတိုက်မိအောင်၊ သူ့
ကျောကုန်းက ဆူးနှင့် မထိမနိုက်မိအောင် မနည်းကြိုးစားပြီး ရှောင်နေ

ရသည်မှာလည်း အလုပ်တစ်ခုလို ဖြစ်နေသဖြင့် စိတ်မရှည်သော အချို့ ပိုက်သမားများက ခေါင်းကိုတက်နှင့် ခပ်ဆတ်ဆတ် ထိုး၍ပင် အော်ငေါက် လွှတ်ရသည်။

သို့သော် လူငယ်တွေက ဤသို့ မောင်းပစ်သည်ကို ပိုက်သူကြီး လှေ သူကြီးများ မြင်သွားလျှင်တော့ အဆူအဆဲ ခံကြရ၏။ ပိုက်သူကြီးများ ယုံကြည်ထားကြသည်မှာ လင်းပိုင်(လင်းရှူး)လင်းပြန်ငါး စသည်တို့မှာ လူ တွေ၏ မိတ်ဆွေသာ။ သို့မဟုတ် ပင်လယ်ပြင်တွင် လှသားတွေအား စောင့်ရှောက်တတ်သော နတ်ထားငါးတစ်မျိုးသာဟု ယူဆထားကြလေ သည်။ ထို့ကြောင့်လည်း လင်းပြန် လင်းပိုင်(လင်းရှူး)ငါးများကို ပိုက်၌ အကြိမ်အခါ မည်မျှမိမိ ပြန်၍ချည်း လွှတ်ပစ်တတ်ကြ၏။ သူတို့ကို လူ တွေက ရန်မမူမှန်းသိ၍လည်း လင်းပိုင်(လင်းရှူး) လင်းပြန် စသည့်ငါး များသည် လူများနှင့် ယဉ်ပါးပြီး လှတွေသွားရာနောက်ကို လိုက်နေခြင်း ဖြစ်လေ သည်။

ယခုလည်း ကြည့်ပါဦး။ ဘကြီးအောင်တို့က ရေဝက်အထင်နှင့် လိုက်လာကြသော လင်းပြန်မောင်နှံမှာ ဘကြီးအောင်တို့လှေက သူတို့ အနားသို့ တဖောင်းဖောင်း လှော်ဝေ့၍ ရောက်လာသော်လည်း သူတို့ ကမူ မှုဉ်စား မပျက်ကြပေ။ ရေပြင်ထဲတွင် ပျော်မြူး၍သာ...။

လင်းပြန်မောင်နှံကို ရေဝက်သားအမိနှစ်ကောင်ထင်၍ ဘက်လား ပင်လယ်အော်မှသည် ရမ်းဗြဲ၊ မာန်အောင် ရေလက်ကြားထိ မောမော ပန်းပန်းနှင့် လိုက်လာကြသော ဘကြီးအောင်တို့မှာ လင်းပြန်မောင်နှံကို ဥပေက္ခာပြုပြီး လှေဦးကို မာန်အောင်ကျွန်းဘက်သို့ တစ်ဖန်ပြန်လှည့် လိုက်ပြန်လေသည်။

လင်းပြန်မောင်နှံ ကျွမ်းထိုးမှောက်ခုန် ပျော်မြူး၍ စားသောက်နေ ကြသော မှုဉ်အုပ်ကို ဖမ်းယူနိုင်သော မှုဉ်ပိုက်ကလည်း သူတို့တွင် ပါမလာ ချေ။ သူတို့တွင် ပါလာသော နိုင်လွန်ပိုက်မှာ ရေဝက်ဖမ်းရန် ဖြစ်သော ပိုက်ကြီးသာတည်း။

ပြီးကာပင် ရေခက်ဖမ်းရန်ဟု အမှောင်လမ်းကလေးအတိုင်း ရွာမှ ...ကြသော ဘကြီးအောင်တို့မှာ အစုလည်း မိုးမလင်းခင်မှာပင် မှောင်လမ်းကလေးအတိုင်း ရွာသို့ ပြန်ခဲ့ကြရ၏။ သူတို့ဖမ်းဆီးလိုသော ...က်ကိုကား ယနေ့ညမှာလည်း ဖမ်းမရခဲ့ကြပြန်ချေ။

*

## အခန်း သုံး

ပလွှင်ချိုင့်ထဲတွင် တက်လှိုင်းနှင့် ကျလှိုင်းသံတွေက တသောသော ညံနေကြသည်။ ချိုင်ဘေးပတ်လည်တွင် လူတစ်ရပ်နှစ်ရပ်ခန့် အမြင့် ရှိသော ကျောက်ဆောင်ကျောက်တန်းများကို ပင်လယ်ပြင်မှ လိမ့်တက်လာကြသော လှိုင်းခေါင်းဖြူတို့က အဆက်မပြတ်အော်၍ ရိုက်ခတ်နေကြ၏။ ကျောက်ဆောင်ကို ရိုက်ခတ်နေကြသော လှိုင်းခေါင်းဖြူတို့ အလုံးကွဲ၍ ဘေးသို့ စဉ်ထွက်သွားကြသောအခါ ကျောက်ဆောင် ကျောက်တန်းများပေါ်ရှိ ရေခွက်ရေအိမ်များထဲတွင် ငါးသေး ငါးငယ်လေးများကို ရှာဖွေကောက်စားနေကြသော ဖျိုင်းဖြူတို့မှာ ရေလှုပ်လှိုင်းလှုပ်ရာသို့ နေရာ ကွေ့ရှောင်ပြေးရင်း ရုတ်ရုတ်သဲသဲ ဖြစ်နေကြ၏။ ဒီရေအိနေချိန်က ထို ကျောက်ဆောင် ကျောက်တန်းများမှာ ပင်လယ်ရေထဲတွင် နစ်မြုပ်နေကြသဖြင့် ဒီရေအကျကို သတိမထားမိဘဲ ပျော်မြူးနေကြသော ငါးများမှာ ယခုအခါ ကျောက်ဆောင်ကျောက်တန်းများပေါ်ရှိ ရေခွက်ရေအိုင်ငယ်များထဲတွင် တင်ပြီး ဖျိုင်းတို့၏ အစာအာဟာရ ဖြစ်နေကြလေပြီ။

ကျောက်ဆောင်ကို ထိပြီး အလုံး ကွဲစဉ်ထွက်လာသော ပင်လယ်ဒီလှိုင်းတို့ကြောင့် ရုတ်ရုတ်သဲသဲဖြစ်နေကြသော ငွေဖျိုင်းဖြူများကို ငေးကြည့်ကာ "တက်လှိုင်းကအုူ ကျလှိုင်းဆူ...ဖျိုင်းဖြူသဲသဲ၊ ပင်လယ်ပေါ်မှာ ပျံကာဝဲကာ ဝမ်းရေးတွက်တာ"ဟူသော ရခိုင်ကျေးလက်ကဗျာ တစ်ပိုင်းတစ်စကို ဘကြီးအောင်က သတိရလျက် ရှိလေသည်။

မှန် ပဲတော့ ငွေရိုင်းပြူများသာမဟုတ်၊ ဘကြီးအောင်မှာလည်း မတွေ့က် လုံးပမ်းရန် ဤပလ္လင်ချိုင်သို့ ရောက်လာရခြင်း ဖြစ်လေ ။ ပို့ယေသဉ် ရိုင်းများလို အဖော်အပေါင်းနှင့်ကား မဟုတ်၊ သူက ယောက်တည်းသာ ဖြစ်လေသည်။

ယုတ်ဖမ်းဆီးရေးလုပ်ငန်းကို ဘကြီးအောင်တို့သည် ယခင် တစ်လ ယောက်ကပင် စ၍ လုပ်ကိုင်ခဲ့ကြ၏။ သို့သော် ယခုထိ သူတို့ ခန့်မှန်း သော ရေဝက်များကို မဖမ်းမိနိုင်ကြသေး။ အပြောကျယ်လှသော ားပင်လယ်ပြင်တွင် ရေဝက်များ သွားလမ်းလာ လမ်းကို နှစ်ရက် ါ သုံးရက်တစ်ခါ တွေ့ကြရသော်လည်း ဤကမ်း ခြေတစ်လျှောက်တွင် ျာင်တွေကလည်း ပေါများလှသဖြင့် ဘယ်ချိုင် ဘယ်ချောင်ကို တက် ား ယခုထိ ဘကြီးအောင်တို့ အတိအကျ ခန့်မှန်း၍ မရနိုင်ကြသေး။ နေ့ကလည်း လင်းပြန်အထီးအမ နှစ်ကောင်ကို ရေဝက်သားအမိ ၍ လိုက်ကြရာ အမောသာ အဖတ်တင်ခဲ့ကြလေသည်။ ဤသည်တို့ ့ာင့်လည်း ဘကြီးအောင်နှင့် လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသော ောင်ထွီး၊ ထွန်းကျော်ချေနှင့် လှဘော်တို့မှာ ဤလုပ်ငန်းကို လုံးဝ စိတ် ်စားကြတော့ဘဲ ဘကြီးအောင် သွားခေါ်လျှင် အကြောင်းအမျိုးမျိုး ာ ရှောင်နေကြလေသည်။ ဤသူငယ်များ ရေဝက်ဖမ်းလုပ်ငန်းကို ပေါ်ကြတော့မှန်း ကောင်းစွာ သိထားပြီး ဖြစ်သော ဘကြီးအောင်သည် ယ်ချောင် ဘယ်ချိုင်များကို ရေဝက်များ အဝင်အထွက်ရှိသည်ကို စ်ယောက်တည်း လာ၍ ထောက်လှမ်းနေခြင်း ဖြစ်၏။

ဘကြီးအောင်၏ အကြံအစည်မှာ အကာလ ညအချိန်၌ ပင်လယ် တွင် ရေဝက်များ အသွားအလာကို နောက်ယောင်ခံလိုက်ရှာကာ ချိုင် စ်ချိုင်ချိုင်၊ ချောင်တစ်ချောင်ချောင်၌ လှောင်ဖမ်းမည့်အစား ဘယ်ချိုင် ယ်ချောင်ကို ရေဝက်များ မှန်မှန်တက်စားတတ်သည်ကိုသိမှ မောင်ထွီး၊ ဘော်နှင့် ထွန်းကျော်ချေတို့ကို ခေါ်ကာ အကာလညအချိန်ဝယ် ကျွန်း ပေါက် လာဖမ်းရန် ဖြစ်သည်။ ဤသို့မဟုတ်လျှင် သူတို့ကိုခေါ်မရ ုံ့ာမရသော အခြေအနေသို့ ဆိုက်ရောက်နေရသည်မို့ ဤသို့ ကြံစည်

အားထုတ်နေရခြင်း ဖြစ်လေသည်။ ဤအကြံအစည်တို့ကြောင့်လည်း ဘကြီးအောင်သည် လူငယ်များကို မခေါ်တော့ဘဲ တစ်ယောက်တည်း ရေဝက်ကင်းထောက်ရန် ပလွှင်ချိုင့်ထဲသို့ ရောက်လာခြင်း ဖြစ်လေသည်။

ဘကြီးအောင်သည် ပလွှင်ချိုင့်ရေစပ်သို့ ဆင်းလာ၏။ ဘကြီးအောင်ကို မြင်သောအခါ အစာရှာစားနေသော ငှက်ချိုင်းဖြူများက ခုန်ဆွခုန်ဆွနှင့် အတော်ဝေးဝေးသို့ ရှောင်ပြေးသွားကြသည်။ ဤပလွှင်ချိုင့်မှာ ရွာနှင့် ဝေးသဖြင့် လူသူလေးပါးကလည်း အရောက်အပေါက်နည်းပြီး တိတ်ဆိတ်နေ၏။ ဤချိုင့်ကို နတ်ကြီးသည်၊ ရေသူမများပင် ရှိသည်ဟု ယူဆကြသဖြင့် သာမန်ရွာသားများပင် ဤချိုင့်ထဲသို့ သားငါးရှာရန် မလာရဲကြပေ။ ဘကြီးအောင်တို့ ငယ်စဉ်ကဆိုလျှင် ဤချိုင့်နှင့် ပတ်သက်သော ရေသူမပုံပြင်တစ်ခုကိုလည်း အဘိုးအဘွားများပြောပြ၍ ဘကြီးအောင် ကြားဖူးနားဝ ရှိထားလေသည်။ အမှန်ကတော့ ဤချိုင့်နှင့် ပတ်သက်သော ရေသူမပုံပြင်ဆိုလျှင် ဘကြီးအောင်သာမဟုတ်၊ သူတို့ တစ်ရွာလုံးရှိ လူကြီး လူငယ်၊ လူရွယ်လူလတ်မရွေး အားလုံးကြားဖူးကြသူများချည်း ဖြစ်သည်။

ဤချိုင့်နှင့် ပတ်သက်၍ အဘိုးအဘွားများ ပြောပြသော ရေသူမပုံပြင်မှာ ဆွတ်ပျံ့ဖွယ်ရာ မရှိဘဲ အမှန်တကယ်သာ ဆိုပါက အံ့ဩရင်နာဖွယ်ရာသော...ရှေးပဝေသဏီက ဤပလွှင်ချိုင့်ထက်ရှိ တောင်ခြေရင်းတွင် တဲကလေးတစ်လုံး ဆောက်ကာ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုရသော မောင်ရွှေနီဆိုသည့် တံငါသည်တစ်ယောက် ရှိခဲ့လေသည်။ မောင်ရွှေနီသည် နေ့စဉ်နှင့်အမျှ အကာလ ညအချိန်တွင် ဤပလွှင်ချိုင့်သို့ လာ၍ ကွန်ပစ်တတ်၏။ သူကွန်ပစ်၍ ရသော သားငါးများကို ရွာနီးချုပ်စပ်ရွာများတွင် လှည့်လည် ရောင်းချရင်း သက်မွေးဝမ်းကျောင်း ပြုနေလေသည်။

အလွန်မှောင်မိုက်သော အကာလတစ်ညတွင် မောင်ရွှေနီသည် ဤချိုင့်၌ ကွန်ပစ်ရင်း ရေသူမတစ်ကောင်ကို ပိုက်ကွန်နှင့် ငြိပြီး ဖမ်းဆီးရလာခဲ့သည်။ မောင်ရွှေနီသည် အလွန်တရာ လှပသော ရေသူမကို သူ့တဲအိမ်၌ပင်ထားကာ သားမယားအဖြစ် ပေါင်းသင်းနေထိုင်လေရာ ကလေး

...ကပ်ပင် မွေးဖွားသောကာလသို့ ရောက်ခဲ့လေသည်။ မောင်ရွှေနီ ...နီး ရေသူမသည် မောင်ရွှေနီကွန်ပစ်သွားရာ ပင်လယ်ကမ်းခြေသို့ ...း လိုလို လိုက်ပါလေ့ရှိ၏။

...တစ်ညတွင် ပလ္လင်ချိုင့်၌ ကွန်ပစ်ကြရင်း မောင်ရွှေနီက သူ့ဇနီး ...မအား "မင်းကိုဝါ ဒီနေရာက ရခဲ့တာပဲ" ဟု အမှတ်မထင်ပြမိလေရာ ...မသည် စိတ်စိတ် ချက်ချင်း ပြန်ဝင်ပြီး ထိုနေရာကပင် ရေထဲသို့ ဝုန်းခနဲ ...၍ ပျောက်ကွယ်သွားလေသည်။ ဇနီးချောလေး ရေသူမက သူနှင့် ...သမီးတို့ကို ပစ်ပြေးသွားသဖြင့် မောင်ရွှေနီမှာ မစားနိုင် မအိပ်နိုင် ...ကျပလ္လင်ချိုင့်သို့ နေ့စဉ်လာကာ မှိုင်တွေနေတတ်လေသည်။ ညအခါ ...ရင်လည်း သူ့ဇနီးကို ပြန်တွေ့လိုတွေ့ငြား ဤချိုင့်၌ပင် အမြဲ ကွန်ပစ် ...နေတတ်၏။ သို့သော် ရေသူမကိုကား ပြန်၍ မတွေ့ရတော့ပေ။

ဇနီးသည် ရေသူမက သူ့အား ပစ်ပြေးသွားပြီး လေးငါးလလောက် ...ကြာ တစ်နေ့တွင် သူ့ဇနီး ရေသူမအား ကျောက်ဖျာတစ်ခုပေါ်တွင် ...ကစောစော နေစာလှုံနေသည်ကို တွေ့ရ၏။ ထိုအခါ မောင်ရေနီမှာ ...သားအားရနှင့် အော်ခေါ်ပြီး ရေသူမရှိရာ ကျောက်ဖျာပေါ်သို့ ပြေး ...သွား ရေသူမက ရေထဲသို့ ချက်ချင်းခုန်ချပြေးသွားလေသည်။ မောင်ရွှေ ...၁ ဇနီးသည် ရေသူမဇာနှင့် ရေထဲ ခုန်ချလိုက်သောအခါ ငါးမန်းကြီး ...း ကိုက်၍ သေသွားလေသည်။ ဘဝပြောင်းသွားသော မောင်ရွှေနီသည် ...အခါ ဤပလ္လင်ချိုင့်၌ပင် သူ့ဇနီးရေသူမကို တွေ့လိုတွေ့ငြား ယခုထိ ...နံပစ်ရှာနေတုန်းပင်ဟု ရွာသားများက ပြောကြသည်။

ဤအချိန်တွင် နေ့လယ်နေ့ခင်း ကွန်လာပစ်ဖူးသော တံငါသည်များ ...မှ သူတို့ ဤဘက်ကျောက်ဆောင်အစမှာ ကွန်ပစ်နေလျှင် မောင်ရွှေနီ ...ဟိုဘက်ကျောက်ဆောင်အစတွင် တရှုန်းရှုန်း ကွန်ပစ်ပြီး သူ့ဇနီး ရေသူ ...ကို ရှာဖွေအော်ခေါ်နေသံ ကြားရသည်ဟု တံငါသည်ကြီးများက ပြောကြ ...သည်။

ဤသည်တို့ကို သတိရ၍ ဤပလ္လင်ချိုင့်သို့ ရောက်ထောက်လှမ်းရန် ...က်နေသော ဘကြီးအောင်မှာ အလိုလိုကြောက်စိတ်များပင် ဝင်လာ

လေသည်။ ကျောက်ဆောင်အကြို့အကြားမှ မောင်ရွှေနီ ကွန်ပစ်နေသံကို လည်း အလိုလို ကြားယောင်လာမိသလိုပင်။ သို့သော် မောင်ရွှေနီ ကွန်ပစ် နေသံဟု တံငါသည်များ ပြောကြသည်မှာ သူတို့ရွာက လောကဓာတ် ကျောင်းဆရာကလေး ပြောသလို ကျောက်ဆောင်ကျောက်တန်းတွေကို လှိုင်းခေါင်းဖြူများက လာရိုက်ခတ်၍ လှိုင်းခေါင်းကွဲကာ ရွှဲခနဲ ရှန်းခနဲ မြည်သွားသော အသံသာ ဖြစ်ရမည်ဟု သူ့စိတ်ကို သူတင်းပြီး ချိုင်ထဲ ရေအစပ်သို့ ဆင်းလာလေသည်။

ရေပေါ်လယ်လောက် နက်သော ကျောက်လိုဏ်အစသို့ ရောက် သောအခါ ကျောက်တုံးကျောက်လုံးများ အကြို့အကြားမှ ထွက်ပေါက် နေကြသော ပင်လယ်မြက်ပင်နှင့် ရေမှော်ပင်များ အပိုင်းအပိုင်းပြတ်၍ ထောင်းလမောင်းကြေနေကြသည်တို့ကို တွေ့ရသဖြင့် ဘကြီးအောင်က အတိုင်းမသိ ဝမ်းသာသွားသည်။ ဤသို့ လောလောလတ်လတ် ပိုင်းပြတ် နေကြသော ပင်လယ်မြက်နှင့် ကျောက်မှော်ရေညှိပင်များကို ကြည့်ခြင်း အားဖြင့် ညက ရေဝက်များ ဤချိုင်သို့ တက်စားသွားကြောင်းမှာ ထင်ရှား နေလေပြီ။ ရေဝက်များသည် ရေပြာအိုင်ဘေးရှိ ပင်လယ်ရေမှော်ပင်များ ကို ညအခါတွင် လာ၍ စားတတ်ကြသည်။ ရေဝက်များ ကိုယ်လုံးနှင့် တိုးလှန့် တိုက်စားထားသဖြင့် အချို့ကျောက်တုံးကျောက်လုံးများမှာ အတော် ရွှေ့ရွှေ့လျားလျား ဖြစ်နေသည့်အပြင် ကျွမ်းထိုးမှောက်ခုံပင် ဖြစ် နေကြလေသည်။

ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် ပင်လယ်မှော်ပင်များနှင့် ရေညှိ ပင်များ ပွားများသော ဤပလ္လင်ချိုင်သို့ ယနေ့ညမှာလည်း ရေဝက်များ လာကြလိမ့်မည်ဆိုသည်ကို အတတ်သိသော ဘကြီးအောင်က ဝမ်းသာ အားရနှင့် အိမ်သို့ ပြန်လာလေသည်။ ညကျလျှင် မောင်ထွီး၊ ထွန်းကျော် ချေနှင့် လှဘော်တို့ကို ခေါ်ကာ ဤချိုင်၌ ရေဝက်လာဖမ်းလျှင် မုချ ရမည်ဟု စိတ်ထဲက တွေးတောကာ အကွက်ချလာမိလေသည်။

*

## အခန်း လေး

ဆောင်းလ၏အစဖြစ်သဖြင့် ပင်လယ်ပြင်တွင် နှင်းတွေမှုန်နေလေ
ည်။ မိုးထက်မှ ကြယ်ပြောင်တို့ကိုပင် တစ်ချက်တစ်ချက်သာ မြင်ရ၏။
ကျက်လေကြမ်းကြောင့် ပင်လယ်ပြင်မှ ပြေးသွားကြသော နှင်းမှုန်များ
ည် လေကျွယ်ရာ ပလ္လင်ချိုင်ထဲ၌ တံတိုင်းခံတပ်ကြီးပမာ လေခိုရင်း
ဆိုင်းဖွဲ့ကပ်ရပ်တည်နေကြ၏။

ဆိုဆိုင်းပိန်းပိတ်နေသော နှင်းမြူတံတိုင်းကြီးကို တိုးဝှေ့ကာ ဘကြီး
ာင်နှင့် မောင်ထွီး၊ ထွန်းကျော်ချေ၊ လှဘော်တို့သည် လေးလံနှစ်တောင်
ရှည်သော လှေငယ်ကလေးပက်ပက်နှင့် ပလ္လင်ချိုင်ကမ်းစပ်ဘက်သို့
ရွေ့ ချဉ်းကပ်ကာ ရေဝက်ဖမ်းရန် လာနေကြသည်။ ဤတစ်ခါတော့
က်များကို အသေရရ အရှင်ရရ ဖမ်းဆီးရန် သူတို့အားလုံး သဘောတူ
ကြသည်။ ထို့ကြောင့်လည်း သူတို့ လှေပေါ်တွင် ရေဝက်ဖမ်းရန်
မှန်ပိုက်အပြင် မှိန်း၊ ဓား၊ သံချွန်၊ လှံခက်စသည့် လက်နက်ကိရိယာ
ကိုပါ အစုံအလင် ယူလာကြသည်။

သူတို့သည် အစက ရေဝက်များကို အရှင်ဖမ်းပေးနိုင်လျှင် ကြီးကြီး
ငယ် တစ်ကောင်ကို သုံးရာပေးမည်ဟု မြို့က အစောရှိကြီးကိုယ်တိုင်
ထားသဖြင့် အရှင်ဖမ်းရန် ကြိုးစားခဲ့ကြသေး၏။ သို့သော် ရေဝက်
ကောင်ကို ရေထဲက အရှင်ဖမ်းယူရေးဆိုသည်မှာ တစ်ရွာလုံးရှိ လူများ

Psiphon is keeping y
Psiphon free. Click he

နှင့် ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ တံငါသည်ကြီးများ ပြောဖူးကြသလို မလွယ်ကူလှကြောင်း သူတို့ သဘောပေါက်ထားကြပြီး ဖြစ်လေသည်။ ရေ ဝက်ကို အရှင်ဖမ်းရေး သူတို့ လုံးပမ်းလာခဲ့ကြသည်မှာ မိုးနှောင်းကာလ ကပင် ဖြစ်၏။ ရာသီချိန်မှာ ယခုအခါ ဆောင်းဦးသို့ပင် ရောက်လာပြီ ဖြစ် သော်လည်း ရေဝက်များကိုကား ထင်သလောက် မဖမ်းမိနိုင်ကြသေး။ ကြာသော် ရေဝက်ဖမ်းသမားတွေမှာ ထမင်းစော်ကြရတော့မလိုသာ ဖြစ် လာကြသည်။ အိမ်သူသက်ထား ဇနီးမယားများကလည်း ဆူလှပူလှလေ ပြီ။ တခြားတံငါသည်များ ဘယ်အခါကမှ မလုပ်ကြသော ရေဝက်ဖမ်း အလုပ်ကို လုပ်မိကြသောသူတို့မှာ လူမိုက်သက်သက်လို ဖြစ်နေကြလေပြီ။ ထို့ကြောင့်လည်း ယခုအခါ ဝမ်းရေးအတွက် ရေဝက်များကို အသေရရ အရှင်ရရ သူတို့ ဖမ်းကြတော့မည်ဖြစ် လေသည်။

သူတို့၏ လှေလှော်လာသံမှာ တိုးတိတ်ညင်သာလွန်းလှ၏။ ခြေပြင် နှင့် လှော်တက်တို့၏ ထိသံကိုပင် တစ်လံ နှစ်လံအဝေးက မကြားရအောင် ပညာသားလည်း ပါလှသည်။ ရေဝက်ဖမ်းရာတွင် ဤသို့ ပညာပါမှ အတွေ့အကြုံရှိထားမှလည်း တော်ကာကျလေသည်။

"ပိုက်စချကြရအောင်ကွာ ချိုင်ဝကို ရောက်လာကြပြီပဲ"

ပလ္လင်ချိုင်ဝသို့ ရောက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ဘကြီးအောင်က ပိုက်ကို စချရန် ပြောတော့သည်။ ခဲဆွဲထားသော အောက်စနှင့် ညံဖော့ပါ သော အပေါ်စတို့ မများယှင်းရအောင် နိုင်လွန်ပိုက်ကို စ၍ ချသူကတော့ မောင်ထွီးပင်တည်း။ လှဘော်နှင့် ထွန်းကျော်ချေတို့က လှေကို တရွေ့ရွေ့ သွားအောင် လှော်ခတ်ကြရပြီး ဘကြီးအောင်က ဂငယ်ပုံ သဏ္ဌာန် ချိုင်ကို ဝိုင်းမိအောင် ပဲ့ကိုင်ပေးရ၏။

"ကျီ..."

"ကျီ..."

"ကျီ..."

သံတောင်လံတာ တစ်ရာကျော်ရှည်လျားသော နိုင်လွန်ပိုက်ကို ပင်လယ်ရေထဲသို့ ပစ်၍ မပြီးခင်ပင် ချိုင်အစ ခြေပြင်ပေါ်မှ တစ်ကောင်နှင့်

ငါးကောင် တကျိုကျို အော်မြည် အသံပေးကာ ပြေးထွက်လာကြသော
ဝက်အုပ်ကို အမှောင်ထဲတွင် မှုံးဝါးဝါး လှမ်းမြင်ကြရသဖြင့်
ကြီးအောင်တို့မှာ ချက်ချင်း ပျာလောင်ခတ်သွားကြလေသည်။

"ဟော့...ရေဝက်တွေ ပြေးထွက်လာကြပြီကွ၊ မြန်မြန်ချ၊ မြန်မြန်ချ"

အစက ရေဝက်အုပ်သည် လူသံတက်သံပေးလိုက်မှ ချိုင်ဖျားအစက
ငံဝကို ပြေးထွက်လာကြလိမ့်မည်ဟု ထင်ခဲ့ကြသော်လည်း ယခုမူ ရေ
က်များသည် လူနှင့်ရှုံ့နှင့် ချိုင်ဝသို့ပြေးထွက်လာကြလေပြီ၊ ပိုက်ကလည်း
ငံဝကို လုံလုံခြုံခြုံ မချမိနိုင်သေး။

ချိုင်ဝမြောက်ဘက်က ရေပြင်သို့ ရောက်နေကြသော ဘကြီးအောင်
ုအား မြောက်လေကို ရှူရှိုက်မိသော ရေဝက်များက လူနံ့ရသွားသဖြင့်
ျက်ချင်း အသံပေးကာ ပြေးထွက်လာကြခြင်း ဖြစ်လေသည်။

ရေဝက် လေးငါးကောင် ပါသောအုပ်သည် မကြာခင်ပင် ချိုင်ဝ၌
ပ်ဝ်၍ချထားသော ဘကြီးအောင်တို့ ပိုက်ကို လာတိုးတော့သည်။ ချိုင်ဝ၌
မှု၏ အတိမ်အနက်မှာ လူတစ်ရပ်ကျော်သာ ဖြစ်သဖြင့် ၁၀တောင်ကျော်
ေလာက်ရှိသော နိုင်လွန်ပိုက်၏ အောက်ခြေစမှာ မြေတွင် လူးနေပြီ။
ို့ကြောင့်လည်း ပျာလောင်ခတ်ကာ ပြေးထွက်လာကြသော ရေဝက်
လေးငါးကောင်၏ တိုးအားကြောင့် နိုင်လွန်ပိုက်မှာ ချက်ချင်း တင်းတင်း
ရင်းရင်း ဖြစ်သွားလေသည်။

"ဟော့ ပိုက်ချပြီးရင် မင်းတို့ လှော်တက်တွေ ရပ်လိုက်ကြကွာ... ပိုက်
ကြိုးတစ်စကိုတော့ မြဲမြဲ ဆွဲထားကြ၊ မလွှတ်ကြစေနဲ့၊ ဟော...ဟိုမှာ
ာစ်ကောင် ခုန်ထွက်သွားပြီ"

ဘကြီးအောင်၏ အသံမဆုံးခင်မှာပင် ရေဝက်တစ်ကောင်သည်
က်တန်းကို ခုန်ကျော်ကာ ပင်လယ်နက်ထဲသို့ ပြေးထွက်သွားကြောင်း
ာမှောင်ထဲတွင် မှုံးဝါးဝါး မြင်လိုက်ရ၏။ နိုင်လွန်ပိုက်တွင် မိနေကြသော
ရဝက် လေး ငါးကောင်မှာ ဦးတည်ရာမရှိ တိုးပြေးနေကြသဖြင့် ပလွှင်
ုင်ဝတွင် ရေပန်းရေမြှာများ ပလုံစီထကာ ရုတ်ရုတ်သဲသဲ ဖြစ်နေလေ
ည်။

ပိုက်တွင်မိနေသော ရေဝက် လေး ငါးကောင်မှာ တောင်တစ်ကောင် မြောက်တစ်ကောင် ပိုက်ကို တိုးပြေးနေကြသဖြင့် ဘကြီးအောင်တို့ လှေနှင့် နိုင်လွန်ပိုက်က ယခုအချိန်ထိ ပင်လယ်ပြင်နက်ထဲ ရွေ့လျားပါသွားခြင်း မရှိသေးပေ။ ချိုင်ဝရေပြောအိုင်ထဲမှာသာ ဗလုံးဗထွေးနှင့် တဝဲလည်လည် ဖြစ်နေ၏၊ အမှန်က ဤသို့သော အခြေအနေသည် ဘကြီးအောင်တို့ ရေဝက်ဖမ်းသမားတွေအတွက် ကောင်းသော အခြေအနေမဟုတ်ပေ။ နိုင်လွန်ပိုက်မှာ ရေဝက်များ တိုးပြေးသလို ပင်လယ်ပြင်ထဲ ရွေ့လျားပါသွားမှ ပိုက်အောက်စသည် အပေါ်သို့ ရေဝက်တိုးပြေးချိန်နှင့် ပြန်တက်လာပြီး အိမ့်လှိုင်းလုံးကြီးတွေက တစ်ခါ ရိုက်ပုတ်လိုက်ပြန်သောအခါ နောက်ထပ် တစ်ဖန် ရေအောက်သို့ ရောက်သွားရပြန်ပြီး ရေဝက်၏ ကိုယ်ကို သုံး လေးထပ် ရစ်ပတ်လုံးထွေးသွားဖို့ လိုလေသည်။

ရေထဲတွင် ကျွဲနွားများထက်ပင် ခွန်အားဗလကြီးမားသော ရေဝက်များကို ထိုသို့ သုံးလေးထပ် ရစ်ပတ်မိနေမှ ဖမ်းဆီး၍ ရနိုင်လေသည်။ သို့မဟုတ်လျှင် ရေဝက်အားကို မခံနိုင်သဖြင့် ပိုက်ပေါက်သွားမှာ အမှန်ပင် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ယခု ဘကြီးအောင်တို့၏ ပိုက်စကော မြေအောက်တွင် တရွတ်တိုက် လူးပါနေပြီး ပိုက်အောက်ခြေက ရေနှင့် မြေ မလွတ်သောအခါ ဘကြီးအောင်တို့မှာ ရင်တမမ ဖြစ်နေကြရလေသည်။ ထိုထက်ဆိုးသည်မှာ ဦးတည်ရာမရှိ တိုးပြေးနေကြသော ရေဝက်များကြောင့် ပိုက်၏ အောက်ခြေသည် ချိုင်အစ ရေအောက်မှ ကျောက်ဆောင်ကျောက်စွန်းတွေနှင့် ငြိပြီး ပိုက်ကြိုးပြတ်သွားမှာလည်း စိုးရလေသည်။

ရေပြင်ထဲတွင် ပိုက်နှင့် ထွေးငြိ၍ သွေးရူးသွေးတန်းနှင့် ရေပြင်ပေါ် ခုန်တက်လာသော ရေဝက်ကြီးတစ်ကောင်မှာ နိုင်လွန်ပိုက်အတင်းနှင့် တုံ့ခနဲ ရေထဲ ပြန်ကျသွားပြန်၏။ ထိုအခါ ရေဝက်ကြီးက အမြီးနှင့် လှမ်း ခတ်ကန်ကျောက်ပစ်ခဲ့သော ရေလုံးရေဆိုင်များမှာ အပေါ်သို့ တစ်လဲ နှစ်လဲ မြင့်တက်သွားပြီး အမှောင်ထဲတွင် ဖွေးခနဲ ရေပန်းပွင့်ကြီးတစ်ပွင့် ပွင့်သွား၏။

"ထိုး…ထိုးကွ၊ ထိအောင်ထိုး၊ နီးရာကောင်ကို ထိုး"

ရေဝက်တွေက ဦးတည်ချက်မရှိ တိုးပြေးနေသော ပိုက်ကြိုးစကို

က်နှင့် တအားဆွဲကိုင်ကာ မောင်ထွီးက နီးရာ ရေဝက်ကို မိန်းလှံခက် ဖြင့် လှမ်းထိုးရန် ထွန်းကျော်ချေနှင့် လှဘော်တို့ကို သတိပေးလိုက် ည်။ ဘကြီးအောင်ကတော့ လှေငယ်ကို ထိန်းပေးထား၏။

အမှန်က လိပ်ထိုးခြင်း၊ ရေဝက်ထိုးခြင်းတို့မှာ လှေကို ငြိမ်အောင် ပေါ်တွင် မျှောထားပြီးမှ လူက မတ်မတ်ရပ်၍ ထိုးရ၏။ သို့မဟုတ်လျှင် ိုးအားမကောင်းသဖြင့် အခွံမာ အရေထူသော လိပ်နှင့် ရေဝက်တို့ကို ပုံက ထိုးမပေါက်ဖြစ်တတ်ပေသည်။ ၎င်းပြင် လှေပေါ်မှ လက်လွှတ် ယ် လှမ်းထိုးလိုက်သော လှံတံ၊ မိန်းတံများကလည်း ပင်လယ်ပြင်တွင် သော့သော့ တိုက်ခတ်နေသော လေတံလျှပ်လေကြောနှင့် အစုန်ကျဖို့ ိုသေးသည်။ လေတံလျှပ်လေကြောနှင့် အဆန်ဖြစ်နေလျှင် လှေပေါ်မှ ူက မည်မျှပင် တအားလှမ်းထိုးပစ်လိုက်သော်လည်း မိန်းသွား လှံတံ များက လေတံလျှပ်နှင့် ထိကာ အင်အားကုန်သွားတတ်သည်။ သို့မဟုတ် မှန်းရာသို့ တည့်တည့်မတ်မတ်မသွားဘဲ မမျှော်လင့်ရာသို့ ချော်ထွက်သွား တတ်လေသည်။

ရေပြင်တွင် နိုင်လွန်ပိုက်နှင့် ငြိတွယ်၍ ရေမွန်းနေသော ရေဝက်များ က အသက်ရှူရန် ရေပြင်ပေါ်သို့ ရှူးခနဲ ရေမှုတ်သံကြီးနှင့်အတူ ပေါ် မလာကို လှေပေါ်မှ မတ်တတ်ရပ်ကာ တအားကုန် လွှဲထိုးလိုက်မည် ဟု အားယူရင်း လှေငယ်က မငြိမ်သဖြင့် ထွန်းကျော်ချေနှင့် လှဘော်တို့မှာ လှေဝမ်းထဲသို့ တမိုင်းမိုင်းလဲကျနေကြသည်။ ရေဝက်လေးငါးကောင် ီးတည်ရာမရှိ တိုးဖြေးနေသော နိုင်လွန်ပိုက်ကြိုးစကို မောင်ထွီးက လှေပေါ်မှ တအား လှမ်းဆွဲထားရသဖြင့် လှေငယ်မှာ စောင်းချည်တစ်ခါ တည့်ချီတစ်လှည့်နှင့် ငြိမ်သက်တည့်မတ်အောင် ထိန်းကြပ်ပြုပြင်၍ မရ ဖြစ်နေလေ၏။ ဆောင်းလပင် ဖြစ်သော်လည်း ဘကြီးအောင်နှင့်တကွ မောင်ထွီး၊ လှဘော်၊ ထွန်းကျော်ချေတို့မှာ ချွေးဒီးဒီးကျနေကြလေပြီ။

"ဟဲ့ကောင်...မတ်တတ်ရပ်လို့ မရရင် ထိုင်ပြီး နီးရာအကောင်ကို ထိုးပါလားကွ"

လှေပေါ်က လူတွေရော၊ ရေထဲက ရေဝက်တွေပါ ဆောက်တည်ရာ

မရပြစ်နေသည်ကို ကြည့်၍ လှေဝမ်းဗိုက်ထဲ တဒိုင်းဒိုင်း လဲကျနေကြသော လှဘော်နှင့် ထွန်းကျော်ချေတို့ကို ဘကြီးအောင်က စိတ်မရှည်တော့သလို အော်ဟစ်သတိပေးလိုက်၏။

ဟိုး…

ဟိုး…

အခေါက်မှာ အရေထူသော ရေဝက်များကို ထိုးရန်ဟု သီးသန့် ချွန်မြနေအောင် သွေးတိုက်ထားသော လှံတံ မှိန်းတံများသည် တရှဲရှဲ အသံမြည်ကာ လေကြောကို ပြေးဖြတ်ပြီး အနီးကပ်ဆုံး ရေဝက် တစ်ကောင်ကို ထိုးမိသွားလေသည်။ လှဘော်နှင့် ထွန်းကျော်ချေတို့ တအား ကုန်ပစ်ထိုးလိုက်ကြသော လှံသွား လှံတံများ ထိမှန်ခံရသော ရေဝက် တစ်ကောင်မှာ ဗွမ်းခနဲ ရေပွက်သံကြီးနှင့်အတူ အထိတ်တလန့် ရေပေါ် ခုန်တက်ပြီး ဝုန်းခနဲ ရေထဲသို့ ပြန်ကျသွား၏။ ဗိုက်ကြီးက တင်းနေပြီမို့ ထိုရေဝက်မှာ မတိုးသာတော့ပေ။

ဤသို့နှင့်ပင် ဘကြီးအောင်က လှေကိုထိန်း၊ မောင်ထွေးက ဗိုက်ကို ဆွဲ၊ လှဘော်နှင့် ထွန်းကျော်ချေတို့က လှေနှင့် အနီးစပ်ဆုံး ရေထဲမှ ပေါ် တက်လာသော ရေဝက်များကို မှိန်းလှံခက်တို့နှင့် တစ်ချောင်းပြီး တစ်ချောင်း လှမ်းထိုးရင်း ရှိုင်တစ်ဖက်အစ ကျောက်ဆောင်နားသို့ လုံးလုံး ထွေးထွေးနှင့် ရောက်လာကြ၏။

အပေါ်တွင် လူတစ်ရပ်နှစ်ရပ်ခန့် မြင့်မားနေပြီး ရေအောက်တွင် သုံးလေးငါးပေခန့် ရှည်လျားစွာ အစွန်းထွက်နေသော ကျောက်စွန်းနှင့် နိုင်လွန်ဗိုက်က ဘကြီးအောင်တို့ စိုးရိမ်ခဲ့ကြသလိုပင် ငြိလေသောအခါ ဗိုက်မှာ ရေဝက်များ ဆွဲပြေးရာသို့ လုံးဝလျှောမပါတော့ဘဲ တင်းတင်း ရင်းရင်းပင် ဖြစ်ကာ ဗိုက်ကြီးပြတ်၍ နိုင်လွန်ဗိုက်တစ်ဖုံလုံး နက်ရှိုင်းသော ပင်လယ်ပြင်ထဲသို့ ရေဝက်များနှင့်အတူ ပါသွားလျှင်တော့ ငွေ သုံးလေး ထောင် ပင်လယ်ထဲ လွှင့်ပစ်ကြသည်နှင့် ဘာမှထူးမည်မဟုတ်ပါချေ။ ထို့ကြောင့်လည်း တာဝန်ခံဖြစ်သော ဘကြီးအောင်မှာ လှေပဲ့ကို ထိန်း ရင်းက စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေလေသည်။

မှုးရှူးသွေးတန်းနှင့် တအားခေါင်းထိုးရုန်းနေကြသော ရေဝက်များ ...း ကို မခံနိုင်သဖြင့် နိုင်လွန်ပိုက်ပေါက်ကာ မိနစ်ပိုင်းအတွင်း ရေဝက် ...းကောင်မှာ တစ်ကောင်ပြီးတစ်ကောင် လွတ်ထွက်သွားကြ ပြန် ...။ ထွန်းကျော်ချေနှင့် လှဘော်တို့ မှိန်းနှင့် လှမ်းထိုးထားသော ...ကြီးတစ်ကောင်သာ မှိန်းတန်းလန်းနှင့် မပြေးနိုင်ဘဲ ရေပေါ် ...နံလိုက်၊ ရေထဲ ပြန်ကျသွားလိုက်နှင့် အရှူးမီးပိုင်း ဖြစ်နေ၏။

နိုင်လန်ပိုက်နှင့် ငြိတွယ်နေသည့်အပြင် မှိန်းနှင့်လည်း လှမ်းထိုးထား ...း ခံနေရသော ရေဝက်ကြီးကို ထွန်းကျော်ချေက နောက်ထပ် မှိန်း ...ချောင်းနှင့် လှမ်းထိုးလိုက်ပြန်၏။ သို့သော် ထိုမှိန်းက လေတဲလျှပ်နှင့် ...ျ လွဲချော်သွား၏။

"ဝုန်း…"

မှိန်းနှင့် လှမ်းထိုးခံရသော ရေဝက်ကြီးနှင့် လှေငယ်ကြားမှ ဝုန်းခနဲ ...ုကိသံကြီးတစ်ခု ရုတ်ခြည်းပေါ်လာ၏။ ထိုရေပွက်သံကြီးအဆုံးတွင် ...ကြီးနှစ်ယောက်ဖက်လောက်ရှိသော ပိုင်းပိုင်းဖြူဖြူ ရေသတ္တဝါကြီး ...ကောင်သည် ရေထဲမှ ခုန်ထလာပြန်သည်။ ထိုရေသတ္တဝါကြီး ရေထဲ ...ုံ ဝုန်းခနဲ ပြန်အကျတွင် ဘကြီးအောင်နှင့်တကွ လှေပေါ်ရှိလူတွေမှာ ...ုး လန့်ဖျပ်ပြီး ဟယ်ခနဲ လန့်အော်လိုက်ကြသည်။

ဘကြီးအောင်တို့ အော်လိုက်သံနှင့် မရှေးမနှောင်းမှာပင် လေထဲ တွင် ...မ်တုတ်တစ်ချောင်းကို ဇွေ့ယမ်းလိုက်သံနှင့်တူသော ရှမ်းခနဲ အသံ ...စ်ခုသည် လှေပဲ့ကိုင်နေသော ဘကြီးအောင်၏ နားရွက်နားမှ ပြေးဖြတ် ...ာ လှေဦးတွင် ကျလာ၏။

အသံကသာ လေထဲတွင် ဇွေ့ယမ်းလိုက်သော ကြိမ်တုတ်သံနှင့် တူ ...ည့် မဟုတ်၊ အမှောင်ထဲတွင် ဖွေးခနဲ မြင်လိုက်ရသော တစ်လံ ကျော် ...ျာ် ရှည်လျားသည့် ငါးကြီးတစ်ကောင်၏ အမြီးဖျားကလည်း လှေ ...ဦးတွင် ဆူးရှူးရှုရှုလာစိုက်နေလေသည်။

ရေထဲမှ အမြီးနှင့် လှမ်းရိုက်သော ရေသတ္တဝါကြီး၏ အမြီးဖျားက ...ပထိပ်ဦးတွင် လာစိုက်နေသောအခါ ပြာရေပြားဝိုင်း၍ ဖြူဖွေးနေသော

ရေသတ္တဝါကြီး၏ နောက်ထပ် ရေပွက်သံကြီးနှင့်အတူ တစ်ပတ်နှစ်ပတ် ကျွမ်းပြန်သွား၏။ လှေထိပ်ဦးတွင် စုးဝင်နေသော အမြီးဖျားကို ရုတ်တရက် ပြန်နုတ်မရဘဲ ရေသတ္တဝါကြီးက တအားကုန် ဆွဲပြေးလေသောအခါ လှေမှာ ရုတ်ခြည်း မှောက်သွားပြီး လူတွေမှာလည်း အားလုံး ရေထဲရောက် သွားကြလေသည်။

"ဟေ့...လှေကို တွယ်ထားကြကွ၊ လှေကို တွယ်ထားကြ၊ မလွှတ်ကြစေနဲ့"

ဘကြီးအောင်သည် သူ့လူများကို ကမန်းကတန်းအော်ဟစ် သတိပေး လိုက်ကာ လှေဝမ်းဗိုက်အဂုန်တန်းတွင် ထိုးယူလာသောဓားကို ရုတ်ခြည်း လှမ်းဆွဲပြီး ရေသတ္တဝါကြီး၏ အမြီးဖျားကို ဓားနှင့်တအား လွှဲခုတ် လိုက်သည်။ အမြီးဖျားကို အဖြတ်ခံလိုက်ရသော ရေသတ္တဝါကြီးမှာ ထိတ်ထိတ်လန့်လန့်နှင့် ကျွမ်းသုံးလေးပတ် ပစ်ကာ ပင်လယ်နက်ထဲသို့ ထွက်ပြေးသွားလေ၏။ သို့သော်လည်း လျင်မြန်လွန်းလှသော ရေသတ္တဝါကြီးကို ဘကြီးအောင်တို့မှာ ဘာအကောင်မှန်းပင် မသိလိုက်ကြပေ။

လူတွေမှာ ရေထဲနစ်နေသော လှေငယ်ကို ကျောက်ဆောင် ကျောက်တန်းများရှိရာ ကမ်းစပ်သဲသောင်နားသို့ ရေထဲတွင် ကူးဝတ်ယူလာကြပြီး ကမ်းစပ်ရောက်မှ လှေဝမ်းထဲက ရေများကို ကမန်းကတန်း ပက်ထုတ်ရ၏။ ပိုက်နှင့် ရေဝက်ကိုမူ ပလွှင်ချိုင်တစ်ပက်အစ အမှောင်ထဲမှာ လိုက်ရှာကြ၏။

ရေအောက်ရှိ ကျောက်ဆောင် ကျောက်တန်းတွေနှင့် ငြိတွယ်နေသော နိုင်လွန်ပိုက်မှာ ရွေ့လျားသွားခြင်း မရှိသဖြင့် ရေထဲတွင် ပိုက်နှင့် လုံးထွေး နေသော ရေဝက်ကြီးကိုပါ မကြာခင် ပြန်တွေ့ကြရလေသည်။ ထွန်းကျော်ချေနှင့် လှဘော်တို့ မိန်းတံသုံးလေးချောင်းနှင့် တအားလှမ်းထိုးထားသော ရေဝက်ကြီးမှာ ယခုအခါ သေလုမျောပါး ဖြစ်နေလေပြီ။ ရေဝက်မှာ ရေထဲတွင်နေသော ရေသတ္တဝါငါးမျိုးပင် ဖြစ်သော်လည်း ရေပေါ် ဦးခေါင်းထောင်၍ အသက်မရှူရလျှင် နာရီပိုင်းအတွင်းမှာပင် သေသွားနိုင်လေသည်။

ပုဂ္ဂိုလ်၏ လေ့ယေ်ကို အမြီးနှင့် လှမ်းရိုက်ပြီး မှောက်ထားခဲ့သော ပဲ့ဝါကြီးမှာ လိုဏ်အောင်း လိပ်ကျောက်ဖြူကြီး ဖြစ်နေမှန်း မိုး မှ ဘကြီးအောင်တို့ သိကြရသည်။ အမှန်မှာ ရေဝက်ကြီးကို ဘကြီး တို့က မိန်းတဲ လှံရှည်တို့နှင့် လှမ်းထိုးထားသောအခါ ရေဝက်ကြီး ပေါ်မှ အန်ထွက်လာသော သွေးညှီနံ့ကိုရ၍ ရေအောက်ရှိ ကျောက် ကျောက်ခေါင်းထဲတွင် အောင်းနေသော လိပ်ကျောက်ဖြူကြီးက လိုက်လာခြင်း ဖြစ်၏။ အစားကြူး သွေးတော်နေသဖြင့် သွေးနံ့ရ ၍နှင့် တစ်ပြိုင်နက် လိုဏ်ထဲမှ ပြေးထွက်လာသော လိပ်ကျောက်ဖြူ းမှာ မည်းမည်းမြင်ရာကို အစာထင်မှတ်၍ ဘကြီးအောင်တို့၏ လှေ ကို အမြီးဆူးနှင့် လှမ်းထိုးလိုက်ခြင်း ဖြစ်သည်။

ရန်သူ ရေသတ္တဝါများနှင့် အစားအစာများကို ဖမ်းရာ တိုက်ခိုက်ရာ တွင် သူ၏ အမြီးဖျားမှ ဆူးနှင့် လှမ်းထိုးရိုက်ခတ်လိုက်သောအခါ ရန်သူ းငါးများ၏ ဦးခေါင်းကိုသာ တည့်တည့်မတ်မတ် စူးဝင်ထိုးစိုက်တတ် သော လိပ်ကျောက်တို့၏ အချိန်အဆမှာ အံ့သြစရာပင်တည်း။ ယခု လည်း မှာ၍ နူးနေသော လှေဦးခေါင်းပိုင်းတွင် လိပ်ကျောက်ကြီး၏ အမြီးဖျား းက တစ်ထွာနီးပါး စူးဝင်နေသည်ကို မြင်ရခြင်းအားဖြင့် လူတစ်ယောက် ကိုယ်ကိုသာ ထိပါက ထုတ်ချင်းပင် ပေါက်ထွက်သွားနိုင်ကြောင်း ခန့်မှန်း ရလေသည်။

သို့သော်...အလွန်ပင် ကြောက်ရွံ့ထိတ်လန့်စရာ ကောင်းလှသော ဏ်အောင်း လိပ်ကျောက်ဖြူကြီးကိုလည်း ဘကြီးအောင်တို့မှာ ကြောက် လန့်ရမှန်း ဂရုမစိုက်နိုင်ခဲ့ကြပေ။ ရေဝက်ကြီး တစ်ကောင်ရတော့မည် ဖူသော လောဘဇောကြောင့် ရေအောက် ကျောက်ဆောင်ကျောက်ရွှန်း ငြိနေသော နိုင်လွန်ပိုက်ကိုပင် ငုပ်ဖော်ယူနိုင်ခဲ့ကြပြီး ရေနစ်၍ သေနေ သာ အချိန် ၆၀ ကျော်ရှိ ရေဝက်ကြီးတစ်ကောင်ကိုပါ အမိအရ ဖမ်းလာ ခဲ့ကြပြန်သည်။

သို့သော်... သဲတောင် လဲတာတို့ဖြင့် တိုင်းတာ၍ မရနိုင်လောက် တောင် နက်ရှိုင်းပြီး အနောက်မိုးကောင်းကင်နှင့်အပြိုင် ကျယ်ပြောလှ

သော ဘင်္ဂလား ပင်လယ်အော်ကြီးထဲမှ ရေဝက်တစ်ကောင်ကို တစ်နေ့နေ့မှာ အသက်မသေစေရဘဲ အရှင်ဖမ်းပြနိုင်ပါသည်ဆိုသော သူတို့၏ ကြွေးကြော်သံကိုကား ဘကြီးအောင်တို့လူ့သိုက်မှာ ယခုထိ အကောင်အထည် မဖော်နိုင်ခဲ့ကြသေးပေ။ ထို့ကြောင့် ဘကြီးအောင်တို့ ဆက်ကြရမည့် ရှေ့ခရီးက နီးမလိုလိုနှင့် သည်တစ်ခါလည်း ဝေးသွားခဲ့ကြပြန်ပါလေသည်။

*

## အခန်း ၆

အပြောကျယ်လှသော ဘဂ်လားအော် ပင်လယ်ပြင်ထဲမှ မကြာ
ကမ်းခြေသို့ တက်လာတတ်ကြသော ရေဝက်များကို မိုးအနှောင်း
င်း အစကမူ ဘကြီးအောင်တို့က အရှင်ဖမ်းလျှင် ရနိုင်ပါသည်ဟု
းကြံခဲ့ကြ၏။ သူတို့၏ ကြွေးကြော်သံကို အကောင်အထည်ဖော်ရန်
မှက်လည်း အကြိမ်ကြိမ် ကြိုးစားခဲ့ကြ၏။ သို့သော် တကယ် လက်
လုပ်ကြည့်ကြသောအခါ ဘဂ်လားအော် ပင်လယ်ပြင်ထဲမှ ရေဝက်
အရှင်ဖမ်းရေး ဆိုသည်မှာ ထင်သလောက် မလွယ်ကူလှကြောင်း
းကောင်းကြီး သင်ခန်းစာရလာခဲ့ကြလေသည်။

သူတို့နှင့်တကွ သူတို့၏ လုပ်ငန်းအခြေအနေပေါ်တွင် အမှီသဟဲပြု
ရသော သားမယားများပါ ထမင်းငတ်ကြရတော့မည့် အခြေအနေ
ဆိုက်ရောက်ခဲ့ကြ၏၊ ထို့ကြောင့်လည်း ယခုအခါ သူတို့က ရေဝက်
အသေရရ အရှင်ရရ ဖမ်းဆီးကြတော့မည်ဟု တညီတညွတ်
ကာ ရေဝက်ရှာဖွေရေးလုပ်ငန်းကို ဆက်လုပ်လျက် ရှိကြသည်။
ရလျှင် တစ်ကောင်ကို ကျပ်သုံးရာဈေးနှင့် မြို့က အရာရှိကြီးထံ
ရောင်းပြီး အသေရလျှင် တစ်ပိဿာကို လေးကျပ်ဈေးနှင့် အော်ရောင်း
ဲ ဖြစ်သည်။

ဆောင်းဦးကမူ လုပ်ငန်း၏အတွေ့အကြုံအရ ရေဝက်ဖမ်းလုပ်ငန်းကို စိတ်ပင် မျက်မိခဲ့ကြသော်လည်း ယခုဆောင်းလယ်သို့ ရောက်သောအခါ ရေဝက်ဖမ်းလုပ်ငန်းကို ပြန်၍ စိတ်ပါဝင်စားလာကြပြန်သည်။ အဘယ့်ကြောင့် ဆိုသော် ယခုတလောတွင် စီးတောချွာနှင့် သိုက်ပုံအကြားရှိ ကမ်းခြေတစ်လျှောက်က ချိုင်ချောင်များတွင် ပင်လယ်ရေဝက်များကို ကြိုကြားကြိုကြား အတွေ့များလာသောကြောင့် ဖြစ်သည်။ ယခင်တစ်ပတ်ကလည်း ရေဝက်ကြီးတစ်ကောင်ကို ပလ္လင်ချိုင်ထဲ၌ သူတို့ဖမ်းဆီးရမိခဲ့ကြသည်မဟုတ်ပါလား။

ဆောင်းလယ်သို့ ရောက်လာလေ ပင်လယ်ပြင်နှင့် ကမ်းခြေတစ်လျှောက်ရှိ ချိုင်ချောင်များတွင် ရေဝက်များကို အတွေ့များလာလေဖြစ်၏။ သို့သော်... ဘကြီးအောင်တို့ ဖမ်းဆီးခဲ့သမျှ ရေဝက်များမှာကား အားလုံးလိုလိုပင် နိုင်လွန်ပိုက်ကို ဖောက်၍ ပင်လယ်နက်ထဲကိုချည်း ထွက်ပြေးသွားခဲ့ကြ၏။ နိုင်လွန်ပိုက်ကို ထိုးဖောက်၍ ပင်လယ်ထဲ ထွက်ပြေးသွားသော ရေဝက်များမှာ ယခုဆိုလျှင် အကောင်နှစ်ဆယ်ကျော်ရှိလေပြီ။ ထိုအထဲတွင် နှစ်ကောင်သာ ဖမ်းမိခဲ့ကြ၏။ ထို နှစ်ကောင်မှာလည်း တစ်ကောင်က ဖမ်းမိစဉ်က အရှင်ဖြစ်သော်လည်း သင်္ဘောပေါ်အရောက်တွင် သေသွားပြီး ဟိုတစ်ပတ်လောက်က မိခဲ့ကြသော တစ်ကောင်မှာလည်း မှိန်းနှင့် လှမ်းထိုး၍ ဖမ်းကြရသဖြင့် ပင်လယ်ရေထဲကပင်အသက် ပါမလာခဲ့ပေ။ ထို့ကြောင့်လည်း သူတို့အလုပ်က ယခုထိ အထမမြောက်သေးဟု ဆိုလိုကလည်း ဆိုနိုင်ပေသည်။

ပင်လယ်ရေဝက်အုပ်ကို မကြာမကြာ တွေ့ပါလျက် သူတို့၏သံတောင်လံတာ တစ်ရာနီးပါး ရှည်လျားသော နိုင်လွန်ပိုက်နှင့် ဝိုင်းမိဖမ်းမိပါလျက် ပိုက်ကို ဖောက်၍ချည်း ထွက်ပြေးသွားခဲ့ကြသည်မှာ အဘယ်မည်သော အကြောင်းကြောင့်ပါလိမ့်ဟု ဘကြီးအောင်တို့က အမြဲရှာခဲ့ကြ၏။

ပင်လယ်ရေဝက်များကို နိုင်လွန်ပိုက်နှင့် ထောင်ဖမ်းခဲ့ကြရာတွင် မိနေသော ရေဝက်များက လန့်ဖျပ်ပြီး ဦးတည်ရာမရှိ တိုးပြေးကြလေရာ

ပွန်ပိုက်မှာ ကျောက်ဆောင်ကျောက်တန်းတွေနှင့် ငြိပြီး အဖောက်ခံ ငင်းမှာ အဆန်းမဟုတ်သော်လည်း ကျောက်ဆောင်ကျောက်စွန်းတွေ ငံ ပငြိပါဘဲလည်း ရေထဲတွင် နိုင်လွန်ပိုက် အဖောက်ခံရခြင်းမှာ အမှန်က ဆန်းတကြယ်လို ဖြစ်နေသည်။ ရေထဲတွင် အလွန်ပေါ့ပါး၍ စိတ်ချရပါ ယ်ဆိုသော နိုင်လွန်ပိုက်ကိုပင် ရေဝက်များ ဖောက်ပြေးခြင်းမှာ အား နှ၍ဟု အစက ယူဆခဲ့ကြသော်လည်း အမှန်မှာမူ ဤသို့ မဟုတ်ပါချေ။

ဘကြီးအောင်တို့ ရေဝက်ထောင်ဖမ်းကြသော နိုင်လွန်ပိုက်မှာ အရှည် းဖြင့် သံတောင်လံတာ တစ်ရာ ရှည်လျားပြီး အစောင်မှာမူ ၁၀တောင် ချော်ကျော် ရှိသည်။ များသောအားဖြင့် ရေဝက်များကို ဝိုင်းဓိတတ်ကြ သောနေရာမှာ ရေတိမ်ကမ်းစပ်၌သာ ဖြစ်သဖြင့် ပိုက်၏ အောက်ခြေအစ ည် မြေနှင့် တရွတ်တိုက် လူးနေပြီး ရေဝက်များက တိုးပြေးကြသော ခါ အောက်ခြေအစမှာ အပေါ်သို့ ရုတ်တရက် တက်လိပ်မလာနိုင်ဘဲ အောက်ရှိ ကျောက်ခဲသလဲများနှင့် လုံးထွေးကာ တင်းတင်းရင်းရင်း ရွတ်တိုက် လူးပါပြီး ပိုက်ပေါက်ခြင်း ဖြစ်၏။

အကယ်၍ နိုင်လွန်ပိုက်က ရေထဲမြေပေါ်၌သာ တရွတ်တိုက်လူးမပါ နိုင်မှာသော်လည်း ပေါ့ပါးသော နိုင်လွန်ပိုက်သည် ရေဝက်များ လာတိုး ည်နှင့် တစ်ပြိုင်နက် အောက်စသည် အပေါ်သို့ လိပ်တက်လာပြီး ရေဝက်များ၏ ကိုယ်ကို သုံးလေးထပ် ရစ်ပတ် လုံးထွေးသွားနိုင်လေသည်။ ရေဝက်၏ ကိုယ်ကို နိုင်လွန်ပိုက်က သုံးလေးထပ် ရစ်ပတ် လုံးထွေးသွား ၍ တော့ မည်မျှအားသန်သော ရေဝက်ပင် ဖြစ်လင့်ကစား နိုင်လွန်ပိုက်ကို ယ်နည်းနှင့်မျှ မဖောက်နိုင်တော့ပေ။ ထိုအခါ ရေဝက်များ၏ တိုးပြေးရာ ို့ ပိုက်ကို လိုက်ကြိုးနှင့် ရှော့ပေးပြီး ရေဝက်များ အားကုန်အညောင်းမိ ာအခါ အလွယ်တကူ ဖမ်းယူနိုင်လေသည်။

နောက်တစ်ချက်မှာမူ ဘကြီးအောင်တို့ လှေတစ်စင်းတည်းသာ သဖြင့် ပိုက်ကြိုး၏ တစ်ဖက်အစကိုသာ ကိုင်ဆွဲထားနိုင်ကြ၏။ ထို ါ တစ်ဖက်အစက လွတ်နေသဖြင့် ထိုလွတ်နေသောဘက်မှ ပင်လယ် ပက်များ ထွက်ပြေးသွားတတ်ကြသည်။ ထို့ကြောင့် ယခုအခါ လှေငယ်

နှစ်စင်း ပိုက်တစ်ဖုံနှင့် ရေဝက်ဖမ်းနည်းကို ညှိနှိုင်းထားကြပြီး ဖြစ်လေသည်။ ပိုက်တစ်ဖုံ၏ အစနှစ်ဖက်၌ လှေငယ်နှစ်စင်းက ထိန်းပေးလျှင် ပင်လယ်ရေဝက်တွေ ဘယ်လိုမှ ထွက်မပြေးနိုင်တော့ဟု ဘကြီးအောင်က ကျိန်းသေပေါက် တွက်ထားသည်။ ထို့ကြောင့် ယခုအခါ ဘကြီးအောင်တို့မှာ လူ လေးယောက်ကို နှစ်ယောက်တစ်အုပ်စီ ခွဲပြီး ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ချိုင်ချောင်များတွင် ရေဝက်များကို ကင်းထောက်လျက်ရှိကြလေသည်။

ယခင်က လမိုက်ညများ၌သာ ပင်လယ်ပြင်ကို ထွက်ပြီး လှေတစ်စင်းနှင့် ရေဝက်များကို ရှာဖွေဖမ်းဆီးခဲ့ကြသော်လည်း ယခုအခါ လသာညများ၌လည်း ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ချိုင်ချောင်များတွင် ရေဝက်များကို ရှာဖွေထောက်လှမ်းလျက် ရှိကြလေသည်။ ယနေ့ည၌လည်း ဘကြီးအောင်နှင့် ထွန်းကျော်ချေတို့က ပင်လယ်ရေဝက်များထောက်လှမ်းရန် စီးချိုင်ကမ်းခြေသို့ ရောက်နေကြသည်။ လှဘော်နှင့် မောင်ထွီးတို့က ကမာဝဘက်ကို ထွက်သွားကြသည်။ ဘယ်ချောင် ဘယ်ချိုင်ကို အကာလ ညအချိန်၌ ရေဝက်များ ကျိန်းသေပေါက်ရောက်တတ်သည်ကိုသိမှ ရေဝက်များကို ဖမ်းဆီးရန် လွယ်ကူမည်မဟုတ်ပါလား။

ဦးတစ်ယောက် ပဲ့တစ်ယောက် ငြိမ့်ငြိမ့်သက်သာ လှော်လာကြသော ဘကြီးအောင်တို့ လှေငယ်မှာ ပင်လယ်ပြင်ထဲမှ စီးတောချိုင်ထဲသို့ ခွပ်ဝင်လာသည်။ စီးတောချိုင်ဝတွင် ကျောက်ဆောင် ကျောက်တန်းတွေများလှသဖြင့် လှေနှင့် ကျောက်ဆောင်တို့ မတိုက်မိ မထိခိုက်အောင်လည်း သတိထားပြီး ကွေ့ကောက်လှည့်ပတ်၍ သွားရသည်။ လက သာနေသော်လည်း ပင်လယ်ပြင်ထဲမှ ကျောက်ဆောင်ကျောက်တန်းများ ထူထပ်သော ချိုင်ထဲ ဝင်ရသည်မှာ စင်စစ်တော့ မလွယ်ကူပါချေ။ ဒီရေကျချိန်တွင် လူတစ်ရပ်နှစ်ရပ်ခန့်ပင် မြင့်မားပြီး ထီးတည်း တည်နေကြသော ကျောက်ဆောင်ကျောက်တန်းများမှာ ယခုလို ဒီရေအိနေစဉ်မှာ ရေထဲ နစ်မြုပ်နေကြ၏။ ထို့ကြောင့်လည်း ရေထဲက ကျောက်ဆောင်ကျောက်တန်းတွေနှင့် လှေငယ်တို့ မထိခိုက်မတိုက်မိအောင် တက်နှင့် တရွေ့ရွေ့ စမ်းထောက်၍

ယံ ဝင်ရ၏။ တစ်ခါတစ်ခါတွင် ပင်လယ်ပြင်ချိုင့်ဝထဲမှ ဝေါခနဲ ဝူးခနဲ မာ်မြည်ပြေးဝင်လာတတ်သော လှိုင်းခေါင်းဖြူတို့ကြောင့် လှေငယ်ကို ည်း တိမ်းမသွားအောင် ထိန်းထားရပြန်လေသည်။

ဤသို့နှင့်ပင် ဘကြီးအောင်နှင့် ထွန်းကျော်ချေတို့က လှေငယ်ကို န်းကာ ချိုင့်ထဲရောက်လာကြသည်။ ချိုင့်များကမ်းစပ်သို့ ရောက်ကြ ာအခါ သဲသောင်ပြင်ပေါ်သို့ လှေငယ်ကို ဆွဲတင်ထားလိုက်ကြ၏။ င်းလွှတ်သော ရေစပ်သဲသောင်လွင်ပြင်တွင် လူနှစ်ယောက် လှည့်သာ ကျသာလောက်သော ကျင်းကြီးတစ်ကျင်းကို သူတို့နှစ်ယောက် အပူ မြင်း တူးယက်လိုက်ကြသည်။ သဲလွင်ပြင်မှာ မှုန်မှုန်မွမွဖြစ်နေသဖြင့် ပုနှစ်ယောက် သက်သောင့်သက်သာ နေနိုင်လောက်သော သဲကျင်းကို ျပ်းတစ်ရာညက်အချိန်၌ပင် တူးပြီးသွားကြလေသည်။ သူတို့ ကျင်းယက် းအချိန်တွင် ဒီရေကလည်း ကျစပြုနေပြီ ဖြစ်သဖြင့် ရေထဲမြုပ်နေသော ကျောက်ဆောင် ကျောက်တန်းတွေက တဖြည်းဖြည်း ထိုးထိုးထောင် ထောင် ထီးတည်းမတ်မတ်ပေါ်လာကြ၏။

အချိန်မှာလည်း သက်ငယ်ခေါင်းချ အချိန်ပင် ရှိလေပြီ။ ယခုကျစပြု နေသော ဒီရေကျပြီး နောက်တစ်ချီ ဒီရေပြန်အတက် ညဝက်သန်းခေါင် ကျော်အချိန်တွင် ဒီရေနှင့်အတူ ရေဝက်အုပ်များ ချိုင့်ထဲ ဝင်လာကြလိမ့် ည်ဟု ဘကြီးအောင်က တွက်ဆထားလေသည်။ ထို့ကြောင့်လည်း နောက်တစ်ချီ ဒီရေအတက်နှင့် ရေဝက်များအလာကို စောင့်ကာ သဲကျင်း ၌ ပုန်းပြီး စောင့်နားနေကြလေသည်။

*

"ရှဲ…ရှဲ…ရှဲ"

"ဘကြီးအောင်…ဒီအသံတွေက ဘာသံတွေလဲဗျ…"

တိုးတိတ်သော်လည်း အထိတ်တလန့်နိုင်လွန်းလှသော ထွန်းကျော် ချေ၏ အမေးစကားသံကြောင့် ငိုက်ငိုက်မျဉ်းမျဉ်း ဖြစ်နေသော ဘကြီး

အောင်မှာ ရုတ်ခြည်း အသက်ဝင်လှုပ်ရှားသွားသည်။

"ဘာသံကြားလို့လဲ" ဘကြီးအောင်က ထွန်းအောင်ချေကိုပင် တီးတိုး ပြန်မေး၏။

"ဘကြီးအောင် နားထောင်ပါလား၊ ဒီအသံတွေက ဘာသံတွေမှန်း မသိဘူးဗျ။ ရေဝက်တွေ သဲသောင်ကိုများ တက်လာကြပလား"

ပြောပြောဆိုဆိုနှင့်ပင် ထွန်းကျော်ချေသည် သဲကျင်းထဲမှ ခေါင်းပြူ၍ ပင်လယ်ကမ်းခြေဘက် ချိုင်ဖျားအစသို့ ကြည့်လိုက်၏။ သို့သော် ချိုင်အစ သဲသောင်ပေါ်တွင် တဖျပ်ဖျပ် ရိုက်ခတ်နေသော လှိုင်းကလေးများက လွဲ၍ ဘာမှတော့ မမြင်ရပေ။

"ဟော့ကောင် ဘာတွေများမြင်ရလဲ၊ ငါက ညဆို မျက်လုံးက ကောင်းတာမဟုတ်ဘူးကွ။"

ထွန်းကျော်ချေပြောမှ တရှဲရှဲမြည်လာသော အသံများကို သတိပြုမိသော ဘကြီးအောင်က ထွန်းကျော်ချေကိုပင် တီးတိုးမေးရင်း သူ့မျက်လုံးအစုံက ချိုင်ဖျားသဲသောင်ပြင်ပေါ်သို့ ကြည့်နေမိသည်။

ချိုင်ဖျားသဲသောင်အစတွင် လှိုင်းကလေးများ တဖျပ်ဖျပ် လာခတ်နေသည်က လွဲ၍ ဘာမှ ထူးထူးခြားခြား မမြင်ရပေ။ လကလည်း သာနေသဖြင့် ချိုင်ဖျားအစ သဲသောင်ကို ရေဝက်များသာ တက်လာပါက မုချမြင်ရမည်မှာ အမှန်ပင် ဖြစ်လေသည်။ ပင်လယ်လှိုင်းခေါင်းဖြူများသည် တဝေါဝေါ အော်မြည်ကာ ချိုင်ထဲသို့ ပြေးဝင်လာကြသော်လည်း ချိုင်ထဲရှိ ကျောက်ဆောင်ကျောက်တန်းများနှင့် တိုက်ခတ်ကာ ချိုင်ဖျားအစ ဘကြီးအောင်တို့ ပုန်းနေကြသော သဲကျင်းနားသို့ ရောက်လာသောအခါ လှိုင်းခေါင်းကွဲ၍ သာသာပြေပြေသာ ကျန်တော့၏။ ထို့ကြောင့်လည်း ချိုင်ဖျားအစတွင် လှိုင်းသံက ပြင်းပြင်းထန်ထန် မဆူညံလှပေ။ သို့သော် တရှဲရှဲနှင့် ပိုပြီး ကျယ်လောင်လာသောအသံများကား ဘကြီး အောင်တို့နားထဲဝယ် ပို၍ ဆူညံလာလေသည်။

"ချိုင်ဖျားအစမှာလည်း ဘာမှမမြင်ရဘူး ဘကြီးအောင်၊ ကျွန်တော်တို့ကို သရဲများ ခြောက်တာလားဗျ"

"မ ဟုတ်နိုင်ပါဘူးကွာ"

ထိတ်ထိတ်လန့်လန့်နှင့် ဘကြီးအောင်၏ လက်တစ်ဖက်ကို တင်း ကျပ်ကျပ် ဆုပ်ကိုင်ကာ မေးလာသော ထွန်းကျော်ချေအား မဟုတ် ပါဘူးဟု အကြောက်ပြေ ပြောသော ပြောလိုက်ရသော်လည်း ဘကြီး မှာ စဉ်းစားမရလောက်အောင် ဖြစ်သွားလေသည်။ အသံဗလံများ မှ ပို၍သာ ကျယ်လောင်လာ၏။

"ဟာ... ဟိုဘက်ချုံအစ စံပန်းပင်တောကဗျ၊ စံပန်းပင်တောက ကောင် ...ခြောက်ပြီနဲ့ တူတယ် ဘကြီးအောင်... ဟို ဟိုမှာကြည့် ... ...မ်း...ဘာကောင်တွေလဲဗျ"

တရှဲရှဲမြည်လာသံတွေမှာ ပင်လယ်ဘက်ကဟု ထင်၍ ပင်လယ်ဘက် ... မပြီး ကြည့်နေသော ဘကြီးအောင်က ထွန်းကျော်ချေ ပြောပြနေ ... သဲသောင်အစ စံပန်းပင်တောဘက်ထိ ချက်ချင်း ဖျတ်ခနဲ လှမ်း ...လိုက်သည်။ သဲသောင်အစ စံပန်းပင်နှင့် ပင်လယ်ကြက်သွန်ပင်တော မှ တရှဲရှဲမြည်သံနှင့်အတူ တရွေ့ရွေ့ တွားတက်လာကြသော သက်ရှိ ...ါများကို လရောင်အောက်တွင် မြင်နေရသည်မှာ အသည်းယား ...းဖြစ်စရာပင်၊ ချုံတောထဲမှ တရှဲရှဲမြည်သံနှင့်အတူ သဲသောင် ...ါသို့ ဆင်းလာကြသော သတ္တဝါငယ်များမှာ ရာတောင်မက များ ...ပြလေသည်။

"ဘာကောင်တွေလဲဟင် ဘကြီးအောင်"

"ငါလည်း မသိဘူးဟ ကြည့်နေပါဦး၊ မကြောက်နဲ့နော်..."

ဘကြီးအောင်က မကြောက်နဲ့ဟု ဆိုသော်လည်း ထွန်းကျော်ချေမှာ ...က်လန့်၍ တဆတ်ဆတ်တုန်နေလေပြီ။ အကောင်ငယ်များမှာ ...ုံးဝိုင်းဝိုင်းနှင့် ဂုံညင်းဒိုးသာသာ ရှိသော်လည်း များပြားလွန်းလှသဖြင့် ...းအောင်ပါ ထိတ်လန့်လာလေသည်။

"ဘကြီးအောင် ခေတ်မီးနဲ့ လှမ်းထိုးကြည့်ဗျ။ တကယ်လို့ တရွေ့ ... ဆိုရင် ခေတ်မီးရောင်ကို ရင်မဆိုင်ရဲဘူးတဲ့"

...၂တစ်ခါလည်း ထွန်းကျော်ချေကပင် ဘကြီးအောင်ကို သတိပေး

ပြန်၏။ မည်သို့ဖြစ်စေ ဤလိုအချိန်မျိုးတွင် ဤသို့ သတိပေးဖော်ရသည်ကိုပင် ဘကြီးအောင်က ထွန်းကျော်ချေအား ကျေးဇူးတင်မဆုံး ဖြစ်မိလေသည်။ ဤသူငယ်သည် မည်မျှပင် ကြောက်၍ ထိတ်လန့်နေသော်လည်း သတိတရားကတော့ အရှိသားပါကလားဟုလည်း အားကိုးအားထား ပြုမိလေသည်။

ဘကြီးအောင်သည် လိုရမယ်ရ ယူလာသော သုံးထောင့်ထိုး လက်နှိပ်ဓာတ်မီးနှင့် တရှဲရှဲအော်မြည်ကာ စံပန်းချုံတောထဲမှ ထွက်လာကြ သော အကောင်ငယ်များကို လှမ်းထိုးကြည့်လိုက်၏။ ဘကြီးအောင် လှမ်းထိုးလိုက်သော မီးရောင်တန်းကို မြင်သောအခါ ချုံအစ စံပန်းပင်တောထဲမှ ထွက်လာကြသော အကောင်ငယ်များမှာလည်း ချက်ချင်း တညီတညာတည်း သဲပြင်ပေါ်တွင် ဝပ်နေလိုက်ကြသည်။

"ကဏန်းတွေလား ဘကြီးအောင်ရယ်"

"ဟဲ့ ကဏန်းတွေ ဒီလိုအုပ်ကြီး အုပ်ကြီး နေကြတာ ငါမတွေ့ဖူးပါဘူး။ မင်းက မျက်လုံးကောင်းတယ်။ သေသေချာချာ ကြည့်ပါဦး"

"ဟော...သဲထဲမြုပ်သွားကြပြီ ဘကြီးအောင်၊ ဘယ်သိနိုင်တော့ မတုံး"

ထွန်းကျော်ချေ ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ မီးရောင်ကို မြင်သည်နှင့် တစ်ပြိုင်နက် ထိုအကောင်ငယ်များက ရုတ်ခြည်းအသံတိတ်သွားကာ သူတို့ကိုယ်ကိုလည်း ချက်ချင်းသဲထဲမြုပ်လိုက်ကြသည်။ ချက်ခနဲ အသံနှင့်အတူ ဘကြီးအောင်က လက်နှိပ်ဓာတ်မီးကို ပိတ်ပစ်လိုက်၏။ သို့သော် သူတို့နှစ်ယောက်၏ မျက်လုံးအစုံကတော့ သဲပြင်ပေါ်မှ အကောင်ငယ်များဆီသို့သာ စူးစူးစိုက်စိုက် ကျရောက်နေတော့၏။

"ရှဲ...ရှဲ...ရှဲ"

ဘကြီးအောင်တို့ ရောက်နေကြသော နေရာမှာ ချုံပျားအစ ဖြစ်သဖြင့် ချုံဝမှ တသုံ့သုံ့ ကြားနေရသော လှိုင်းသံထက်ပင် ကျယ်ကျယ်လောင်လောင် နိုင်လွန်းလှသော ထိုအကောင်ငယ်များ၏ ပြန်လည် တပ်လှန့် လှုပ်ရှားလာကြသံက ပတ်ဝန်းကျင်တွင် ဆူညံလာကြပြန်သည်။ တရှဲရှဲမြည်သံနှင့်အတူ ဘကြီးအောင်တို့ရှိရာ ကမ်းစပ်ဘက်သို့ တရွေ့ရွေ့ လာ

ကြပြန်လေပြီဆိုသည်ကိုလည်း လရောင်ထဲမှာ သဲသဲကွဲကွဲပင် မြင်နေ ရန်၏။

"ဟော...တက်လာနေကြပြန်ပြီ ဘကြီးအောင်"

"အေး...အေး"

ဘကြီးအောင်က ဒုတိယအကြိမ် လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုး ပြန်၏။ မီးရောင်ကို မြင်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း အသဲ ဟ်ကာ အကောင်ငယ်များသည် သဲပြင်ထဲတွင် သူတို့၏ ကိုယ်လုံးကို မြှုပ်၍ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်သွားကြပြန်၏။

"ဘာအကောင်တွေပါလိမ့်"

တိုးတိတ်ညင်သာသော အသံနှင့်အတူ ဘကြီးအောင်က လက်နှိပ် တ်မီးကို ပိတ်ပစ်လိုက်ပြန်သည်။ မကြာခင်မှာပင် တရှဲရှဲမြည်သံနှင့် အတူ ကြီးအောင်တို့ ရှိရာဘက်သို့ ထိုအကောင်ငယ်များ တရွေ့ရွေ့ တွား က်လာနေကြပြန်၏။

"ဘကြီးအောင်...ဘကြီးအောင်၊ လာနေကြပြန်ပြီဗျ"

"အေး...အေး လာကြပါစေကွာ၊ ဒီတစ်ခါ အနားရောက်မှ လက်နှိပ် တ်မီးနှင့် လှမ်းထိုးကြည့်ကြရအောင်"

ဘကြီးအောင်တို့က ဒီတစ်ခါတော့ လက်နှိပ်ဓာတ်မီးနှင့် လှမ်း ထိုးတော့ဘဲ ငြိမ်၍ ကြည့်နေကြ၏။

ဦးဆုံးရှိတက်လာသော တပ်ဦးမှ အကောင်ငယ်များသည် ဘကြီး ောင်တို့နှင့် နီးနေပြီဖြစ်သော်လည်း ပင်လယ်ကမ်းခြေသဲသောင် အစ စ်ပန်းတောနှင့် ပင်လယ်ကြက်သွန်တောမှ အလျှိုအလျှို ထွက်လာနေ သော အကောင်ငယ်များမှာမူ ယခုထိ ထွက်၍ မပြီးနိုင်ကြသေး။ တရှဲရှဲ ပ်လာသော အသံတွေမှာ တွေ့စ ကြားစကလို တရှဲရှဲမဟုတ်တော့ဘဲ မှ အခါ အသံက လုံးထွေးသွားပြီး တသောသော ညံလာတော့သည်။ ကောင်ငယ်များမှာ သိန်းသန်းကုဋေချီပြီး ပင်လယ်ကမ်းစပ်သို့ ဆင်း နေကြသည်။

ဘကြီးအောင်တို့ ပုန်းအောင်းနေကြသော သဲကျင်းနှင့် နှစ်လံသုံးလံ

လောက် အနီးသို့ ရှေ့ဆုံးမှ အကောင်ငယ်များ ရောက်လာကြသောအခါ ဘကြီးအောင်က လက်နှိပ်ဓာတ်မီးကို ဖျတ်ခနဲ ဖွင့်ထိုးလိုက်၏။

"ဟ...ဝင်ကစွပ်တွေပါလားကွ"

မီးရောင်ထဲတွင် သဲသဲကွဲကွဲမြင်နေရသော ဝင်ကစွပ်အုပ်ကို ကြည့်၍ ဘကြီးအောင်က ရေရွတ်လိုက်၏။

မှန်သည်၊ သူတို့အား သဘာဝ ဘုရားသခင်က အဝတ်အဆင်အပြင် အစွံကိုမှ ဖုံးလွှမ်းရန် ဖန်ဆင်းမပေးလိုက်သဖြင့် နေ့အခါမျိုးဆိုလျှင် ရက်ရက်နှင့် စံပန်းတော၊ ပင်လယ်ကြက်သွန်တောထဲတွင် အမြဲပုန်းအောင်း နေကြရသော ဝင်ကစွပ်များမှာ ညအခါဆိုလျှင် ချုံတောထဲမှ ထွက်၍ အစာ ရှာခြင်း၊ သူတို့ ဝင်စွပ်ရန် အခွံရှာခြင်းတို့ကို ပြုလုပ်တတ်ကြသည်။ သူတို့ သည် ဤညမှာလည်း သဲသောင်လွင်ပြင်နှင့် ကျောက်ဆောင် ကျောက် တန်းများရှိရာ ခရုမျိုးပေါင်းစုံတို့ကို တိုက်ခိုက် ကိုက်သတ်စားကာ အဝတ် အစွံတိုက်ပွဲဆင်နွဲရန် ဒီရေအကျမှာ သဲသောင်ကျောက်ဆောင်များပေါ်သို့ အုပ်နှင့်အုံနှင့် ချီတက်လာကြခြင်း ဖြစ်လေသည်။

ခရုများ၏ အသက်ဇီဝိန်ကို ချွေပြီး အသားကို စားကြသည့်အပြင် အခွံကိုလည်း ဝင်စွပ်ပြီး ထမ်းပိုးချီယူသွားကြမည်ဖြစ်သော ဝင်ကစွပ် များသည် ဘကြီးအောင်တို့၏ လက်နှိပ်ဓာတ်မီးရောင် ပြန့်မှိန်အသွားတွင် တရှဲရှဲအသံများ ပေးကာ ကျောက်ဆောင် ကျောက်တန်းများရှိရာ ပင်လယ် ကမ်းစပ်သို့ ဆင်းသွားကြလေသည်။

*

"ကို..."

"ကို..."

ဒီရေတက်စ ပြုလာပြီဖြစ်သဖြင့် တရှေ့ရှေ့ ချီတက်ရာမှ တိုက်ခိုက် ကြရာမှ တစ်ဖန်တပ်ခေါက်လာကြသော ဝင်ကစွပ်အုပ်ကို ကြည့်ကောင်း ကောင်းရှိသည်နှင့် ကြည့်နေမိသည်။ မည်မျှအချိန်ကြာကြာ ငေးကြည့်နေ

ပဲ့ပသိ "ကျွီ..."ခနဲ ဆွဲဆွဲငင်ငင် အော်သံကို ကြား၍ ဘကြီးအောင်
မှန်းကျော်ချေတို့က ပင်လယ်ပြင်ချိုင့်ဝဘက်သို့ လှည့်ကြည့်လိုက်ကြ
။ မရှလှိုင်းတို့ကြောင့် ရေဝက်ပွက်သံ၊ ရေရှူသံတို့ကိုတော့ ရုတ်တရက်
ရ၍ မရနိုင်သေးပေ။

ဘကြီးအောင်တို့ ဤမီးတောချိုင်သို့ ရောက်စကဆိုလျှင် အချိန်မှာ
ယ်ခေါင်းမှု အချိန်သာ ရှိသေးသည်။ ဒီရေမှာလည်း ကျတုန်းပင်
း၏။ ယခုကား အချိန်မှာ သန်းခေါင်သန်းလွဲအချိန် ရောက်ပြီး ဒီရေ
း ပြန်တက်လာနေချေပြီ။ ဒီရေတက်ချိန်ကို ဘကြီးအောင်တို့က
မှုးပင် မျှော်လင့်နေကြ၏။ ဤဒီရေနှင့်အတူ အပြောကျယ်လှသော
ကလားအော်ပင်လယ်ပြင်ထဲမှ ရေဝက်ငါးအုပ်များသည်လည်း ဤမီး
တောချိုင်ထဲသို့ ဝင်လာကြလိမ့်မည်ဟု တွက်ထားခဲ့ကြလေသည် မဟုတ်
လော။

ယခု ရေဝက်မြူးသံကို ကြားရချေပြီ၊ သို့သော် အကောင်အထည်ကို
း မမြင်ရသေး၊ ချိုင်ထဲတွင် ရေကျသွား၍ တစ်ဝက်နီးနီးပေါ်နေသော
ကျောက်ဆောင်ကျောက်တန်းများကိုသာ မြင်နေကြရလေသည်။

"ကျီ..."

ရှည်လျားသလောက် စူးရှသော ရေဝက်မြူးသံ တစ်ခုသည် ချိုင်ဝမှ
ကျောက်ဆောင်များကို ပဲ့တင်ထပ်သွား၏။ စတ္တန်ရိုင်းအတွင်းမှာပင် ထပ်
ပြည်တွန်လိုက်သော ရေဝက်အော်သံများမှာ ဆူညံလာလေသည်။
ဘကြီးအောင်တို့မှာ မျက်တောင်ခတ်ရန်ကိုပင် သတိမရနိုင်ကြတော့ဘဲ
း သာအားရနှင့် ချိုင်ထဲကိုသာ စူးစူးစိုက်စိုက် လှမ်းကြည့်နေကြ၏။

"ဂူ..."

ရှူးခနဲ ရေထဲမှ ပေါ်လာသံနှင့်အတူ "ဗွမ်း"ခနဲ ရေထဲပြန်ငုပ်သွား
ရေဝက်တို့၏ အသက်ရှူသံမှာ ချိုင်ထဲတွင် ဘောင်ဘင်ခတ်နေကြ
ပြီ။ ဒီရေအတက်ကလည်း အားကောင်းလာပြီဖြစ်သဖြင့် ရေဝက်များ
ဖျံအုပ်များပမာ တစ်ကောင်နှင့်တစ်ကောင် လိုက်တမ်းပြေးတမ်း
၍ ချိုင်ထဲ၌ မြူးနေကြ၏။

မိုးလင်းပိုင်း နီးလာ၍ လင်းရောင်ခြည်များကို မိုးကောင်းကင်ဝယ် မြင်လာရပြီ ဖြစ်သော်လည်း ရေဝက်များကား မြူးဆဲပျော်ဆဲပင်။ တစ်ညလုံး သဲကျင်းထဲမှာ ပုန်းပြီး ရေဝက်များကို အကဲခတ် စောင့်ကြည့်နေကြသော ဘကြီးအောင်နှင့် ထွန်းကျော်ချေတို့မှာ ကြာသော် ညောင်းညာ၍ပင် လာကြသည်။ သို့သော် လူရိပ်လူခြည်မြင်၍ ပင်လယ်ပြင်ထဲသို့ ထွက်ပြေးသွားကြလျှင် နောက်တစ်ညနေ့ ဤရေဝက်အုပ်သည် ဤရိုးမြင်ထဲကို ဘယ်နည်းနှင့်မျှ လာရဲကြတော့မည်မဟုတ်ပေ။ ထို့ကြောင့်လည်း ဘကြီးအောင်နှင့် ထွန်းကျော်ချေတို့မှာ အညောင်းအညာခံကာ သဲကျင်းထဲ၌ပင် စောင့်ဆိုင်းနေကြရသည်။

သူတို့သည် မိုးလင်း၍ ဤပင်လယ်ရေဝက်အုပ် အလိုအလျောက် ပင်လယ်ပြင်ထဲသို့ ပြန်ထွက်သွားကြသည်အထိ စောင့်ကြည့်နေကြရမည် ဖြစ်ပေသည်။

အပေါ်အပေါ်းကိုပင် သဲကျင်းထဲ၌ သွားကာ ပင်လယ်ရေဝက်များ မြူးနေကြသည်ကို ချောင်းကြည့်နေကြသော ဘကြီးအောင်နှင့် ထွန်းကျော်ချေတို့မှာ ကြာသော် ဤရေဝက်များကို စိတ်ပင် မရှည်ချင်ကြတော့သလို စိတ်ညစ်လာကြသည်။ ဤရေဝက်များသည် နေရောင်ခြည်ကို မြင်ရမှ ပို၍ မြူးလာပျော်လာကြ၏။

အမှန်မှာ သူတို့သည် ပဒေသာကီ လွန်လေခဲ့ပြီးသည့်အခါကာလက ကုန်းပေါ်တွင် တွားသွားသော ကုန်းသွားကုန်းနေ သတ္တဝါတစ်မျိုးသာ ဖြစ်၏။ သို့သော် ကုန်းပေါ်တွင် သူတို့ထက် လျှင်မြန်ဖျတ်လတ်သော သတ္တဝါများ ကြီးစိုးနယ်ချဲ့လာကြသောအခါ သူတို့မှာ ရေထဲသို့ ဆင်းပြေးလာခဲ့ကြသည်။ ထို့ကြောင့်လည်း သူတို့သည် ယခုလို အအေးပိုလာသော ဆောင်းဥတုသမယဆိုလျှင် ကျောက်ဆောင်ကျောက်တန်းပေါ်သို့ တွားတက်ကာ နေစာလှုံရမှ ရေထဲတွင် ကြာကြာနေနိုင်ကြသည်။ ရေသတ္တဝါ ဟုဆိုသော်လည်း သူတို့သည် ရေထဲ၌ ကြာကြာငုပ်လျှိုး၍ မနေနိုင်ကြပေ။ ရေပြင်ပေါ်သို့ တက်ကာ မကြာမကြာ အသက်ရှူကြရ၏။

ယခင်က တိရစ္ဆာန်အချင်းချင်း တိုက်ခိုက်ကြသည့်ပွဲတွင် ရှုံးနိမ့်ခဲ့

၏ ကုန်းပေါ်မှ ရေထဲ ဆင်းပြေးခဲ့ကြရသော သူတို့မှာ ယခုအခါ ရေထဲ ည်း ငါးများလို အမြဲမနေနိုင်။ ကုန်းပေါ်မှာလည်း ကုန်းသွားသတ္တဝါ းလို အမြဲမနေနိုင်နှင့် ဇာတ်ပျက်ကာ ကုန်းတစ်ပိုင်းရေတစ်ပိုင်း သတ္တဝါ ်မျိုး ဖြစ်နေ၏။ လူတို့၏ အန္တရာယ်ကိုပင် ကြောက်ရွံ့နေကြရသော မှာနေ ကုန်းမှာနား၍ ထူးထွေဆန်းပြားသော သတ္တဝါတစ်မျိုးလည်း ဖြစ်နေလေသည်။

မိုးလင်း၍ နေရောင်ခြည်ကို မြင်ရလျှင် အလိုအလျောက် ပင်လယ် ထဲသို့ ပြန်သွားကြလိမ့်မည်ဟု ထင်ရသော ပင်လယ်ရေဝက်များမှာ အခါ ရေပြင်ပေါ်မှ မို့မို့မောက်မောက် ပေါ်နေကြသော ကျောက်ဆောင် ျောက်ဖျားများပေါ်တွင် နေစာတက်လှုံလိုက်… ရေထဲ ပြန်ဆင်းသွား ်၊ တစ်ကောင်နှင့်တစ်ကောင် ကိုယ်လုံးချင်းတိုက်၍ ကျီစယ်လိုက်နှင့် းနေကြရာ ဘကြီးအောင်နှင့် ထွန်းကျော်ချေတို့မှာ အိမ်ပြန်ခက်နေကြ၏။

သူတို့ကိုမြင်သဖြင့် ပင်လယ်ပြင်သို့ အထိတ်တလန့် ထွက်ပြေးသွား ့လျှင် နောက်တစ်နေ့ညတွင် ဤရှိုင်ထဲသို့ လာခဲ့ကြတော့မည်မဟုတ် ။ တစ်ညလုံး ပင်ပန်းခံရကျိုး နပ်လေအောင် ဘကြီးအောင်တို့က ်မျှပင် စောင့်နေကြရလေသည်။ ဤဒီးတောရှိုင်မှာ လူသူလေးပါး ောက်အပေါက်နည်းသော ရှိုင်ဖြစ်သဖြင့် ဘကြီးအောင်နှင့် ထွန်းကျော် ကို့သည် ထိုနေ့နံနက်က နေဝါးတစ်ဖျားခန့်မြင့်၍ ရေဝက်များ ပင်လယ် ပြန်ထွက်သွားကြပြီးမှ အိမ်သို့ ပြန်လာခဲ့ကြရလေသည်။

*

## အခန်း ခြောက်

နှင်းငွေ့ရိုက်ထားသော ပင်လယ်ပြင်မှာ မျက်စိတဆုံး မိုးတဆုံး ပြာလွင်မှိုင်းမှုန်နေ၏။ မိုးထက်မှ ရွှန်းလဲ့ကြည်မြသော လရောင်သည်ပင် နှင်းဝတ်ရုံကြီးကို ထိုးဖောက်နိုင်စွမ်း မရှိချေ။ ချမ်းလိုက်အေးလိုက်သည် မှာလည်း ရိုးဆစ်ခြင်ဆီကွဲလောက်အောင်ပင်။

ဤသို့သော ညတွင် ဘကြီးအောင်၊ ထွန်းကျော်ချေ၊ လှဘော်နှင့် မောင်ထွီးတို့သည် ကပ္ပလီပင်လယ်ပြင်ထဲသို့ ရောက်နေကြ၏။ သူတို့သည် လှေနှစ်စင်းနှင့် တစ်နေ့ညက ဘကြီးအောင်တို့ ရေဝက်တွေ့ထားခဲ့ကြ သည်ဆိုသော ဗီးတောချိုင်ဘက်သို့ တရွေ့ရွေ့ လှော်ခတ်လျက် ရှိကြ သည်။

ယခင်က လှေတစ်စင်းတည်းတွင် လှေလေးယောက်စလုံး စီးနင်း လိုက်ပါပြီး နိုင်လွန်ပိုက်ကိုပါ တင်ယူခဲ့ကြသော်လည်း ယခုမူ ဤသို့ မဟုတ်ပါချေ။ နောက်လှေတွင် ပိုက်ကိုတင်၍ ရှေ့လှေတွင် လူ လေး ယောက် စီးလာကြသည်။ နောက်လှေနှင့် ရှေ့လှေကို ဆက်ထားသဖြင့် ရှေ့လှေသွားရာကို နောက်လှေကပါလာလေသည်။ သံတောင်လံတာ တစ်ရာကျော် ရှည်လျားပြီး အဖောက် ၁၀ တောင်ရှိသော နိုင်လွန်ပိုက် ကိုလည်း နှစ်တောင်ဖြတ်ထားခဲ့ကြသည်။ ယခု ဘကြီးအောင်တို့ နိုင်လွန် ပိုက် အဖောက်မှာ ရှစ်တောင်သာ ရှိတော့၏။ ဤသို့ ဖြတ်ထားခဲ့ကြခြင်း မှာလည်း ရေဝက် လိုက်ဖမ်းရာတွင် ပေါ့ပါးပြီး ရေဝက်များ ပိုက်ကို လာ

းသောအခါ အောက်စသည် လိပ်တက်လာပြီး လုံးထွေးပါသွားအောင်
မလေသည်။

"မောင်ထွီး၊ မင်းတို့ သေသေချာချာ ကြည့်ကြစမ်း၊ ဒါဇီးတောချိုင်ဝ
း"

အကာယ်၍ ရာသီဥတုသာယာသော သီတင်းကျွတ်၊ တန်ဆောင်မုန်း
များသာဆိုပါက ပင်လယ်ပြင်မှ လှမ်းမျှော်ကြည့်လျှင် ညပင်ဖြစ်သော်
ည်း ကမ်းခြေတစ်လျှောက်ရှိ ရွာများနှင့် တောင်တန်းမြင့်များကို မြင်
ကျဖြစ်သော်လည်း ယခု ဆောင်းနှောင်းသမယတွင်ကား ပင်လယ်ပြင်
နှင်းတွေက အဆမတန် သည်းထန်နေသဖြင့် ကမ်းခြေကိုပင် ဘယ်
နေရာဟု ခန့်မှန်းရန် ခက်နေလေသည်။ အရပ်ရှစ်မျက်နှာတို့တွင် ပြာပြာ
မှိုင်းပြီး နှင်းသင်တိုင်းကြီးက အထွေးသား ဖြန့်ချထားလေသည်။
ကြောင့်လည်း ညဆိုလျှင် မျက်လုံးမကောင်းသော ဘကြီးအောင်က
မောင်ထွီးကို မေးရခြင်း ဖြစ်သည်။

"ရှေ့ကို နည်းနည်းတော့ သွားကြရဦးမယ် ထင်တာပဲ ဘကြီး
အောင်... ရှေ့မှာတော့ ကမ်းခြေကို ရိပ်တိတ်တိတ် မြင်ရသလိုပဲဗျ"

ရှေ့သို့သာ စူးစူးစိုက်စိုက် ကြည့်၍ လိုက်ပါလာသော မောင်ထွီးက
းစဉ်းစားစားနှင့် ဆို၏။ မောင်ထွီးပြောသည်မှာ အမှန်ပင် ဖြစ်သည်။
ဒါဇင်ပင် ဇီးတောချိုင်ဝမှ လူတစ်ရပ်နှစ်ရပ်ခန့်မြင့်သော ကျောက်
ပင် ကျောက်တန်းကြီးတွေကို နှင်းမြူထဲတွင် မှုန်မှုန်မွှေးမွှေးမြင်လာရ
၏။

"ဘကြီးအောင်... လှေကို လက်ယာဘက် နည်းနည်းတိမ်းပေးဗျ
ကျောက်ဆောင်တွေနဲ့ သိပ်နီးနေပြီ"ဟု လှဘော်က ပဲ့ကိုင်ဘကြီးအောင်
ကိုးတိုးသာသာပြောသည်။

"အေးအေး...လှေနဲ့ ကျောက်ဆောင် မတိုက်မိဖို့ သိပ်အရေးကြီး တယ်၊
မကို ရောက်ရင် တို့ပိုက်စချပြီး ပိုင်းကြရအောင်၊ ငါ့အထင် ပြောရရင်
များထဲမှာ ရေဝက်တွေ မုချရှိမှာပဲကွ"

ယခုအချိန်ကာလမှာ မိုးလင်းပိုင်း သမယဖြစ်သဖြင့် ရေဝက်များသည်

ချိုင့်များသို့ မှုချရောက်နေကြပြီဟု ဘကြီးအောင်က တွက်ဆလိုက်လေသည်။

"ဒါ ချိုင့်အစပဲ ဘကြီးအောင်၊ ဟိုမှာ ရိပ်တိတ်တိတ်မြင်ရတာကျောက်မောင်နှမပဲဗျ"

ဤချိုင့်၏အစမှာ ကျောက်မောင်နှမဟုခေါ်သော ကျောက်လုံးကျောက်ချွန်းကြီးနှစ်လုံး ရှိလေသည်။ ဤသည်ကို တံငါသည်တို့က အထိမ်းအမှတ် ထားကြလေသည်။

"ကဲ…ဒီလိုဆိုရင် ပိုက်စချကြတော့၊ ငါနဲ့ ထွန်းကျော်ချေတို့က ဒီမှာနေလိုက်မယ်၊ မင်းတို့က ဟိုဘက်ချိုင့်အစကို ပိုက်တစ်စ ဆွဲချသွားကြတော့"

ဘကြီးအောင်နှင့် ထွန်းကျော်ချေတို့က ပိုက်တစ်စကို ထိန်းကာ ဤဘက်ချိုင့်အစမှာ လှေတစ်စင်းနှင့် ကျန်ခဲ့ကြသည်။ မောင်ထွီးနှင့် လှဘော်တို့ကတော့ နောက်က လှေသို့ ခုန်ကူးကာ နိုင်လွန်ပိုက်ကို ဝိုင်းပတ်ချရင်း ဟိုမှာဘက်ချိုင့်ဝသို့ လော်ထွက်သွားကြသည်။ လှေနှစ်စင်းမှာ နိုင်လွန်ပိုက်၏ တစ်ဖက်တစ်စစီ၌ ရှိနေကြသည်။

"တူ…"

ပိုက်ချ၍ ဆုံးသွားပြီဖြစ်ကြောင်း မောင်ထွီးနှင့် လှဘော်တို့က ကျွဲချို မှုတ်၍ ဘကြီးအောင်တို့ကို အချက်ပေးလိုက်သည်။

"တူ…"

ဘကြီးအောင်ကလည်း အသင့်ရှိနေပြီဖြစ်ကြောင်း ပြန်၍ အသံပေးလိုက်၏။

ဘကြီးအောင်နှင့် ထွန်းကျော်ချေတို့သည် ချိုင့်ဝနှင့် နီးနိုင်သမျှ နီးအောင် လှေကို လော်ခတ်ကာ ပိုက်ကိုလည်း ဆွဲငင်သွားကြသည်။ ချိုင့်တစ်ဖက်အဝသို့ ရောက်နေကြသော မောင်ထွီးနှင့် လှဘော်တို့ကလည်း ထိုနည်းလည်းကောင်းပင်တည်း။

ကျောက်ဆောင်ကျောက်တန်းတို့နှင့် မချိတ်မိ မထိမိုက်နိုင်သော

ရာအရောက် နိုင်လွန်ပိုက်ကို ရေထဲတွင် မျှောချွဲ၍ ချိုင်ကို ထပ်ပိုင်း ကြ၏။

"ဟေး...ဟေး..."

"ဖြန်း...ဖြန်း..."

"ဖြောင်း...ဖြောင်း..."

အရှေ့ဘက် ကောင်းကင်မှ ရောင်နီတို့ကိုမြင်ရချိန်တွင် လှေတစ်စင်း ကစ်စင်း အသံပေးပြီး ရေပြင်ကိုလည်း တက်နှင့် တဖြောင်းဖြောင်း န်းဖြန်း ရိုက်ခတ်၍ ရေဝက်များကို ချောက်လှန့်အော်ဟစ်သံ ပေး ကြသည်။

မိနစ်ပိုင်းအတွင်းမှာပင် လှုသံကြား၍ ပြေးထွက်လာကြသော ရေ များသည် ဘကြီးအောင်တို့ နိုင်လွန်ပိုက်နှင့် လာတိုးတော့၏။ ဘေး န်းပြေးထွက်လာသော ရေဝက်များကို ဟေးလားဝါးလား အော်ဟစ် က်အလယ်သို့ မောင်းသွင်းကြသည်။

သံတောင်လံတာ တစ်ရာကျော်ရှည်လျားသော ပိုက်၏ တစ်ဖက် စီသို့ ရောက်ကြသော လှေနှစ်စင်းမှာ ပိုက်အလယ်ကို ရေဝက် သုံး ကောင် ဝင်တိုးပြေးသောအခါ ရေဝက်များ တိုးပြေးသောအရှိန်နှင့် နှစ်စင်းမှာ ချိုင်အလယ်သို့ လာ၍ ပူးကပ်သွားလေသည်။

"လိုက်ကြိုးပစ်ပေးကွ...လိုက်ကြိုးပစ်ပေး။ လှေချင်းပူးထား ရွေ့ းစေနဲ့၊ ရွေ့မသွားစေနဲ့"

ဘကြီးအောင်က အသံကုန်ဟစ်ကာ ကမန်းကတန်း သတိပေးလိုက် ရေဝက်များ ဆွဲပြေးနေကြပုံကို မြင်ရသောအားဖြင့် နိုင်လွန်ပိုက်၏ ်စသည် အပေါ်သို့ ရုတ်တရက် လိပ်တက်မလာသေးမှန်း သိသဖြင့် း အာင်၏ အမိန့်တိုင်းပင် ထွန်းကျော်ချေနှင့် လှဘော်တို့က လိုက် ပေးလိုက်ကြသည်။ ရေဝက်များကလည်း လိုက်ကြိုး မကုန်မချင်း ်နက်ထဲသို့ နိုင်လွန်ပိုက်ကို တိုးပြေး ဆွဲယူသွားကြ လေသည်။ ်ကို ငေးကြည့်၍ ဘကြီးအောင်က ဝမ်းသာနေ၏။

ကြီးအောင် စိုးရိမ်သည်မှာ ရေဝက်များသည် နိုင်လွန်ပိုက်ကို

ပင်လယ်နက်ထဲ တိုးမပြေးဘဲ ချိုင့်ထဲတွင် တောင်တစ်ကောင် မြောက်တစ်ကောင် ဆွဲပြေးကြသဖြင့် ချိုင့်တစ်ဖက် အစရှိ ကျောက်တန်းကျောက်ဆောင်တွေနှင့် နိုင်လွန်ပိုက်ငြိမှာကိုသာ စိုးရိမ်လေသည်။ ယခင်တစ်ခါက ရေဝက်များ ပင်လယ်ထဲဆွဲမပြေးဘဲ ချိုင့်ထဲတွင် ဇရန်းသုန်းကား ဖြစ်ပြီး နိုင်လွန်ပိုက်နှင့် ကျောက်ဆောင်တို့ ငြိကာ ပိုက်ပေါက်သွားခဲ့ဖူးသည် မဟုတ်ပါလား။

"လိုက်ကြိုးတွေ အားလုံးကုန်သွားပြီ ဘကြီးအောင် ဘယ့်နှယ် လုပ်မလဲ"

"ဟော...ဟုတ်လား"

အစက လိုက်ကြိုး တစ်ပုံနှစ်ပုံကုန်လျှင် ရေဝက်များလည်း အားကုန်ပြီး တန့်သွားကြလိမ့်မည်ဟုထင်သော ဘကြီးအောင်မှာ ယခုအခါ လိုက် ကြိုးနှစ်ပုံကုန်သော်လည်း ရေဝက်များကား ဆွဲပြေးနေကြတုန်းပင် ရှိသေးသောအခါ ဘကြီးအောင်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

"လှေချင်းတော့ ပူးထားကြကွ။ ကွာမသွားကြစေနဲ့ လိုက်ကြိုး ကုန်သွားတော့ မျှောလိုက်ကြတာပေါ့။ ပိုက်အောက်ကတော့ ခင်းတို့ ငုပ်လျှိုးပြီး မပြေးနိုင်တော့ပါဘူး။ အစနှစ်ဖက်ကလည်း လှေချင်းပူးထားတော့ စိတ်ချရပါပြီ"

ဘကြီးအောင်ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ရေဝက်များ၏ လက် ခေါ် သော ရှေ့က ယပ်နှစ်ခုမှာ နိုင်လွန်ပိုက်တွင် ငြိနေပြီဖြစ်သဖြင့် နိုင်လွန်ပိုက်၏ အောက်ခြေမှာလည်း ရေဝက်များ ဆွဲပြေးသော အရှိန်ကြောင့် အပေါ်သို့ လွင့်တက်လာကာ ရေဝက်များကို သုံးလေးပတ် ရစ်ပတ်နေလေပြီဆိုသည်ကို ဘကြီးအောင်က တွက်ဆထားပြီး ဖြစ်လေသည်။

လှေနှစ်စင်းကို ပူးထားဟု ဘကြီးအောင်က ဆိုသော်လည်း အားသန်သော ရေဝက်များ ဆွဲပြေးတိုင်း လှေနှစ်စင်းမှာ တစ်ခါတစ်ခါ သုံးလေးပေခန့် ဝေးကွာ၍ လွင့်ပါးနေကြသည်။ တစ်ချက်တစ်ချက်တွင်လည်း တစ်စင်းနှင့်တစ်စင်း ချက်ချင်း လာပူး၍ လွင့်ပါးနေပြန်၏။ သို့သော် ဝေးကွာနေရာမှ ဤသို့ တစ်စင်းနှင့်တစ်စင်း အရှိန်ဖြင့် ပြန်ကပ်လာသော

၂၊ လူတွေမှာ လှေနှစ်စင်းကို အထူးသတိထားကြရ၏။ တစ်စင်းနှင့် စင်း ဘေးချင်းရိုက်မိ၍ လှေကျိုးမကွဲသွားအောင် အတတ်နိုင်ဆုံး နံးထားရပြန်လေသည်။ ကျွန်းသာယာနားသို့ နီးလာသောအခါ ရေဝက် ၂မှာ အားကုန်နွမ်းလျပြီး အရှိန်လျော့သွားကြသည်။

"ဟိုမှာ...ဟိုမှာ...တွေ့လား နည်းတဲ့ ရေဝက်ကြီးမဟုတ်ဘူးဗျ၊ မော ၊ မပေါ်တက်လာတာ"

မိုးစင်စင်လင်းနေပြီ ဖြစ်သဖြင့် ပိုက်တွင် လုံးထွေးမိနေသော ရေဝက် ဒ်းတစ်ကောင်က ရေပေါ်တက် အသက်ရှူလိုက်သည်ကို လျှပ်တစ်ပြက် ပြးဖြင့်လိုက်ရသော ထွန်းကျော်ချေက လှမ်းအော်ပြောလိုက်လေသည်။

ဤသည်မှာ ဘကြီးအောင်တို့အတွက် အကွက်ပင်ဖြစ်လေသည်။ ကြီးအောင်တို့သည် လှေနှစ်စင်းကို မြဲမြဲပူးထားပြီး လိုက်ကြိုးကို ပြန်၍ ယော ဆွဲလေသည်။ လိုက်ကြိုးကုန်သွားသောအခါ နိုင်လွန်ပိုက်ကို ည်းဖြည်း ဆွဲတင်ကြပြန်သည်။

"ထွန်းကျော်ချေ မင်းနဲ့ လှဘော်က ပိုက်ကို တဖြည်းဖြည်း ဆွဲတင် ၊ ငါနဲ့ မောင်ထွီးက ရေဝက်ကောင်ကို လှမ်းထိုးမယ် သတိထားကြ"

ဘကြီးအောင်နှင့် မောင်ထွီးတို့က လှေဝမ်းထဲရှိ မိုန်းတံနှစ်ချောင်း တစ်ယောက်တစ်ချောင်း ကောက်ကိုင်၍ မတ်တတ်ရပ်လိုက်ကြသည်။ မှ မိုန်းတံနှစ်ချောင်းကို လေထဲ ဝှေ့ယမ်း၍ ရေရှေ့ထိုးနောက်ငင် ချိန်ဆ ၊ ရေဝက်ကြီး အသက်ရှူရန် ပေါ်အလာကို စောင့်လျက် ရှိကြသည်။

ယခုအခါ လှေနှစ်စင်းကို လော့်ခတ်ခြင်း လုံးဝမပြုကြတော့ဘဲ ပိုက် နှစ်စကို လှေဦးတွင် ချည်ကာ သည်အတိုင်းပင် ချေပြင်ထဲ၌ မျှောထား ၂၅၏။ တစ်မနက်လုံး ပိုက်တစ်ဖုံနှင့် လှေနှစ်စင်းကို ဆွဲမြေးလာ ၊ လှောက်တွေမှာ ယခုအခါ အမောဆိုက်နေကြပြီ ဖြစ်သဖြင့် ဘကြီး တို့ ဆွဲခေါ်ရာသို့ တရွေ့ရွေ့ ပါလာနေကြသည်။

"ဂျုံ-"

နိုင်လွန်ပိုက်နှင့် လုံးထွေးနေ၍ အသက်ရှူကျပ်နေသော ရေဝက်ကြီး

တစ်ကောင်မှာ ခေါင်းပေါ်လာပြီး အပြင်လေကို ရှူလိုက်၏။ အမောဆိုက်လေ အသက်ရှူမဝလေ ဖြစ်နေကြသော ရေဝက်တွေမှာ တရှူးရှူး ရေမှုတ်ထုတ်သံနှင့်အတူ လှေပတ်ဝန်းကျင်တစ်ခိုမှ နောက်ထပ် အလျှိုလျှိုပေါ်လာကြသည်။

ဘကြီးအောင်နှင့် မောင်ထွီးတို့သည် ရေဝက်ကြီးတွေ ပေါ်တက်လာသည်နှင့် တစ်ပြိုင်နက် လေထဲတွင် ဝှေ့ယမ်းထားသော မှိန်းတံနှစ်ချောင်းနှင့် ရေဝက်ကြီးကို လှမ်းထိုးလိုက်ကြသည်။ ထိုးလိုက်သော မှိန်းတံနှစ်ချောင်းက ရေဝက်ကြီး၏ ကုပ်ဆက်ကို တည့်တည့်မတ်မတ် စူးဝင်သွားသောအခါ ရေဝက်ကြီးမှာ ကျွမ်းသုံးလေးပတ်ပြန်ပြီး ဝုန်းခနဲ ရေမြှုက်သံကြီးနှင့်အတူ ပင်လယ်ရေပြင်ထဲတွင် ဆောက်တည်ရာ မရလောက်အောင် ဆွဲပြေးပြန်၏။ ရေဝက်ကြီး ကျွမ်းပြန်လေ ပိုက်က လုံးထွေးလေဖြစ်နေရာ ရေဝက်တွေမှာ ပို၍ ရှုပ်နှံ့လာကြသည်။ တစ်ကောင်ကို ထိမှန်းသိ၍ ကျန်ရေဝက်များကလည်း သွေးရူးသွေးတန်းနှင့် ဦးတည်ရာမရှိ ပိုက်ကို ဆွဲပြေးကြသောအခါ ပတ်ဝန်းကျင် ရေပြင်တစ်ခုလုံးမှာ ရေပန်းရေမြှာတွေ လွင့်စဉ်ပြီး ဝရုန်းသုန်းကား ဖြစ်နေလေတော့သည်။

နောက်ထပ် နီးရာ ရေဝက်တွေကို မှိန်းနှင့် လှမ်းထိုးရန် ဘကြီးအောင်နှင့် မောင်ထွီးတို့က ကြိုးစားကြသော်လည်း လှေမငြိမ်သဖြင့် ထိုးကွက်မပိုင် ဖြစ်နေလေသည်။

ရေဝက်၏ သဘာဝမှာ ရေပေါ်တက်၍ အသက်ရှူရမှ အသက်ရှင်နိုင်လေရာ ပိုက်နှင့် လုံးထွေးနေသဖြင့် ရေဝက်တွေမှာ အသက်ရှူကျပ်ပြီး အားပျော့လာကြလေသည်။

ဤသည်ကို အတတ်သိသော ဘကြီးအောင်သည် နောက်ထပ် ရေဝက်များကို မှိန်းနှင့် လှမ်းထိုးရန် မကြိုးစားတော့ဘဲ ရေဝက်များ ရှုပ်နှံ့ပြီး အားကုန်သွားအောင် ရေဝက်များဆွဲပြေးရာသို့သာ လှေကို မျှော၍ လိုက်နေတော့၏။

ဤသို့နှင့်ပင် ရေဝက်များ အားကုန်သွားပြီဟု ထင်လျှင် လူတွေက

'ငံလှနီပိုက်ကို တဖြည်းဖြည်းဆွဲယူ၍ နီးရာရေဝက်ကို မှိန်းနှင့် လှမ်းထိုး ကြပြန်သည်။ ထိုအခါ မှိန်းနှင့် အထိုးခံရသော ရေဝက်မှာ သွေးရူး သွေးတန်း ၊င့် ပင်လယ်ရေပြင်ထဲ၌ တဝဲလည်လည် ဆွဲပြေးပြန်၏။ ဤသို့နှင့်ပင် မှတစ်ပြန် ရေဝက်တစ်ပြန် ဆွဲလိုက်လျှော့လိုက် ဖြစ်နေကြလေရာ အချိန် မှာ နေမွန်းတည့်သို့ပင် ရောက်လာလေသည်။ ဘကြီးအောင်တို့မှာလည်း နက်ထမင်းကို ယခုထိ မစားကြရသေး၊ ထို့ကြောင့် လူတွေမှာလည်း ရေဝက်များနည်းတူ အားပျော့လာကြသည်။ သို့သော် ရေဝက်ကြီး သုံး ယးကောင် ရတော့မည်ဟူသော လောဘဇောကြောင့် ထမင်းကိုပင် သတိ မရနိုင်တော့ပေ။

"ကဲ…ရေဝက်တွေလည်း အားကုန်နေကြပြီ၊ နေကလည်း မွန်းတည့် ပြီ၊ ကမ်းခြေနဲ့လည်း တော်တော်ဝေးသွားပြီကွ၊ ပိုက်ကို မသိမသာ ရာဆွဲပြီး ရွာဘက်ကို လှော်ကြဦးမှ ထင်တယ်။ အတော်ကြာ နေဝင်လို့ မ်းမကပ်နိုင် ဖြစ်နေမှာ စိုးရတယ်"

ဘကြီးအောင်ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ယခု သူတို့ ရောက် နကြသော နေရာမှာ မာန်အောင် မီးပြအောက် ဘင်္ဂလားအော် ပင်လယ် ာ်ပင်တည်း။ ဤနေရာမှ သူတို့ သိုက်ပုံရွာသို့ ပြန်သွားရမည့် ရေလမ်း းမှာ ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်မှ နေမဝင်ခင် ရောက်ပေမည်။ ်သော် ရေဝက်တွေမှာလည်း ထင်သလောက် အားမကုန်ကြသေးသဖြင့် ာင့်ဖြောင့်တန်းတန်းလည်း ဘယ်နည်းနှင့်မျှ သွားနိုင်ကြမည်မဟုတ် ယည်ကို ဘကြီးအောင်က အတတ်သိ၏။ ထို့ကြောင့်လည်း ဘကြီး ာင်က ဆော်ဩလိုက်ခြင်း ဖြစ်သည်။

ဘကြီးအောင်၏ အမိန့်အတိုင်းပင် ပိုက်ကြိုးနှစ်စကို လှေနှစ်စင်း၏ းကွင်း မြဲမြဲချည်ကာ သူတို့ရွာဘက်ရှိရာ ကမ်းခြေသို့ တရွေ့ရွေ့လှော် ာကြသည်။ ယခုအခါ ရေဝက်တွေမှာလည်း အားကုန်နေကြပြီ ဖြစ် ် ဘကြီးအောင်တို့ ဆွဲခေါ်ရာသို့ တရွေ့ရွေ့ ပါလာကြလေသည်။

ရထဲမှ ရှူးခနဲ ရှဲခနဲ တစ်ချက်တစ်ချက် ရေပေါ်တက်၍ အသက်ရှူ

ကာ လေ့နှောက် နိုင်လွန်ပိုက်တွင် ငြိပါလာကြသော ရေဝက်တွေကို ဘကြီးအောင်က လေ့လှော်ခတ်ပွဲကိုင်ရင်း မျက်ခြည်မပြတ် ဂရုစိုက်လာလေသည်။

နေမွန်းတိမ်းအချိန်လောက်ကပင် မာန်အောင် မီးပြအောက်မှ ရေဝက်မိထားသော ပိုက်တစ်ဖုံကို ဆွဲတင်ပြီး လှော်ခတ်လာကြရာ နေဝင်ခါနီး မှ ကမ်းခြေသို့ ကပ်နိုင်ကြသည်။ ရေအေးခေါင်း ပေါင်လယ်လောက်သာ နက်သော သစ်ပုံရှာအောက်ဘက်ရှိ ချိုင်တစ်ခုသို့ ဝင်မိသောအခါ လူတွေမှာ လေ့ပေါ်က ဆင်း၍ ထိုချိုင်ထဲမှာပင် ရေဝက်များကို လှောင်ဖမ်းကြသည်။ မိုန်းနှင့် လှမ်းထိုးလာခဲ့ကြသော ရေဝက်ကြီးသုံးကောင်မှာ ဘယ်လိုမှ ရုန်းကန်လှုပ်ရှားနိုင်ခြင်း မရှိသော်လည်း မိုန်းနှင့် မထိုးမိဘဲ ပိုက်နှင့် လုံးထွေး ဆွဲငင်လာကြသော ရေဝက်တစ်ကောင်မှာ ချိုင်ထဲ ရေတိမ်သို့ ရောက်သောအခါ တရှူးရှူး တရှဲရှဲ လေမှုတ်၍ ချိုင်ထဲတွင် ဟိုဟိုသည်သည် လျှောက်ပြေးနေ၏။ ရေဝက်ငယ်ဟုဆိုသော်လည်း အချိန်သုံးဆယ်လောက် ရှိသဖြင့် လူတွေမှာ အကျပ်ရိုက်နေကြပြန်သည်။

"ဟဲ့...ဟဲ့...မလုပ်နဲ့ မလုပ်နဲ့ ဒီအကောင်ကို အရှင်ရအောင် ဖမ်းရမယ်ကွ။ ဒီလောက် ရေတိမ်ထဲမှာ ခင်း ဘယ်မှ မပြေးနိုင်တော့ပါဘူး။ အစွမ်းပြနိုင်ရင် စတောပေ့။ ဒီကောင်က နို့ဖြတ်စ ကလေးပဲ ရှိသေးတာ။ တို့ကို ရန်သတ္တုရ မပြုနိုင်ပါဘူး"

ချိုင်ထဲတွင် ဟိုဟိုသည်သည် ဆွဲပြေးနေသော ပိုက်ကြိုးတန်းလန်းနှင့် ရေဝက်ငယ်ကို မိုန်းနှင့် လှမ်းထိုးရန် ရွယ်လိုက်သော မောင်ထွေးအား ဘကြီးအောင်က တားလိုက်လေသည်။

"ကဲ...မင်းတို့ ဒီက ပိုက်ကြိုးစကိုသာ မြဲမြဲဆွဲထားကြ။ ငါက ရေဝက်ငယ်အမြီးဖျားကို ဖမ်းပြီး လိုက်ကြိုးနဲ့ သွားချည်ထားလိုက်မယ်၊ ဒီအကောင်ကို ပေါ်ရောင်းရင်လည်း ငွေတစ်ရာကျော်လောက်ပဲ ရမယ်။ အရှင်ဖမ်းထားရင် အရာရှိကြီးက တို့ကို သုံးရာတောင် ပေးမယ် ပြောထားတာပဲ။ ဒီကောင်ကို အရှင်ရအောင် ဖမ်းကြမယ်၊ ပိုက်ကြိုး မပြတ်ကြစေနဲ့"

ပြောပြောဆိုဆိုနှင့်ပင် ဘကြီးအောင်သည် လိုက်ကြိုးတစ်ပင်ကို ဆွဲယူကာ ရေဒူးခေါင်းသာသာလောက်သာ နက်သော ရေဝက်မိနေရာသို့ ကူးသွားလေသည်။

ထွန်းကျော်ချေ၊ လှဘော်နှင့် မောင်ထွီးတို့က ပိုက်ကြိုးစ နှစ်ဖက်ကို တင်းတင်းရင်းရင်း ဆွဲပေးထားကြသဖြင့် ရေဝက်ငယ်မှာ ထင်သလောက် မရုန်းနိုင်တော့ပေ။ ထို့ကြောင့်လည်း မကြာခင်ပင် ပိုက်တွင် လုံးထွေးနေသော ရေဝက်ငယ်၏ အမြီးဖျားကို ဘကြီးအောင်က လိုက်ကြိုးတစ်ပင်နှင့် မြဲမြဲချည်ကာ ပိုက်ထဲမှလည်း ဖြုတ်ထားနိုင်ခဲ့၏။ နိုင်လွန်ပိုက်ထဲတွင် ကြာရှည်ထားလျှင် ရေပေါ်သို့ ခေါင်းထောင်ပြီး အသက်မရှူရသဖြင့် ရေမွန်းပြီး သေသွားမှာ စိုးရလေသည်။

ရေဝက်ငယ်၏ အမြီးဖျားကို လိုက်ကြိုးနှင့် မြဲမြဲချည်ထားပြီးသော အခါ ရေဝက်ငယ်ကို ပိုက်ထဲမှ ဆွဲဖြုတ်ပြီး ချိုင်ထဲ ရေပြင်တွင် ကျွဲနွားများကို လှန်သလို ပိုက်ကြိုးနှင့် လှန်ထားလိုက်ကြသည်။ ပိုက်နှင့် လုံးထွေးပြီး အမိခံနေရစဉ်က အသက်ဝဝမရှူရသော ရေဝက်ငယ်မှာ ယခုအခါ အသက်ကို ဝဝရှူ၍ ချိုင်ထဲတွင် လျှောက်သွားနေ၏။

"ကဲ...မင်းတို့ ရွာပြန်ကြတော့၊ ဒီရေဝက်ကို ငါစောင့်နေလိုက်မယ်၊ ထွန်းကျော်ချေနဲ့ လှဘော်က ငါ့အတွက် ထမင်းယူပြီး ရေဝက်ပေါ်ဖို့ လူတွေလည်း ခေါ်လာခဲ့ကြ၊ မောင်ထွီးက ဦးကျော်ဇော်နဲ့ ဦးအေးထွန်းကို သွားပြောကြ၊ သူကတစ်ဆင့် မြို့က အရာရှိကြီးဆီကို တို့ ရေဝက် တစ်ကောင် အရှင်ဖမ်းမိထားပြီဆိုတာ သွားအကြောင်းကြားကြလိမ့်မယ်"

"ဟုတ်ကဲ့...ဘကြီးအောင်..."

အချိန်မှာ မိုးချုပ်နေပြီ ဖြစ်သဖြင့် လှဘော်၊ ထွန်းကျော်ချေနှင့် မောင်ထွီးတို့က အမှောင်လမ်းကလေး အတိုင်းပင် ရွာဘက်သို့ ထွက်သွားကြလေသည်။ ရေဝက်အရှင်တစ်ကောင်ဖမ်းဆီးရမိနိုင်ရေးအတွက် အနေ့နေ့နေ့ အရက်ရက် ကြိုးစားလာခဲ့ကြသော သူတို့အဖို့ ယနေ့ အောင်ပွဲ ရလာခဲ့ကြလေပြီ။

ဘကြီးအောင်ကတော့ ရေဝက်ကြီးတစ်ကောင်လျှင် အနည်းဆုံး ပိဿာ ခုနစ်ဆယ်၊ ရှစ်ဆယ် ရှိမည်ဖြစ်သဖြင့် တစ်ပိဿာလျှင် ပေါက်ဈေး လေးကျပ်နှင့် ရေဝက်ကြီး သုံးကောင် ရောင်းရငွေနှင့် အရှင်ဖမ်းမိထား သော ရေဝက်ကလေးတစ်ကောင်ကိုလည်း ငွေသုံးရာပေးပြီး ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်သို့ ပို့မည်ဟု ပြောဖူးသော မြို့က အရာရှိကြီး၏ စကား များကို ကြားယောင်မိကာ သံတောင်လံတာတို့ဖြင့် တိုင်းတာ၍ မရ လောက်အောင် နက်ရှိုင်းပြီး မိုးကောင်းကင်တမျှ ကျယ်ပြောလှသော ဘင်္ဂလားပင်လယ်အော်ထဲမှ လှိုင်းလုံးကြီးများနှင့်အပြိုင် သူ့ရင်ထဲမှ ဝမ်းသာမှု လှိုင်းကယက်များမှာ ဘောင်ဘင်ခတ်လျက် ရှိလေသတည်း။

■

သားရဲ့တစ္ဆေသားဟာင်း

## အခန်း တစ်

အားလပ်သော တနင်္ဂနွေတစ်နေ့တွင် အုတ်ကျင်းလမ်းမရှိ ကိုရွှေမောင်တို့အိမ်တွင် သူငယ်ချင်းတစ်စု ဆုံမိကြသည်။ ဝတ္ထုရေးသူ၊ ဆောင်းပါး ရေးသူ၊ သတင်းရေးသူ၊ စာအုပ်ဝေဖန်သူ။ လူကြီးတွေအား မကျေနပ်တာတွေကို ပြည်သူ့အာဘော်အခန်းက ဖြောင်ကလေသ်တုတ်နေသူ လူစုပါသည်။ လူစုမိကြပြီဆိုလျှင် ထုံးစံအတိုင်း စာပေအကြောင်း ဆွေးနွေးကြသည်။

ထိုသို့တပြီးမှာ ပေါက်ကရလေးဆယ် ပြောကြသည်။ နောက် အခြားမှဲ့ ဆိုသောဘာ၊ ဝိညာဉ်လောကအကြောင်း သရဲတစ္ဆေဆိုတာ တကယ်ရှိ မရှိ ငြင်းခုံကြပြန်သည်။ ကိုအာကာသက သရဲတစ္ဆေ ခြောက်တုန်းရိုက်ကူးထားသော သရဲတစ္ဆေရုပ်ပုံပါ ဆောင်းပါးတစ်ပုဒ်ကို နှစ်အတန်ကြာက သွေးသောက်မဂ္ဂဇင်းထဲမှာ ဖတ်ဖူးသည်ဟု ဆိုသည်။

ထိုအခါ မဖြစ်နိုင်ဖြစ်နိုင် ငြင်းကြသည်။ ကျွန်တော်က ကိုအာကာသဘက်မှ ထောက်ခံ၍ ပြောသည်။

"ခင်ဗျားတို့ သိပ္ပံဆရာတွေ သုတေသနလုပ်လို့ မရသေးပေမင့် သရဲတစ္ဆေဆိုတာကတော့ တကယ်ရှိတယ် ကိုသိပ္ပရယ်၊ မယုံမရှိနဲ့ ကျွန်တော်က ကိုယ်တွေ့ဗျ"

"ခင်ဗျားက သရဲတစ္ဆေကို အကောင်အထည်မြင်ဖူးလို့လား"

သိပ္ပံဆောင်းပါးများရေးနေသူ ကိုသိပ္ပံမဥ္ဇူက ကျွန်တော့်ကို စူးစူးရဲရဲကြည့်၍ မေး၏။

"ဟာ…ကိုယ့်ဆရာနယ်၊ မြင်ဖူးပြီလား။ ကျွန်တော့်ကို ခြောက်တဲ့ သရဲက နည်းတဲ့ အကောင်ကြီးမဟုတ်ဘူးဗျ"

ကျွန်တော့်စကားအဆုံးမှာ အားလုံးကုန်သော ဆရာ့ဆရာတွေက မျက်လုံးပြူးသွားကြသည်။ ဓာတ်သိနှမ်းဖတ်ချဉ်ဖြစ်သော ကိုပုံ့မျူးက ပါ…

"ဒီမောင်က သူ့ဦးလေး သစ်တောဝန်ထောက်နဲ့ တောထဲ တောင်ထဲ ခဏခဏလိုက်နေဖူးတဲ့ မောင်ဆိုတော့ သရဲတစ္ဆေကို တကယ်မြင်ဖူးလေ သလား" ဟူသော သံသယစိတ်နှင့် ကျွန်တော့်အနားသို့ တိုးကပ်လာ၏။

ထိုအခါ ကျွန်တော်က သရဲတစ္ဆေဆိုသည်မှာ တကယ်ရှိကြောင်း၊ ကျွန်တော်ငယ်စဉ်က သရဲတစ္ဆေကို အကောင်အထည်မြင်ဖူးကြောင်း ပြောပြဖြစ်သည်။

*

## အခန်း နှစ်

ကျွန်တော်၏ ဇာတိမှာ ရှိုင်ပြည်နယ်၊ တောင်ပေါ်ဒေသ ဖြစ်သည်။ အဖေအမေတို့က မြို့ကျောင်း ထားပေးကြသဖြင့် မြို့ရှိ ဦးလေးတော် တစ်ယောက် နေအိမ်မှနေ၍ ကျောင်းတက်ရသည်။ နွေရာသီ ကျောင်း ပိတ်ရက်ရောက်ပြီဆိုလျှင် မိမိ၏ ရွာသို့ နှစ်တိုင်း ပြန်ရသည်။ ကျွန်တော် တို့ရွာနှင့် မြို့မှာ ခြေလျှင်တစ်ရက် ခရီးရှိသည်။ မော်တော်ကား၊ မြင်း ရထားများ မဆိုထားဘိ လှည်းလမ်းပင် မပေါက်ချေ။

ကျောင်းပိတ်၍ အရပ်သို့ ပြန်လာသော ကျွန်တော်သည် မိမိရွာ၌ အဖေအမေ၊ အစ်ကိုအစ်မ စသည့် အိမ်သားတွေကို မိမိအိမ်၌ မတွေ့ရ တော့ပေ။ တပေါင်းတန်ခူးလဆိုလျှင် အဖေအမေတို့သည် တစ်အိမ်သား လုံး ကြိတဲ ဝင်သွားကြပြီ ဖြစ်သည်။ အဖေအမေ၊ အစ်ကိုအစ်မတို့ ကြိ သကာ သွားလုပ်နေကြသော ကြိတဲမှာ ရိုးတောင်နားတွင်ဖြစ်၍ ရွာနှင့် အတော်ဝေးသည်။ အိမ်သားတွေအားလုံး ကြိတဲ ဝင်သွားကြပြီဖြစ်သဖြင့် ရွာရှိ မိမိအိမ်ကို တံခါးပိတ် သော့ခတ်ထားခဲ့ရသည်။ အိမ်၊ ဥယျာဉ်၊ စပါး ကျီစသည်တို့ကို ရွာရှိ ဆွေမျိုးများအား စောင့်ရှောက်ကြည့်ရှုထားကြရန် မှာထားခဲ့ရသည်။ ကြက်သွန်၊ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက် စသည် များကို တစ်ပတ်စာ နှစ်ပတ်စာထိ ကြိတဲသို့ ယူသွားရသည်။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်တို့ ကြိတဲ၌ ကုန်သွားပြီဆိုလျှင် ရွာသို့ပြန်၍ စားနပ်

ရိက္ခာ ယူရပြန်သည်။ ကြံခင်းများ ရှိရာဖြစ်သော တောင်ခြေက ကြံတဲသို့ ကြံသကာလုပ်ရန် တစ်အိမ်သားလုံး သွားကြရသည်မှာ မိုးတွင်း၌ လယ်သမားများ လယ်ထဲ ဝင်သွားကြသလိုပင်တည်း။

ထို့ကြောင့် သည်နှစ် ကျောင်းပိတ်၍ မြို့မှ ရွာသို့ ပြန်လာသော ကျွန်တော့်မှာ အဖေအမေ၊ အစ်ကိုအစ်မ စသည့် အိမ်သားများကို မိမိ၏ အိမ်၌ မတွေ့ရတော့ပေ။ ဤသည်မှာလည်း နှစ်စဉ်နှစ်တိုင်းလို ဖြစ်နေသဖြင့် အမှန်က ကျွန်တော့်အတွက် ရိုးနေလေပြီ။

နွေရာသီ ကျောင်းပိတ်၍ မြို့မှ ရွာသို့ ပြန်လာသော ကျွန်တော်သည် ရွာမှတစ်ဖန် အဖေအမေ၊ အစ်ကိုအစ်မများ ရှိရာ တောင်ခြေက ကြံတဲသို့ လိုက်သွားရပြန်သည်။

ကြံတဲမှာပင် အဖေအမေတို့နှင့်အတူ နေရသည်။ သို့သော် မြို့၌ အနေများသူဖြစ်သဖြင့် တောင်ခြေက ကြံတဲမှာ ကျွန်တော် နေ၍ အထာ မကျတတ်ပေ။ ထိုအခါ ရွာပြန်၍ ဆွေမျိုးများတွေဆီမှာ သုံးလေးရက် လာနေရပြန်သည်။ ရွာမှာ သုံးလေးရက်လာနေလိုက်၊ ကြံတဲ ပြန်လိုက်နှင့် နွေရာသီ ကျောင်းပိတ်ရက်မှာ ဤနည်းနှင့်ပင် အချိန်ကုန်ရလေသည်။ ကြံသကာလုပ်ငန်းတွင်လည်း ကျွန်တော်က မယ်မယ်ရရ မလုပ်တတ်သေးသဖြင့် လူလွတ်ဖြစ်နေသည်။

ယခုနှစ်တွင် ကိုလတ်က မိန်းမရပြီး ယောက္ခမအိမ် ဆင်းလိုက်သွားသည်။

အမေကလည်း ပန်းနာပေါ်နေသဖြင့် အလုပ်မလုပ်နိုင်ပေ။

ထို့ကြောင့် ကြံတဲရှိ အိမ်သားတစ်စုမှာ လက်မလည်နိုင်အောင် ရှိကြသည်။ ဤသည်ကို မြင်၍လည်း ကျွန်တော်က ကြံအလုပ်တွင် တောက်တိုမယ်ရ ဝင်လုပ်ရသည်။ ခါတိုင်းနှစ်တွေလို ရွာပြန်လိုက် ကြံတဲလာလိုက်နှင့် ခြေမများနိုင်တော့ပေ။

သို့သော် ကျွန်တော့်မှာ ကလေးမို့ အလုပ်တွင် အရာမရောက်လှပေ။

ထို့ကြောင့် တောင်ရိုးပေါ်က ဦးလေးတော်သူတစ်ယောက်ကိုပင် ကြံတဲသို့ ခေါ်၍ အလုပ်လုပ်ခိုင်းထားရသည်။

တောင်ရိုးရွာက အမေဓါဦးလေးဦးသာညိုနှင့် ကျွန်တော့်မှာ ရင်းနှီးကြသူမဟုတ်၊ ကျွန်တော့်အဘိုးလေးကလည်း မြို့ကျောင်းတက်နေသော ကျွန်တော့်ကို မြင်ဖူးရုံသာ ရှိသည်။ ထို့ကြောင့် အဘိုးလေးနှင့် ကျွန်တော်မှာ ရင်းနှီးကျွမ်းဝင်ခြင်း မရှိပေ။

သို့သော် အဘိုးလေး၏ အကြောင်းကိုကား ကျွန်တော်သည် ငယ်စဉ်ကပင် နားလျှံမတတ် ကြားဖူးခဲ့လေသည်။

ကျွန်တော့်အဘိုးလေး ဦးသာညိုမှာ အသက်ငါးဆယ်ကျော်ပြီ ဖြစ်သော်လည်း သားမယားမရှိသော လူပျိုအိုကြီး ဖြစ်သည်။

တောင်ရိုးရွာရှိ လူတွေမှာ တောင်ယာခုတ်သောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရသော်လည်း ကျွန်တော့်အဘိုးလေးကား ပင်ပန်းသော တောင်ယာအလုပ်ကို လုံးဝမလုပ်ပေ။

သူ့အလုပ်မှာ ဆယ့်နှစ်လ ရာသီမရွေး ကျွဲ(ချေ)ငိုင်း ဝက်ငိုင်းထောင်သည်။ ချိုးတယ်သည်၊ ခါတယ်သည်၊ ကြက်တယ်သည်၊ အမဲလိုက်သည်၊ သားကောင်ပစ်သည်။ မုဆိုးတံငါအလုပ်တွင် အဘိုးလေးလောက် ကျွမ်းကျင်သူဆို၍ ကျွန်တော်တို့ ရွာနီးချုပ်စပ် တစ်ဝိုက်တွင် တစ်ဦးမျှ မရှိချေ၊

ကျွန်တော်တို့ငယ်စဉ်က ရွာနီးချုပ်စပ်တစ်ဝိုက်တွင် လယ်သမားများ၏ နွားများကို တစ်ညသုံးလေးကောင် ကိုက်သတ်စားနေသော ကျားကြီးတစ်ကောင်ကို ချေးအရှင်တစ်ကောင်နှင့် ဓါ(ထောင်ချောက်) ထောင်၍ အရှင်ဖမ်းပြနိုင်သဖြင့် နယ်ပိုင်ဝန်ထောက်ကြီးက ငွေဖလားကြီးတစ်လုံးနှင့် ကျပ်ငွေငါးဆယ်ကို 'ဆု'အဖြစ် ပေးဖူးသည်ဟု သိရသည်။ အဘိုးလေးဆီတွင် နယ်ပိုင်ကြီးပေးသော ဆုဖလားကြီးသည် ယခုထိပင် ရှိနေသေးသည်။ ဤသို့သော ဂုဏ်ထူးဝိသေသနတို့ကြောင့်လည်း အဘိုးလေး၏ သတင်းကို ကျွန်တော်တို့မှာ ငယ်စဉ်ကပင် ကြားဖူးနေသည်။ နောက်ဆုံး ကုန်ကုန်ဆိုရလျှင် မုဆိုးတံငါအလုပ်ကို နှစ်ပေါင်းသုံးလေးဆယ် ကြာမျှ လုပ်လာသော အဘိုးလေးအား တောတိရစ္ဆာန်များ အားလုံးက ကြောက်ရွံ့ကြသည်။ သရဲတစ္ဆေများပင် အဘိုးလေးအား ခြောက်လှန့်ရန် မဝံ့ကြဟု လူတွေက ပြောကြသည်။ အကယ်၍ သရဲတစ္ဆေများ ခြောက်

လှန့်သည့် တိုင်အောင်ပင် အဘိုးလေးကာ ကြောက်သူမဟုတ်။

ယခုအခါ အဘိုးလေးမှာ အသက်ရွယ်အားဖြင့် ကြီးရင့်လှပြီ။ မုဆိုးတံငါအလုပ်ကို ဆက်လုပ်နေ၍လည်း မသင့်လျော်တော့။ ထို့ကြောင့် ယခုနှစ်မှစပြီး ကျွန်တော်တို့ ကြံတဲတွင် ကြံအလုပ်ကို ဝင်လုပ်ပြီး ကျွန်တော်တို့ အိမ်သားတွေနှင့်အတူ လာနေပါရန် အမေက သွားခေါ်သဖြင့် ကျွန်တော်တို့ ကြံထဲသို့ အဘိုးလေး လာရောက်နေခြင်း ဖြစ်လေသည်။

ခါတိုင်းနှစ်တွေမှာ အလုပ်အကိုင်ဆို၍ မယ်မယ်ရရ မလုပ်သော ကျွန်တော်သည် ယခုနှစ်မှာ အသက်အရွယ်ကလည်း လူပျိုဖော်ဝင်စပြုပြီ ဖြစ်သဖြင့် အဖေအမေ၊ အစ်ကိုအစ်မတို့ကို ဤနှစ်မှာ အလုပ်ကူ၍ လုပ်ပေးရသည်။ သို့သော် တောင်ခြေမှ ကြံတဲ၌နေရသည်ကို ကျွန်တော် အလွန်ငြီးငွေ့လှသည်။ ထို့ကြောင့် အလုပ်ပါးသော နေ့များဆိုလျှင် ကျွန်တော်သည် ရွာထဲသို့ မကြာမကြာထွက်လစ်သွားတတ်သည်။ ယနေ့ ၌လည်း ကျွန်တော်သည် ရွာသို့ အစောကြီးကပင် ရောက်နှင့်နေသည်။

နံနက်စာ ထမင်းကိုလည်း ရွာ၌ပင်စား၏။ ညနေစောင်း၍ တောင်ခြေရှိ မိမိကြံတဲသို့ ပြန်ခါနီးမှာ ဆွေမျိုးတစ်ယောက်က ညနေစာထမင်းကို အတင်းခေါ်ကျွေးပြန်သဖြင့် ညနေစာထမင်းကို ရွာ၌ပင် စားရပြန်သည်။ ကျွန်တော် ထမင်းစားနေချိန်တွင် နေဝန်းသည် အနောက်ဘက်တောင် တန်းသို့ ငုပ်လျှိုးသွားပြီ ဖြစ်သည်။ ဤသည်ကပင် ကျွန်တော့်အား သရဲ တစ္ဆေအခြောက်ခံရရန်အတွက် အကြောင်းဖန်လိုက်သလို ဖြစ်တော့သည်။ သို့သော် နေ့စဉ် သွားလာနေကျလမ်းမို့ သရဲတစ္ဆေခြောက်လိမ့်မည်ဆိုသည်ကို လုံးဝ မစဉ်းစားမိပါချေ။ ကြံထဲ ပြန်နောက်ကျ၍ အစ်မကြီးက ဆူလေမလား၊ အစ်ကိုကြီးက မာန်လေမလားဟူသော စိုးရိမ်ပူပန်စိတ်တို့သည်သာ ရင်ထဲ၌ ပြည့်သိပ်၍ ပါလာကြသည်။

*

# အခန်း သုံး

နွေလဖြစ်သဖြင့် တောလမ်းမှာ ရွက်ကြွေခြောက်တွေနှင့် ပြည့်သိပ်နေသည်။ ကျွန်တော်သည် တောလမ်းအတိုင်း မိမိကြံ့တဲ ရှိရာဘက်သို့ ခပ်မြန်မြန်လျှောက်လာ၏။ ကျွန်တော်တို့ ကြံ့တဲသို့ သွားရာလမ်းမှာ မိုးဖွားချောင်းဖြတ် ချောက်တစ်ခုကို ဖြတ်သွားရသည်။ ထိုချောက်နားသို့ ကျွန်တော်ရောက်လာချိန်မှာ မှောင်ရီဖျိုးဖျရှိနှင့်ပြီ။ လဆန်းငါးရက်လကို အနောက်ဘက် တောင်ထိပ်တွင် လှမ်းမြင်နေရသော်လည်း သစ်ရိပ်တို့ကြောင့် ချောင်းကူးလမ်းဖြတ်လေး ချောက်ထဲမှာ မှောင်နှင့်မည်းမည်းသာတည်း။

လမ်းဖြတ်လေးချောက်ထဲသို့ ကျွန်တော်လှမ်းအဆင်းမှာ ညှီသိုးသိုးအနံ့တစ်မျိုးက ကျွန်တော့်နှာခေါင်းထဲသို့ ရုတ်ခြည်းတိုးဝင်လာ၏။ "ရှဲ့…ရှဲ့" ဟူသော မသဲမကွဲအသံတစ်ခုကိုလည်း ချောက်တစ်ဖက်ကမ်းစပ် ရှိ မျှဉ်းမပင်ကြီးထက်မှ ရုတ်တရက် ကြားလိုက်ရသလိုပင်။ ထို့ကြောင့် ကျွန်တော့်ခြေလှမ်းက အလိုလို တုံ့ခနဲ ရပ်သွား၏။ ထိုအခါ ဤနေရာ၌ သရဲခြောက်တတ်သည်ဟူသော ရွာရှိလူများ ပြောစကားကို ချက်ချင်း သတိရလိုက်မိသည်။

အမှန်မှာ ညှီသိုးသိုး အနံ့တစ်မျိုးကို ရှူရှိုက်မိပြီဆိုကတည်းကပင် ကျွန်တော့်တစ်ကိုယ်လုံးမှာ ကြက်သီးများ တဖြန်းဖြန်း ထနှင့်ပြီ။ သို့သော်

ကျွန်တော်က စိတ်ကိုတင်းသည်။ မြို့ကျောင်းနေသူပီပီ သရဲတစ္ဆေဆိုတာကိုလည်း အယုံအကြည်သိပ်မရှိလှ။ ပြီးတော့ မိမိတို့ ကြံတဲနှင့်လည်း နီးနေလေပြီ။ အစ်ကို၊ အစ်မ၊ အဘတို့ကို အော်ခေါ် လျှင်ပင် ကြားနိုင်ပြီမို့ ကျွန်တော်သည် ရဲဆေးတင်းကာ ပျဉ်းမပင်ကြီးရှိရာ လမ်းဖြတ်သို့ တိုးလျှောက်လာသည်။ ကျွန်တော် ကြံတဲသို့ ပြန်လာပြီဆိုသည်ကို အမေအဖေ၊ အစ်ကို၊ အစ်မတို့ ကြားပါစေ ဟူသော သဘောဖြင့် ရမိရရာ တေးတစ်ပုဒ်ကိုလည်း ဟစ်ညည်းလိုက်မိသည်။ အမှန်ကတော့ ကြောက်ရွံ့၍ ဂနာမငြိမ်ဖြစ်နေသောစိတ်ကို ထိန်းချုပ် စုစည်းလိုက်ခြင်း သဘောသာ။

"ဘာမပို တာဝေ့လိုက်တော့၊ ရာဇပြိုဟ်သာကေတပါပဲ၊ အိုကွယ် တာရာဏာရယ်တဲ့ တက္ကသိုလ်၊ အညီတွေးလိုက်တော့ ဤလေးပြည် အလယ် ဗဟိုရ်...."

"ဝုန်း"

ကျွန်တော့်သီချင်းသံ မဆုံးခင်ပင် ပျဉ်းမပင်ကြီးပေါ်က သရဲသည် ကျွန်တော့်ရှေ့သို့ ခုန်ချလိုက်၏။ ခေါင်းပေါ်သို့ တည့်တည့်မတ်မတ် မကျ၍သာ တော်သေးသည်ဟု ဆိုရမည်။ အကယ်၍ ကျွန်တော့်ခေါင်းပေါ်သို့သာ သရဲကြီးက တည့်တည့်မတ်မတ် ခုန်ချပါက ကျွန်တော်သည်လည်း ကိုစံတင် ဆိုသူကဲ့သို့ပင် ခေါင်းကွဲ၍ သေရမည်မှာ မုချပင်။

"အမယ်လေး"ဘ ကာ ငယ်သံပါအောင် အော်၍ ကျွန်တော်က ကြံတဲသို့ အရောက်ပြေးသည်။ ကြံတဲသို့ ရောက်သောအခါ ရှူးသွပ်လာသူ တစ်ယောက်ပမာ ကဆုန်ပေါက်ပြေးလာသော ကျွန်တော့်အား အမေ အဖေ၊ အစ်ကိုအစ်မစသည့် အိမ်သားအားလုံးက ဝိုင်း၍ ချုပ်ကိုင်ထားကြသည်။ တောင်ရိုးပေါ်က ကျွန်တော်တို့ ကြံတဲသို့ ရောက်နှင့်နေသော အဘိုးလေးကလည်း "လူလေး ဘာလဲ ဘာလဲ၊ ဘာဖြစ်တာလဲ"ဟု အထိတ်တလန့် မေးသည်။

"သ–သ–သရဲဗျ...သရဲ ဟိုပျဉ်းမပင်ကြီးပေါ်က သရဲကျွန်တော့် ကိုယ်ပေါ် ခုန်ချတယ်"

"ဟယ်..."

ကျွန်တော့်စကားအဆုံး၌ အဘိုးလေးက လွဲလျှင် ကြိတ်ရှိ အကုန်သူတို့မျက်နှာမှာ ရုတ်ခြည်း သွေးဆုတ်သွားကြသည်။ အမေ အဖေ၊ အစ်ကို အစ်မတို့က ကိုစံတင်ကဲ့သို့ပင် ကျွန်တော်သည်လည်း ရူးသွပ်၍ မှုချသေရတော့မည်ဟု တွေးထင်လိုက်ကြပြီတည်း။

"ဟဲ့ မောင်ထွန်း မီးတုတ်ညှိစမ်းကွာ၊ ငါ့မြေးကို ခြောက်တဲ့ သရဲ အဘိုးလေး လိုက်ကြည့်စမ်းမယ်"

အဘိုးလေးက ပြောသဖြင့် အစ်ကို စောထွန်းက မီးတုတ်ညှိသည်။ ကျွန်တော့်လိပ်ပြာသည် ကြောက်ခြင်း လွင့်စဉ်သွားပြီဖြစ်သဖြင့် လိပ်ပြာပြန်ခေါ်ရန် ကျွန်တော့်ကိုလည်း ထိုပျဉ်းမပင်ကြီးအောက်သို့ အမေက ခါးကြိုးနှင့် ချည်၍ ပြန်ခေါ်လာသည်။

"ကဲ ငါ့မြေးကို သရဲဘယ်နေရာမှာ ခြောက်လဲ၊ ပြစမ်း"

"အဲ...အဲ ဒီအနား အရောက်မှာ သရဲကြီးက ကျွန်တော့်ရှေ့ခုန်ချ တယ် အဘိုးလေးရယ်၊ သရဲကြီးက မည်းမည်းလုံးလုံးကြီး၊ လူကြီး တစ်ယောက်ဖက်လောက်တောင် ရှိတယ်ဗျ"

ချောက်ထဲ ပျဉ်းမပင်ကြီးအောက် လမ်းဖြတ်တွင် ကျွန်တော်က သရဲစွံချရာသို့ လက်ညှိုးထိုးပြရ၏။ ကျွန်တော့်မှာ ယခုထိ အကြောက် မပြေသေးသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတုန်းပင်။

ကျွန်တော် လက်ညှိုးထိုးပြရာသို့ အဘိုးလေးက မီးတုတ်နှင့် ကပ်ကြည့်သည်။ ကျွန်တော်တို့လည်း ငိုင်းကြည့်ကြသည်။ သရဲခုန်ချသော နေရာမှာ သစ်ရွက်ခြောက်တွေ ကြေမွ၍ ခါချဉ်ကောင်တွေက လျှောက် ပြေးနေကြသည်။ ကျွန်တော်တို့မှာ လန့်ဖျပ်၍ နောက်သို့ ရှဲသွားကြ၏။

"ငါ့မြေးကို ခြောက်တဲ့ သရဲက လူကြီးတစ်ယောက်ဖက်လောက် မရှိပါဘူးကွယ်၊ ငါ့မြေးက အကြောက်လွန်လို့ မြင်မိတာနေမှာပါ"

"ဟာ...ရှိပြီလား အဘိုးလေးရာ၊ လူကြီးတစ်ယောက်ဖက်ထက် တောင် ကြီးသေးတာဗျ၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး"

အဘိုးလေးက ကျွန်တော့်အပြောကို သဘောကျ၍ ရယ်နေသည်။

"ကဲ ပြန်ကြမယ်၊ ငါ့ဒီကို ရောက်နေတယ်ဆိုတာ ခင်းသိလျှက်နဲ့ ငါ့

မြေးကို ခင်းကခြောက်တယ်ဆိုတော့ ငါ့ကို ပညာစမ်းချင်လို့ပေါ့လေ၊ အေး ပေါ့ကွာ...၊ ငါ့ပညာ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ ခင်း တစ်ပတ်အတွင်း သိစေမယ်။ ကောင်းကောင်းသာ နေပေရော့"

အဘိုးလေးသည် မှုန်းမပင်ကြီးနှင့်တကွ ပတ်ဝန်းကျင် ဘယ်ညာကို လှည့်ကြည့်ကာ ကျွန်တော့်အား ခြောက်သော သရဲကို လှမ်းကြိမ်းနေသည်။

"ငါ့မြေး ဘာမှမကြောက်နဲ့နော်၊ ငါ့မြေးကို ခြောက်တဲ့သရဲကို အဘိုးလေး တစ်ပတ်အတွင်း အရှင်ဖမ်းပြမယ်၊ အဲဒီအခါမှ ငါ့မြေးစိတ်တိုင်းကျ ထုရိုက်ပေတော့"

ထိုညက ကျွန်တော့်လည်ပင်း၌ ဂုဏ်တော် ပုတီးတစ်ကုံး အမေက ဆွဲပေးထားသည်။ သရဲတစ္ဆေကို အယုံအကြည်မရှိသော ကျွန်တော်သည် ယခု မိမိကိုယ်တိုင် သရဲခြောက်ခံရသောအခါ တစ်ညလုံး အမေ့နားကပင် မခွာရဲတော့ပေ။

*

## အခန်း လေး

"ဟာ…ငါ့မြေးပြန်လာတာနဲ့ အတော်ပဲဟေ့၊ ငါ့မြေးကို ခြောက်တဲ့ သရဲညက အဘိုးလေးသွားဖမ်းလိုက်ပြီ။ ငါ့မြေးကို ခြောက်တာ ဟုတ်ရဲ့လား၊ လာကြည့်စမ်း။ သူဟုတ်တယ်ဆိုရင်တော့ ငါ့မြေးစိတ်တိုင်းကျသာ ထုရိုက်ပေတော့"

ရွာ၌ အလှူရှိသဖြင့် ရွာတွင် တစ်ည သွားအိပ်ပြီး မိမိကြီးတဲသို့ ပြန်လာသော ကျွန်တော့်အား အဘိုးလေးက ဆီးပြောသည်။

ကျွန်တော့်ကို ခြောက်သော သရဲအား အဘိုးလေးက ဖမ်းထားပြီဆိုသဖြင့် အတိုင်းမသိ အံ့ဩသွားသည်။ သရဲဆိုသည်မှာ မည်ကဲ့သို့သော ရုပ်ဖြပ်အသွင်သဏ္ဌာန် ရှိလေသနည်းဟူသော ကြည့်မြင်လိုစောနှင့် ကျွန်တော်သည် သရဲဖမ်းထားသည်ဆိုသော နေရာနားသို့ ချက်ချင်း အရောက်ပြေးသွားသည်။

"ဟာ သင်းခွေချပ်ပါလား အဘိုးလေးရာ၊ ဘယ်မှာလဲဗျ သရဲ"

အကြေးခွံကို သံကြိုးနှင့် ဖောက်ချီပြီး ခြင်းကျားတစ်လုံးနှင့် ချုပ်ထားသော သင်းခွေချပ်တစ်ကောင်ကိုသာ တွေ့ရသဖြင့် ကျွန်တော်က အဘိုးလေးအား ပြန်မေးလိုက်သည်။

"သရဲတစ္ဆေဆိုတာ ဒီလိုပဲပေါ့ ငါ့မြေးရာ၊ လူဖမ်းမိသွားပြီဆိုရင် ကျုဒ္ဒိပါဒ်တန်ခိုးနဲ့ တိရစ္ဆာန်တစ်ကောင်အသွင်ကို ချက်ချင်း ပြောင်းပစ်

တတ်ကြတယ်ဆို မှတ်လား၊ ခုလည်း ငါ့မြေးကို ခြောက်တဲ့ သရဲကြီးက အဘိုးလေး သွားဖမ်းတော့ သင်းခွေချပ်ယောင်ဆောင်ပြီး ထွက်ပြေးသေးတာ၊ တတ်လည်း တတ်နိုင်တဲ့ သရဲပဲ၊ ဟဲ ဟဲ ဒါပေမင့် အဘိုးလေး လက်ထဲက သူမလွှတ်ပြေးနိုင်ဘူး၊ ချကြည့်လေ ဒင်းကို မိလာပြီ မဟုတ်လား"

ရှေ့တွင် သင်းခွေချပ် တစ်ကောင်ကို မြင်နေရသော်လည်း အဘိုးလေး စကားကြောင့် ကျွန်တော်က အံ့သြသွားမိသည်။

အဘိုးလေး ပြောသည်မှာ အမှန်ပင် ဖြစ်ပေမည်။ ညဥ့်ကာလ၌ လူတစ်ဦးတစ်ယောက်အား ခြောက်လှန့်သော သရဲတစ္ဆေများကို ထို လူသားက မကြောက်မရွံ့တတ်၍ ဖြစ်စေ၊ အကြောက်လွန် မှုန်ထူ၍ ဖြစ်စေ၊ ထွက်မပြေးဘဲ ကြောက်လန့်တကြားနှင့် ရိုက်သတ်မိပါက ခြောက်လှန့်သော သရဲကို မတွေ့ရဘဲ ပုတ်သင်ညို့ လင်းတစသည့် တောတိရစ္ဆာန်တစ်ကောင်ကိုသာ သေ၍ တွေ့တတ်သည်ဟု လူကြီးသူမတွေက ပြောပြသည်။ ယခု ကာန်တော့အား ခြောက်သော လမ်းဖြတ် ရိုးကြား ပျဉ်းမပင်ကြီးပေါ်က သရဲသည်လည်း အဘိုးလေးကို ကြောက်သဖြင့် သင်းခွေချပ်အဖြစ်သို့ သူ၏ ဣဒ္ဓိပါဒ် တန်ခိုးနှင့် ဖန်ဆင်းလေပြီ မဟုတ်ပါလား။ ထို့ကြောင့် ကျွန်တော်သည် ရှေ့၌ သင်းခွေချပ် တစ်ကောင်ကို မြင်နေရသော်လည်း ကြောက်လန့်တကြားနှင့် နောက်သို့ ဆုတ်မိလျက်သား ဖြစ်သွားသည်။ အဘိုးလေးကတော့ ဤသည်ကိုပင် သဘောကျ၍ တဟဲဟဲ ရယ်နေ၏။

သင်းခွေချပ်ဆိုသည်မှာ လူနှင့် ဝေးသော တောတောင်ထဲတွင် နေတတ်သည့် တောတိရစ္ဆာန်တစ်မျိုး ဖြစ်သည်။ နေ့ခင်းနေ့လယ်တွင် တစ်နေ့လုံး သစ်ခေါင်းထဲ၌ အောင်းနေတတ်ပြီး ညဆိုလျှင် အစာရှာထွက်တတ်သည်။ သူ၏ အစာမှာ ခါချဉ်ကောင်များ၊ ခြ၊ ပိုးပုရွက်ဆိတ်များ ဖြစ်သည်။ ပုရွက်ဆိတ်ကျင်းကို တွေ့လျှင် အပေါက်ဝနှင့် ပါးစပ်ကို တေ့ပြီး ကျင်းထဲမှ ထွက်လာသမျှ ပုရွက်ဆိတ်များကိုစားသည်။ ပုရွက်ဆိတ်များကို လေနှင့် စုပ်ယူ၍ စားပြန်သည်။ ခြတောင်ပို့များကို တွေ့လျှင် သူ၏ မာကြော ခက်ထရော်သော ကိုယ်နှင့်တိုး၍ တိုက်၍လည်းကောင်း၊ လက်

သည်း ခြေသည်းတွေနှင့် ဖွဲ၍လည်းကောင်း စားတတ်သည်။ သင်းခွေချပ် အနှစ်သက်ဆုံးသော ပိုးကောင်မှာ ခါချဉ်ပင် ဖြစ်သည်။ ထို့ကြောင့် ခါချဉ် ထုပ်များ ရှိသော သစ်ပင်ဆိုလျှင် မည်မျှ မြင့်မားသေသိနေသော သစ်ပင် ဖြစ်ပါစေ သင်းခွေချပ်ကား တက်စားစမြဲတည်း။ သို့သော် မတ်မတ်ထောင် နေသော သစ်ပင်များကို သူကတက်၍ မရောက်တတ်ပေ။ စောင်းကိုင်း ကိုင်း ဖြစ်နေသော သစ်ပင်များရှိ ခါချဉ်ထုပ်များကိုသာ တက်စားလေ့ ရှိသည်။

သင်းခွေချပ်သားပေါက်သောအခါ သစ်ခေါင်းထဲ၌ပင် တစ်ကောင် တည်း ပေါက်၏။ ကလေးငယ် မသွားမလာတတ်မီ ကာလအအတွင်း သင်းခွေချပ်မသည် ကလေးငယ်အတွက် အစားအစာကို သူ၏ ကိုယ်ပေါ် ရှိ အကြေးခွံများကြားတွင် ညှပ်ယူလာပြီး ကျွေးမွေးတတ်သည်။ ဥပမာ ခါချဉ်တစ်ထုပ်ကို တွေ့ပြီဆိုလျှင် ခါချဉ်ထုပ်ကို လက်သည်းခြေသည်းတို့ ဖြင့် ကုတ်ဖွ၍ ကိုယ်ပေါ်ရှိ အကြေးခွံအထပ်ထပ်များကိုလည်း(မြွေးကောင် များ ရန်သူနှင့် တွေ့သောအခါ ကိုယ်ပေါ်ရှိ ဆူးများကို ဖြန့်ထောင်ထား သလို) သင်းခွေချပ်သည်လည်း သူ၏ အကြေးခွံများကို ဖြန့်ထောင်ထား တတ်သည်။ ထိုအကြေးခွံထဲသို့ ခါချဉ်ကောင်များ ဝင်ကိုက်ကြသောအခါ အကြေးခွံကို ပြန်ရုပ်၍ ခါချဉ်ကောင်ကို အကြေးခွံနှင့် ဖိညှပ်ကာ သား သမီးရှိရာ သစ်ခေါင်းထဲအရောက် လာကျွေးတတ်သည်။ ရက် သတ္တပတ် ကျော်လောက် အသက်ရပြီဖြစ်သော ကလေးငယ်ကိုမူ သူ၏ ကျောပေါ်တွင် တင်၍ အစာရှာထွက်ရာသို့ ခေါ်လာလေ့ ရှိသည်။ အစာရှာပုံရှာနည်းများ ကိုလည်း လက်တွေ့သင်ကြားပေးဟန်ရှိသည်။

ခါချဉ် ပုရွက်ဆိတ်စသည့် ပိုးကောင်ပိုးမွှားများကို စားသဖြင့် သင်း ခွေချပ်၏ ကိုယ်နံ့သည် ညှီစော်စော် အောက်သိုးသိုး နံသည်။ ထို့ကြောင့် သင်းခွေချပ် အနီးအနား၌ ရှိနေသည်ကို ဝါရင့်မုဆိုးများအတော် ဝေးဝေး ကပင် သိကြသည်။ တောကောင်းသော ခွေးနှင့် အနံ့ခံလိုက်လျှင် သင်းခွေ ချပ်ကို သစ်ခေါင်းထဲ၌ အလွယ်တကူ ဖမ်းမိနိုင်သည်။

သင်းခွေချပ်သည် လူကိုလည်း အလွန်ကြောက်တတ်၏။ အမှန်က လူကိုသာမဟုတ်၊ ခါချဉ်၊ ပုရွက်ဆိတ်၊ ခြကောင်များကလွဲလျှင် အခြား

တိရစ္ဆာန်များကို သူက အလွန်ကြောက်တတ်သည်။

လူနှင့်သော်လည်းကောင်း၊ တခြားသောတိရစ္ဆာန် တစ်ကောင်ကောင်နှင့်သော်လည်းကောင်း ပက်ပင်းတွေ့လျှင် သူ၏ အမည်နာမနှင့် လိုက်ဖက်ညီစွာရှိလေအောင် သူ၏ ကိုယ်ကို ကညွတ်ခွေကဲ့သို့ ခွေလိုက်ပြီး မလှုပ်မယှက်ငြိမ်သက်နေတတ်သည်။ ထိုအခါ လုံးလုံးဝိုင်းဝိုင်း ကျောက်ခဲကဲ့သို့ ဖြစ်နေသဖြင့် အန္တရာယ်ဟူသမျှကို သူက မမှုတော့။ တောတောင်ရေမြေကို လိုက်၍ သဘာဝက ပေးထားသော သူ့အရောင်အဆင်းသည် ကျောက်ခဲ ကျောက်တုံးကဲ့သို့ ဖြစ်နေလေပြီ။ တောတိရစ္ဆာန်များ လူများ အတော်ဝေးဝေးသို့ ရောက်သွားပြီဆိုလျှင်တော့ သူက တစ်ရှိုးတည်း ထ၍ လစ်တော့သည်။ သို့သော် သူ၏ လစ်ပြေးနှုန်းမှာ ကြောင်တို့ ယုန်တို့နှင့်စာသော် နှေးကွေးလွန်းလှသည်ဟု ဆိုရပေမည်။

သစ်ပင်ပေါ် တက်၍ ခါချဉ်ကောင်များကို စားနေသော သင်းခွေချပ်သည် လူနံ့ရလျှင် လူတစ်ယောက် လေချွန်လိုက်သလို "ရှီ...ရှီ"ဟူသော အသံကို ပြုတတ်သည်။ လူခေါ်သံကြားလျှင် ပြန်၍ ထူးတတ်သည်။ လူကို လူကဲ့သို့ပင် ပြန်၍ အော်ခေါ်တတ်သည်ဟု အချို့က ယူဆကြသည်။ နီးနီးနားနားက လူသံ ကြားပြီဆိုလျှင် သူ့အား လိုက်ရှာနေပြီဟူသော အထင်နှင့် အကြောက်လွန်ကာ သူ၏ ကိုယ်ကို ကညွတ်ခွေကဲ့သို့ လုံးခွေ၍ သစ်ပင်ပေါ်က ခုန်ချခြောက်လှန့်တတ်သည်။ သူသည် မည်မျှ မြင့်မားဝေသီနေသော သစ်ပင်ပေါ်က ဖြစ်စေ၊ လူသံသူ့သံ ကြားလျှင် ခုန်ချ ခြောက်လှန့်ရန် ဝန်မလေးတတ်။ သူခုန်ချလိုက်စဉ် သူ၏ ဝိုင်းရစ်ခွေနေသော ကိုယ်လုံးနှင့် သစ်ကိုင်းသစ်ခက်များ တိုက်မိခိုက်မိမှာလည်း သူ မကြောက်၊ မြေအောက်၌ ဆူးတောကျောက်တောသွားကျမိမှာလည်း သူကမမှု၊ သူ၏ ရစ်ခွေလုံးကျစ်ထားသော ကိုယ်လုံးမှာ အမြင့်မှလွှမ်းခြုံထားသော အကြေးခွံတို့နှင့် ဖုံးလွှမ်းနေသဖြင့် သစ်ကိုင်းသစ်ခက်များနှင့် တိုက်မိလျှင် သစ်ကိုင်းသစ်ခက်များသာ ပွန်းပဲ့ကျိုးသွားမည်၊ သူက ဘာမှ မဖြစ်၊ မြေပြင်ရှိ ဆူးတော ကျောက်တောသို့ လှိမ့်စဉ်ကျလာလျှင်လည်း ဆူးစွန်တွေ ကျိုးကြေ၍ ကျောက်ခဲ ကျောက်တုံးတွေကသာ ပွန်းပဲ့သွားမည်။ သူက နည်းနည်းမှ

နာကျင်ခြင်းမရှိ။ ထို့ကြောင့်လည်း သင်းခွေချပ် မည်သော တောတိရစ္ဆာန်သည် လူသကြားသည်နှင့် တစ်ပြိုင်နက် မည်မျှ မြင့်မားစေသီလွှန်းသော သစ်ပင်ပေါ်သို့ ရောက်နေသည်ဖြစ်စေ၊ အပေါ်မှ "ဝုန်း"ခနဲ…"အုန်း"ခနဲ ခုန်ချလိုက်ရန်ကိုတော့ သူသည် နည်းနည်းပါးပါး မှ ဝန်မလေး တွေးမကြောက်သော တိရစ္ဆာန်ပင်တည်း။

အကယ်၍ ကျွန်တော့်ကို ခြောက်သော မျှဉ်းမပင်ပေါ်က သရဲသည် အဘိုးလေးပြောသလို အဘိုးလေး သွားဖမ်းသောအခါ အဘိုးလေးကို ကြောက်၍ ဣန္ဒြိယပါဝါတန်ခိုးနှင့် "သင်းခွေချပ်"အဖြစ်သို့ ဖန်ဆင်း အသွင်ပြောင်းလိုက်သည်ဆိုကြပါအံ့၊ ထိုသို့ဆိုလျှင် ကျွန်တော်သည် ငယ်စဉ်ကပင် "သရဲတစ္ဆေသားဟင်း"ကို စားဖူးပါသည်ဟု ကြွားရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အဘိုးလေး သွားဖမ်းထားသော သင်းခွေချပ်သရဲတစ္ဆေကို အဘိုးလေးနှင့် ကျွန်တော်တို့ အိမ်သားတွေ နောက်တစ်နေ့မှာ သတ်ချက်စားလိုက်ကြသောကြောင့်တည်း။

ဤတွင် တောင်ပေါ်ရွာကလေးမှ တောင်ခြေကြီးတဲသို့ သွားရာ ရိုးမျှားချောင်းဖြတ် မျှဉ်းမပင် ကြီးအောက်မှဖြတ်၍ လာရသော အမှောင်လမ်းကလေးအကြောင်းကို အဆုံးသတ်လိုက်ရပေတော့သတည်း။

■

အင်တောက အမြွန်

## အခန်း တစ်

"တောမျောက်က ကြိုးခွေ၊ စိန်ပြီး မြိုင်ချောင်က
ရွှေဖိုးခေါင် သံရှိုးညောင်းတယ်…၊ ခေါင်းက အိုးဝေ"

တောအစကာပင် ခေါင်းတွန်သံကို ကြားရသည်။ အရှေ့ဘက် တောင်တန်းမြင့်များဆီမှ နေရောင်ခြည်ကို မြင်ရ၍ မြခေါင်းညိုတို့ တွန်သံပေးလာကြသလို မျောက်လွှဲကျော်များကလည်း ကျွိကျွိကျွကျွနှင့် အော်မြည်လာကြ၏။ တပေါင်းသာခေါင် လများနှောင်းတွင် တောတောင်မြိုင်ယံထဲ၌ ဖော်ကွဲ့ညည်းနှင့် ငှက်ဖိုးခေါင်တို့၏ လွမ်းယောင်ဆွေးယောင် တေးဖွဲ့သံတို့ကလည်း တောလုံးညံလျက်ပင်တည်း။

ကဒူးကဏန်းအမျိုးသားများဖြစ်ကြသော ဘအုံထယ်၊ သာမှတ်၊ ကြာရှိန်း၊ ဖိုးစာတို့သည် နံနက် ဝေလီဝေလင်းအချိန်ကပင် သူတို့၏ ကြိမ်ခတ်ကုန်းရွာမှ အနောက်သစ်တောထဲသို့ ထွက်လာခဲ့ကြသည်။

သူတို့ရွာမှ ထွက်လာချိန်က ညီအစ်ကို မသိတသိ အချိန်သာ ရှိသေးသည်။ ယခု နေလုံးနီနီကို အရှေ့ဘက် တောင်တန်း မြင့်များဆီတွင် မြင်ရချိန်၌ သူတို့မှာ အနောက်ကသာခရိုင် သစ်တောအစသို့ ရောက်လာကြလေပြီ။ သို့သော် သူတို့၏ ခြေလှမ်းများကား ရပ်တန့်၍ မသွားကြသေး။ တရွေ့ရွေ့နှင့် ရှေ့သို့ ချီလျက်သာ ရှိကြလေသည်။

သူတို့အားလုံးသည် ယခုလို မြူနိုးယှက်ဝေ ရွက်ဟောင်းကြွေ၍ တောင်လေရှေ့ဝိုက် နွေရောက် နွေသမယရောက်တိုင်း အနောက်ကသာ ခရိုင် သစ်တောထဲသို့ အင်တွဲ မွေးညက်ရှာရန် ရောက်လာလေ့ရှိကြလေသည်။ ထို့ကြောင့်လည်း သူတို့၏ ကိုယ်ပေါ်တွင် ဓား၊ ဒူးလေး၊ မြား၊ ဆွန်း၊ သံချိတ်၊ လှ၊ တင်းပုတ်၊ ကြိုးများနှင့် စားအိုးစားခွက်တို့က တစ်ထမ်းတစ်ပိုး ပါလာကြ၏။

သူတို့မှာ အဖွဲ့ဖွဲ့၍ အင်တွဲမွေးညက် ရှာကြသူများဖြစ်သဖြင့် တောနက်ထဲတွင် နွေခရီးရှည်တစ်လျှောက် ဟိုမှသည်မှ စခန်းထောက်မှ အင်တွဲမွေးညက် ရှာကြရမည့်သူများဖြစ်လေသည်။

သူတို့၏ အနောက်ကသာခရိုင်သစ်တောသည် မြန်မာနိုင်ငံ၌ သစ်တောထွက်ရတနာများထဲတွင် အင်တွဲမွေးညက် အထွက်ဆုံးခရိုင် ဖြစ်လေသည်။

အနောက်ကသာခရိုင် သစ်တောထဲမှ တစ်နှစ်တစ်နှစ်လျှင် အင်တွဲမွေးညက် ပိဿာချိန် ၂၀၀,၀၀၀ ကျော်အထိ ထွက်လေသည်။

ယခင်က အင်္ဂလိပ်ခေတ်နှင့် နိုင်ငံရေးအစိုးရခေတ်ကမူ အင်တွဲမွေးညက်များကို ချိုင်းပိတ်တင်ဒါခေါ်၍ ပုဂ္ဂလိကပိုင်ရှင်များအား လေလံတင်ခဲ့သည်။ လေလံရသူများမှာ တစ်တောလုံး တစ်တောင်လုံးရှိ အင်တွဲမွေးညက်များကို ပိုင်ဆိုင်သူ လိုင်စင်စီ ဖြစ်လေသည်။

သို့သော် တစ်နှစ်အတွင်းတွင် ပိဿာချိန် နှစ်သိန်းကျော်ထိ ထွက်နိုင်သော အနောက်ကသာ တစ်ခရိုင်လုံးတွင် အင်တွဲ၊ မွေးညက်၊ ပိဿာ ၆၀,၀၀၀ လောက်သာ ထွက်နိုင်သည်ဟု ရာဖြတ်များနှင့် ပူးပေါင်း လိမ်လည်၍ လိုင်စင်ယူကာ မတော်လောဘ အမြတ်ရှာခဲ့ကြသည်။ ပိဿာချိန်ခြောက်သောင်းထဲတွင် သစ်တောမီးလောင်မှု၊ မိုးကျော်မှု ရှိခဲ့လျှင် မွေးညက်ပင်တွေ မီးစာဖြစ်ကုန်သဖြင့် အလိုအလျောက် တောမီးလောင်သလိုအကြောင်းပြပြီး ပိဿာချိန် ၆၀,၀၀၀ မှ ၃၀,၀၀၀ သို့ လျှော့ချကာ အမြတ်ခွန်လျှော့ပေါ့ရန် လိမ်လည် လျှောက်ထားခဲ့ကြသည်လည်း ရှိလေသည်။

အမှန်က သူတို့ ရှိ မီးလောင်ဖြိုက်ခြင်း ခံရသော သစ်ကွက်အမှတ်မှာ အနည်းအကျဉ်းသာ ဖြစ်သော်လည်း ပျေးညက်အများဆုံး ထွက်သောသစ်တောဧရိယာ တစ်ကြောလုံးကိုပါ မီးကျွမ်းမီးကျော်နယ်မြေအဖြစ် သတ်မှတ်တွက်ချက်ပြ၍ ပိုမို အမြတ်ထွက်အောင် ကြိုးစားခဲ့ကြသည်။ ပုဂ္ဂလိကပိုင် အရင်းရှင်များ ဤသို့ မတရားအမြတ်ရှာခဲ့ကြသည်ကို သက်ဆိုင်ရာတို့အနေနှင့် နိုင်နိုင်နင်းနင်း စနစ်တကျ မလုပ်နိုင်ခဲ့ကြပေ။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် ပုဂ္ဂလိကပိုင် အရင်းရှင်များ ချယ်လှယ်ချင်သလို ချယ်လှယ်ခဲ့ကြသည်။ ဤသို့ နည်းအမျိုးမျိုးနှင့် လိမ်လည်ပြီး ထွက်ကုန်အဖြစ် သတ်မှတ်ခြင်းခံရသော အင်တွဲ၊ ပျေးညက် ရဈေးအပေါ်တွင် ပုဂ္ဂလိကပိုင်အရင်းရှင်များ ပေးသွင်းသော ၁၂ရာခိုင်နှုန်းဖြင့် သစ်တောဌာနခွဲက ကျေနပ်ခဲ့ရသည်။

အနောက်ကသော သစ်တောဧရိယာအတွင်းရှိ ပတ်ဝန်းကျင် ကျေးရွာများမှ အင်တွဲ၊ ပျေးညက်ရှာသူ တောသူတောင်သား ကရင်၊ ကချင် အမျိုးသားများအနေနှင့်လည်း ပုဂ္ဂလိကပိုင် တင်ဒါဆွဲထားသူများထံတွင် ပျေးညက် တစ်ပိဿာ တစ်ပဲ၊ အင်တွဲ တစ်ပိဿာ တစ်မူးဈေးနှင့် ချို့ချို့တဲ့တဲ့ ရောင်းချခဲ့ကြရသည်။ ပုဂ္ဂလိကတင်ဒါ ရသူများသည် တောသူတောင်သား ကရင်ကချင်များထံမှ တစ်ပိဿာလျှင် တစ်ပဲတစ်မူးဈေးနှင့် ခေါင်းပုံဖြတ် ဝယ်ယူခဲ့ကြသော်လည်း အစိုးရထံသို့ သူတို့ ရောင်းချသောအခါ အင်တွဲ၊ ပျေးညက် တစ်ပိဿာတစ်ကျပ်နှုန်းဖြင့် ရောင်းချခဲ့ကြသည်။ အမြတ် ဖြိုးဖြိုးမြက်မြက် ရခဲ့ကြသော်လည်း ဆင်၊ ဝံ၊ ကျား၊ မြွေများ၊ ကင်းခြေအန္တရာယ်များစွာတို့ဖြင့် ပြွမ်းတီးနေသော တောထဲတောင်ထဲသွား၍ အင်တွဲ၊ ပျေးညက်ရှာဖွေကြရသော ကရင်၊ ကချင်း အမျိုးသားများမှာ အမြတ်အစွန်းဆို၍ ရေရေရာရာ မရရှိခဲ့ကြပေ။ ငွေရှင်ကြေးရှင်များထံတွင် မတရားခေါင်းပုံဖြတ်ခံလာခဲ့ကြရသည်။

ရှေးယခင်က အင်တွဲ၊ ပျေးညက် တစ်ပိဿာလျှင် တစ်မူးတစ်ပဲသာရကြသော အင်တွဲ၊ ပျေးညက်ရှာသူ ဒေသခံ ပြည်သူတို့မှာ ယခုအခါကျားတော ဆင်တော ဝံတောထဲတွင် မိမိတို့ ရှာဖွေ၍ ရလာခဲ့ကြသော

အင်တွဲ ပွေးညက်များကို တစ်ပိဿာလျှင် ပြားခြောက်ဆယ်နှုန်းနှင့် နီးစပ်ရာ လလသသဆိုင်များသို့ လာရောက်ရောင်းချနိုင်ကြပြီ ဖြစ်သည်။

သူတို့လာရောင်းကြသော အင်တွဲ၊ ပွေးညက်များကို အစိုးရအနေနှင့် တစ်ပိဿာ တစ်ကျပ်ဈေး ပေးဝယ်သဖြင့် အင်တွဲ၊ ပွေးညက်ရှာသူ လလသသအဖွဲ့နှင့် အစိုးရ သုံးဦးသုံးဖလှယ်တို့မှာ ပြေပြေမှုမှု အကျိုး ခံစားခွင့် ရရှိကြသည်။

ထို့ကြောင့်လည်း ယခုအခါ အနောက်ကသော သစ်တောခရိုင် ဝန်းကျင်ရှိ ဒေသခံ ကဒူးကကာန်း တိုင်းရင်းသားများမှာ နေ့ဦးသို့ ရောက်ပြီ၊ လယ်ယာ လုပ်ငန်းကိုင်ငန်း ပြီးပြီဆိုလျှင် အပိုဝင်ငွေအဖြစ် အင်တွဲ၊ ပွေးညက်များကို မိန်းမယောကျာ်းမရွေး ရွာနီးချုပ်စပ်ရှိ တောတောင်ထဲတွင် ရှာဖွေလျက် ရှိကြသည်။ ထို့ကြောင့်လည်း နွေလဆိုလျှင် အောင်းကုန်း၊ ထုံးမနွယ်၊ ကြိမ်ခတ်ကုန်း၊ ရွာသစ်ကုန်း၊ တောင်တန်းကြီး၊ ဇနိုဗွေးချောင်း၊ မြိုင်ချိုင် စသည့်ရွာများ၌ နေ့ခင်းနေ့လယ်ဆိုလျှင် ရွာထဲတွင် သက်ကြီးရွယ်အို ရွတ်တွမျှားနှင့် ကလေးသူငယ်များသာ ရှိကြပြီး သန်သန်မာမာ ယောကျာ်းမိန်းမများက အင်တွဲ၊ ပွေးညက် အရှာထွက်လျက် ရှိကြလေသည်။

အင်တွဲ ပွေးညက်ဈေးရလာသဖြင့် ရွာနီးချုပ်စပ်ရှိ သစ်တောများထဲတွင် ယခုအခါ အင်တွဲပွေးညက်များမှာ ယခင်ကလို လွယ်လွယ်နှင့် ရှာမရတော့ပေ။ ရှာသူများသဖြင့် ရှားပါးလာသည်။ နွေလရောက်ပြီ ဆိုလျှင် ဘယ်ရွာက ဘယ်လူ၊ ဘယ်အရပ်က ဘယ်သူသား အင်တွဲ ပွေးညက်ရှာရာတွင် ဝံကုတ်၍၊ ကျားကိုက်၍၊ ဆင်နင်း၍ အနာတရ ဖြစ်လာကြသည်ဟူသော သတင်းစကားများကိုလည်း တစ်ခါတစ်ခါ ကြားရတတ်သည်။ သို့သော် သူတို့သည်ကား အားမလျှော့မာန်မချဘဲ သဘာဝ တောတောင် ထဲကရသော အင်တွဲ ပွေးညက် ရတနာများကို အလဟဿ မဖြစ်ရအောင် သက်စွန့်ဆံဖျား ရှာဖြိုရှာလျက် ရှိကြသည်။

ယခုပဲ ကြည့်ပါဦး၊ ကြိမ်ခတ်ကုန်းရွာမှ ဘအုံထယ် ဦးဆောင်သော အင်တွဲ ပွေးညက်ရှာ ထွက်လာကြသူ ကဒူး ကကာန်းအမျိုးသား လေး

ယောက်သည် ပျားနှင့် ဂနိုင်၊ မြွင်နှင့် ရုံ့၊ စုံနှင့်ဟောဝန်း၊ ဟောမာန်ဟောမား ရပ်သာဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ်၊ တောချည်းဖြစ်သော အရပ် ၁၀ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော အင်တိုင်း တောကြီးကို ဖြတ်ကျော်လျက် ရှိကြလေသည်။ သူတို့သည် အင်တိုင်း တောကြီးထဲတွင် ညအိပ်ညဦးနေစခန်းချ၍ အင်တွဲမွေးညက် ရှာကြမည့်သူများပင် ဖြစ်လေသည်။

•

## အခန်း နှစ်

အင်တိုင်းတောကြီးထဲတွင် နေရောင်ခြည်တို့သည် အတန်းလိုက် အကန့်လိုက် ယိုဖိတ်ဖြာကျလျက်ရှိလေသည်။

နေရောင်ခြည်တန်းများထဲတွင် ပြန့်ကြဲဝေလွင့်နေကြသော နှင်းမှုန်များကိုလည်း ရစ်ရစ်ဝဲဝဲမြင်နေရ၏။ နွေသပင် ဖြစ်သော်လည်း ရှိုးမထဲတွင် ချမ်းလိုက်အေးလိုက်သည်မှာလည်း ရိုးတွင်းခြင်ဆီထဲက ကွဲအက်လာမတတ်ပင်တည်း။

တဖြည်းဖြည်းနှင့် တောနက်ထဲ ရောက်လာကြပြီ ဖြစ်သဖြင့် နေရောင်ခြည်တန်းများထဲရှိ အင်ပင်အင်ကိုင်းပေါ်မှ တွဲရရွဲရွဲကျနေသော အင်တွဲလက်တံရှည်များတို့လည်း ကြိုးကြားကြိုးကြား မြင်လာရပြီ ဖြစ်သည်။ နေရောင်ခြည်တန်းများထဲတွင် အင်တွဲလက်တံရှည်များကို မြင်နေရသည်မှာ သန္တာနီခဲ မြမျက်စွဲသို့ ပုလဲမြနှစ် ရောင်စုံဖိတ်နေသကဲ့သို့ ပင်တည်း။

အဖွဲ့ခေါင်းဆောင်ဖြစ်သော ဘအုံထယ်၏ မျက်လုံးများသည် အင်ပင်ကိုင်းခက်များပေါ်ရှိ အင်တွဲလက်တံများဆီတွင် ဝဲပျံ့လျက်ရှိလေသည်။ ဘအုံထယ်သည် သွားရင်းလာရင်း စခန်းတဲဆောက်ရမည့် နေရာနှင့် အင်တွဲမွေးညက်များ သွက်သွက် တွင်တွင် ရှာဖွေ၍ ရနိုင်သော နေရာများကို ရှာဖွေလေ့လာလျက် ရှိလေသည်။ သူ့နောက်တွင် ဗိုးစာ၊ ကြာမှိုင်းနှင့်

သာမှတ်ကလည်း ဘအုံထယ်နည်းတူ ပတ်ဝန်းဘယ်ညာရှိ အင်ပင်တွေကို လှေလာအကဲခတ်ရင်း တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာကြသည်။

"ကြာမှိုင်းရေ...တို့ ဒီနေရာမှာ စခန်းချကြရအောင်လေကွာ"

မြိုင်ဖျားကျူ၍ အင်ပင်ပေါသော တောနက်စမ်းချောင်းနား တစ်ခုအရောက်တွင် ဘအုံထယ်၏ ပါးစပ်က အသံထွက်လာသည်။

"ဟုတ်ကဲ့ သင့်တော်ပါတယ် ဘအုံထယ်"

ကြာမှိုင်း၏ စကားအဆုံးမှာ သာမှတ်နှင့် ပိုးစာတို့၏ ခြေလှမ်းကလည်း ချက်ချင်း ရပ်တန့်သွားကြ၏။ ပြီးလျှင် တနင့်တပိုး ထမ်းပိုးလာကြသော စားအိုးစားခွက်များနှင့် ဒူးလေး၊ မြားတံစွန်း၊ ဓား၊ ချိတ်၊ လွှ စသည့် အင်တွဲ မွေးညက်ရှာ ကိရိယာများကိုလည်း ဘအုံထယ်၏ ခြေရင်းရှိ အင်ပင်ကြီးများကြားထဲတွင် ပုံချလိုက်ကြသည်။

ဘအုံထယ်သည် အင်ပင်တောထဲရှိ လေးကွက်ဆိုင် ပေါက်ရောက်နေကြသော အင်ပင်လေးပင် ကြားထဲ မတ်တတ်ရပ်၍ အပေါ်သို့ ဦးခေါင်းမော့ကြည့်လိုက်သည်။ ဘအုံထယ် မော့ကြည့်ခြင်း ခံနေရသော အပင်ကြီးလေးပင်မှာ တစ်ပင်နှင့်တစ်ပင် နှစ်လံကျော်လောက်သာ ဝေးကြသဖြင့် အခက်အလက် ရှက်ချင်းယှက်လျက် ရှိကြသည်။ ဤနေရာသည် သူတို့အတွက် စခန်း လင့်စင်ဆောက်လုပ်ရန် အသင့်တော်ဆုံး နေရာပင် ဖြစ်ပြီဆိုသည်ကို ဘအုံထယ်နှင့်တကွ ကြာမှိုင်း၊ သာမှတ်၊ ပိုးစာတို့ကလည်း အကဲခတ်မိကြလေသည်။

လေးကွက်တိုင် စိုက်ထူထားသလို ညီညီညာညာ ပေါက်နေကြသော အင်ပင်ကြီးလေးပင်နှင့် မနီးမဝေးရှိ တောတောင်ထဲတွင် ဘအုံထယ်နှင့် ကြာမှိုင်း၊ သာမှတ်တို့က လင့်စင်တဲ ဆောက်လုပ်ရန် တိုင်တန်းများကို ချက်ချင်း ခုတ်ဖြတ်လိုက်ကြသည်။ ထိုအခါ အင်တွဲ မွေးညက် ရှာဖွေရေးအဖွဲ့တွင် အသက်အငယ်ဆုံးဖြစ်သော ပိုးစာမှာလည်း ပတ်ဝန်းကျင်ရှိ တောတောင်ထဲမှ ကြိမ်ရှည်နွယ်ပင်များကို ရှာဖွေလျက် ရှိလေသည်။

အနီးအနားရှိ မျောက်ချောပင်တန်းများကို ခုတ်ဖြတ်ပြီးကြသော အခါ ထိုမျောက်ချောတန်းများကိုပင် လှေကားရှင်တစ်ခု ပြုလုပ်ကြလေသည်။

လှေကားထစ်နှင့် လှေကားဘောင်တို့ကို ပိုးစာခုတ်ဖြတ်ပေးထားသော ကြိမ်နွယ်တို့နှင့် အခိုင်အခံ့ တုပ်ချည်ပြုလုပ်ကြသည်။

ဘအုံထယ်သည် ထိုလှေကားရှင်ကို အင်ပင်ကြီးတစ်ပင်နှင့် ကပ်မှောင်ထောင်လိုက်၏။ ဘအုံထယ် ကပ်မှောင်ထောင်ပေးထားသော လှေကားရှင်ကို ပိုးစာက ကိုင်ပေးထားသောအခါ ဘအုံထယ်သည် ဓားမတို တစ်ချောင်းကို ခဲထိုး၍ ထိုလှေကားရှင်မှတစ်ဆင့် အင်ပင်ကြီးပေါ်သို့ တက်သွားလေသည်။ ဘအုံထယ် အင်ပင်ကြီးပေါ် ရောက်သွားသောအခါ ကြာမှိုင်းနှင့် သာမှတ်တို့ကလည်း ဘအုံထယ်နည်းတူ လေးကွက်ကျပေါက်နေသော အင်ပင်နှစ်ပင်ပေါ်သို့ ထိုလှေကားရှင် အကူအညီနှင့် တစ်ယောက်တစ်ပင် တက်သွားကြပြန်သည်။ အောက်တွင်မူ ပိုးစာ တစ်ယောက်တည်းသာ ကျန်နေရစ်တော့၏။

သစ်ပင်ပေါ် ရောက်သွားကြပြီဖြစ်သော ဘအုံထယ်နှင့် ကြာမှိုင်း၊ သာမှတ်တို့သည် မြေပြင်မှ ပေ ၃၀ နီးပါး အမြင့်ရှိ သစ်ပင်ခွကြားတွင် ထိုင်၍ ပတ်ဝန်းဘယ်ညာကို အကဲခတ်လှေလာနေကြသည်။ ဤနေရာမှာ တောနက်ထဲကျသဖြင့် ကျား၊ ဆင်၊ ဝံ၊ သစ်တို့၏ အန္တရာယ်အလှမ်းအကွာအဝေးကို သူတို့က တိုင်းတာ၍ နေကြ၏။

ဘအုံထယ်က နိမ့်နေသေးသည်ထင်၍ အပေါ်ရှိ ခွကြားတစ်ခုသို့ တက်သွားလျှင် ကြာမှိုင်း၊ သာမှတ်တို့ကလည်း မပြောမဆိုရဘဲ ဘအုံထယ်၏ လှုပ်ရှားမှုကို ကြည့်ကာ တက်လိုက်ကြသည်။ သုံးယောက်စလုံး အပေါ်အမြင့်တွင် တပြေးညီနီးပါး ရှိကြသောအခါ ဘအုံထယ်သည် မြေပြင်အောက်သို့ ငုံ့ကြည့်လိုက်၏။ မြေပြင်နှင့် ဘအုံထယ်တို့ ရောက်နေကြသော အမြင့်မှာ ပေ ၃၀ ကျော်နေလေပြီ။ ကျား၊ ဆင်၊ ဝံ၊ သစ်တို့၏ အန္တရာယ် ဤမျှလောက်ဆိုလျှင် စိတ်ချရလေပြီ။

"ပိုးစာရေ...တို့ကို ကြိုးတန်းတွေ ကမ်းတော့ဟေ့"

အင်ပင်ပေါ်သို့ မော့ကြည့်နေသော ပိုးစာသည် ဘအုံထယ်အမိန့်ကို ကြားရသည်နှင့်တစ်ပြိုင်နက် လက်မလောက် ရှိသော အုန်းဆံကြိုးစတစ်ခုကို ရွံ့ခဲတစ်လုံးနှင့် လုံးထွေး၍ အပေါ်သို့ တအားပစ်ပေါက်ပေးလိုက်

သည်။ ထိုနှံ့ပျော့ခဲမှာ ကြိမ်ရှည်နွယ်ရှင်များ ရှာဖွေစဉ်ကပင် စမ်းချောင်းထဲမှာ ဗိုးစာကုတ်ဖဲ့လာခဲ့သော နှံ့ခဲ ဖြစ်လေသည်။

အင်ပင်တို့၏ သဘောမှာ ပင်စည်အောက်ခြေရှင်း၍ အခက်အလက်ပါ နည်းမှုကြောင့် ဗိုးစာပစ်တင်ပေးလိုက်သော ကြိုးစပါ နှံ့ခဲသည် ဘအုံထယ်တို့ရှိသော အကိုင်းပေါ် ရောက်မလာဘဲ မြေပြင်သို့သာ ဘုတ်ခနဲ ပြန်ကျလာ၏။ ဤသည်ကို ငုံ့ကြည့်၍ ဘအုံထယ်က ပြုံးလိုက်သောအခါ ဗိုးစာမှာလည်း ရှက်ပြုံး ပြန်ပြုံးပြီး ဒုတိယအကြိမ် ကြိုးစပါ နှံ့ခဲကို အပေါ်သို့ ပထမနည်းတူ တအားမြှောက်ပစ်ပေးလိုက်ပြန်၏။ ဤတစ်ခါတော့ ဗိုးစာပစ်ပေးလိုက်သော ကြိုးစပါနှံ့ခဲက ဘအုံထယ်တို့ ခေါင်းပေါ် မကျော်မီမီ ဘအုံထယ်က ကြိုးစကို လျှင်လျှင်လျားလျား ဖမ်းဆွဲထားလိုက်နိုင်လေသည်။

ဗိုးစာပစ်တင်ပေးလိုက်သော ကြိုးစကို ဘအုံထယ်က အင်ပင်ကိုင်းတစ်ကိုင်းတွင် မြဲမြဲချည်ထားလိုက်၏။ အင်ပင်ပေါ်မှ တွဲကျနေသော အောက်ဘက် ကြိုးစတွင် မျောက်ချောတန်းများကို ဗိုးစာက တစ်တန်းပြီး တစ်တန်း ချည်နှောင်ပေးရ၏။ ဘအုံထယ်က ထိုကြိုးစကို ဆွဲတင်လိုက်သောအခါ မျောက်ချောသစ်တန်းများသည် အင်ပင်ပေါ်သို့ မကြာခင် ရောက်လာကြလေသည်။

အင်ပင်ပေါ်သို့ ရောက်လာကြပြီဖြစ်သော မျောက်ချောသစ်တန်းများကို ဘအုံထယ်က ကြာမှိုင်းနှင့် သာမုတ်တို့ဘက်သို့ အဖျားအရင်း တစ်ချောင်းစီ မှူထိုးပေးပြီး ဟိုဘက်သည်ဘက် သစ်လုံးတန်းများနှစ်ဖက်ကို အင်ပင်လေးပင် ခွကြားတွင် ချ၍ ထုပ်လျှောက်ယက်မသဖွယ် ခင်းကျင်း ချည်နှောင်ကြသည်။ အင်ပင်တိုင်ကြီးများနှင့် ဘအုံထယ်တို့ ချည်ထားကြသော သစ်တန်းများက တပြေးညီတွေ ဖြစ်နေလျှင် ရောနှော၍ ပူးချည်ကြရသည်။ ထိုထုပ်ယောက်တန်းပေါ်တွင် မျောက်လွှဲကျော့များ လျှောက်နေသလို မတ်တတ်ရပ် လှည့်လည်လျှောက်၍ နောက်ထပ်အခင်း သစ်လုံးလေးများကိုလည်း ခင်းချည်ကွပ်တွယ်ကြရပြန်လေသည်။

နိုင်ခံ့သော အင်ပင်ကြီးများပေါ်တွင် လင့်စင်တဲဆောက်ရသည်မှာ

မြေပြင်မှာ တိုင်လေးတိုင်စိုက်၍ ဆောက်ရသည်လောက်တော့ ကြန့်ကြာခြင်း မရှိပေ။ သို့သော် မြေစိုက်တိုင်များပေါ်တွင် လင့်စင်ဆောက်သလို ညီညီညာညာတော့ မရှိလှသဖြင့် အမြင့်ဘက်ကို ခေါင်းရင်းပြုပြီး အနိမ့်ဘက်ကို ဘအုံထယ်တို့က ခြေရင်း ပြုလုပ်ထားကြလေသည်။

ဘအုံထယ်၊ ကြာမှိုင်းနှင့် သာမှတ်တို့က အင်ပင်အင်ကိုင်းများပေါ်တွင် လင့်စင်တဲဆောက်နေကြစဉ် အောက်၌ရှိသော ပိုးစာသည် နံနက်စာလှူလေးယောက်အတွက်ကို တစ်ယောက်တည်း တာဝန်ယူလျက် ချက်ပြုတ်နေလေသည်။

သစ်ပင်ဝါးပင် ကြိမ်ရှင်နွယ်ရှည်များ ပေါများသော တောမြိုင် အင်တိုင်းတောထဲ ဖြစ်သဖြင့် မြေပြင်မှ ပေ ၃၀ ကျော်အမြင့်ရှိ ၊ာင်ပင်ပေါ်၌ လူလေးယောက် အိပ်စက်နားနေနိုင်ရန် လင့်စင်တဲတစ်လုံးကို သူတို့သည် တမနက်တည်း၌ပင် အကြမ်းဖျဉ်းပြီးအောင် ဆောက်လုပ်လိုက်ကြလေသည်။

နံနက်စာ စားပြီးကြသောအခါ သူတို့သည် တဲကို ပြန်၍ အချောမွမ်းမံ ဆောက်လုပ်ကြရပြန်သည်။ အင်ပင်ပေါ်ရှိ လင့်စင်အလယ် ဗဟိုတွင် အင်ဖက်များကို ချခင်းပြီး ထိုအင်ဖက်များပေါ်တွင် စမ်းချောင်းထဲမှ နုံ့ပျော့ပျော့များကိုတင်၍ ,မီးဖိုပြုလုပ်ရန် မွမ်းမံကြသည်။ ထိုနုံ့ ခိုနုံ့ ပျော့များပေါ်တွင် လောလောဆယ် မီးဖို၍ ရလေအောင် သဲမှုန်များကိုလည်း အနီးအနားပတ်ဝန်းကျင်မှ ရှာဖွေ၍ ခင်းရကာ မီးစ၍ ဖိုထားရသည်။ ထင်းပေါသော အင်တိုင်းတောဖြစ်သဖြင့် နေလုံး စောင်းသွားသည်နှင့် တစ်ပြိုင်နက် လင့်စင်ပေါ် မီးဖိုမှ မီးခိုးတန်းများသည် တလူလူ ထွက်လျက် ရှိလေသည်။

ဘအုံထယ်နှင့် ကြာမှိုင်း၊ သာမှတ်၊ ပိုးစာ စသော ကဒူး ကထာန်းအင်တွဲ မှေးညက်ရွာသူ လေးယောက်တို့ နေ့ဝက်လောက် အချိန်အတွင်းတွင် အပြီးဆောက်လုပ်လိုက်ကြသော အင်ပင်ပေါ်ရှိ လင့်တဲမှာ မြေပြင်နှင့် ပေ ၃၀ကျော် မြင့်နေသဖြင့် လှေကားကို အသေအချာတစ်ခုစီ ထားရလေသည်။ ပေအစိတ်လောက်ရှည်သော ပထမဆောက်လုပ်ပြီး လှေကား

ကို အင်ပင်နှင့် ပူးချည်ကာ အသေအချာတပ်ဆင်ပြီး ဒုတိယလင့်စင်ပေါ် လှတက်နိုင်သော လှေကားကို အရှင်အပျော့အပါးတစ်ခုကို ထပ်လုပ်ရသည်။ ထိုလှေကားရှင်ကို သူတို့သည် အကာလ ညအချိန်၌ လင့်စင်ပေါ်သို့ ဆွဲတင်ထားရမည်ဖြစ်သဖြင့် အပေါ့ပါးဆုံး ပြုလုပ်ကြရသည်။

လှေကားနစ်ခုကြားရှိ အင်ပင်ကြီး၏ ခါးလယ်ကို သစ်သင်းသတ်သလို လှည့်ပတ်ခုတ်ထစ်၍ ထိုနေရာတွင် ဇနီးဖွေးခေါက်အခြောက် ခါးပတ်ကို သုံးတန်ကျ ချည်ပတ်ထားရသည်။ ထိုဇနီးဖွေးခေါက်အခြောက် ခါးပတ်ကို ကညင်ဆီများနှင့် ဆုပ်နယ်ထားရ၏။ ဤသည်မှာလည်း လှေကားရှိသော အင်ပင်တစ်ပင်သာမဟုတ်၊ နောက်ထပ် လှေကား မရှိသော လင့်စင်၏ မြေစိုက်တိုင်ပမာ အင်ပင်သုံးပင်ကိုပါ ကညင်ဆီဆွတ် ဇနီးဖွေးခေါက် ခါးပတ်နှင့် ပတ်ထားရလေသည်။

ဤသို့ ပြုလုပ်ထားခြင်း၏ အဓိပ္ပာယ်မှာ သူတို့ နေ့ခင်းနေ့လယ်၌ အင်တွဲ၊ မွေးညက်ရှာ ထွက်သွားနေကြစဉ် အင်ပင် လင့်စင်ပေါ်သို့ မြွေကင်းများ မတက်ရောက်နိုင်အောင် ဖြစ်လေသည်။ ဆယ်ရေး တစ်ရေး၊ ကိုးရေး တစ်ရာ ညအခါ၌လည်း အရေးအကြောင်း ရှိပါက ထိုဇနီးဖွေးခေါက်အခြောက် ကညင်ဆီဆွတ်ခါးပတ်များကို မီးအတန်တန် ရှို့၍ အန္တရာယ်ကို ကာကွယ်ကြရမည်ဖြစ်လေသည်။

လင့်စင်တဲ အချော တည်ဆောက်ကြပြီးချိန်တွင် နေကလည်း စောင်းသွားပြီ ဖြစ်သဖြင့် သူတို့သည် စားအိုးစားခွက်များနှင့် ရွာမှ ယူလာသော ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ ဘူးသီး၊ ပိန်းဥ၊ မျှောက်ဥ၊ ငါးခြောက်ငါးမြစ်များအပြင် ရေအပြည့်ဖြည့်ထားသော ဝါးကျည်တောက်များကိုပါ လင့်စင်ပေါ်သို့ တင်ကြရလေသည်။ ရေဖြည့်ထားသော ဝါးကျည်တောက်များနှင့် ဘူးသီး၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး စသည်များကို သူတို့သည် လင့်စင်ခေါင်းရင်း အပေါ်ရှိ အင်ကိုင်းများပေါ်တွင် တွဲရရွဲဆွဲထားကြလေသည်။

တောနက်မြိုင်ထဲ ကျသော အင်တိုင်း တောမျက်မည်းကြီးသည် နေစောင်းသွားသည်နှင့် တစ်ပြိုင်နက် စိမ့်အေးလာတော့သည်။ လူတို့သည် ညနေစာကို လင့်စင်ပေါ်၌ပင် ချက်ပြုတ်စားကြပြီး လင့်စင်ပေါ်၌ပင်

အိပ်ကြရမည်ဖြစ်လေသည်။ ဤနေရာမှာ ကျားသစ်၊ ဆင်၊ ဝံများအပြင် မြွေနှင့်ကင်းများလည်း ပေါများသော အရပ်ဖြစ်သဖြင့် နေညိုသွားသည်နှင့် တစ်ပြိုင်နက် လင့်စင်ပေါ် တက်ကြရသည်။ ညနေဆိုသော အချိန်၌ပင် ဤတော ဤတောင်သည် လူသားတွေအတွက် မြေပြင်တွင် နေရန် မသင့်သော အရပ်ပေတည်း။

ထိုနေ့၌ သူတို့သည် လင့်တဲဆောက်ရင်း တစ်နေကုန်သွားကြ၏။ အင်တွဲမွေးညက်ကို လုံးဝမရှာနိုင်ကြသေး၊ အင်တွဲမွေးညက်ရှာကြရမည်ဖြစ်သော နောက်နေ့များအတွက် လူတို့သည် ဤနေရာကိုပင် ခြေကုပ်စခန်းယူ၍ အိပ်စက် စားတဲချကြလေသည်။

*

## အခန်း သုံး

"အောက်အီး...အီး...အွတ်"

တောကြက်ဖတို့၏ တွန်သံသာကို အရပ်ရှစ်မျက်နှာရှိ တောင်ကမ်းပါးယံ အနံ့အပြားဆီမှ ကြားလာရပြီဖြစ်သည်။ သို့သော် မြိုင်နက်ထဲကျ၍ နေအရုဏ် ရောင်ခြည်ဦးကိုကား လုံးဝမမြင်ရသေး။ တောထဲ တောင်ထဲတွင် ကြက်တွန်သံကိုသာ ပဟိုရ်နာရီအမှတ်ပြုနေကြရသော ဘအုံထယ်တို့ လူစုမှာ ကြက်တွန်သံနှင့်အတူ အိပ်ရာမှ နိုးထလာကြသည်။

သူတို့သည် ညက တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ကြပေ။ အခင်းမညီညာသော လင့်စင်တဲပေါ်တွင် ကြက်အိပ် ငှက်အိပ် အိပ်ကြရသည့်အပြင် တောအလုံးသည်လည်း တစ်ညလုံး တိတ်ဆိတ်ခြင်း ကင်းမဲ့နေခဲ့သည့် ညငှက်မျိုးစုံတို့နှင့် ပိုးကောင်မွှားကောင်တို့၏ အော်မြည်သံအပြင် ကျားဟိန်းသံ၊ ချေ(ဂျီ)ဟောက်သံ၊ ဆတ်တစ်သံ၊ မျောက်အော်သံ အနီးအနားမှ တောကောင်ကြီးများ ဖြတ်သွားသဖြင့် ပိုးကောင်မွှားကောင်ငယ်များ လန့်ဖျပ် ပျံပြေးကြသံတို့ကြောင့် ဘအုံထယ်တို့ တဲပတ်ဝန်းကျင်သည် တစ်ညလုံး ဆူညံနေခဲ့သည်။

မနေ့ကမှ တောထဲ ရောက်လာကြသော သူတို့မှာ မည်မျှတောကျွမ်းနေကြပါသည်ဆိုသော်လည်း လောလောဆယ်တော့ တောအထာ မကျ၍ အိပ်ရေးပျက်ခဲ့ကြသည်မှာ အမှန်ပင်။ သို့သော် နံနက်ထ၏ လင်းကြက်ဖ

တွန်သံကို ကြားရချိန်မှာတော့ သူတို့သည် ချက်ချင်း အိပ်ရာက ထကြရလေသည်။ မထချင်လည်း မဖြစ်ပေ။ သူတို့၏အလုပ်မှာလည်း မိုးလင်းသည်နှင့် တစ်ပြိုင်နက် စကြရမည်မဟုတ်ပါလော။

သူတို့၏ မျက်လုံးများ ပွင့်လာကြပြီဖြစ်သော်လည်း နေလုံးနီနီကိုကား မမြင်ကြရသေး။ နေလုံးနီနီကို မဆိုထားနှင့် နေရောင်ခြည်များပင် ထောင်ထိပ်များများဆီတွင် ဖြန့်ကြဲခြင်း မရှိသေး။ နေလုံးနေရောင်ခြည်ကို မမြင်ရမချင်း သူတို့သည် လင့်စင်တဲပေါ်က အောက်သို့ မဆင်းရဲကြပေ။ ညကမ္ဘာထဲတွင် အင်တိုင်းတောကြီးသည် မှောင်နှင့်မည်းမည်းသာရှိသေး၏။ သူတို့သည် နံနက်စာ ထမင်းဟင်းများကို လင့်စင်တဲပေါ်၌ပင် ချက်ပြုတ်ကြသည်။ ထမင်းဟင်းချက်ပြုတ်ပြီးသောအခါ နေရောင်ခြည်တန်းများကလည်း အင်တိုင်းတောထဲ ထိုးကျလာတော့၏။

ထိုအချိန်တွင် သူတို့သည် နံနက်စာထမင်းကို လင့်စင်ပေါ်၌ပင် စားကြ၏။ စားပြီး၍ ကျန်သော ထမင်းဟင်းများကို အင်ဖက်နှင့် နေ့လယ်စာအတွက် ထုပ်ကြသည်။ သူတို့မှာ နံနက်စောစောစီးစီး အင်တွဲ မွေးညက်ရှာ ထွက်ကြမည့်သူများ ဖြစ်သဖြင့် ထမင်းစားရသည်မှာ အချိန်အခါဟူ၍ သတ်သတ်မှတ်မှတ်မရှိပေ။ အလုပ်အကိုင် အခြေအနေအရ ကြုံသလိုစားကြရမည်ဖြစ်၏။ ထို့ကြောင့်လည်း ထမင်းထုပ်များကို ထုပ်ယူသွားကြရခြင်း ဖြစ်လေသည်။

ထမင်းထုပ်ပြီးကြသောအခါ သူတို့သည် မနေ့ညနေက လင့်စင်ပေါ်ဆွဲတင်ထားသော လှေကားရှင်လေးကို အင်ပင်ကြီးနှင့် ကပ်မျှောင်၍ အောက်သို့ လျှောချလိုက်သည်။ ထိုလှေကားရှင်မှတစ်ဆင့် အင်ပင်နှင့် ကပ်မျှောင် ထောင်ချည်ထားသော လှေကားသေပေါ်သို့ တစ်ယောက်ပြီး တစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဆင်းလာကြ၏။ သူတို့၏ ကိုယ်ပေါ်တွင် ထမင်းထုပ်အပြင် အင်တွဲရှာရာ၌ အသုံးပြုသော ဓား၊ ဆွန်၊ ချိတ်၊ ခြင်းကျား၊ ခူး၊ ဒူးလေး၊ တံချူနှင့် ရေဘူးကျည်တောက်များမှာလည်း တွဲလွဲတွဲလောင်း ပါလာကြ၏။

သူတို့သည် တောတောင်ထဲရှိ ရေကို ဝါးကျည်တောက်နှင့် ကျို့ခွေး

ပြီးမှ သောက်ရဲကြသည်။ သို့မဟုတ်လျှင် စမ်းချောင်းရေထဲ၌ စုန်ချည်ဆန်ချည် ပြေးသွားနေလေ့ရှိသော သေးသိမ် မှုန်မွှားသည့် နွယ်ရှင်တစ်မျိုး၏ အန္တရာယ်ကို ကြောက်ရလေသည်။ ရေစိမ်းကို သောက်မိလျှင် ထိုနွယ်ရှင် အပိုင်းအစများ စိုက်ထဲ ဝင်ပါလျှင် ငှက်ဖျားရောဂါ ဖြစ်တတ်လေသည်။ ဤသည်ကို သူတို့သည် လုပ်သက်အတွေ့အကြုံအရ သိနေကြ၏။

မြေပြင်သို့ ရောက်ကြသောအခါ ဘအုံထယ်နှင့် ပိုးစာက တစ်လမ်း၊ ကြာမှိုင်းနှင့် သာမှတ်တို့က တစ်လမ်း၊ လမ်းခွဲကာ အင်တွဲရှာ ထွက်ကြလေသည်။ သွားရင်းလာရင်း တွေ့ရသော မွေးညက်ပင်များကိုမူ အမှတ်အသား ပြုရုံသာ ပြုထားပြီး တစ်စခန်းသိမ်းခါနီးမှ ခုတ်ဖြတ်ထုတ်ယူကြမည် ဖြစ်သည်။ အင်တွဲမှာ ကညင်ဆီများ ထွက်သလို အင်ပင်အကွဲအအက်ခက်လက်ပင်စည်များပေါ်မှ သဘာဝအလျောက် ယိုစိတ်စီးထွက်ကာ လက်တံတိုရှည်များ ဖြစ်နေကြသဖြင့် တံချူသံချိတ်များနှင့် လွှဲချိတ် ရိုက်ခတ်၍လည်းကောင်း၊ သစ်ပင်မြင့်များဆိုလျှင် ချွန်ရှူးတပ်၍လည်းကောင်း ယူနိုင်သည်။

မွေးညက်မှာမူ များတစ်မျိုးဖြစ်သဖြင့် နက်ရှိုင်းသော သစ်ခေါင်းသစ်တွင်းများထဲတွင် အိမ်ဖွဲ့တည်ဆောက်နေကြသဖြင့် သစ်ပင်စည်ကြီးကို လှံဖြင့် ခွဲစိတ်၍ ထုတ်ယူရလေသည်။ ထို့ကြောင့် အင်တွဲမွေးညက် ရှ
တိုင်းသည် မွေးညက်ကို စခန်းသိမ်းခါနီး နောက်ဆုံးမှ ထုတ်ယူလေ့ ရှိကြလေသည်။

အင်ပင်ပေါ်မှ တွဲကျနေသော အင်တွဲသစ်စေး လက်တံတိုရှည်များကို ဘအုံထယ်သည် တံချူ သံချိတ်တို့နှင့် ဆွဲချိတ်ရိုက်ခတ်ပြီး အင်ပင်တစ်ပင်မှတစ်ပင်သို့ ကူးရွှေ့ ရွှေ့လျားလျက် ရှိလေသည်။

သူ့ရှေ့က ဘအုံထယ် ဆွဲချရိုက်ခတ်ထားပစ်ခဲ့သော အင်တွဲလက်တံတိုရှည်များကို ပိုးစာသည် တစ်ခုပြီးတစ်ခု ခြင်းကျားထဲ ကောက်ယူထည့်စုကာ ဘအုံထယ်နောင်ကို တကောက်ကောက် လိုက်ပါလျက် ရှိလေသည်။ ဘအုံထယ်နှင့် ပိုးစာတို့ ထိုသို့ အင်တွဲရှာနေချိန်တွင် ကြာမှိုင်းနှင့် သာမှတ်တို့မှာလည်း ဘအုံထယ်နှင့် ပိုးစာနည်းတူ ပတ်ဝန်းကျင်ရှိ

အင်တိုင်းတောကြီးထဲတွင် အင်တွဲရှာလျက် ရှိကြလေမည်။

မြင့်မားစေသီနေသော အင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သောအခါ ဘအုံ့ထယ်၏ ခြေလှမ်းမှာ တုံ့ခနဲ ရပ်တန့်သွားသည်။ အင်ပင်ကြီး၏ ဝေဆာပြန့်ပြောနေသော ခက်လက်ပင်စည်များပေါ်တွင် အင်တွဲလက်တံရှည်များက သွယ်ဖြာတွဲကျနေကြ၏။ ဤသည်တို့ကို မြင်သောအခါ ဘအုံ့ထယ်၏ မျက်နှာမှာ ချက်ချင်း ဝင်းလဲ့လာ၏။ ဤအင်ပင်ကြီးပေါ်တက်ချူရလျှင် အင်တွဲလေးငါးပီသသာတော့ ချက်ချင်းရမည်ကို ဘအုံ့ ထယ်က အတတ်သိလိုက်၏။ ထို့ကြောင့်လည်း ဘအုံ့ထယ်သည် အသင့် ယူဆောင် လာသော ကြိမ်ပျော့ခြင်းထဲက သစ်မာစူးတစ်ချောင်းကို ထိုအင်ပင်ကြီး လက်တစ်ကမ်းက ပင်စည်အထဲ ရိုက်သွင်းလိုက်၏။

ဘအုံ့ထယ် ရိုက်သွင်းလိုက်သော သစ်မာ စူးခြောက်သည် သစ်သားအချင်းချင်းပင် ဖြစ်သော်လည်း ပျော့ညံ့သော အင်ပင်သားထဲသို့ မညာမတာ စူးဝင်သွား၏။ သို့သော် သစ်မာစူးခြောက်၏ အဖျားမှာ ပို၍ ဟာရေကြောရေ နိုင်အောင် မီးဖြိုက်ခြင်းခံထားရသဖြင့် သံစူးသံမှိုများကဲ့သို့ အင်သားအစိမ်းထဲ အချိန်ကြာကြာ စွဲစုပ်နိုင်ခြင်း သတ္တိမရှိပေ။ ဤသစ်မာစူးမှာ အတက်တုန်းက ရိုက်ထားခဲ့သော်လည်း အဆင်းတွင် တစ်ချောင်းမကျွန် ပြန်နုတ်ယူရမည်ဖြစ်သဖြင့် ချွတ်နုတ်မရအောင် စွဲစုပ်နေ၍လည်း မဖြစ်ပေ။ ဤသို့ အင်ပင်ပေါ် စူးရိုက်တက်ရာ၌ အင်တွဲရှာလုပ်သားများက သံစူးသံချွန်များကို မသုံးဘဲ သစ်မာစူးများကို သုံးစွဲခြင်းမှာ သစ်မာစူးအချောင်း ၂၀ လောက်ကို ထမ်းပိုးသယ်ယူရာ၌ ပေါ့ပါးလွယ်ကူသလို ပြန်နုတ်ချွတ်ယူရာ၌လည်း လွယ်ကူသဖြင့် တမင်သစ်မာစူးများကို ရွေးသုံးခြင်း ဖြစ်လေသည်။

သစ်မာစူးမဟုတ်ဘဲ အကယ်၍ သံစူးသံချွန်သာဆိုလျှင် သစ်သားအစိမ်းထဲ အချိန်ကြာကြာစွဲစုပ်နေသဖြင့် တော်တော်နှင့် နုတ်ချွတ်ရမည်မဟုတ်ပေ။ သစ်မာစူးခြောက်များ၏ ချွန်ထားသော အဖျားကို မီးဖြိုက်ထားခြင်းမှာလည်း အချိန်ကြာကြာ စွဲစုပ်မနေလေအောင် အချိန်အဆတစ်မျိုး ဖြစ်လေသည်။ အင်ပင်စည် လက်တစ်ကမ်းတွင် သစ်မာစူး

တစ်ချောင်းကို ရိုက်လိုက်ပြီးသောအခါ ဘအုံထယ်သည် ထိုရှူးကို တွယ်တက်၍ နောက်ထပ် ထိုရှူးမှ လက်တစ်ကမ်းအမြင့်ရှိ အင်ပင်တွင် သစ်မာရှူးတစ်ချောင်း ထပ်ရိုက်ပြန်သည် ထိုသစ်မာရှူးပေါ် တွယ်တက်နင်းရပ်ကာ နောက်ထပ်သစ်မာရှူးတစ်ချောင်းကို ကြိမ်ပျော့ခြင်းထဲက နုတ်၍ရိုက်ပြန်၏။ ထိုသစ်မာရှူးကို ရိုက်ပြီးသောအခါ နောက်ထပ်သစ်မာရှူး တစ်ချောင်းကို ထပ်ရိုက်၍ အင်ပင်ပေါ်သို့ အဆင့်ဆင့်တက်သွားလေသည်။

အင်ပင်တို့၏ သဘောမှာ အောက်ခြေပင်စည်၌ ကိုင်းခက်များ ရှင်းပြီးချောနေသဖြင့် အမြင့်ပေါ်ကို တက်လိုလျှင် ဤသို့ပင် သစ်မာရှူးများ ရိုက်၍ တက်ရ၏။ သစ်မာရှူး ၁၅ ရှူးလောက် ရိုက်တက်ပြီးသောအခါ ဘအုံထယ်မှာ ခက်လက်ဝေဆာပြီး အင်တွဲလက်တံရှည်များ ဝေဖြာကျနေရာ အင်ပင်ကြီးပေါ်သို့ ရောက်သွားလေတော့သည်။

အင်ပင်ကြီးပေါ် ရောက်သွားသော ဘအုံထယ်သည် လက်လှမ်းမီရာ အင်တွဲလက်တံတိုရှည်များကို တစ်ခုပြီးတစ်ခု ချိုးဖဲ့၍ချ၏။ ဘအုံထယ်က ထိုသို့ ချိုးဖဲ့နေစဉ် နောက်က အင်တွဲကောက်လိုက်လာသော ဗိုးစာကလည်း ဘအုံထယ်ရှိရာ အင်ပင်အောက်သို့ ရောက်လာလေသည်။ အင်ပင်ကြီး အောက်သို့ ရောက်လာသော ဗိုးစာသည် ဘအုံထယ် ချိုးဖဲ့ချထားသော အင်တွဲလက်တံ တိုရှည်များကို တစ်ခုပြီးတစ်ခု လိုက်ကောက်စုစည်းလျက် ရှိလေသည်။

"ဗိုးစာရေ...တံချူကမ်းစမ်းကွာ"

လက်လှမ်းမမီသော ကိုင်းများအောက်ရှိ အင်တွဲလက်တံတိုရှည်များကို တံချူနှင့် လှမ်းခေါ်ဆွဲချိုးချရန် ဘအုံထယ်က တံချူလှမ်းတောင်းလိုက်သည်။

ဝါးတင်းပိတ် အမာဖျားတွင် သံချိတ်တပ်ထားသော တံချူကို ဗိုးစာသည် ဘအုံထယ် ရိုက်နှက်စိုက်ထားခဲ့သော အင်ပင်ကြီးမှ သစ်မာရှူးများကို တွဲခိုတက်၍ တံချူကမ်းပေးလိုက်၏။ ဗိုးစာကမ်းပေးသော တံချူနှင့်ပင် ဘအုံထယ်သည် အင်ပင်ကိုင်းများအောက်ရှိ တွဲရရွဲ ဆွဲကျနေသော အင်တွဲလက်တံ တို ရှည်များကို တစ်ခုပြီးတစ်ခု ဆွဲချိတ် ရိုက်ခေါ်ချနေ

လေသည်။ ကိုင်းရှင်းများမှ ဘအုံထယ်ရိုက်ချသော တစ်တောင်တစ်မိုက် ရှည် အင်တွဲချောင်းများသည် တဖျောင်းဖျောင်း တဖျောက်ဖျောက်နှင့် အောက်သို့ ကြွေကျလာကြ၏။ အပေါ်မှ ကြွေကျလာကြသော အင်တွဲ လက်တံရှည်များကို ပိုးစာက တစ်ခုစီ တစ်ချောင်းစီ လိုက်ကောက်စုစည်း နေလေသည်။

အင်ပင်ကြီးပေါ်တွင် အင်တွဲ လက်တံရှည်များ ရှင်းသွားသောအခါ ဘအုံထယ်သည် နှီခနဲ တံချူကို ပစ်ချလိုက်ပြီး အင်ပင်ပေါ်မှ ဆင်းလာ၏။ အင်ပင်ပေါ် တက်စဉ်က ရိုက်စိုက်ထားခဲ့သော သစ်မာစူးများကိုလည်း ဘအုံထယ်က တစ်စူးပြီးတစ်စူး ပြန်နုတ်ယူလာသည်။ စူးများ စရိုက်ထား စဉ်ကပင် အချိန်အဆနှင့် လူတစ်ယောက်အလေးချိန်နှင့် တွယ်မိတက် နိုင်ရုံသာ ဖြစ်သဖြင့် စူးပြန်နုတ်ရသည်မှာတော့ ဘအုံထယ်အတွက် ဘာမျှ အခက်အခဲ မရှိပါချေ။

အကယ်၍ လုပ်သက်နုသော ပိုးစာတို့သာဆိုလျှင် လက်အချိန်အဆ မမှန်သဖြင့် အချို့စူးများကို ပြန်နုတ်မရနိုင်ဘဲ ရှိမည့်အပြင် ရိုက်စူးများ ကလည်း လူတစ်ယောက်၏ အလေးချိန်ကို မခံနိုင်ဘဲ အင်ပင်ပေါ် တက် စဉ်ကပင့် ကျွတ်ကျပြုတ်ကျနိုင်လေသည်။ အင်ပင်ပေါ် တက်ရင်း ရိုက်စူး အချိန်အဆ မမှန်၍ ဝေသီမြင့်ခေါင်သော အင်ပင်ကြီးပေါ်မှ ထိုသို့ စူး ပြုတ်ကျလျှင်တော့ အင်တွဲရှာသူ၏ အသက်မှာ မြေပြင်သို့ပင် ရောက်နိုင် စရာ အကြောင်းမရှိဘဲ လမ်းခုလပ်၌ပင် အသက်ထွက်သွားနိုင်လေသည်။ ထို့ကြောင့်လည်း အင်ပင်ပေါ် စူးရိုက်တက်ပြီး အင်ဖွဲဆွဲချိုတ်ချရသော အလုပ်ကို ဘအုံထယ်က ပိုးစာအား မခိုင်းရဲဘဲ ကိုယ်တိုင်ကိုယ်ကျ လုပ် ခြင်း ဖြစ်လေသည်။

ဘအုံထယ်နှင့် ပိုးစာတို့ ဤသို့ အင်တိုင်းတောထဲ၌ အင်တွဲမွေးညက် ရှာနေကြစဉ် တစ်နေ့တာ၏ အချိန်မှာလည်း ညနေညို သုံးဗိုလ်ခေတ် (မွန်းတောင်းပြီး ၃ နာရီ) အချိန်သို့ ရောက်လာပြီး ဖြစ်လေရာ စခန်းသို့ပြန် ရန် ပိုင်းပြင်းရပြန်သည်။ သူတို့ အင်တွဲမွေးညက်ရှာနေကြသော ဤနေရာ မှာ တောတောင်ထူထပ်သလို ကျား၊ ဝံ၊ သစ်စသည့် အန္တရာယ်များက

လည်း ပေါ်များလှရာ သူတို့မှာ နေညိုသွားသည်နှင့် တစ်ပြိုင်နက် စခန်းသို့ ပြန်လာကြရလေသည်။

စခန်းသို့ ပြန်ရောက်မှ ညနေစာကို ချက်ပြုတ်စားကြရမည်ဖြစ်သဖြင့် လမ်းကြုံရာတွင် တွေ့ရှိရသော ကြိမ်ခါးဖူး၊ ကြောင်ခွယ်နု၊ ရှုံ့နု၊ စင်ပြွမ်းသီးစသည့် ဟင်းသီးဟင်းရွက်များကိုလည်း အပြန်တွင် ခူးဆွတ်ယူသွားကြရလေသည်။

*

# အခန်း လေး

အင်တွဲရှာရာမှ ပြန်လာကြသော ဘအုံထယ်နှင့် ပိုးစာတို့ စခန်းတဲနား ရောက်လာကြသောအခါ ဘယ်အချိန်က တဲစခန်းသို့ ပြန်ရောက်နေကြမှန်းမသိသော ကြာမှိုင်းနှင့်သာမှတ်တို့ကို အတော်ဝေးဝေးကပင် လှမ်းမြင်နေရ၏။ ကြာမှိုင်း သာမှတ်တို့သည် လင့်စင်တဲအောက်၌ မီးတစ်ဖိုဖိုကာ အကောင်ပလောင်တစ်ခုခုကို ကျပ်ကင်တိုက်ရန် နိုင်းပြင်း မီးမြှိုက်နေကြသည်။

"ဟဲ့ ကြာမှိုင်း ဘာလဲကွ"

လင့်တဲစခန်းနားရောက်သောအခါ ဘအုံထယ်သည် အင်တွဲစည်းကို ပစ်ချ၍ ကြာမှိုင်းဘက် လှည့်မေးလိုက်၏။ ပိုးစာကလည်း ဘအုံထယ်နည်းတူ အင်တွဲခြင်းကို ချပြီး ကြာမှိုင်းတို့ဘက်ကို စိတ်ဝင်တစား လှမ်းကြည့်နေသည်။

"အပြန်လမ်းမှာ ဖွတ်ကြီးတစ်ကောင်မိလာလို့ ကျပ်ကင်ဖို့ လုပ်နေကြတာပါအဘရယ်"

ကြာမှိုင်း၏ ဂုဏ်ယူဝင့်ကြွားသော အပြောနှင့် မျက်နှာသွင်ပြင်တို့၏ အနေအထားကို မြင်ရသောအခါ ဘအုံထယ်၏ စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားလေ၏။

ဘအုံထယ်သည် ကြာမှိုင်းနှင့် သာမှတ်တို့ ရှာဖွေလာခဲ့ကြသော လင့်စင်အောက်မှ အင်တွဲပုံကို လှမ်းကြည့်မိသောအခါ ကြာမှိုင်းနှင့် သာ

မှတ်တို့ကို ဝိုးရှိုးစိုက်သြား ရှိသို့ချင်စရာခြဲချီးသည် ငနဲသားနှစ်ကောင်သည် အင်တွဲမွေးညက်ကို အဓိကထား မရှာဘဲ အကောင်ပလောင်များသာ တစ်နေ့လုံး ဗလုံးဗထွေးရှာနေကြသည်ကို ရာညီး ဘအုံ့ထယ်သည် သူတို့ရှာခဲ့၍ ရလာသော အင်တွဲပုံကို မြင်ကာမှ ရာညီးက သိနှင့်ပြီး ဖြစ်သည်။

ဘအုံ့ထယ်၏ စိတ်ရှုပ်မှု မျက်နှာမည်းရသည်မှာလည်း မျက်စရာပင်။ ဤမျှတောနက်ကျ၍ အင်တွဲပေါသော ဒေသထဲတွင် ကြာမှိုင်းနှင့်သာမှတ်တို့တစ်နေ့လုံး ရှာဖွေလာခဲ့ရပါသည်ဆိုသော အင်တွဲချောင်းတွေမှာ လေးငါးပိဿာစန့် ရှိလေမည်။ အကယ်၍ ဝီရိယရှိရှိနှင့်သာ ဤတော ဤတောင်၌ တကယ် ရှာဖွေပါက လူနှစ်ယောက် တစ်နေ့လုံး ရှာဖွေသော အင်တွဲမှာအနည်းဆုံး ၁၀ ပိဿာ ၁၅ ပိဿာလောက်တော့ အသာကလေး ရနိုင်လေသည်။ ဘအုံ့ထယ်နှင့် ပိုးစာသည်ပင် အင်တွဲပိဿာ နှစ်ဆယ်ကျော်ရလာခဲ့ကြလေသည် မဟုတ်ပါလား။ ထို့ကြောင့်လည်း ဘအုံ့ထယ်က ကြာမှိုင်းနှင့် သာမှတ်တို့ကို မကျေမနပ် ဖြစ်နေလေသည်။

"အင်တွဲမွေးညက်တွေကို စိုက်လိုက်မတ်တတ် မရှာကြဘဲ ဘာမဟုတ်သည့် အကောင်ပလောင်တွေပဲ လျှောက်ပစ်နေကြတဲ့ အကောင်တွေပါလား"ဟု ဘအုံ့ထယ်သည် ကြာမှိုင်းနှင့် သာမှတ်တို့ကို စပ်ဆတ်ဆတ် ဆဲဆိုပစ်လိုက်ချင်သည်မှာတော့ အမှန်ပင်။ သို့သော် တောထဲတောင်ထဲတွင် လူငယ်များ စိတ်ဓာတ်ကျမှာစိုးသဖြင့် ဘအုံ့ထယ်သည် ကြာမှိုင်းနှင့် သာမှတ်တို့ကို နောက်ထပ် မည်သို့မျှ မပြောတော့ဘဲ ကိုယ်လက် သန့်စင်ရန် စမ်းချောင်းနားသို့သာ ဆင်းလျှောက်လာလေသည်။ ကြာမှိုင်းနှင့် သာမှတ်တို့ကတော့ ဖွတ်ကောင်ကို ကျပ်တင်တိုက်လျက်လင့်စင်အောက်၌ပင် ကျန်ရစ်ခဲ့ကြသည်။

ဘအုံ့ထယ် ရေချိုးနေချိန်တွင် ပိုးစာသည် ဝါးကျည်တောက်ရှည်ကြီးတစ်လုံးနှင့် စမ်းချောင်းထဲ ဆင်းလာ၏။ သူ၏ တာဝန်မှာ ညနေစာအတွက် ထမင်းချက်ရန်နှင့် တောထဲရှိ ခူးဆွတ်ယူလာသော ရှုံ့နံ ကြိမ်ခါးဖူး စင်ပြမ်းသီးတို့ကိုပါ ချက်ပြုတ်ရန် ဖြစ်လေသည်။

"ပိုးစာ ဟိုနှစ်ကောင် ဘာလုပ်နေကြလဲ"

ရေလာခပ်သော ပိုးစာကို ဘအံ့ထယ်က လှမ်းမေးလိုက်သည်။

"ဖွတ်ကင်နေကြတယ်အဘ၊ ကြိမ်ခါးဖူးနဲ့ ဖွတ်သားရောချက်မယ် ပြောတယ်"

"ဟုတ်လား၊ သျှော်လိုက်တာလည်း သောက်ရမ်းပါလားကွ၊ တော ထဲ တောင်ထဲ အသျှော်အအောက်တွေ သိပ်မလုပ်ကြပါနဲ့၊ ကြိမ်ခါးဖူးနဲ့ ရောချက်မှာဆိုလည်း မီးမြှိုက်ပြီးရင် တော်ရောပေါ့..."

"ဟုတ်ကဲ့အဘ"

ဤမျှသာပြောပြီး ပိုးစာက လင့်စင်ရှိရာသို့ ပြန်တက်သွားသည်။

"ကိုကြာမှိုင်းအဘက အသျှော် သိပ်မလုပ်ကြနဲ့တဲ့ဗျာ... ကြိမ်ခါးဖူး နဲ့ ရောချက်မယ်ဆိုလည်း တော်ရောပေါ့တဲ့..."

"ဒီအဘိုးကြီးကလည်း ညြစာချည်းပဲ၊ ဒီလောက်ကြီးတဲ့ ဖွတ်ကောင် ကို တစ်နေ့တည်းကုန်အောင် သူစားမလို့လားကွ"

ကြာမှိုင်းက ပြန်အော်လိုက်သောအခါ ပိုးစာက ဘာမှ ပြန်မပြော တော့ဘဲ ညနေစာ ထမင်းချက်ရန်ကိုသာ စိုင်းပြင်းနေလေသည်။

အမှန်က ကြာမှိုင်းပြောသည်မှာလည်း သဘာဝတော့ ကျလှသည်။ သူတို့မှာ တောထဲ၌ တစ်ပတ်ကျော်ကြာပြီ ဖြစ်သည်။ အသားဟင်း မစား ရသည်မှာ ကြာပြီဖြစ်သည်။ တစ်နေ့လာလည်း ရမ့်ဟင်း၊ တစ်နေ့လာ လည်း ကြောင်ရွှယ်နှ၊ ကြိမ်ခါးဖူး၊ ဇင်ပြွမ်းသီးတို့နှင့် ထိုတောဟင်း တောင် ဟင်းတွေကို စားရသည်မှာ နပ်ချင်းငြီးနေကြပြီ။ ထို့ကြောင့် ယနေ့အဖို့ အင်တွဲမရှာဘဲ တောထဲ၌ အကောင်ပလောင်ကိုသာ ရှာခဲ့ကြသည်။

ကံအားလျော်စွာ ဖွတ်တစ်ကောင်ကို တွေ့သဖြင့် ဒူးလေးနှင့် ပစ်ဖမ်း လာခဲ့ကြ၏။ ဖွတ်ကြီးမှာ နှစ်ပိဿာနီးပါးရှိသော ရွှေတူအမျိုးဖြစ်သဖြင့် ကြာမှိုင်းသာမှတ်တို့ စိတ်ကူးမှာ ညနေစာ ကြိမ်ခါးဖူးနှင့် တစ်ဝက် ရောချက်၍ ကျန်တစ်ဝက်ကို နက်ဖြန်သန်ဘက်စာအတွက် ကင်ထားရန် ဖြစ်လေသည်။ အမဲဟင်းသား ရှားနေချိန်တွင် ရတောင့်ရခဲ ဖွတ်ကြီး တစ်ကောင် ရလာသည်ကို ဝမ်းသာသည့်အသွင်အပြင် လုံးဝမရှိဘဲ ခပ် တည်တည်လုပ်နေသော ဘအံ့ထယ်ကို သာမှတ်နှင့် ကြာမှိုင်းတို့က မကျေ

နပ်ကြသည်မှာတော့ အမှန်ပင်တည်း။

ဘအုံထယ် ရေချိုးပြီး၍ စမ်းချောင်းထဲက တက်လာချိန်မှာ နေလုံး နီနီသည် တောတန်းမြင့်များဆီ ရောက်နေလေပြီ။

"ဟဲ့ နင်တို့ ဖွတ်ကင်ကလည်း ခုထိ မကျက်ကြသေးဘူးလားဟ… ညှော်လိုက်တာလည်း သောက်ရမ်းပဲ၊ နေညိုနေပြီလေ၊ ရေမိုးချိုးကြပါ တော့လား လင့်တက်ကြတော့မယ်၊ ထမင်းဟင်းက လင့်ပေါ် ချက်လည်း ရတာပဲ"

ဖွတ်ကင်နေကြသော ကြာမှိုင်းနှင့် သာမှတ်တို့ကို မျက်စောင်းထိုး၍ ဘအုံထယ်က မာန်သလို ပြောလိုက်၏။

ဖွတ်ကင်ကို အရေခွံခွာ ဆုတ်နေကြသော ကြာမှိုင်းနှင့် သာမှတ်တို့ သည် ဘအုံထယ်အား ဘာမှ ပြန်မပြောဘဲ ဖွတ်ကင်ကို ဆက်လက်ကင် ထားခဲ့ကြကာ စမ်းချောင်းထဲ ဆင်းသွားကြသည်။

"မင်းလည်း ရေသွားချိုးလေ၊ လင့်ပေါ်ရောက်မှ ချက်ကြတာပေါ့ကွ"

ဘအုံထယ်စကားအဆုံးမှာ ညနေစာ ထမင်းချက်ရန် ဆန်ဆေး နေသော ပိုးစာကလည်း ကြာမှိုင်းနှင့်သာမှတ်တို့ နောက်လိုက်သွားလေ သည်။

ဘအုံထယ်သည် ကြာမှိုင်းနှင့်သာမှတ်တို့ ပစ်စလက်ခတ် အရေခွံ ခွာပြီး လွှင့်ပစ်ထားခဲ့ကြသော ဖွတ်ရေခွံများ မီးဖိုထဲကျ၍ တချစ်ချစ် မီးလောင်နေသည်ကို ညှော်လှန်းသဖြင့် တုတ်တစ်ချောင်းနှင့် ထိုးကလော် ကာ မီးဖိုထဲ ဖွတ်အရေခွံများကို ယက်လွှင့်ပစ်နေသည်။ "တောထဲ တောင် ထဲမှာ အညှီအဟောက် အညှော်အနံ့အသက်များ မလုပ်ကောင်းဘူး ဆို သည်ကိုလည်း သည်ခွေးကောင်လေးတွေ မသိတတ်ပါလား"ဟု စိတ်ထဲ က ကြာမှိုင်းနှင့် သာမှတ်တို့ကို အပြစ်ဖို့နေလေသည်။

ကြာမှိုင်း၊ သာမှတ်နှင့် ပိုးစာတို့ ရေချိုးပြီး၍ စမ်းချောင်းထဲက ပြန်တက်လာကြသောအခါ အချိန်မှာ နေလုံးကွယ်သွားပြီ ဖြစ်သဖြင့် တော အလုံးမှာ အမှောင်ရိပ်သန်းစ ပြုလာလေပြီ။ ထို့ကြောင့်လည်း ဘအုံထယ် က လင့်စင်ပေါ် တက်ကြရန် အမိန့်ပေးလိုက်၏။

မည်သို့ဆိုစေ၊ ဘအုံထယ်၏ စကားကိုတော့ သူတို့က မပယ်ရှားရဲကြပေ။ ထို့ကြောင့်လည်း တစ်ယောက်မကျန် လင့်စင်ပေါ် တက်ကာ ညနေစာကိုလည်း လင့်စင်ပေါ်မှာပင် ချက်ပြုတ်စားကြသည်။

ဖွတ်သားကင်တစ်ဝက်နှင့် ရောချက်ထားသော ကြိမ်ခါးဖူးဟင်းမှာ အလွန်စားကောင်းသဖြင့် ဘအုံထယ်ကလည်း မြိန်ရေယှက်ရေပင် ညနေစာ လွေးနေ၏။ ဖွတ်သားကင် ကြိမ်ခါးဖူးချက်နှင့် မြိန်ရေယှက်ရေ လွေးနေသော ဘအုံထယ်ကို ကြာမှိုင်းနှင့် သာမှတ်တို့က သရော်သလို ပြောင်သလိုနှင့် "စား အဘစား၊ စားအဘစား"ဟု ခူးခပ်ထည့်ပေးကြသည်။ သူတို့သရော်ကြသည်ကို ရိပ်မိသော ဘအုံထယ်ကလည်း "အေးကွ၊ မင်းတို့ ဖွတ်သားကင်က တယ်ရှိုက်၊"ဟု တမင် အရွဲ့တိုက်ကာ ဖွတ်သားကင်ကိုချည်း ရွေးစားပစ်လိုက်၏။

ကျန် ဖွတ်ကင်တစ်ဝက်ကိုတော့ ပို၍ ကြွပ်ကျက်အောင် လင့်စင်ပေါ်၌ပင် ဆက်၍ ကင်ထားကြသည်။ ဖွတ်ကင်မှ အနံ့ကလည်း တထောင်းထောင်း ထွက်နေလေရာ ကြာမှိုင်းနှင့် သာမှတ်တို့မှာ နက်ဖြန် သန်ဘက်စာပင် မချန်တော့ဘဲ ထမင်းစားအပြီး ရေနွေးကြမ်းနှင့် မြည်းချင်နေကြသည်။ သို့သော် သားငါး ရှားပါးသော တောတောင်ထဲတွင် နက်ဖြန် သန်ဘက်စာ ဆိုသည်မှာလည်း ချန်ထားကောင်းသော အရာမို့ ချက်ချင်းစိတ်ကို အတင်း မျိုသိပ်ကာ ထမင်းစားပြီးသည်နှင့် တစ်ပြိုင်နက် ဆေးပြင်းလိပ်မှိန်း၍ ထမင်းလုံး စီနေကြ၏။

လမိုက်ညဖြစ်သဖြင့် အင်ပင်များ၏ ခက်လက်ရိုးတံကြားမှ ကွက်တိကွက်ကျား မြင်နေရသော မိုးကောင်းကင်ပေါ်မှာ ငွေကြယ်တို့က အနံ့ပြည့်နေသည်။ ဘအုံထယ်၊ သာမှတ်၊ ကြာမှိုင်းနှင့် ဖိုးစာတို့သည် မိုးကောင်းကင်ကို မော့ကြည့်၍ ဆေးလိပ်မှိန်းနေကြရာမှ ငိုက်မျဉ်းစ ပြုလာကြလေပြီ။ အချိန်မှာလည်း ညခုနစ်နာရီကျော်၍ ရှစ်နာရီနီးပါး အချိန်သို့ ရောက်နေလေပြီတည်း။

*

# အခန်း ၄၆

"ဝေါ..."

"ဝေါ..."

ငိုက်မျဉ်းနေသော ပိုးစာသည် ထူးထူးခြားခြား တေသံတစ်ခု ကြောင့် ရုတ်တရက် ထထိုင်လိုက်ပြီး "ဒီအသံ ဘာသံပါလိမ့်... ခါတိုင်းည တွေမှာလည်း မကြားမိဘူး" ဟု သူ့စိတ်ထဲက တွေးပူလိုက်မိသည်။ စမ်းချောင်းများ တောနက်ဘက်ဆီမှ တဝေါဝေါ အော်မြည်သံက ပို၍ကျယ်လောင်လာသလို သူ့စိတ်ထဲမှာ ထင်လာသည်။ သေသေချာချာ နားစွင့်ထောင်ကြည့်သောအခါ ထိုအသံမှာ ပိုးစာထင်သလို အမှန်တကယ်ပင် ကျယ်လောင်လာ၏။ ထို့ကြောင့် ပိုးစာသည် ကြာမှိုင်းကို ပုတ်၍ နှိုးလိုက်၏။

"ကိုကြာမှိုင်း.. ကိုကြာမှိုင်း...ထစမ်းပါဦးဗျ"

ပိုးစာက လှုပ်နှိုးသဖြင့် ကြာမှိုင်းကလည်း ချက်ချင်း ထထိုင်သည်။

"ဘာလဲကွ ပိုးစာ ဘာလဲ"

"ထူးထူးခြားခြား တေသံတစ်ခု ကြားတယ်ဗျ။ ဒီအသံလေဗျာ... ဘာသံပါလိမ့် နားထောင်စမ်း"

ကြာမှိုင်းသည် အိပ်ချင်မူးတူးနှင့် မျက်လုံးကို ပုတ်ခတ်လှုပ်ကာ ပတ်ဝန်း ဘယ်ညာကို လှည့်ကြည့်၍ နားစွင့်၏။

ယခင်ညများက အော်မြည်နေကျဖြစ်သော ညငှက်များနှင့် ညဉ့်မှာသာ အော်မြည်တတ်သော ပိုးကောင်မွှားကောင်ငယ်များ၏ အသံစ.ပဲ မဟုတ်မှန်းတော့ ကြာမှိုင်းက ချက်ချင်း သိလိုက်သည်။ စမ်းချောင်းများမှ တဝေါဝေါ အော်မြည်လာသံမှာ ထူးထူးခြားခြား ကျယ်လာ၏။

ကြာမှိုင်းက ဘအုံ့ထယ်နှင့် သာမှတ်တို့ဘက် လှည့်ကြည့်လိုက်သောအခါ ဘအုံ့ထယ်နှင့် သာမှတ်တို့မှာ အိပ်ပျော်နေကြလေပြီ။ သာမှ ဆိုလျှင် ပါးစပ်ကြီးဟကာ ပက်လက်အိပ်ပျော်ပြီး ဟောက်သံသဲ့သဲ့ပင် ထွက်နေလေသည်။

"အေးကွ အသံကတော့ ထူးဆန်းတာပဲ၊ တောကောင်ကြီးတွေ တောတိုးလာသံလည်း မဟုတ်ဘူး၊ တော်တော်ဝေးဝေးက လာနေသံလို့ပဲ"

"ဘအုံ့ထယ်ကို နှိုးရအောင်ဗျာ"

ပိုးစာ၏ စကားအဆုံးမှာ တဝေါဝေါ အော်မြည်လာသော တောသံကလည်း ပို၍ ကျယ်လာနီးလာသလိုပင်။

"အသံက ပိုကျယ်လာတယ်ကွ...နှိုးနှိုး"

"အဘ...အဘ ...ကိုသာမှတ်...ဟေးလူ"

"ဘာလဲ...ဘာလဲ"

ဘအုံ့ထယ်နှင့် သာမှတ်တို့သည် ချက်ချင်း ထထိုင်လိုက်ကြသည်။ သူတို့မှာ တောထဲတောင်ထဲ အကျွမ်းဝင်ပြီးသားသူတွေ ဖြစ်သဖြင့် အထအမြန်ကတော့ လျှင်မြန်ကြသည်။

"ဒီအသံက ထူးတယ်အဘရယ်...ဘာသံလဲလို့"

ကြာမှိုင်းအပြောနှင့် စမ်းချောင်းများတောနက်ဘက်ဆီမှ တဝေါဝေါ အော်မြည်လာသံကို ကြားရသောအခါ ဘအုံ့ထယ်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"တောခြောက်တာများလား" ဟု ဘအုံ့ထယ်က သေသေချာချာ နားစွင့်ထောင်၏။ တောခြောက်သံက လုံးဝမဟုတ်ပေ။ အကယ်၍ တောခြောက်သံဆိုလျှင် ဤသို့ ရှည်ရှည်လျားလျား မြည်ဟည်းမလာဘဲ ဖြိုးဖြိုး

ပျောက်ပျောက်နှင့် ပျောက်ဝေးသွားတတ်၏။

တောကောင်ကြီးများ တောတိုးသံဆိုလျှင်လည်း ဤလို တဝေါဝေါ တသောသော မြည်လာသည်မဟုတ်။ ဖြိုးခနဲ ပျောက်ခနဲသာ ကြားရ မည်။ ယခု တဝေါဝေါ တသောသော အော်မြည်လာသံမှာ ကြိုးရှည်ကြီး များကို စည်းစုပြီး မြေပြင်၌ တရွတ်တိုက် ဆွဲယူလာသလို တသောသော ညံလာလေသည်။ ဤသို့ ထူးဆန်းသော အသံကို ဘအုံ့ထယ်က တစ်သက် တစ်ခါမှ မကြားဖူးသဖြင့် ဖြစ်နိုင်သော အရာများကို ဘအုံ့ထယ်က ဦးနှောက်ခြောက်မတတ် တွေးတုန်းပင်။

တဖြည်းဖြည်းနှင့် အသံမှာလည်း ပို၍ ကျယ်လောင်လာ၏။ ထိုသို့ တွေးနေစဉ် ဘအုံ့ထယ်ခေါင်းထဲ အတွေးတစ်ခုက ဝင်လာ၏။ ယခုကြားရသော အသံမှာ မြွေများ မိတ်လိုက်လာကြသံလေလား။ မြွေများ မိတ်လိုက်ပြီဆိုလျှင် အကောင် ၂၀ မှ သုံး လေးဆယ်ထိ တစ်ကောင်ကို တစ်ကောင် လိမ်ပတ်ခွေကျစ်၍ မြွေလုံးမြွေခဲကြီးဖြစ်အောင် လုံးထွေးကာ တရွေ့ရွေ့ ရွေ့လူးလိမ့်လာတတ်သည်။

အချို့သေးငယ်သော မြွေများဆိုလျှင် မြွေကြီးများ၏ အလယ်ထဲ ဝင်ပါမိသဖြင့် မြွေကြီးများ၏ တန့်လိမ်ခွေကျစ်ခြင်းဒဏ်ကို မခံနိုင်ဖြစ်ကာ အပိုင်းပိုင်းပြတ်စဉ်၍ သေတတ်ကြသည်။

မြွေတစ်ကျင်း မြွေတစ်တော မိတ်လိုက်ပြီဆိုလျှင် တစ်တောလုံး တစ်တောင်လုံးရှိ မြွေအားလုံး ဝင်ပါကြသဖြင့် အကောင်နှစ်ဆယ်ခန့်ထိ သေတတ်လေသည်။ ယခု မိမိတို့ ကြားနေရသော အသံဗလံတွေမှာ မြွေ မိတ်လိုက်လာသံသာ ဖြစ်ရမည်။ မြွေများ မိတ်လိုက်လာသံဆိုလျှင်တော့ ဘာမျှ ကြောက်စရာ မရှိပေ။ မြွေများမှာ ထိုအချိန်မျိုး၌ လူကို အန္တရာယ် မပြုရန် ဂရုမထားအားပေ။ ထို့ကြောင့် မြွေမိတ်လိုက်လမ်းကြောင်းပေါ် ကျသော်လည်း လင့်စင်ပေါ်တွင် ရှိနေသူတို့အား အန္တရာယ် ပြုကြမည် မဟုတ်ပေ။ သူတို့လမ်းကြောင်းအတိုင်းသာ လုံးထွေးရွေ့လျား၍ ဝေး သွားကြမည်မဟုတ်ပါလား။

ဘအုံ့ထယ်သည် မကြုံဖူး မကြားဖူးသော တဝေါဝေါမြည်လာသံ

ဘက်ကို လင့်တဲဘက်မှ မျှော်ကြည့်ကာ ငေးနေမိ၏။ အတွေးကား မရပ်သေး၊ ဖြစ်နိုင်သော အတွေးထဲတွင် နောက်ဆုံးအတွေးတစ်ခုကလည်း အရေးပါလှသည်။ ကြာမှိုင်းတို့ ကင်ထားသော ဖွတ်ကင်မှ ညှော်နံ့ရ၍ မြွေကြီး တစ်ကောင်ကောင်ကများ ညှော်နံ့ခံလိုက်လာလေပြီလား။ အကယ်၍ မြွေကြီးတစ်ကောင်ကောင်ကသာ ညှော်နံ့ရ၍ လိုက်လာပြီဆိုလျှင်တော့ လူတွေမှာ အန္တရာယ်နှင့် ရင်ဆိုင်ကြရမည်ဖြစ်လေသည်။ နောက်ဆုံးမှ တွေးမိသော ဤအတွေးကြောင့် ဘအုံထယ်မှာ တုန်လှုပ်ချင်သလို ဖြစ်လာလေသည်။

ဘအုံထယ်သည် ကြာမှိုင်းနှင့် သာမှုတ်တို့ ညဦးကပင် ကင်ထားကြသော မီးဖိုပေါ်က ဖွတ်ကင်ကို မလုံမလဲစိတ်နှင့် မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်၏။ ဖွတ်ကင်မှာ အတော်အသင့်ကျက်ပြီး အသားများပင် ကွဲအက်ပြေကာ အဆီရည်ကလည်း မီးဖိုပေါ် တစက်စက်ကျနေ၏။ ဖွတ်ကင်မှ အဆီရည်တွေက မီးဖိုပေါ် ကျနေသဖြင့် လင့်စင်တစ်ခုလုံး အညှော်နံ့တွေက ဖုံးလွှမ်းလျက်ရှိလေသည်။

ဘအုံထယ်သည် ချက်ချင်းထပြီး ဖွတ်ကင်ကို မီးဖိုနှင့် ခွာထားလိုက်သည်။ ထိုအချိန်၌ပင် တောနက်ဘက် စမ်းချောင်းဖျားဆီမှ တဝေါဝေါ အော်မြည်လာသော အသံနက်ကြီးမှာ ဘအုံထယ်တို့ တဲနားသို့ နီးကပ်လာပြီ ဖြစ်လေသည်။

"အေးကွ တစ်ခုခုတော့ ထူးခြားမှာပဲ။ မင်းတို့ ဦးလေးတွေ အသင့်ပြင်ထားကြ၊ ညှော်နံ့ရလို့ မြွေကြီးတစ်ကောင်ကောင် လိုက်လာပြီထင်တယ်။ ဘာမှ မကြောက်ကြနဲ့၊ ငါက ပစ်ဆိုမှ ပစ်ရမယ်နော်  ငါ့အမိန့်မရဘဲ ဘယ်လူလေးကမှ လေးစူးမထွက်ရဘူး၊ ဒါပဲ"

ဘအုံထယ်စကားကို ကြားရသောအခါ ကြာမှိုင်း၊ သာမှုတ်နှင့်ပိုးစာတို့၏ မျက်နှာမှာ ချက်ချင်း အေးစက်မာကြောသွားကြလေသည်။

စမ်းချောင်းဖျားကျသော တောနက်ဘက်မှ တဝေါဝေါ အော်မြည်လာသော အသံသည် မကြာခင်ပင် ဘအုံထယ်တို့ လင့်စင်အောက်နားရောက်လာသည်။ အသံပေါ်ထွက်လာရာဘက်ဆီသို့ သူတို့အားလုံး စိုက်

ကြည့်ကြသောအခါ တောတိရစ္ဆာန်ကြီးတစ်ကောင်၏ မျက်လုံးအစုံဟု ထင်ရသော နီနီရဲရဲ မီးခဲမီးလုံးနှစ်ခုကို မှောင်ထဲတွင် ကြောက်မွယ်ဘနန်း လှမ်းမြင်နေရသည်။

တောထဲတောင်ထဲ၌ လူကို အန္တရာယ်ပြုနိုင်သော တိရစ္ဆာန်တို့၏ မျက်လုံးမှာ မီးကျီးခဲကဲ့သို့ ရဲရဲနီနေပြီး လူကို အန္တရာယ်မပြုတတ်သော တိရစ္ဆာန်တို့၏ မျက်လုံးကတော့ စိမ်းကြည်တောက်ပနေလေ့ရှိသည်။ ဤသည်ကိုတော့ တော၏ အတွေ့အကြုံအရ သူတို့အားလုံးက သိထားကြ သည်။ ယခု စမ်းချောင်းဖျား တောနက်ဘက်ဆီမှ ပြေးလိုက်လာသော တောတိရစ္ဆာန်ကြီး၏ မျက်လုံးမှာ ရဲရဲနီနေသဖြင့် ဧကန္တ လူသားတွေကို အန္တရာယ်ပြုနိုင်သော တောတိရစ္ဆာန်မှန်း သိသောအခါ လူငယ်များ ဖြစ်ကြသော ပိုးစာ၊ သာမှတ်နှင့် ကြာမှိုင်းတို့၏ မျက်နှာများမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားကြသည်။

ရဲရဲနီနေသော မျက်လုံးပိုင်ရှင် တောတိရစ္ဆာန်ကြီးသည် ဘအုံထယ် တို့ လင့်တဲနားရောက်သောအခါ လင့်တဲအောက်ဘက် ဝန်းကျင်တွင် တစ်စုံတစ်ခု ရှာဖွေနေသလို သစ်ရွက်ခြောက်များကို တက်နင်းကာ တဝေါဝေါ တသောသော လှည့်ပတ်ရှာဖွေနေသည်ကို ညဦးက ကြာမှိုင်း တို့ မွှပ်ကင်ခဲ့ကြသော မီးဖိုမှ မီးရောင်ရိပ်တိတ်တိတ်ထဲ၌ မြင်နေရ၏။

ညဦးက ကြာမှိုင်းတို့ မွှပ်ကင်ခဲ့ကြသော မီးဖိုနား ရောက်သောအခါ တောတိရစ္ဆာန်ကြီးသည် မီးဖိုကို သူ၏ လက်ခြေကားရားနှင့် တအား ပြိုယက်ပစ်လိုက်လေသည်။ လင့်စင်တဲစွန်းများမှ အထိတ်တလန့်နှင့် အောက်သို့ ငုံ့ကြည့်နေကြသော ဘအုံထယ်တို့မှာ ယခုမှ တောတိရစ္ဆာန် ကြီး၏ အမျိုးအမည်ကို ကွဲကွဲပြားပြား မြင်ကြသိရလေသည်။

မွှတ်ကင်ချော်နံ့ရ၍ စမ်းချောင်းဖျား တောနက်ထဲမှ အနံ့ခံ ပြေး လိုက်လာသော တောတိရစ္ဆာန်ကြီးမှာ မူလက ဘအုံထယ်တို့ ထင်ခဲ့ကြ သလို မြွေကြီးတစ်ကောင်တော့ မဟုတ်ပေ။ လူကြီး သုံးလံကျော်လောက် ရှည်လျားး၍ လုံးချက်တစ်တောင်လောက် ရှိသော ဧရာမ တောကင်းကြီး တစ်ကောင်ပင် ဖြစ်တော့သည်။

လင့်စင်တအောက်ရှိ မီးပိုကို သူ၏ ခြေလက်ကားယားများနှင့် ဖြဲယက်ထားပြီးသောအခါ တောကောင်းကြီးသည် ဘအုံထယ်တို့ရှိရာ လင့်စင်ပေါ်ကို ပတာတ်ရပ်၍ မော့ကြည့်နေပြန်၏။

လင့်ဝဲ အခွန့်ဖျားမှ အောက်သို့ ငုံ့ကြည့်နေကြသော ဘအုံထယ်တို့မှာ "ဟယ်ခနဲ" လန့်အော်မိကြပြီး နောက်သို့လည်း တရွတ်တိုက် ဆုတ်လိုက်မိကြသည်။

ဘအုံထယ်တို့ကို မြင်သွား၍လားမသိ၊ တောကောင်းကြီးသည် ရှဲခနဲ အသံတစ်ခုကို ပြုပြီး ဘအုံထယ်တို့ တဲပေါ်သို့ တက်ရန် လင့်စင်အောက် ပတ်ဝန်းကျင်တွင် လှည့်လည်၍ လမ်းရှာနေတော့၏။ ဤသည်တို့ကို မြင်ရသောအခါ ဘအုံထယ်တို့၏ မျက်နှာမှာ အလိုလို သွေးဆုတ်သွားကြသည်။

မီးဖိုကြီးကိုပင် ပြန့်ကြဲသွားလောက်အောင် ယက်မွှေပစ်လိုက်နိုင်သော တောကောင်းကြီးသည် အကယ်၍ အင်ပင်ကြီးတစ်ပင်ပင်မှတစ်ဆင့် လင့်တဲပေါ် တက်လာလျှင် အင်ပင်ခါးလည်တွင် ရစ်ပတ်ထားသော ကညင်ဆီဆွတ် ဗန့်ဗွေးခေါက် ခါးပတ်မီးမှာလည်း တောကောင်းကြီးကို ဟန့်တားနိုင်တော့မည်မဟုတ်ပေ။ ရှဲခနဲ တစ်ချက် မှုတ်ပစ်လိုက်ရုံနှင့် မီးသေသွားနိုင်သလို သူ၏ ခြေလက်များနှင့်လည်း မီးခါးပတ်များကို ယက်ချပစ်နိုင်လေသည်ကို ဘအုံထယ်သည် ချက်ချင်း သတိပြုမိလိုက်၏။ ထို့ကြောင့် မီးဖိုနားမှ ဖွတ်ကင်ကို ထဖြုတ်ကာ အစာဓောကပ်၍ လင့်စင်အောက်တွင် ဆောက်တည်ရာမရ လှည့်ပတ်၍ တက်လမ်းရှာနေသော တောကောင်းကြီးဆီသို့ ဖွတ်ကင်တစ်တုံး ဖဲ့၍ ပစ်ချပေးလိုက်၏။

ဘအုံထယ် ပစ်ချပေးလိုက်သော ဖွတ်ကင်တစ်တုံးကို တောကောင်းကြီးသည် အမှောင်ထဲ၌ပင် ချက်ချင်း အနံ့ခံဟပ်မိသွားပုံရလေသည်။ ရဲရဲနီနေသော မျက်လုံးနှစ်လုံးသာ လှုပ်တုတ်လှုပ်တုတ်မြင်ရပြီး တဝေါဝေါ လျှောက်ပြေးနေသော သူ၏ ကိုယ်ခန္ဓာကြီးက ငြိမ်သွား၏။

ဘအုံထယ်တို့မှာ အသက်ပင် ပြင်းပြင်း မရှူရဲကြဘဲ တောကောင်းကြီး၏ လှုပ်ရှားမှု အခြေအနေကိုသာ ငုံ့ကြည့်အကဲခတ်နေကြသည်။

အစာကုန်သွားပုံရသော တောကင်းကြီးသည် ချက်ချင်း ပြန်လည် လှုပ်ရှားလာပြီး အနံ့ရနေသေးသော လင့်စင်ပေါ်တက်ရန် လမ်းရှာနေ ပြန်သည်။ ထိုအခါ ဘအုံထယ်မှာ ဒုတိယအကြိမ် ဖွတ်ကင်တစ်ခုကို တောကင်းကြီးရှိရာ လင့်စင်အောက်သို့ ပစ်ချပေးလိုက်ပြန်၏။ ဤတစ်ခါ ပစ်ချပေးလိုက်သော ဖွတ်ကင်မှာ ပထမတစ်ခါ ပစ်ချပေးလိုက်သော ဖွတ်ကင်အတုံးထက်သေးသဖြင့် တောကင်းကြီးသည် ချက်ချင်းပင် စား ပစ်လိုက်ပုံရ၏။ စက္ကန့်ပိုင်းလောက်သာ ငြိမ်သက်နေပြီး ဦးခေါင်းမော့ ထောင်ကြည့်ကာ လင့်စင်ပေါ်တက်ရန် လှုပ်ရှားလာပြန်သည်။

မတတ်သာသော ဘအုံထယ်မှာ တတိယအကြိမ်အဖြစ် ဖွတ်ကင် တစ်ပုံကို လင့်စင်အောက်သို့ ပစ်ချလိုက်ပြန်၏။ ဘအုံထယ် ပစ်ချပေး လိုက်သော တတိယဖွတ်ကင်ကိုလည်း တောကင်းကြီးသည် စက္ကန့်ပိုင်း လောက် အချိန်မှာပင် စားပစ်လိုက်ပြီး နောက်ထပ် လင့်စင်ပေါ်ကို ဦး ခေါင်းတစ်လံကျော်မျှ ထောင်ကြည့်ကာ အစာတောင်းသလို တရှုံ့ရှုံ့ မြည် နေပြန်၏။

"အ…ကုန်သာ ပစ်ပေးလိုက်တော့ အဘရယ်၊ ဒီဖွတ်ကင်ကြီး ရှိနေ သမျှ ဒီကောင်ကြီး ပြန်မှာမဟုတ်ဘူးဗျ၊ ကျွန်တော်တို့ မှားပါတယ် တောင်ပိုင်ကြီး တောပိုင်ကြီးများခင်ဗျား"

"ဟေ့ကောင် ကြာမှိုင်။ မင်းပါးစပ်ပိတ်ထားစမ်း"

ကြောက်ကြောက်ရွံ့ရွံ့နှင့် သူရူးတစ်ယောက်လို လျှောက်ပြောနေ သော ကြာမှိုင်းကို ဘအုံထယ်က အော်ငေါက်ပစ်လိုက်သည်။

အယူအစွဲအလမ်းကြီးကြ၍ တောလည်း မကျွမ်းကြသော သာမုတ် နှင့် ပိုးစာတို့မှာ ကြာမှိုင်း၏ စကားကို ကြားရသောအခါ အလိုလို ငိုင်ကျ သွားကြသည်။ ညနေက ဖွတ်ကင်ဟင်း ချက်စားကြရာ တောပိုင်ကြီး တောင်ပိုင်ကြီးတွေကို မတင်မမြှောက်မိ၍ ယခု တောပိုင်တောင်ပိုင်ကြီး တွေက ကင်းကြီးယောင်ဆောင်ကာ ဖွတ်ကင် လာတောင်းစားနေသည် မှာ အမှန်ပင်ဟု ယုံကြည်သလိုလို ဖြစ်သွားကြလေသည်။ တောကြီး မျက်မည်းထဲတွင် ဘအုံထယ်၏ မျက်နှာကိုသာ ငေးကြည့်ကာ ပိုစ်

ထိတ်ထိတ်ပျာပျာ ဖြစ်လာတော့၏။

ကြာမှိုင်းပြောသလို ဤဖွတ်ကင်ကြီး အပေါ်၌ ရှိနေသဖြင့် တောကင်းကြီးက အပေါ်သို့ မော့၍ အစောင့်လင့်နေသည်ကိုတော့ ဘအုံထယ်ကလည်း ထပ်တူထပ်မျှ အထင်ရောက်၏။ ထို့ကြောင့် ဘအုံထယ်သည် ကျန်နေသော ဖွတ်ကင်ကို တောကင်းကြီးရှိရာ လင့်တဲအောက်သို့ ဘုတ်ခနဲ ပစ်ချပေးလိုက်၏။

ဖွတ်သားကင်အတုံးမှာ ဤတစ်ခါတော့ အတော်ကြီးသဖြင့် တောကင်းကြီးသည် ၁၀ မိနစ်လောက်ပင် ငြိမ်ငြိမ်သက်သက်နှင့် ဖွတ်ကင်ကို စားနေ၏။ ဘအုံထယ်တို့မှာ တောကင်းကြီး၏ နီနီရဲရဲ မျက်လုံးကြီးနှစ်လုံး၏ အခြေအနေကိုသာ အမှောင်ထဲမှာ ငုံကြဲ့ကြည့်ရင်း ရင်တထိတ်ထိတ်ဖြစ်နေကြ၏။

ဖွတ်ကင် ကုန်သွားသည်နှင့် တစ်ပြိုင်နက် တောကောင်ကြီး၏ လှုပ်ရှားမှုက တစ်မုဟုတ်ချင်း ပြန်ပေါ်လာပြန်လေသည်။ တောကင်းကြီးသည် အပေါ်မှ သူတစ်ခါ ပတောက်ရပ်လိုက်တိုင်း တဖုတ်ဖုတ် ပစ်ကျလာသော ဖွတ်ကင်ကို စားရမှန်းသိသဖြင့် ထပ်၍ ပတောက်ရပ်ပြန်၏။ သည်တစ်ခါတော့ ဖွတ်ကင်ကလည်း ကျမလာသောအခါ တောကင်းကြီးမှာ ဒေါသနှင့် တရှဲရှဲ မြည်ပြီး သစ်ပင်ပေါ် တက်ရန် လမ်းရှာလေတော့သည်။ ဖွတ်ကင်ကုန်သွားပြီဖြစ်သော ဘအုံထယ်တို့မှာ ဤတစ်ခါတော့ ဆောက်တည်ရာ မရလောက်အောင် ကြောက်ရွံ့သွားကြလေသည်။

"ဟဲ့ … ဟဲ့ ကင်းကြီးတော့ တက်လာနေပြီ၊ မင်းတို့ ဒူးလေးတွေသာ အသင့်ချိန်ထားကြ၊ သေတစ်နေ့ မွေးတစ်နေ့ပဲဟေ့၊ မကြောက်ကြနဲ့၊ ငါက ပစ်ဆိုရင် ပစ်ဖို့ပြင်ထားကြကွယ်ရို့ …"

ဘအုံထယ်သည် ပြောပြောဆိုဆိုပင် အင်ပင်ကြီး ခါးလယ်ရှိ ဗန်းဖွေးခေါက်ခြောက် ကညင်ဆီဆွတ်ခါးပတ်ကို မီးရှို့ထားရန် ကညင်ဆီမီးတုတ်တစ်ခုကို ချက်ချင်း မီးညှိထွန်းလိုက်၏။ ဘအုံထယ် ထွန်းညှိလိုက်သော ကညင်ဆီတိုင်၏ အလင်းရောင်ကြောင့် တရှဲရှဲဟန်မီ၍ တက်လာသော ကင်းကြီးကိုလည်း ထင်ထင်ရှားရှား မြင်လိုက်ရသည်။

ဘအုံထယ်သည် ထွန်းညှိထားပြီးဖြစ်သော ကညင်ဆီ မီးတုတ်ကို တံချူနှင့် ချည်ဆက်ကာ အင်ပင်ကြီး ခါးလယ်ရှိ ဖန်ဗွေးခြောက်ခါးပတ်ကို မီးရှို့ရန် တယမ်းယမ်း လုပ်နေသည်။

"အ…အဘ…ကင်းကြီး နိုးလာပြီဗျ ပစ်ရတော့မယ် ထင်တယ်"

ကြာမှိုင်း၏ အထိတ်တလန့် သတိပေးအော်လိုက်သံကြောင့် ကညင်ဆီမီးတုတ်နှင့် ဖန်ဗွေးခေါက်ခါးပတ် မီးညှိရန် လုပ်နေသော ဘအုံထယ်၏ လက်မှာ အလိုလို တွန့်သွားလေသည်။

"ဟိုက်…သိပ်နီးနေပြီပဲ၊ ပစ်သာပစ်ကြတော့ကွာ။ မကြောက်ကြနဲ့ ဟောထိအောင်ပစ်၊ မှန်အောင်ပစ်၊ သေတစ်နေ့ မွေးတစ်နေ့ပဲ"

တုံ့ခနဲ ခါသွားသော လေးကိုင်း လေခတ်သံနှင့်အတူ ရွှီခနဲ မြည်၍ ညို့မှ ပြေးထွက်သွားသော မြားစူးသုံးချောင်းတို့၏ လေကို ဖြတ်သွားသံမှာ ဘအုံထယ် နားထဲ၌ စိန်ပုံးအမြောက် ပစ်ဖောက်လိုက်သော အသံထက်ပင် ကျယ်လွန်းသည်ဟု ထင်လိုက်မိလေသည်။

ရှဲခနဲ မြည်ဟည်းလိုက်သော အသံနက်ကြီးတစ်ခုနှင့်အတူ ပေ ၂၀ ကျော် အမြင့် အင်ပင်ပေါ် ရောက်နေသော တောကင်းကြီးမှာ အောက်သို့ ပက်လက်လန်ကျသွားလေသည်။

ဘအုံထယ်သည် သူ့လက်ထဲမှ ကညင်ဆီမီးတုတ်ကို ချက်ချင်း အောက်သို့ ပစ်ချလိုက်ပြီး ဒူးလေးကို ကောက်ကိုင်ကာ တွန့်လိမ်နေသော တောကင်းကြီးကို လေးစူးတစ်ချောင်းနှင့် ပစ်ထည့်လိုက်၏။

ဘအုံထယ်၏ ပထမ လေးစူးသည် တောကင်းကြီးအား မထိမှန်မီကပင် ကြာမှိုင်း၊ သာမှတ်နှင့် ပိုးစာတို့ ပစ်လွှတ်လိုက်ကြသော ဒုတိယ လေးစူးသုံးချောင်းသည် တောကင်းကြီး၏ ကိုယ်ကို ထိမှန်ပြီး ဖြစ်လေသည်။ ထိုအခါ တောကင်းကြီးမှာ တရှုံ့ရှုံ့တရှူးရှူးမြည်ပြီး လာလမ်း အတိုင်း စမ်းချောင်းဖျား တောနက်ထဲသို့ ပြန်ပြေးသွားလေသည်။

တောကင်းကြီး ထွက်ပြေးသွားသော အသံကို ၁၀ မိနစ် ၁၅ မိနစ် အချိန်ကြာသည်အထိ တဝေါဝေါ တသောသော ကြားနေရသည်။ တဖြည်း

ဖြည်းဝေး၍ အသံပျောက်သွားသောအခါ တောကောင်းကြီး ထွက်ပြေးသွားသော လမ်းကြောင်းမှာလည်း အင်တိုင်းတောထဲ၌ စွပ်ကြောင်းကြီး ဖြစ်၍ ကျန်ရစ်ခဲ့လေ၏။

*

## အခန်း ခြောက်

နွေရက်တို့သည် ရင့်ရော်လာကြပြီ ဖြစ်သည်။ ထို့ကြောင့်လည်း တောအလုံးသည် ပြာရော်ခြောက်သွေ့၍ မှိုင်းမှိုင်းမှုန်နေ၏။ သို့သော် အင်တွဲ၊ ပွေးညက်ရှာသူ ကဒူးကဏန်း အမျိုးသားများ ဖြစ်ကြသော ဘ အုံထယ်၊ သာမှတ်၊ ကြာမှိုင်းနှင့် ပိုးစာတို့မှာကား တစ်တောမှ တစ်တော၊ တစ်တောင်မှ တစ်တောင်သို့ ပြောင်းရွှေ့ကာ အင်တွဲ၊ ပွေးညက်များကို ရှာဖွေတုန်းပင် ရှိကြသေးသည်။

သူတို့သည် ရရှိသမျှသော အင်တွဲ၊ ပွေးညက်များကို ရွာပြန်ပို့လိုက် တောထဲ ပြန်လာလိုက်နှင့် အခေါက်ခေါက်အခါခါ ရှာဖွေရောင်းချခဲ့ကြ သော အင်တွဲ၊ ပွေးညက်ရောင်းရငွေများမှာလည်း တစ်ယောက် ၂၀၀ ကျော်လောက် ရနေကြလေပြီ။ တောတောင်တဲစခန်းရောက်တိုင်း သူတို့ သည် လွယ်လွယ်ကူကူရသော အင်တွဲကို ဦးဆုံးရှာဖွေ၍ ပွေးညက်ကိုကား နောက်ဆုံးမှ ရှာဖွေယူလေ့ရှိကြလေသည်။

ပွေးညက်ရှာဖွေရခြင်းမှာ အင်တွဲရှာဖွေရသလို လွယ်ကူခြင်း မရှိပေ။ အင်တွဲမှာ အင်ပင်များပေါ်မှ သဘာဝအလျောက် စီးကျယိုထွက်လာသော သစ်စေးလက်တံချောင်းတိုရှည်များကို တက်ရူးဆွတ်ချူထပ်ယူရသဖြင့် လွယ်ကူသော်လည်း ပွေးညက်မှာမူ သစ်ပင်ကြီးများ၏ သစ်ခေါင်းထဲမှ ပွေးညက်ကောင်များ အိမ်ဖွဲ့တည်နေသည်ကို လှဲဖြတ်ခုတ်ခွဲယူရသဖြင့်

အင်တွဲရှာရသည်နှင့်စာသော် မွေးညက်ရှာရသော အလုပ်မှာ လုံ့လ ဝီရိယ များစွာ စိုက်ထုတ်ရလေသည်။ ထို့ကြောင့်လည်း သူတို့သည် မွေးညက် ရှာခြင်းအလုပ်ကို စခန်းပြောင်း စခန်းသိမ်းခါနီးမှ လုပ်လေ့လုပ်ထ ရှိကြ လေ၏။

ယခု သူတို့ရောက်နေကြသော စခန်းမှာ နောက်သုံးလေးရက်ကြာ လျှင် ပြောင်းကြတော့မည်ဖြစ်သဖြင့် အင်တွဲရှာဖွေရင်း တွေ့ထားကြသော မွေးညက်ပင်များကို ခုတ်လှဲ ထုတ်ခွဲယူရန် ဓား၊ စို့၊ သတ်၊ တင်းပုတ်၊ လှ စသည့် လက်နက်ကိရိယာများကို ယူငင်ကာ မွေးညက်ထုတ်ရန်နှင့် မွေး ညက်ရှာရန် မွေးညက်ကင်းထောက်ရန် လင့်တဲမှ တောထဲသို့ ဆင်းထွက် လာကြ၏။

မွေးညက်ရှာဖွေကြခြင်းမှာ အင်တွဲရှာစဉ်ကလို နှစ်ယောက်တစ်တွဲစီ ဖြစ်သဖြင့် ဘအုံထယ်နှင့် ပိုးစာက တစ်တွဲဖြစ်ပြီး ကြာမှိုင်းနှင့် သာမှတ် တို့ကတစ်တွဲ ဖြစ်ကြလေသည်။

အကယ်၍ အင်တွဲရှာရင်း မွေးညက်ခေါင်း၊ မွေးညက်ပင်များကို တွေ့ မထားလျှင် ကင်းအဆင့်ဆင့် ထောက်၍ မွေးညက်ခေါင်း၊ မွေးညက်ပင်၊ မွေးညက်အိမ်များကို ရှာဖွေကြရသည်။ မွေးညက်ကင်းထောက်ရသော အလုပ်မှာ လွယ်ကူသော အလုပ်တော့ မဟုတ်ပေ။ မျက်စိရှင် နားပါးရန် လိုသည့်အပြင် တောတောင် ရေမြေသဘာဝ သစ်ပင်တို့၏ ပေါက်ရောက် ရှင်သန်နေပုံ အနေအထားကိုလည်း များစွာသိဖို့ လိုပေသည်။

မွေးညက်ကောင်များမှာ ပျားကောင်တစ်မျိုး ဖြစ်သဖြင့် ကညင်၊ အင်ပင်၊ နွှန်းဖြေး၊ ပိန္နဲ၊ သရက် စသည့် သစ်စေးထွက်သည့် သစ်ပင်များ အဆီအစေးများကို သယ်ယူကာ သစ်ပင်လိုဏ်ခေါင်းကြီးများထဲတွင် ပျား သလက်များကဲ့သို့ အိမ်ဖွဲ့တည်ဆောက်လေ့ရှိကြလေသည်။ မွေးညက် ကောင်များသည် မိုးလွတ်ကင်းစ တော်သလင်း သီတင်းကျွတ်လများက ပင် ထိုသို့ သစ်ပင်ဆီ သစ်စေးများကို သယ်ဆောင်၍ အိမ်ဖွဲ့ တည်ဆောက် ကြလေရာ သစ်စေးအိမ်(ပျားသလက်) တည်ဆောက်ပြီးသောအခါ စား

ကောင်းသော ကံ့ကော်၊ အင်ကြင်း၊ ကြက်သလုံး၊ ရင်ခတ်စသည့် သစ်ပင်များ၏ အပွင့်များမှ ပန်းဝတ်ရည်များကို စုပ်ယူကာ အရည်ထည့်တတ်ကြသည်။

ပျားညက်ကောင်များသည် သစ်စေးဖြင့် ပြုလုပ်ထားသော သူတို့၏ နေအိမ်ကို စနစ်တကျ တည်ဆောက်လေ့ ရှိကြသည်။ သုံးထပ်ဖြစ်သော သူတို့၏ သစ်စေးအိမ်တွင် အပေါ်ထပ်၌ အစာများထားပြီး ကလေးတွေကို လုံခြုံမှုလည်း ရှိအောင် အစာစား၍လည်း လွယ်ကူအောင် အလယ်ထပ်၌ အုချ၍ ပေါက်ထားတတ်ကြသည်။ အောက်ဆုံးတွင် ပန်းဝတ်ရည်များနှင့် ချေးအိမ်များကို ခွဲခွဲခြားခြားထားတတ်ကြလေသည်။

သူတို့သည် တစ်နွေလုံး စုစည်းထားသော ပန်းဝတ်ရည်အစာများကို မိုးတွင်း၌ မိုးကြီးပြင်းစွာ ရွာသွန်းချိန် လေပြင်းများ တိုက်ခတ်ချိန်တို့တွင် သစ်ခေါင်းထဲ၌ အောင်း၍ ကလေးရော အမကြီးများပါ စားတတ်ကြ သည်။ ထို့ကြောင့်လည်း နွေလမှာ ရသမျှသော ပန်းဝတ်ရည်များကို ပျားညက်ကောင်များက စုစည်းထားတတ်ကြခြင်း ဖြစ်လေသည်။

ပျားညက်ရှာသူတို့မှာ ပျားညက်တစ်ပင်တစ်ခေါင်း တွေ့ပြီဆိုလျှင် ၁၅ ပိဿာမှ ပိဿာ ၃၀ ထိ ရနိုင်ကြလေသည်။ သစ်တောများကို မီးလောင်လျှင်တော့ ကညင်ဆီ၊ အင်ဆီ၊ နွန်းခြေးဆီ၊ သရက်ပိန္နဲဆီတို့နှင့် အိမ်ဖွဲ့ပြုလုပ်ထားကြသော ပျားညက်အင်ပင်ကြီးမှာ အားလုံး မီးလောင်ခံရပြီး ပျားညက်ကောင်များလည်း အားလုံးသေကာ ပြာကျသွားတတ်လေသည်။ မီးသင်းမီးကျွမ်းမီးကျော်ခြင်း ခံရသော သစ်တောများထဲတွင် ပျားညက်ရှာ၍ မရနိုင်ပေ၊ ထို့ကြောင့်လည်း ပျားညက်ရှာသူများသည် ယခင်တစ်နှစ် ၂နှစ်ခန့်က မီးသင်း မီးကျွမ်း မီးကျော်ဖူးသော သစ်တော များကို ရှောင်ရှားကြသည်။ ပျားညက်အများဆုံး ရနိုင်သော သစ်တောမှာ အင်တိုင်းတောများ ဖြစ်သဖြင့် အင်တွဲပျားညက်ရှာခြင်းကို တစ်ပေါင်းတည်း တွဲလုပ်၍ ရနိုင်ခြင်း ဖြစ်လာသည်။

ယနေ့ ပျားညက်ရှာ ထွက်လာကြသော ဘဘုံထယ်နှင့် ပိုးစာတို့မှာ

ယခင်လေးငါးရက်က အင်တွဲရှာရင်း တွေ့ထားကြသော မွေးညက်ပင်များကို ခုတ်လှဲခွဲစိတ်၍ မွေးညက်ထုတ်ယူပြီးကြသောအခါ နောက်ထပ် မွေးညက်ရနိုင်သော မွေးညက်အိမ်ပင်များကိုလည်း နောက်တစ်နေ့ လာ၍ ထုတ်ယူနိုင်ရန် ကင်းထောက်ရှာခြင်း ပြုလုပ်ရပြန်၏။

ဘအုံ့ထယ်နှင့် ပိုးစာတို့သည် မွေးညက်ကင်းထောက်ရန် စမ်း ချောင်းနားတစ်ခုသို့ ရောက်လာကြသည်။ မွေးညက်ကင်းထောက်ခြင်း ကို ရေရှိရာ စမ်းရေအိုင် အရပ်နှင့် ပန်းပွင့်နေရာသစ်ပင်များပေါ်တို့၌ ပြုလုပ်နိုင်ကြသည်။ မွေးညက်ကင်းထောက်သူသည် စမ်းချောင်းနားရှိ တောစာ ငှက်ပျောပင်တစ်ပင်၏ ငှက်ပျောဖတ်အခြောက်တစ်ခုကို လျှော်ငင်ကာ ဆံချည်မျှင်ထက်ပင် သေးငယ်သော ငှက်ပျောလျှော်စ တစ်တောင်တစ်မိုက်ကို အင်ဆီ၊ ကညင်ဆီသုတ်၍ မွေးညက်ကောင်များ စမ်းချောင်းနားသို့ ရေသောက်အလာကို စောင့်ကြရသည်။ အကယ်၍ ဤစမ်းချောင်းနားသို့ မွေးညက်ကောင်များ ရေသောက်လာသည်ကို မတွေ့ရလျှင် မွေးညက်ကောင်များ ပန်းဝတ်ရည်စုပ်ရန် လာသောပတ်ဝန်းကျင် တောတောင်ထဲရှိ ပန်းပွင့်နေသော သစ်ပင်များကို ရှာ၍ မွေးညက်ကောင်များ အလာကို စောင့်ကြရလေသည်။

"ကဲ…ပိုးစာ၊ မင်းဒီကစောင့်ပြီး ရေသောက်လာတဲ့ မွေးညက်ကောင်တွေကို ကင်းချည်တပ်ပေး။ ငါ ဟိုဘက်တောင်စောင်းသစ်ပင်ပေါ်က တက်စောင့်ကြည့်နေမယ်၊ ရေသောက်လာတဲ့ မွေးညက်ကောင်တွေတော့ မလွတ်စေနဲ့နော်"

"ဟုတ်ကဲ့…အဘ"

ဘအုံ့ထယ်သည် ပိုးစာအား စမ်းချောင်းနားတွင် ကင်းချထားပစ်ခဲ့ကာ တောင်စောင်းတစ်ခုပေါ်ရှိ အမြင့်ဆုံး ကညင်ပင်ကြီးတစ်ပင်ပေါ်တက်၍ မွေးညက်ကင်းဖမ်းရန် စောင့်နေလေသည်။

ပိုးစာသည် ဘအုံ့ထယ် နေရာချထားပေးခဲ့သော စမ်းချောင်းနားတွင် ထိုင်ကာ ရေစပ်ကမ်းနားကို သေသေချာချာ စိုက်ကြည့်၍ မွေးညက်ကသိုင်းရှုနေ၏။ ဆယ်မိနစ်လောက် ကြာသော်လည်း မွေးညက်ကောင်

တစ်ကောင်တလေကိုမျှ မမြင်ရသောအခါ နောက်ထပ် တစ်နေရာ ရွှေ့၍ စောင့်ကြည့်ပြန်၏။ စမ်းချောင်းကမ်းခြေတစ်လျှောက်ကို ဤသို့ သုံးလေးနေရာ လျှောက်ကြည့်တော့မှ ပွေးညက်ကောင်များ ရေသောက်လာနေကြသော နေရာတစ်ခုကို တွေ့ရလေသည်။

ပွေးညက်ကောင်များမှာ မြားကောင်ထက်ပင် သေးငယ်သဖြင့် စမ်းချောင်းကမ်းစပ်ရှိ ရွက်အုပ်မိုး သစ်ပင်များ၏ သစ်ရိပ် ဝါးရိပ်တို့ကြောင့် သစ်တောထဲ ဖြတ်ပျံလာသော ပွေးညက်ကောင်များကို လူကတော်တော်နှင့် မြင်သာနိုင်စွမ်း မရှိပေ။ ထို့ကြောင့်လည်း သစ်ပင်ကိုင်းခက် ရွက်လက်မိုးတံညို့ အကြို့အကြားမှ ယိုဖိတ်ထိုးကျနေသော နေရောင်ခြည်တန်းများနှင့် နေပြောက်များထဲတွင် ပွေးညက်ကောင်များကို စောင့်ကြည့်ရင်း ဖမ်းရလေသည်။

နေရောင်ခြည်တန်းထဲတွင် လှစ်ခနဲ မြင်လိုက်ရသော ပွေးညက်ငယ်ကောင်များသည် စမ်းချောင်းရေစပ်သို့ ချက်ချင်း ထိုးကျလာကြ၏။ ပိုးစာသည် ရေယူရေသောက်လာကြသော ပွေးညက်ကောင်များ ကမ်းစပ်တွင် နား၍ ငြိမ်ငြိမ်သက်သက် ရေယူရေသောက်နေကြချိန်တွင် ကညင်စေး အင်ဆီသုတ်ထားသော ငုက်ပျောလျှော်မျှင်ချည်စကို ပွေးညက်ကောင်၏ ခြေထောက်မှာ တို့ပေးလိုက်သည်။ သစ်စေးအိတ်လွယ်ရာ ပန်းဝတ်ရည် စုပ်ရာမှ အလုပ်မောပန်း၍ ရေသောက်ရန် လာကြသော ပွေးညက်ကောင်များမှာ နဂိုကပင် သူတို့၏ ခြေထောက်များ စေးကပ်ကပ်ဖြစ်နေကြလေရာ အင်စေးဆီ သုတ်ထားသော ငုက်ပျောလျှော်စကို ပိုးစာက တို့ထိပေးလိုက်သောအခါ ပွေးညက်ကောင်၏ ခြေထောက်တွင် ငုက်ပျောလျှော်က ချက်ချင်းစေးကပ်သွားလေသည်။

အလုပ်မောပန်းလာသည့်အပြင် ပန်းဝတ်ရည်တစ်ထမ်းကိုပါ သယ်ဆောင်ပြန်လာရသော ပွေးညက်ကောင်များမှာ တစ်တောင်တစ်မိုက်ရှည်လျားသော ငုက်ပျောလျှော်မျှင်ရှည်ခြောက်တစ်ပင် သူတို့၏ ခြေထောက်များ၌ ကပ်ပေးလိုက်သည်ကို လုံးဝသတိမပြုမိကြပေ။ ပွေးညက်ကောင်ငယ်များ စေးကပ်နေသည်မှာ နွေရက်ရှိန့်လာပြီဖြစ်သဖြင့်

သူတို့၏ သစ်စေးအိမ်ထဲတွင် မိုးစာအတွက် ပန်းဝတ်ရည်များ အပြည့် ထည့်နိုင်ရန်သာ ဖြစ်လေသည်။ ထို့ကြောင့် မွေးညက်ကောင်များသည် မှဆိုးပိုးစာ၏ ယောင်ကြီးတစ်ပင် သူတို့၏ခြေတွင် ကပ်ပါလာသည်ကို မသိရှာဘဲ မွေးညက်အိမ်ရှိရာသို့ တန်းတန်းမတ်မတ် ပျံလျက် ရှိကြလေသည်။ ပိုးစာမှာ ငှက်ပျောလျှော်များကို တစ်ပင်ပြီးတစ်ပင် တစ်ကောင်ပြီး တစ်ကောင် ကင်းချည်ပို့ပေးလျက် ရှိလေသည်။

အင်တိုင်းတောကြီးတစ်ခုလုံး၏ အမြင့်ဆုံးနေရာဖြစ်သော အင်ပင်ကြီးတစ်ပင်ထက်မှ တက်ကြည့်စောင့်မျှော်နေသော ဘအုံထယ်သည် သစ်ဆိုင်လွတ်ရုံသာ စမ်းချောင်းဘက်မှ ပျံတက်လာကြသော မွေးညက်ကောင်များကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်လျက် ရှိ၏။

ပိုးစာတို့ ကပ်ပေးလိုက်သော ငှက်ပျောဖတ်ခြောက်လျှော်မျှင်ငယ်ကို သယ်ဆောင်လာသော မွေးညက်ကောင်များသည် သူတို့၏ ကိုယ်မှာ ဝတ်ရည်အစာတို့နှင့် လေးလံလာကြသဖြင့် သစ်ဆိုင်လွတ်ရုံသာ ပျံလာနိုင်အား ရှိကြလေသည်။ အသွားတုန်းကလို ပေါ့ပေါ့ပါးပါးနှင့် မိုးပေါ် မြင့်မြင့်မှ ပျံလာနိုင်ခြင်း မရှိကြတော့ပေ။ သို့သော် လေးလံသော အစာ ဝတ်ရည်များကို သယ်ဆောင်၍ သစ်ဆိုင်လွတ်ရုံသာ ပျံလာနေကြရာမှ မွေးညက်အိမ်တည်ရှိရာ မိုးပေါ်ထက် အရောက်တွင် ဇရီးဝေးဝေး ပျံသွား သွားရတော့မည်ဟန်၊ မြင့်မားလှန်းသော တောကြီးတောင်ကြီးတွေကို ဖြတ်ကျော်သွားရတော့မည်ဟန်နှင့် မိုးပေါ်အမြင့်သို့ တည့်တည့်မတ်မတ် ပင် ထိုးတက်သွားတတ်ကြပြန်သည်။ အမှန်က ဤသည်မှာ လူသားတို့၏ အန္တရာယ်ကို ကြောက်သဖြင့် သူတို့၏ သဘာဝအသိဉာဏ်နှင့် မွေးညက် အိမ်ကို ဖျက်ဆီးယူရန် အသင့်စောင့်ကြည့်နေကြသည့် အန္တရာယ်ပြုနိုင်သော ရန်သူများ မျက်စိလည်သွားအောင် မွေးညက်အိမ် ဖျောက်ခြင်း ဖြစ်လေသည်။

မွေးညက်အိမ်ရှိရာ သစ်တောပေါ်မှ မိုးပေါ်သို့ တည့်တည့်မတ်မတ် ပျံတက်သွားကြသော မွေးညက်ကောင်များသည် မကြာခင် မိနစ်ပိုင်း အတွင်းမှာပင် မိုးပေါ်မှ တည့်တည့်မတ်မတ် ပြန်ထိုးကျလာကြပြီး သူတို့

အိမ်ရှိရာ သစ်တောထဲသို့ အလျှိုအလျှို ပြေးဝင်ကုန်ကြသည်။

ပိုးစာကပ်ပေးလိုက်သော ၄က်ပျောဖတ် လျှော်မျှင်ရှည်မှာ နေရောင်ထဲတွင် တလက်လက် တောက်ပကာ ပွေးညက်ကောင်များ သွားလေရာ ကပ်ပါနေသဖြင့် ဘအုံ့ထယ်ကို ပွေးညက်ကောင်များက မည်သို့မျှ မျက်စိလည်အောင် မလုပ်နိုင်ကြပေ။ ပိုးစာကင်းရှည်ကြိုးသည် ပွေးညက်ခေါင်း၊ ပွေးညက်အိမ်များ ဘယ်နေရာ ဘယ်ဒေသ၌ ရှိသည်ကို ညွှန်ပြလျက် ရှိနေပြီ မဟုတ်ပါလား။

"ကူး..."

"ကူး..."

"ကူး..."

ဘအုံ့ထယ်ရှိရာ အင်ပင်ကြီးထက်မှ ချိုးကူ၍ အချက်ပေးလိုက်သံကို ကြားရသောအခါ ပိုးစာ၏ မျက်နှာမှာ ချက်ချင်း ဝင်းထိန်သွားလေသည်။ ပွေးညက်ကောင်များ ဆင်းလမ်းကို ဘအုံ့ထယ်သည် အတတ်သိပြီး ဖြစ်ကြောင်း ချိုးကူသံ သုံးချက်က သက်သေခံနေ၏။ ပိုးစာသည် ပြန်၍ ချိုးကူသံသုံးချက်ကို ပြုလိုက်ကာ ပွေးညက်ကင်းထောက်ရာ စမ်းချောင်းနားမှ ဘအုံ့ထယ်ရှိရာသို့ လိုက်လာလေသည်။ မကြာခင်ပင် ဘအုံ့ထယ်နှင့် ပိုးစာတို့သည် ပွေးညက်ကောင်များ ထိုးဆင်းသွားရာ အင်တိုင်းတောထဲသို့ ရောက်သွားကြ၏။ ထိုတောထဲတွင် ပွေးညက်ကောင်များ အိမ်ဖွဲ့တည်နေသော သစ်ပင်ကို ရှာကြလေသည်။

"ဒီတစ်ခါတော့ အဘမျက်မှန်းလွဲပြီထင်တယ်၊ ဒီနားတစ်ဝိုက်မှာ ပွေးညက်အိမ်ပင် မရှိတာတော့ အမှန်ပဲ။ ဒီလောက်ရှာကြတဲ့ဥစ္စာ၊ ရှိရင် တွေ့ဖို့ကောင်းပြီ"

"ငါလည်း မျက်မှန်းမလွဲတာအမှန်ပဲကွ ပိုးစာ... ခင်းတို့ ဒီနားတစ်ဝိုက်ကို ဆင်းတာလည်း အမှန်ပဲ၊ သေသေချာချာကြည့်စမ်းပါဦး၊ ဟိုဘက်က သစ်ခြောက်ပင်ကြီးမှာကော ပွေးညက်ကောင်တွေ အရိပ်အခြည် မမြင်မိဘူးလားဟ၊ သစ်ရိပ်ထဲမှာတော့ ပွေးညက်ကောင်ကို ငါ့မျက်လုံးက မြင်တာမဟုတ်ဘူး"

ဘာအုံ့ထယ်ပြောသော အင်ပင်ခြောက်ကြီးအောက် ရောက်သွားပြီး ပိုးစာက အင်ပင်ပေါ် မော့ကြည့်သည်။ မွေးညက်ကောင်တို့၏ အရိပ်အခြည်ကိုကား လုံးဝမမြင်ရပေ။

"မရှိပါဘူးအဘရယ်၊ ဒီလောက်ကြီးတဲ့ အင်ပင်ခြောက်ထဲမှာ မွေးညက်အိမ်ရှိနေရင် ခင်းတို့ ဟည်းသံ အဝေးက ကြားရမှာပေါ့"

ပိုးစာပြောသည်မှာလည်း အမှန်ပင် ဖြစ်သည်။ အကယ်၍ ဤလို အင်ပင်ခြောက်ကြီးထဲ၌သာ မွေးညက်ကောင်များ အိမ်ဖွဲ့ ရှိနေပါက အစာ ထည့်သံ၊ ဝတ်ရည်ဖြည့်သံ၊ သစ်စေးအိမ်ဆောက် အစာဖြည့် ဝတ်ရည် ထည့်ရင်း တစ်ကောင်နှင့်တစ်ကောင် ရန်ဖြစ်ကြသံ၊ တဟည်းဟည်း တေးညည်းနေကြသံ၊ အလုပ်ကပ်သော အကောင်ငယ်များအား မွေးညက် မကြီးများက ကြိမ်းမောင်းသံတို့နှင့် အင်ပင်ကြီးနားတစ်ပိုက်သည် ဆူညံ၍ ပင် နေလေမည်။ ယခု ဘာအုံ့ထယ်က မွေးညက် ရှိတန်ကောင်း၏ ဟု ဆိုသော အင်ပင်ခြောက်ကြီးမှာ မွေးညက်ကောင်များ မြည်ဟည်းသံအစား သစ်တောက်ငှက်တစ်ကောင် သစ်ခေါက်ကို တခေါက်ခေါက်နှင့် ခွာချနေ သံကိုသာ ကြားနေရ၏။

"ဒီနားတစ်ဝိုက်ကို ဆင်းတာတော့ အမှန်ပဲကွ၊ ဘာဖြစ်လို့ ရှာမတွေ့ ပါလိမ့်"

ဘာအုံ့ထယ်က ဤနေရာတစ်ဝိုက်ကိုပင် မွေးညက်ကောင်များ ဆင်း သွားကြသည်ဟု အတပ်ဆိုသော်လည်း လူနှစ်ယောက် မွေးညက်အိမ်ရှာ ကြသည်မှာ နာရီဝက်လောက်သာ အချိန်ကြာသွားသည်။ မွေးညက်ပင် အိမ်ဆို၍ကား အရိပ်အခြည်မျှပင် မမြင်ရသေးပေ။ ထို့ကြောင့်လည်း ဘာအုံ့ထယ်က ညည်းလိုက်ခြင်း ဖြစ်၏။

"ဟော... ဟော၊ ဟိုမှာ အဘရယ်... ဟိုဘက်က အပင်ကြီးဗျ၊ ကြည့်.. ကြည့်စမ်း၊ ဟော ဟိုမှာ တစ်ကောင်ဆင်းလာနေတယ်တွေ့လား"

သစ်ဆိုင်သစ်ရိပ်အမှောင်ကို အကာအကွယ်ယူကာ မိုးပေါ်မှ ပြေး ဆင်းလာသော မွေးညက်ငယ်တစ်ကောင်ကို သစ်ခက်သစ်ရွက်ကြားမှ နေရောင်ခြည်တန်းတစ်ခုနှင့် ပက်ပင်းတိုးနေသဖြင့် ပိုးစာ၏ မျက်စိ စက်

ဝိုင်းထဲ ရောက်မိလျက်သား ဖြစ်သွားလေ၏။

"အဲ ဒါကြောင့် မင်းကို ငါမပြောဘူးလား၊ ခင်းတို့ ဆင်းတာ ဒီနား တစ်ဝိုက်ပါလို့"

ဘအုံထယ်မှာ ဂုဏ်ယူဝင့်ကြွားသော အပြောနှင့် ချက်ချင်း မွေး ညက်ပင်ကြီးအောက် ပြေးရောက်သွားသည်။

ဝမ်းသာအားရနှင့် ပြေးချသွားသော ဘအုံထယ်သည် တောင်စောင်း ခါးပတ်မှ မွေးညက်အိမ်ပင်အောက်ရောက်သွားသောအခါ ဘအုံထယ်၏ မျက်နှာမှာ ချက်ချင်းတည်သွားပြန်လေသည်။ မွေးညက်ကောင်ငယ်များ ရုတ်ခနဲ ရုတ်ခနဲ ထိုးဆင်းနေကြသော အင်ပင်ခြောက်ကြီးအပေါ်ကို ဘအုံ ထယ်သည် စူးစူးစိုက်စိုက်မော့ကြည့်နေ၏။

"ဘယ့်နှယ်လဲအဘ၊ ဒီသစ်ခြောက်ပင်က လိုဏ်ခေါင်းကြီး ရှိနိုင်မယ့် သစ်လဘို့ထုကြီးတွေလည်း မတွေ့ရပါလား"

ဘအုံထယ်သည် ပိုးစာ၏အမေးကို လုံးဝမဖြေသေးဘဲ အင်ပင်ကြီး ၏ ပင်စည်ကို ဓားနှင့် တစ်ချက်ခုတ်ကာ စူးစမ်းလိုက်သည်။ အရွက်ခြွေ ထားသဖြင့် သစ်ခြောက်ပင်ဟု ထင်ရသော အင်ပင်မှာစင်စစ်သော် ခပ်စိမ်း စိမ်းပင် ရှိသေးသည်။ အင်ပင်ကြီးမှာ မသေသေးချေ။

"ဘယ့်နှယ်လဲအဘ၊ မွေးညက် သိပ်ရှိမယ့်အပင်နဲ့တော့ မတူဘူးဗျ"

"အေး...ငါလည်း အဲဒါပဲ စဉ်းစား စူးစမ်းနေတာ၊ အမှန်က မင့်ကို ငါပြောဖို့ သတိမေ့နေတယ်၊ မင်းကင်းချည်မျှင် တပ်ပေးလိုက်တဲ့ အကောင် တွေဟာ တကယ့်မွေးညက်ဖြူကောင်တွေ မဟုတ်ဘူး၊ မွေးလိမ်နသန် ခေါ်တဲ့ မွေးလိမ်ပျားတစ်မျိုးပဲ၊ ဒီကောင်မျိုးဟာ မွေးညက်ကောင်လို တောင်ပံချေးရစ် မဖြူဘူး၊ တစ်ကိုယ်လုံးမှာလည်း အမဲအနီတွေချည်း တစ်ဆင်တည်းရှိတယ်၊ အဲဒါကို ခွဲခြားပြီး ပြောထားဖို့ ငါမေ့သွားလို့ ခုလို ဖြစ်ရတာပဲ"

လူငယ်ပင် ဖြစ်သော်လည်း မွေးညက်နှင့် ပတ်သက်၍ တော၏ အတွေ့အကြုံမနည်းသော ပိုးစာကလည်း ဘအုံထယ်ပြောမှ သဘော ပေါက်သွားသည်။ သူက မွေးညက်ကောင်ထင်၍ စမ်းချောင်းထဲ ရေလာ

သောက်ကြစဉ်က ငှက်ပျောပတ် လျှော်မျှင်ရှည် တပ်ပေးလိုက်သော အကောင်ငယ်များမှာ ဘအုံ့ထယ်ပြောသလို ပျားမွေးလိမ်နသန်ကောင် တစ်မျိုး ဖြစ်သည်ကို ယခုမှ တွေးမိ၏။ ပျားမွေးလိမ်ကောင်များနှင့် မွေးညက်ကောင်များမှာ အမှတ်တမဲ့ ကြည့်လျှင် အတူတူဟုပင် ထင်နိုင်သော်လည်း တကယ့်တကယ်မှာမူ လုံးဝမတူကြပေ။ ပျားမွေးလိမ် နသန်ကောင်များများမှာ မည်းမည်းညိုညို ဖြစ်၍ မွေးညက်ကောင်များမှာကား ကိုယ်သည် ပြာ၍ တောင်ပံချောင်းရစ်တို့တွင် အဖြူတန်းများ ပါလေသည်။

ဤသည်ကို သတိမပြုမိသော ပိုးစာမှာ စမ်းချောင်းထဲ ရေသောက်လာသော မွေးလိမ်ပျား နသန်ကောင်များကို မွေးညက်ကောင်များ ထင်၍ ငှက်ပျောဖတ်လျှော်မျှင်စ ရှည်များ တပ်ပေးမိခဲ့လေသည်။ အတွေ့အကြုံနည်းပါးသော ပိုးစာအား ဘအုံ့ထယ်ကလည်း ခွဲခြား၍ ပြောမထားခဲ့မိပေ။ ရာသီဥတုမှာလည်း တောတောင်ထဲရှိ ပျားမျိုးအားလုံးတို့ ဝတ်ရည်စုပ်ချိန် ပန်းဝတ်ရည်ဖြည့်ချိန်ဖြစ်သဖြင့် မှားတတ်သော သဘောပင်။

အမှန်က မွေးညက်ကောင်များမှာ ဤလို သစ်လဘို့တွေနည်းပါး၍ လိုဏ်ခေါင်းကျဉ်းသော အင်ပင်နှင့် သစ်စိမ်းရှင်ပင်များတွင် သစ်စေးအိမ်လည်း များစွာ တည်တတ်လေ့ မရှိပေ။ သူတို့သည် ပုံသကူ သက်သတ်လွတ် ဖြစ်သော အပင်ခြောက်ကြီးများ၊ လိုဏ်ခေါင်းကြီးသော သစ်လဘို့များ၌သာ အိမ်တည်တတ်လေ့ရှိကြလေသည်။ မွေးလိမ်ပျား နသန်ကောင်များမှာကား ရေရာ သစ်ပင်ခေါင်းကြီးများ၌ အိမ်တည်လေ့ရှိလေသည်။ သူတို့သည် မွေးညက်ကောင်များနှင့် စာလျှင် အဆိပ်အတောက်လည်း ရှိသော ပျားတစ်မျိုးဖြစ်သဖြင့် သူတို့အိမ်ဖွဲ့လိုက်သည်နှင့်တစ်ပြိုင်နက် ထိုသစ်စိမ်းပင်များသည် တဖြည်းဖြည်း သေသွားတတ်ကြသည်။

အကယ်၍ သစ်လဘို့ထွားပြီး လိုဏ်ကောင်းသဖြင့် မွေးညက်ကောင်များ အိမ်ဖွဲ့တည်နေသည့် သစ်ပင်များကို တွေ့လျှင်လည်း သူတို့သည် မွေးညက်ကောင်များကို ကိုက်သတ်၍ မွေးညက်ကောင်များ တပင်တပန်း တည်ထားသော သစ်စေးအိမ်သစ်များကို လုယူတတ်ကြလေသည်။ သူတို့သည် မိုးသဲလေသဲသောအခါသမယများတွင် မိမိတို့၏ ကလေးငယ်များ

ကိုလည်း အစာကုန်လျှင် ကိုက်သတ်စားတတ်ကြ၏။ ကလေးငယ်တွေ ကုန်သွားသော်လည်း မိုးမစဲသေး လေမစဲသေးလျှင် အကောင်ကြီးတွေ အချင်းချင်းပင် ရန်သတ္တုရုပြု၍ ကိုက်သတ်စားတတ်ကြ၏။

ထို့ကြောင့်လည်း မွေးလိမ်ပျားနသန်ကောင်တွေမှာ မွေးညက် ကောင်များလို အိမ်ကြီးအိုးကြီး မရှိတတ်ကြပေ။ မိုးတွင်း စားသုံးရန် ပန်းဝတ်ရည်များကိုလည်း သူတို့သည် ပင်ပန်းခံရှာလေ့ မရှိကြ။ အချို့ အကောင်များ ပန်းဝတ်ရည်ရှာစုနေချိန်တွင် အချို့အကောင်များသည် ချောင်းနိုကပ်၍ ပန်းဝတ်ရည်များကိုပင် ခိုးစားတတ်ကြသည်။ ထိုအခါ ရန်ဖြစ်ကိုက်သတ်ကြ၍ အုပ်ကွဲကာ တစ်အိမ်တည်း သုံးလေးစု ကွဲသွား တတ်ကြသည်လည်း ရှိလေသည်။ ထို့ကြောင့် တခြား ပျားများလို ပျား နသန်ကောင်တွေမှာ တစ်အိမ်တစ်ဖွဲ့၌ အကောင်ရေများများ မရှိတတ် ကြပေ။

အဆိပ်အတောက်ကင်းမဲ့သော ပျားနှသန်ကောင်များမှာ မွေးလိမ် ပျားနသန်ကောင်များ ရှိသော အနီးအနားပတ်ဝန်းကျင်မှာပင် မနေရဲကြ ရှာပေ။ မွေးလိမ်ပျားနသန်ကောင်များ မင်းမူကြီးစိုးနေသော ဤနား ပတ် ဝန်းကျင်တွင် မွေးညက်သစ်ဆေးအိမ်များ ရှာဖွေ၍ မရနိုင်တော့ပြီ ဆို သည်ကို အတပ်သိသော ဘအုံထယ်နှင့် ပိုးစာတို့မှာ အင်ဖက်နှင့် ထုပ်ယူ လာသော နံ့နက်စာ ထမင်းကို စမ်းချောင်းဘေးတစ်ခုတွင် ထိုင်စားပြီး နောက် မွေးညက်အိမ်များ ဆက်ရှာရန် စမ်းချောင်းဖျား အင်တိုင်းတောထဲ သို့ ထွက်လာကြလေသည်။

*

## အခန်း ခုနစ်

ဘအုံထယ်နှင့် ပိုးစာတို့ စခန်းလင့်တဲသို့ ပြန်ရောက်လာကြချိန်မှာ နေအတော်စောင်းနေလေပြီ။ ခက်လက်ညိုရိုးတန်းကြားမှ မြင်နေရသော တောင်စွယ်မှာပင် နေလုံးနီနီသည် ကွယ်ညိုလုမေးတင်စ ပြုနေလေပြီ။ ယခုလို တောင်ခိုးယှက်ဝေ ရွက်ဟောင်းကြွေ၍ တောင်လေ ဝေ့ဝိုက် နွေစရိုက် နွေသမယသာမဟုတ်ပါက စခန်းသည် မှောင်နှင့် မည်းမည်းပင် ရှိလေသည်။

လင့်တဲစခန်းသို့ စောစောရောက်လာကြသော ဘအုံထယ်နှင့် ပိုးစာတို့မှာ "ဦးသူချက်တမ်း"ဟူသော တောစည်းကမ်း တောင်စည်းကမ်းအရ ညနေစာ ထမင်းဟင်းများကို ချက်ပြုတ်ရန် စီစဉ်ကြသည်။ ခါတိုင်း နေ့တွေများဆိုလျှင် လင့်တဲစခန်းသို့ စောစောရောက်လာလေ့ရှိကြသော ကြာမှိုင်းနှင့် သာမှတ်တို့မှာကား အရိပ်အယောင်မျှ မမြင်ရသေးပေ။ ဘအုံထယ်နှင့် ပိုးစာတို့ ထမင်းချက်နေကြစဉ်တွင် ကြာမှိုင်းနှင့် သာမှတ်တို့သည် ခါတိုင်းနေ့များလို လင့်တဲစခန်းသို့ ရောက်လာကြလိမ့်မည်ဟု ဘအုံထယ်က ယုံကြည်ထားလေသည်။ သို့သော် ညနေစာ ထမင်းဟင်းတွေသာ ချက်ပြုတ်ပြီးသွားသည်။ ကြာမှိုင်းနှင့် သာမှတ်တို့ကား ပေါ်မလာကြသေး၊ ထို့ကြောင့် ဘအုံထယ်၏စိတ်ထဲမှာ စနောင့်စနင်း ဖြစ်လာ၏။

ခါတိုင်းနေ့တွေမှာ မွေးညက်ရှာသွားကြပြီဆိုလျှင် တစ်ပတ်မှာ လေးငါးရက်လောက် ကြာမှိုင်းနှင့် သာမှတ်တို့သည် ဘအုံ့ထယ်တို့ထက်ပင် စခန်းသို့ စောစောပြန်ရောက်လေ့ ရှိကြ၏။ သူတို့နှစ်ဦးသည်စခန်းသို့ စောစော ပြန်ရောက်လျှင် စမ်းချောင်းနားသွားပြီး တောင်ကဏန်းလုံး ကျောက်ပုစွန် ခရုစသည့် ဟင်းလျာများကိုပင် ရှာဖွေချက်ပြုတ်ထားတတ်လေ့ ရှိကြသည်။ ထို့ကြောင့် ယနေ့လည်း စခန်းကို စောစော ပြန်ရောက်ကြပြီး ညနေစာ ဟင်းလျာများ တစ်ခါထပ်၍ အရှာထွက်ကြလေသလား ဟု ဘအုံ့ထယ်က လင့်တဲပတ်ဝန်းကျင်ကို အကဲခတ်ကြည့်၏။

အကယ်၍ သူတို့နှစ်ဦး စောစောပိုင်းက စခန်းကို ပြန်ရောက်ကြ၍ ဟင်းရှာတစ်ခါထွက်သွားကြလျှင် သူတို့တစ်နေ့လုံး ရှာဖွေယူလာခဲ့ကြ သော မွေးညက်သစ်စေး အိမ်သစ်များကို တဲအောက်၌ စုပုံ၍ တွေ့ရမည် ဖြစ်၏။ ယခုတော့ မွေးညက်များကိုလည်း မတွေ့ရသဖြင့် ကြာမှိုင်းနှင့် သာမှတ်တို့ တောထဲက ပြန်မရောက်ကြသေးသည်မှာ သေချာနေပေပြီ။

“ဒီကောင်တွေ ဒီကနေ့ နောက်ကျလှချေကလား”

ညနေထမင်းချက်ပြီးချိန်မှာလည်း ကြာမှိုင်းနှင့် သာမှတ်တို့က ပေါ် မလာကြသေးသဖြင့် ဘအုံ့ထယ်က ညည်းလိုက်၏။

“ဟုတ်တယ်အဘ...ကိုသာမှတ်တို့ တစ်ခုခုများ အင်း... မွေးညက် ပင်တွေ များများ တွေ့နေကြလို့ ထင်ပါရဲ့”

“တစ်ခုခုများ”ဟူသော စကားဆက်အရောက်တွင် ဘအုံ့ထယ်က ပိုးစာအား မျက်စောင်းတစ်ချက် ဝင့်ကြည့်သဖြင့် ပိုးစာ၏ စကားလမ်း ကြောင်းမှာ ချက်ချင်း ပြောင်းသွားခြင်း ဖြစ်သည်။

တောထဲတောင်ထဲတွင် နိမိတ်မရှိသော၊ အတိတ်ယူဖွယ်ဖြစ်သော မကောင်းစကားများကို မပြောရဟူသော တောတောင်အစဉ်အလာ စည်း ကမ်းကလည်း ရှိလေသည်မဟုတ်ပါလား။ စကားမှားသလိုဖြစ်သွားသော ပိုးစာမှာ ဘအုံ့ထယ်ရှေ့၌ မျက်နှာထားရခက်နေ၏။

အမှန်မှာ ပိုးစာသာမဟုတ်၊ ဘအုံ့ထယ်၏ မျက်နှာကလည်း ညှိုးမှိုင်း နေ၏။ တောထဲတောင်ထဲတွင် ကြာမှိုင်းနှင့် သာမှတ်တို့ တစ်စုံတစ်ခုဖြစ်

လျှင် လူကြီးလုပ်သူ ဘအုံထယ်မှာ လုံး၀ တာ၀န်ရှိ၏။ ပြောစရာဖြစ်ချက် ဖြစ်လာလျှင် ရွာက သားမယားဆွေမျိုးများသည် ဘအုံထယ်ကိုသာ ပြော ကြဆိုကြမည်။ ထို့ကြောင့် မှောင်ရီရီမျိုးများအချိန်ထိ ခေန်းလင့်တဲသို့ ပြန် ရောက်မလာကြသေးသော ကြာမှိုင်းနှင့် သာမှတ်တို့အတွက် ဘအုံထယ် က ဘ၀င်မကျဖြစ်နေလေသည်။

"ဒီကောင်တွေ ဒူးလေး မြားတံများကော ယူသွားကြလေရဲ့လား"ဟု ဘအုံထယ်က လင့်တဲပေါ် အကဲခတ်ကြည့်သည်။ လင့်တဲပေါ်တွင် သူတို့ ဆွဲချိတ်နေကျ အင်ကိုင်းကြီးတွင် ဒူးလေး မြားတံများကို မမြင်ရသဖြင့် ဘအုံထယ်စိတ်ထဲက အနည်းငယ် သက်သာသွားလေသည်။ မည်သည့် အန္တရာယ်နှင့်တွေ့တွေ့ ဒူးလေးမြားတံများပါသွားလျှင်တော့ သာမန် တောကောင်ငယ်များ၏ အန္တရာယ်က စိတ်ချရ၏။

ယနေ့မှ တောထဲ တောင်ထဲတွင် မကြာစဖူး ကြာနေကြသော ကြာမှိုင်းနှင့် သာမှတ်တို့ကို ဘ၀င်မကျ စိတ်ထင့်နေရသော ဘအုံထယ် သည် လင့်တဲ၏ ပတ်ဝင်းကျင်ကို ဂနာမငြိမ်စိတ်နှင့် သတိထားကြည့် လိုက်မိ၏။ လင့်တဲ၏ ပတ်ဝန်းကျင်မှာ အမှောင်ယှက်သန်းစပြု လာ လေပြီ။ အကယ်၍ ယခင်တောကာင်းကြီးနှင့် တွေ့ခဲ့ကြရသော တောနက် ထဲလို နေရာမျိုးဆိုလျှင် ဤအချိန်သည် ဘအုံထယ်နှင့် ဗိုးစာတို့ပင် လင့်တဲအောက်၌ နေရဲကြတော့မည်မဟုတ်သော အချိန်ပင်တည်း။ ယခင် နေရာနှင့်စာလျှင် ယခုမြေးညက်ရှာခေန်းမှာ တောနက်ထဲ သိပ်မကျသဖြင့် ဘအုံထယ်နှင့် ဗိုးစာတို့က ညနေစာ ထမင်းကိုလည်း လင့်တဲအောက်၌ သာ ချက်ခဲ့ကြခြင်း ဖြစ်၏။

ညနေစာ ထမင်းများ ချက်ပြုတ်ပြီးကြပြီး ဖြစ်သည့်အပြင် မှောင်ရီ ယှက်သန်းစ ပြုလာပြီဖြစ်သော်လည်း ကြာမှိုင်းနှင့် သာမှတ်တို့က ပေါ် မလာကြသောအခါ ဗိုးစာမှာ ဘအုံထယ်၏ မျက်နှာကိုသာ မကြာမကြာ အကဲခတ်လျက်ရှိလေသည်။

"ကဲ... ဗိုးစာ အဘတို့ လင့်တက်ကြတော့မယ်ကွယ်၊ ဟိုနှစ်ကောင် ကလည်း ဒီကနေ့မှ ဘာလို့ ဒီလောက်ထိ မိုးချုပ်နေဝင်ကြတာလဲမသိဘူး"

ခါတိုင်းနေ့ဆိုလျှင် ဤလို မှောင်ရိပ်ပြိုးဖျားအချိန်တွင် အားလုံး လင့်ပေါ်ရောက်ရမည့်အချိန်ဖြစ်သည်ကို ကောင်းစွာ သိထားပြီး ဖြစ်သော ပိုးစာသည် ဘအုံထယ်၏ စကားမဆုံးခင်မှာပင် ညနေစာအတွက် ချက်ပြုတ်ထားသော ထမင်းဟင်းအိုးခွက်များကို ဆွဲ၍ ချက်ချင်း လင့်တဲပေါ် တက်သွား၏။ ဘအုံထယ်၏ ညှိုးငယ်နေသော မျက်နှာနှင့် အားလျော့သံပါနေသော အသံနေအသံထားတို့မှာ ပိုးစာ၏ စိတ်ကို အတိုင်းမသိ လှုပ်ရှားစေလေသည်။

မွေးညက်ပင် ခုတ်လှဲကြရင်း သစ်ပင်ပိ၍များ သေကြေလေပလား။ မားလုံ့ရူး၍ အနာတရဖြစ်ကာ မသွားနိုင်မလာနိုင်ဖြစ်၍များ ကြာနေကြလေသလား။ သို့မဟုတ် သစ်၊ ဝံ၊ ဆင်၊ ကျားတို့နှင့် တွေ့၍ အန္တရာယ်ကြီးတစ်ခုခုကိုများ ရင်ဆိုင်နေကြရလေပြီလားဟူသော အတွေးမျိုးစုံတို့သည် ပိုးစာ၏ ခေါင်းထဲသို့ ဟိုမှသည်မှ ဝင်လာကြ၏။ အမှန်မှာ ပိုးစာသာ မဟုတ်၊ တောအတွေ့အကြုံရင့်ပြီးသား ဖြစ်သော ဘအုံထယ်၏ ခေါင်းထဲမှာလည်း ယခုအချိန်တွင် အတွေးတွေက ပလုံစီနေကြလေပြီ။ သို့သော် ခက်သည်မှာ ဘယ်နေရာ ဘယ်ဒေသ၌ ရှိသည်ဟု အတိအကျ မသိရသော သာမှတ်တို့ကို ဤလို ညကြီးမင်းကြီး တောကြီးမြိုင်လယ်ထဲတွင် ကညင်ဆီမီးတုတ်နှင့် မည်သို့ ရှာရကြပါမည်နည်း။ အချိန်တန်၍ လင့်တဲသို့ ပြန်မရောက်ကြသေးသူနှစ်ယောက်၏ ကံကြမ္မာမှာ သဏ္ဍာဝါတစ်ခု ကံတစ်ခုဟုသာ သဘောပိုက်ရမည်ဖြစ်လေသည်။

ဘအုံထယ်သည် စိတ်ဂနာမငြိမ်တိုင်း လင့်စင်အောက်သို့သာ ခဏခဏ မျက်လုံး ရောက်နေ၏။ လင့်တဲ ပတ်ဝန်းကျင်ကို အမှောင်ထုက သိပ်သိပ်သည်းသည်းပင် ဝါးမျိုလာကြပြီ ဖြစ်၏။ ဤနေ့ညနေတွင် ကြာမှိုင်းနှင့် သာမှတ်တို့၏ ကံကြမ္မာကို ဘုရားသခင်မှသာ သိတော့မည်ဟု ဘအုံထယ် စိတ်ထဲက ဆုံးဖြတ်ချက် ချလိုက်၏။ ထို့ကြောင့်လည်း သက်မချကာ ပိုးစာ၏ မျက်နှာကို မသိမသာ အကဲခတ်လိုက်သည်။ ပိုးစာ၏ မျက်နှာမှာ အလွန်ပင် ညှိုးငယ်နေ၏။

"ကဲ...ပိုးစာ...လှေကားရှင်ကို ဆွဲတင်ထားလိုက်တော့ကွယ်။ တို့ ထမင်းစားကြမယ်"

လင့်တဲတက်ရန် လှေကားနှစ်ခုအနက် အပေါ်လှေကားရှင်ကို လင့်စင်တဲပေါ်သသို့ တင်ထားရန် ဘအုံ့ထယ်က ပြောလိုက်သောအခါ ဤနေ့ ညနေမှာ ကြာမှိုင်းနှင့် သားမှတ်တို့ကို လုံးဝ မျှော်လင့်ချက် မရှိတော့ပြီဖြစ် ကြောင်း ပိုးစာကလည်း ချက်ချင်း သဘောပေါက်သွားလေတော့သည်။ ထို့ကြောင့် ပိုးစာသည် ဘအုံ့ထယ်၏ အမိန့်အတိုင်း ညနေစာ ထမင်းစား ရန် ပြင်ဆင်ရသည်။ ဘအုံ့ထယ်ကတော့ လင့်စင်ပေါ်၌ မီးဖိုကို ခါတိုင်းနေ့ များထက် မီးတောက်များလေအောင် ထင်းခြောက်များကို တစ်ချောင်း ပြီးတစ်ချောင်း ထည့်လျက် ရှိလေသည်။

*

## အခန်း ရှစ်

"အဘရေ...ဝေး...ဘအုံထယ်၊ ပိုးစာ"

"ဂူး...ဟူး...ဟေး"

လင့်တဲအောက်မှ ကြာမှိုင်း၏ ခေါ်သံကြားရသဖြင့် ပိုးစာက ဝမ်းသာ အားရ ထူးလိုက်သည်ကို ဘအုံထယ်က ကမန်းကတန်း သူ့လက်ဝါးနှင့် ပိုးစာပါးစပ်ကို လှမ်းပိတ်လိုက်သဖြင့် ထမင်းလုတ်ကြီးနှင့် ဖြစ်နေသော ပိုးစာ၏အသံမှာ ပို၍ ဗလုံးဗထွေးဖြစ်သွားလေသည်။

ပါးစပ်ထဲက ထမင်းလုတ်တွေကိုပင် ဆက်မစားကြတော့ဘဲ ဘအုံထယ်နှင့် ပိုးစာတို့သည် လင့်တဲအောက်သို့ ငြိုင်တူ ငုံကြည့်လိုက်ကြသည်။ လင့်စင်အောက်တွင် လူနှင့် တိရစ္ဆာန် ခွဲခြား၍ မရနိုင်လောက်အောင် အမှောင်ထုက ပိန်းပိတ်နေလေသည်။

တောတောင်ထဲတွင် မည်သူက မည်သည့်အရေးအခင်းဖြစ်၍ ခေါ်သည်ဖြစ်စေ ခေါ်သူကို မည်သူမည်ဝါမှန်း အတိအကျမသိရဘဲ ပြန်၍ ထူးခြင်း ထုံးစံမရှိပေ။ တောဘွားဘီဘင်ကပင် အစဉ်အလာယုံကြည်မှု အစွဲအလမ်း ရှိကြသဖြင့် ကြာမှိုင်းခေါ်သံကို လှမ်းထူးသော ပိုးစာအား ဘအုံထယ်က ပါးစပ်ကို လှမ်းပိတ်လိုက်ခြင်း ဖြစ်လေသည်။

ကျားမကြီးနှင့်တွေ့၍ လင့်တဲပြန် နောက်ကျခဲ့ကြသော ကြာမှိုင်းနှင့် သာမှတ်တို့ကလည်း ဤသို့သော တောစည်းကမ်းတောင်စည်းကမ်းများ

ကို သိထားကြသူများဖြစ်သဖြင့် ခရီးဝေးဝေးကပင် လှမ်းအော်မခေါ်ခဲ့ကြဘဲ တဲစခန်း လင့်အောက်ရောက်မှ ဘအုံထယ်ကို ခေါ်သံပေးခြင်းဖြစ်ပေလသည်။ သူတို့နှစ်ဦးသည် ခါတိုင်းနေ့များထက် မီးတောက်အောင်ဖိုထားပေးသော ဘအုံထယ်နှင့် ပိုးစာတို့ရှိရာ အင်ပင်ကြီး လင့်တဲပေါ်က မီးရောင်ကို ကြည့်၍ တောနက်ထဲမှ စခန်းအရောက်ပြန်လာခဲ့ကြသူတွေဖြစ်၏။

"အဘရေ...ဘအုံထယ်"

လင့်စင်အောက်မှ ဒုတိယ ထပ်ခေါ်သံကြောင့် ပိုးစာက ဘအုံထယ်၏ မျက်နှာကို လှည့်ကြည့်လိုက်၏။ ဘအုံထယ်က ပိုးစာကို လက်ကာပြထားသည်။

"အဘရေ...အဘ"

"ဟဲ့...ဟဲ့...နင်တို့တွေ ပြန်လူလား။ လာလူလား၊ ပြောစမ်း"

ဘအုံထယ်၏ စကားကြောင့် ပိုးစာမှာ ကြက်သီးတဖျန်းဖျန်း ထသွား၏။ အယူသီးတတ်သော ပိုးစာက ကြာရှိုင်းနှင့် သာမှတ်တို့သည်မွေးညက် ရှာသွားကြရင်း အန္တရာယ်တစ်ခုခုဖြစ်ကာ သေကုန်ကြပြီဟု အတွေးပေါက်သွားလေသည်။ ဤသည်ကို သိသော ဘအုံထယ်က "နင်တို့ ပြန်လူလား၊ လာလူလား" ဟုမေးလေပြီ။ "လာလူ"ဆိုလျှင် စကားသရဲ တစ္ဆေဖြစ်ပြီး "ပြန်လူ"ဆိုမှ စိတ်ချရပေမည်။ ထို့ကြောင့် ဘအုံထယ်က ပြန်လူလား၊ လာလူလားဟု မေးရခြင်း ဖြစ်သည်။

လင့်စင်အောက်မှ တခစ်ခစ်ရယ်သံနှင့် အင်ပင်တွင် ကပ်မှောင်ထောင် ထားသော လှေကားသေပေါ် ဖြိုးဖြိုးဖြောက်ဖြောက်နင်း၍ လူနှစ်ယောက် အလောသုံးဆယ် တက်လာကြသံကို ကြားရသော ပိုးစာ၏ မျက်နှာမှာ ပို၍ သွေးဆုတ်သွားသည်။

"ဟဲ့ ...နင်တို့ နာနာဘာဝတွေလား။ မနုဿလူသားစစ်စစ်တွေလား၊ ပြောကြစမ်းဟဲ့"

"ဟာ... အဘကလည်းဗျာ၊ မဟုတ်တရုတ်တော့လျှောက်ထင်တော့တာပဲ၊ လှေကားရှင် ကပ်းစမ်းပါအဘရာ၊ မိုးချုပ်နေပြီ ကျွန်တော်တို့ ပြန်လူ

ကြာမှိုင်းနဲ့ သာမှတ်ဆိုတဲ့ ကြိမ်ခုတ်ကုန်းရွာက မွေးညက်ရှာသူတွေ ပါခင်ဗျား"

"တောက်...ခွေးမသားတွေ ဘယ်အချိန်ရှိပလဲ၊ နင်တို့ကို ငါဘယ်လို ပြောထားလဲ၊ လူကြီးလုပ်ရတဲ့လူကဖြင့် ဒီမှာ ခေါင်းမီးတောက်နေပြီ"

"ကျွန်တော်တို့ တောကောင်ကြီး သားအမိနဲ့ တွေ့ပြီး လမ်းပိတ်နေလို့ပါ အဘာရယ်၊ ဘယ်မိုးချုပ်နေဝင် နေချင်ပါ့မလဲ"

ဘအုံထယ် လှမ်းချပေးလိုက်သော လှေကားရှင်မှ လင့်စင်ပေါ် ရောက်လာကြသော ကြာမှိုင်းနှင့် သာမှတ်တို့က ယနေ့ညအပြန်လမ်းတွင် သူတို့ တွေ့ကြုံခဲ့ရသည်များကို ဖြစ်ကြောင်းကုန်စင် ပြောပြရင်း ညနေစာ ထမင်းစားကြသည်။

နေညိုသွားပြီ ဖြစ်၍ တစ်နေ့တာအတွက် မွေးညက်ရှာရာမှ ပြန် လာကြသော ကြာမှိုင်းနှင့် သာမှတ်တို့သည် စမ်းချောင်းဖျား ကျောက် တောင်တစ်ခုနားသို့ ရောက်သောအခါ ဝေါခနဲ ကျားဟိန်းသံကြီး တစ်ခု ကြောင့် ထမ်းပိုးလာကြသောမွေးညက်များကိုပစ်ချကာကြောက်ကြောက် နှံ့နှံ့နှင့် နီးရာသစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်ပြေးကြရသည်။

ကြာမှိုင်းနှင့် သာမှတ်တို့ သစ်ပင်ပေါ် ရောက်၍ မကြာမီပင် သူတို့ ရှေ့ရှိ ကျောက်တောင်စောင်း ကျောက်ခေါင်းကြီးထဲမှ ကျားမကြီး တစ်ကောင်သည် အပျင်းဆန့်ရင်း သမ်းဝေကာ ကျောက်ခေါင်းထဲမှ ထွက် လာလေသည်။ တစ်နေ့လုံး ကျောက်ခေါင်းကြီးထဲတွင် အိပ်နေသော ကျားမကြီးသည် စမ်းချောင်းဖျား ရေစပ်သို့ ရေသောက်ရန် ဆင်းသွား၏။ ထိုအခါ ကျားပေါက်စနလေး နှစ်ကောင်သည်လည်း ကျားမကြီးနှင့်အတူ ကျောက်ခေါင်းထဲမှ ထွက်လိုက်လာကြသည်။ ရေသောက်ပြီးသော ကျား မကြီးနှင့် ကျားကလေးနှစ်ကောင်သည် ကျောက်ခေါင်းဝ၌ အတန်ကြာ ဆော့ကစားနေကြသည်။

မိုးချုပ်သွား၍ ကျားမကြီး အစာရှာထွက်သွားသောအခါ ကျား ကလေး နှစ်ကောင်မှာ ကျောက်ခေါင်းထဲ ပြန်ဝင်သွားကြ၏။ ကျားမကြီး အစာရှာ ထွက်သွားပြီး အတော်ကြာမှ ကြာမှိုင်းနှင့် သာမှတ်တို့သည်

သစ်ပင် ပေါ်က ကမန်းကတန်း ဆင်းပြီး လင့်တဲရှိရာသို့ ပြေးလာကြခြင်း ဖြစ်လေသည်။

"မင်းတို့ တွေ့ခဲ့ကြတဲ့ ကျားကလေးနှစ်ကောင်က နို့စို့အရွယ်တွေ လား"

ဘအုံ့ထယ်က ကြာမှိုင်းအနားသို့ ပါးစပ်အပ်၍ မေး၏။

"ဟုတ်တယ်အဘရယ်၊ နို့စို့မှ တကယ့်ငယ်ငယ်လေး...ပေါက်စန လသားလေးတွေဗျ"

"ဟေ...ဟုတ်လား။ အဲသလိုဆိုရင်တော့ တို့ ပွပေါက်တိုးကြပြီကွ ကြာမှိုင်းရ"

"ဘယ်လို ပွပေါက်တိုးကြရမှာလဲ အဘရယ်...ပြောစမ်းပါဦး"

ဘအုံ့ထယ် စကားကို ကြားရသောအခါ ကြာမှိုင်းမှာလည်း ဝမ်းသာ အားရနှင့် ဘအုံ့ထယ်ဘက် လှည့်မေး၏။

"ဟဲ့...ဘယ်လို ပွပေါက်တိုးရမှာလဲ၊ မင်းတို့ တွေ့ခဲ့ကြတယ်ဆိုတဲ့ ကျားကလေး နှစ်ကောင်ကို သွားဖမ်းကြပြီး ကျားနို့ယူနိုင်ကြရင် တို့ ပွပေါက်ပေါ့ကွ"

"အမလေး...ကျားမကြီးက ကိုးတောင်လောက်ကြီးဗျ၊ ကျောက် ခေါင်းကြီးထဲက ကျားကလေးနှစ်ကောင်ကို ဘယ်လိုလုပ်ပြီး ဖမ်းကြမလဲ ဗျ"

"အဲဒါ ငါတာဝန်ထားပါ ကြာမှိုင်းရယ်၊ ကျားကြီးမရှိတုန်း သွားခိုးကြ ရမှာပေါ့ကွ၊ ဒီကနေ့ လဆန်း ဘယ်နှရက်ပါလိမ့်"

"ဒီကနေ့ လဆန်းကိုးရက်"

"ကိုးရက်ဆိုတော့ နောက်စောင့်ရ သုံးလေးရက်ပေါ့ကွာ၊ မင်းတို့ ဘာမှမပူကြနဲ့၊ ငါအားလုံး တာဝန်ယူတယ်"

ညနေစာ ထမင်းစားပြီးကြသောအခါ လသာရက်ကို စောင့်ပြီး ကျားကလေးနှစ်ကောင် သွားဖမ်းကြရန် တိုင်ပင်ကြသည်။ လမိုက်ည ဆိုလျှင် ကျားမကြီး ကျောက်ခေါင်းထဲက ထွက်မထွက်ကို သစ်ပင်ပေါ်က ကြည့်၍ မမြင်နိုင်သဖြင့် ကျားကလေး သွားခိုးကြရန် လသာသောညကို

လက်ချိုးရေတွက်၍ စောင့်ကြရသည်။

စွန့်စွန့်စားစားနှင့် အန္တရာယ်များသောအလုပ်ကို လုပ်ကြရမည် ဖြစ်သော်လည်း အင်တွဲမွေးညက် ရှာသူများ ဖြစ်ကြသော ဘအုံထယ်၊ ကြာမှိုင်း၊ သာမှတ်နှင့် ပိုးစာတို့မှာ အတိုင်းမသိ ပျော်နေကြသည်။ အကယ်၍ ဤအလုပ်သာ အောင်မြင်ပါက တစ်ယောက်လျှင် ၁၀၀လောက် ငွေမှာ တစ်နေ့တည်း တစ်ရက်တည်း ရနိုင်၏။ အင်တွဲမွေးညက်ရှာသော အလုပ်နှင့် စာသော် ဤအလုပ်မှာ အပုံတစ်ရာတစ်ထောင် သက်သာလေသည်။ ထို့ကြောင့်လည်း သူတို့သည် ဤ အခွင့်အရေးကို လက်လွှတ်မခံနိုင်ကြ။ အင်တွဲမွေးညက်ရှာသွားရင်း ကျားကလေးတွေကို တွေ့၍ ကျားနို့ရရန်မှာလည်း ၁၀ နှစ်ကြာ၍ တစ်ခါ မကြုံစကောင်းသော အခွင့်အရေး လာဘ်လာဘ ဖြစ်သည်။

ကျားမကြီးသည် သူတို့၏ ကလေးငယ်များအတွက် နို့ကို သစ်ရွက်များပေါ်၌သာ ချတတ်သဖြင့် လူများ ရရန် တွေ့ရန် အလွန်ပင် ခဲယဉ်းလှသည်။

ကျားနို့ဆိုသည်မှာ ၁၀ နှစ်၊ ၁၅ နှစ်ကြာ၍မှ တစ်ခါ ရရန် မလွယ်ကူပေ။ ယခု ကြာမှိုင်းနှင့် သာမှတ်တို့ တွေ့လာကြသည်မှာ အလွန့်အလွန်အခွင့်အခါကြုံ၍ ကံကောင်း၍ဟုပင် ဆိုနိုင်သည်မဟုတ်ပါလော။ ထို့ကြောင့် ဘအုံထယ်၊ ကြာမှိုင်း၊ သာမှတ်နှင့် ပိုးစာတို့သည် လထိန်ထိန်သာမည့်ညကို စောင့်နေကြလေသည်။

✱

# အခန်း ကိုး

လဆန်း ဆယ့်လေးရက်လသည် အရှေ့ဘက်တောင်တန်းမြင့်ကြီးတွေကို ကျော်လွှား၍ ဝိုဝိုစားစား ထွက်ပြူလာသည်။

ဘအုံထယ်တို့ အင်တွဲ၊ မွေးညက်ရှာသမားလေးယောက်မှာ ကျားပေါက်လေးနှစ်ကောင်ရှိသော ကျောက်တောင် လိုဏ်ခေါင်းဘေးနားရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ညနေမိုးမချုပ်ခင်ကလာက်ကပင် ရောက်နှင့်နေကြသည်။ လထွက်လာ၍ ကျောက်ခေါင်းကျင်းပေါက်ဝကို လင်းလင်းထင်းထင်း မြင်ရမည့်အချိန်နှင့် ကျားမကြီး အစာရှာထွက်မည့်အချိန်ကို စောင့်နေကြသည်။

ရွက်အုပ်မိုး သစ်ပင်တွေကလည်း အရွက်ခြွေထားကြသော နွေလဖြစ်သဖြင့် လထွက်လာ၍ များမကြာမီ အချိန်ကလေးမှာပင် ကျောက်ဂူလိုဏ်ခေါင်းဝကို လရောင်နှင့် လင်းလင်းထင်ထင် မြင်နေရသည်။ သို့သော် ကျားမကြီး၏ အရိပ်အခြည်ကိုကား လုံးဝမမြင်ရသေးပေ။

လသာလျှင် တစ်ညလုံး အိပ်ရေးပျက်ခံပြီး မြည်တွန်နေတတ်သော ပန်းထိမ်ငှက်တစ်ကောင်၏ တကြော်ကြော်မြည်သံသည် အလွန်ပင် လွမ်းဆွတ်ဖွယ် ကောင်းလှ၏။ ဝေရီရွှိမ်းမှောင်နေသော လျှိုမြောင်ရိုးနက် သစ်ပင်ကြီးယက်မှ အချက်ကျကျ ဟောက်နေသော ဇီးကွက်ငှက်တစ်ကောင်၏ အိပ်ပျော်ရင်း ဟောက်နေသံကလည်း ခပ်သဲ့သဲ့ပေါ်ထွက်လျက် ရှိ

လေသည်။ လရောင်ကြောင့် တောအလုံးသည် ဖွေးဖွေးလှုပ်လှုပ် ဖြစ်လာလေသည်။

လေအဝှေ့မှာ ဖြိုးဖြိုးဖျောက်ဖျောက် သစ်ခြောက်ရွက်တွေ ကြွေကျသံနှင့်အတူ ကျားမကြီးသည် ကျောက်ခေါင်းထဲက ခေါင်းပြူထွက်လာတော့သည်။ ကျားမကြီးမှာ ကိုးတောင်လောက်ပင် ရှည်သော ရောမ ကျားမကြီး ဖြစ်၏။ ကျောက်ဂူလိုဏ်ဝကို လရောင်က လင်းလင်းထင်းထင်း ထိုးကျနေသဖြင့် မြင်ကွင်းမှာ ရှင်းနေလေသည်။ နို့စို့ရွယ် ကျားလေးနှစ်ကောင်က သူ့မိခင်နို့ကို အတင်းတွယ်ကပ်စို့ရင်း ကျင်းပေါက်နွတ်ခမ်းဝနားထဲ တွဲလောင်းနိုကာ လိုက်ပါလာကြသည်။ ကျားမကြီးသည် သားငယ်များကို မာန်ဖီ၍ ဦးခေါင်းလက်ခြေတို့ဖြင့် ခွေ့ပုတ်သွင်းကာ အစာရှာထွက်ပြေးသွားလေသည်။ ကျားလေးနှစ်ကောင်က သူ့မိခင်ကို တရှိုက် ရှိုက်တရှူးရှူး မာန်ဖီကာ ကျောက်ခေါင်းထဲ ပြန်ဝင်ပြေးသွားကြ၏။

အတော်ကလေး ကြာသောအခါ တောင်တစ်လုံးကျော် ဆင်ခြေလျှောမှ ချေငယ်တစ်ကောင်၏ အထိတ်တလန့် အော်ပြေးသွားသံကို အတိုင်းသား ကြားလိုက်ရသည်။ တစ်ခဏကလေး အတွင်းမှာပင် ကျားမကြီးသည် တောင်တစ်လုံးကျော်ခရီး ရောက်သွားပြီဆိုသည်ကို ဘအုံ့ထယ်တို့ သိလိုက်ကြသည်။

ဘအုံ့ထယ်နှင့် ကြာမှိုင်း၊ သာမှတ်၊ ပိုးစာတို့မှာ သစ်ပင်ပေါ်က ဆင်းလိုက်ကြသည်။ ဘအုံ့ထယ်နှင့် ကြာမှိုင်းတို့သည် အဆင်သင့်ပြုလုပ် ယူလာသော ကညင်ဆီမီးတုတ် တစ်ယောက်တစ်ခုကို ထွန်းညှိကာ ကျောက်ခေါင်းထဲသို့ လေးဖက်ကုန်း၍ ကျားလေးနှစ်ကောင်ကို ဖမ်းရန် ဝင်သွားကြ၏။

ဤသည်နှင့် တစ်ပြိုင်နက် သာမှတ်နှင့် ပိုးစာတို့သည် အသင့် ယူဆောင်လာကြသော ဝါးကပ်ရက် မျက်ကွင်းတစ်ခုနှင့် ကျားလေး နှစ်ကောင် ထွက်ပြေးမလာနိုင်အောင် ချက်ချင်းပိတ်ဆို့ထားလိုက်ကြသည်။ သူတို့မှာ နဂိုကပင် အကွက်ချတိုင်ပင်ပြီးသား ဖြစ်သဖြင့် မည်သူက မည်သို့ လုပ်လိုက်လျှင် မည်သူက မည်သို့ ပြုလုပ်ရမည်ကို သိပြီးသား ဖြစ်ကြလေ

သည်။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် ဘာလုပ်ပါ ညာလုပ်ပါ ဟူ၍လည်း လုံးဝ စကားမပြောကြပေ။ တစ်ယောက်၏ အရိပ်အခြည် လက်ဟန်ခြေဟန်ကို ကြည့်၍သာ လုပ်ဆောင်စရာအားလုံးကို လုပ်ဆောင်ကြရခြင်း ဖြစ်လေသည်။

ဘအုံထယ်နှင့် ကြာမှိုင်းတို့ ကျောက်ခေါင်းထဲ ဝင်ပြီး ကျားကလေးသွားဖမ်းနေကြချိန်တွင် သာမှတ်နှင့် ပိုးစာက ကျောက်ခေါင်းအဝမှ လှံထမ်း၍ ကျောချင်းကပ်ကာ စောင့်နေကြသည်။ မတော်တဆ ကျားမကြီး တစ်ပတ်ပြန်လှည့်လာလျှင် အန္တရာယ်နှင့် ပက်ပင်း ရင်ဆိုင်ကြရမည် ဖြစ်သဖြင့် သူတို့နှစ်ယောက်မှာ ရင်တထိတ်ထိတ် ခုန်နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားလုံးဝမပြောကြသော်လည်း သူတို့နှစ်ဦး၏ ရင်ခုန်သံမှာ အပြန်အလှန် ကြားနေရသလိုပင်။ အမှန်က သူတို့ နှစ်ဦးသာ မဟုတ်၊ ကျောက်ခေါင်းထဲ ကညင်ဆီမီးတိုင်ထွန်းပြီးဝင်သွားကြသော ဘအုံထယ်နှင့် ကြာမှိုင်းတို့မှာလည်း ထိုနည်းလည်းကောင်းပင် ရှိချေမည်။

ကျောက်လိုဏ်ခေါင်းထဲတွင် ကျားလေးနှစ်ကောင်မှတစ်ပါး မြွေကင်း ဆို၍တော့ ဘာအန္တရာယ်မှ မရှိနိုင်ပေ။ ထို့ကြောင့်လည်း ဘအုံထယ်နှင့် ကြာမှိုင်းတို့က ရဲရဲတင်းတင်းပင် ဝင်သွားကြခြင်းဖြစ်၏။ ကျားနံ့လို သိုးပုပ်နံ့စော်ပြီး အဆိပ်အတောက်ပါသော အနံ့အသက်ကို အဘယ်မည်သော တိရစ္ဆာန်ကမှ ကြာရှည်စွာ မခံနိုင်ကြပေ။ အကယ်၍ ကျားပေါက်ကလေးတွေ ရှိနေသော ကျောက်ခေါင်းထဲတွင် မြွေကင်းတွေ ရှိနေပါကလည်း လက်ဆော့လွန်းသော ကျားပေါက်ကလေးနှစ်ကောင်ကြောင့် မြွေကင်းတွေမှာ ရက်မကူးခင် သေဖွယ်ရာသာ ရှိလေသည်။ ထို့ကြောင့် ကျောက်ခေါင်းထဲသို့ ကျားကလေးတွေ ဖမ်းရန် ဝင်သွားကြသော ဘအုံထယ်နှင့် ကြာမှိုင်းတို့အတွက် အန္တရာယ်သိပ်မများလှသော်လည်း အပြင်ကျင်းဝတွင် စောင့်နေကြသော သာမှတ်နှင့် ပိုးစာတို့အတွက်မှာ အလွန်ပင် အန္တရာယ်များလေသည်။

သာမှတ်နှင့် ပိုးစာတို့မှာ နားနှင့် မျက်စိကို အရှင်ဆုံး ထားရ၏။ မတော်တဆ ကျားမကြီးပြန်လာ၍ ပက်ပင်းတိုးနေကြလျှင် အဆင်သင့်

ကာကွယ်နိုင်ရန် လှံရှည်ကိုလည်း ရှေ့သို့ အသင့်ချိန်ရွယ်ထားရ၏။

ဘအုံထယ်နှင့် ကြာမှိုင်းတို့ ဝင်သွားကြပြီး မကြာခင် ဘယ်နေ့ဘယ်ရက်ကပင် ဝင်အောင်းနေကြမှန်း မသိသော ယင်ရိုင်းမတစ်အုပ်သည် ကျောက်ခေါင်းထဲက လန့်ဖြန့်ပျံတက်လာကြ၏။ ထိုယင်ရိုင်းမများနှင့်အတူ မကောင်းဆိုးရွားသော အနံ့အသက်တွေကလည်း သဟာဇာတဖွဲ့၍ ပါလာကြ၏။ ထိုအချိန်တွင် မီးရောင်ကိုပင် တစ်ခါမျှ မမြင်ဖူးကြရှာသေးသော ကျားကလေးနှစ်ကောင်မှာ ကျောက်ခေါင်းထဲ၌ မည်မျှ ဆောက်တည်ရာမရ ဖြစ်နေလေပြီဆိုသည်ကို ပိုးစာနှင့် သာမုတ်တို့က အတပ်သိလိုက်ကြလေပြီ။

အတော်ကလေး ကြာသောအခါ ဘအုံထယ်နှင့် ကြာမှိုင်းတို့သည် ကျားကလေးနှစ်ကောင်ကို တစ်ယောက်တစ်ကောင်စီ လည်ပင်းညှစ်ဆွဲဆန့်၍ ကျောက်ခေါင်းထဲကလေးဖက်ကုန်း ထွက်လာကြ၏။ ကျောက်ခေါင်းထဲ ဝင်သွားကြစဉ်က ယူသွားကြသော ကညင်ဆီမီးတုတ် တစ်ယောက်တစ်ခုကိုလည်း ပါးစပ်တွင် ကိုက်၍ ပြန်ယူလာကြသေး၏။

လူတွေက လည်ပင်းကို မအော်နိုင်အောင် တအားဖျစ်ညှစ်ထားခြင်းခံနေရသော ကျားကလေးနှစ်ကောင်မှာ ယက်ကန်ယက်ကန်နှင့် ရုန်းကန်ရင်း ပါလာကြ၏။ ကျားကလေးနှစ်ကောင်က ရုန်းကန်ကုတ်ခြစ်ထားသဖြင့် အဝတ်ပတ်တီး၊ သစ်ခေါက်ပတ်တီး စည်းသွားကြသော ဘအုံထယ်နှင့် ကြာမှိုင်းတို့လက်မှ အဝတ်စတွေမှာ ဖွာလန်ကြဲနေကြသည်။ ကျားကလေး နှစ်ကောင်ကို ဖမ်းမိပြီး ဖြစ်သော ဘအုံထယ်တို့သည် လင့်စင်ရှိရာစခန်းသို့ အလျှင်မြန်ဆုံး ပြေးလာခဲ့ကြ၏။

"အနံ့ရလို့ ကျားမကြီး လိုက်လာရင်ကော အဘရယ်"

ပထမစခန်းတွင် တောကင်းကြီး အလိုက်ခံထားရသဖြင့် သွေးလန့်ကြောက်ရွံ့နေသူ သာမုတ်က ဘအုံထယ်အား စိုးရိမ်ကြောင့်ကြသံနှင့်မေး၏။

"ဟဲ့–သာမုတ်ရဲ့၊ ကျားဆိုတဲ့သတ္တဝါဟာ အနံ့ခံတတ်တဲ့ တိရစ္ဆာန်မှ မဟုတ်ပဲကွဲ့"

တစ်နေ့လုံး ပင်ပန်းဆင်းရဲခံပြီး အင်တွဲ မွေးညက်ရှာကြရသည်နှင့်စာသော် ယခု သုံးလေးရက်အတွင်းမှာ မြိုးမြိုးမြက်မြက် အမြတ်ထွက်နိုင်သော ကျားကလေးကို မြှောက်ကြည့်ကာ ဘအုံ့ထယ်က ပီတိပြိုးပြိုးလိုက်၏။ အမှန်က ဘအုံ့ထယ်သာမဟုတ်၊ ကြာမှိုင်း၊ သာမှတ်နှင့် ပိုးစာတို့မှာလည်း ဘအုံ့ထယ် မြှောက်ကြည့်နေသော ကျားကလေးမှာ အသားအရိုး အရေနှံ့ အမွေးအမှင်ကာအစ ရွာပြန်ရောက်လျှင် အားလုံး ပိုက်ဆံတွေချည်း ဖြစ်လာမည့် ကျားကလေးနှစ်ကောင်အသေကို ကြည့်ကာ မနက်မိုးလင်းလျှင် ရွာသို့ အရောက်ပြန်ကြရမည့် ရောင်ခြည်မှုပင် မသန်းသေးသည့် "အမှောင်လမ်း"ကလေးကို ကြည့်ကာ ပီတိဖြစ်နေကြတော့သည်။

ဇိုးကျော့

၄-၆-၇၄